www.burmeseclassic.com



www.burmeseclassic.com

## တော်ဝင်မြို့မစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | စိတ်အကြံပေါက်အောင်လုပ်နည်း | ဟိန်းလတ် |
| ၂။ | ထောင်စု၊ ရာစု၊ ဆယ်စုများ | ကျော်ဝင်း |
| ၃။ | ဘက်စုံကျန်းမာရေးနှင့် လိင်စိတ်ပြဿနာ | အောင်မေဃ |
| ၄။ | စစ်နှင့်ငြိမ်းချမ်းရေး (အင်္ဂလိပ်-မြန်မာ) | မောင်လှိုင်းသစ် |
| ၅။ | အလှမွေးငါးများ စီးပွားဖြစ်မွေးမြူနည်း | မောင်လှိုင်းသစ် |
| ၆။ | ခွေးအမျိုးမျိုးမွေးမြူလေ့ကျင့်နည်း | မြို့မစာတည်းအဖွဲ့ |
| ၇။ | လွင့်မြောနေသောအတွေး၏အပိုင်းအစများ | မောင်လှိုင်းသစ် |
| ၈။ | ရာသက်ပန်အခါပေးကျမ်း | ဆရာရန်အောင်ဟိန်း |
| ၉။ | ပြုံးပန်းဝေဆာဂမ္ဘီရရောင်စဉ်ပညာ | အောင်ကျော် |
| ၁၀။ | ဘိလိယက်လွယ်ကူစွာကစားနည်းများ | မောင်လှိုင်းသစ် |
| ၁၁။ | ထိရောက်အောင်မြင်သူတို့၏ အလေ့အကျင့် ခုနစ်သွယ် | မြတ်ငွေးလှိုင် |
| ၁၂။ | ရောဂါသုတ၊ ဆေးသုတ | ဒေါက်တာအောင်နိုင် |
| ၁၃။ | ဟာသဘဏ်တိုက် (၁ မှ ၆) | ညီသစ် |
| ၁၄။ | ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅။ | အောင်မြင်သူတို့၏နှလုံးသား | အုပ်စိုးခိုင် |
| ၁၆။ | ဦးဖေသိန်း၏ရွှေဥဒေါင်း | ရွှေဥဒေါင်း |
| ၁၇။ | တုံ့ပြန်မှုသုံးလက်နှိပ်ပညာ | ဒေါက်တာအောင်နိုင် |
| ၁၈။ | လေရူးသုန်သုန် | နန္ဒ |
| ၁၉။ | ကမ္ဘာသစ်ရဲ့ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၂၀။ | ဂဏန်းများနှင့်ကခုန်ခြင်း | အောင်ကျော် |
| ၂၁။ | ရှယ်လီမက္ကလင်းရဲ့ အဖွင့်တ္တခရီး | မောင်ကျောက်တိုင် |
| ၂၂။ | စနူကာနှင့်ဘိလိယက်ကစားနည်းများ | မောင်လှိုင်းသစ် |
| ၂၃။ | ကိုင်ရို၏ ကိုယ်တွေ့ဝိညာဉ်ဗေဒတ်လမ်းများ | မောင်လှိုင်းသစ် |
| ၂၄။ | ရှမ်ဗဲလားရှာပုံတော် | လှမိုး (ပညာရေး) |
| ၂၅။ | ခေတ်မီစီးပွားဖြစ် ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၆။ | ကဝေပျို၏နိဒါန်း | အကြည်တော် |
| ၂၇။ | ဘီလူး | အကြည်တော် |
| ၂၈။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၂၉။ | ရွှေမိုးသည်း | အကြည်တော် |

www.burmeseclassic.com

မြို့မစာအုပ်-၃၅

# မိုးဝိဂမ်ပုံပြင်

အကြည်တော်

တော်ဝင်မြို့မ
စာအုပ်တိုက်
၇၇(ခ)၊၃၈လမ်း၊ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၃၇၉၅၇၃

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စီစဉ်ထုတ်လုပ်သူ

ကိုမိုး

စာမူခွင့်ပြုချက်အမှတ် - ၁၅၆၈ / ၂၀၀၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၂၄ / ၂၀၀၃ (၁၁)

မျက်နှာဖုံးဒီဇိုင်း

ကိုဆန်း

ထုတ်ဝေသူ

ဦးလှိုင်ဝင်းမိုး(ယာယီ-၇၃၇)

၇၇(ခ)၊ ၃၈လမ်း၊

ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဇော်ထွန်းဝင်း (ဝင်းမြင့်ပုံနှိပ်တိုက်)

အမှတ် ၂၄၆၊ ၄၀ လမ်း၊

ကျောက်တံတားမြို့နယ်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ

(၁၀၀၀)

တန်ဖိုး

၈၀၀ ကျပ်

www.burmeseclassic.com

**တို့မျှား** . . . မွေးသောကာလ ကျေးတောရွာက သာဂိတို့များ
အရက်ဆို ဆော်ပြန်သလေးလေ့ . . .
လူဟန်ကမူးရူးလို့နေသေး
မြို့ရွာထဲ အရပ်ထဲမှာလည်း . . ဗွက်တောများထဲဆို မူးပြီးချော်လဲ
ပုဆိုးပါဆွဲ . . အိုးမှာဝဲ . . အမျိုးပါဆဲ . .လူကြားထဲအရှက်မရှိ
ထိုးဟန်
ခမည်းတော်က ဆော်မယ်နားပန် . .
ရွာခံလူများ ဝိုင်းလို့တောင်းပန်...
အန်ပြန်ပြီ ဝေ့ဝေ့နဲ့အသံ . . မြန်မြန်ဆန်ဆန် မြန်မြန်
လာပြန်ပြီ အေ့အေ့နဲ့ဟန် . . မြန်မြန်ဆန်ဆန် မြန်မြန်
အဖော်တွေမှာ အော်ဂလီတွေဆန် . . တော်ပြီတော်ပြီပြန်
တော်ပြီဆို ကလော်ပြီသာအမှန် . .

www.burmeseclassic.com


ဟဲ့သေနာကျ. . ဗျာ့ဗျာဗျာဗျ
ဟဲ့လာထပါဟ ဝ့ါဝါဝ့ါဝါဝ့ါ. .

(အမြည်းဖိုးအတွက် ထီးကျိုးပါမကျန် လက်ခံထားရင် ပေါင်စားပြန် (နိပ်ဟ) ထမင်းချိုးနဲ့ ဟင်းအသိုးပါမကျန် တွေ့ရင်များ နှိုက်စားပြန် အကြွေးရတော့ ဆော်ကာသူမူးပြန် အကြွေးနံ့၊ အကြွေးနံ့၊ ဣန္ဒြေလေးနဲ့ ထိန်းလျှောက်ရန် မူးပြီးတော့အန် အေ့ . . ဝေလာကွယ် မောင်ရိုး . . ဝေလာကွယ်မောင်ရိုး ဝမ်းစမိုးလို့ ပြောပြီးအန်. . အေ့အေ့)

ဝေလာကွယ်မောင်ရိုး ဝေလာကွယ်မောင်ရိုး ဝမ်းစမိုးလို့ ပြောပြီး အန်အေ့အေ့ ဟကျော့ဟကျော့ ဘော်ဘော်တွေများ ဘယာကြော်တွေဝါး ဆော်ကီတွေပွားနေပြန် . .

ရွာဆော်ကြီးက ခွက်ပုန်းနှံ့ . ယောကျ်ားမှန်သမျှ အကုန်လုံးလက်ထိုးအန်. . နောက်တစ်ခါအန်ပြန်ပြီတဲ့ ဟော့. . ဝေဝေ..ဝါး . . . .

◗◗◗◗◗

www.burmeseclassic.com

လဗုတန်း ရွာရဲ့ညနေခင်းကို အဲဒီသီချင်းသံနဲ့ပဲ လှုပ်နှိုးလိုက်တယ်. .။

အဲဒီသီချင်းသံကြားရင် ကိုရင်သာဂိတို့ မူးနေကြောင်း လူတိုင်းသိကြပြီ. .။

ပြောရဦးမယ် ကိုရင်သာဂိတို့ဆိုလို့. . . လူများများတော့မဟုတ်ဘူးရယ်၊ ကိုရင်သာဂိပါမယ်၊ သလာစီ(ကြက်ကုလား)ပါမယ်၊ ပါစီပါမယ်၊ မိုးတိမ်ပါမယ်၊ ဒါပဲ. . . ဒါသူတို့လူစု. . .။ညနေပိုင်းမှန်ရင် ချိန်းစရာလိုတာရယ်မဟုတ်ဘူးရယ် . . .။ ရွာတောင်ဘက်ဖျားက ကိုကွတ်ကြီးအရက်ပုန်းဆိုင်မှာ ဆုံနေကျ။ နေအဝင်သာမမှန်ရှိရမယ်။ သူတို့လေပျိုချိန်ကမှန်ပြီးသား။

ပြောရဦးမယ် ကျုပ်တို့ရွာရဲ့ အချိန်မှတ်ပုံကို။

တစ်ယောက်ယောက်က “ဘယ်နှစ်နာရီရှိပြီလဲ” မေးပြီဆိုပါတော့။

www.burmeseclassic.com


ကျုပ်တို့ရွာသားများ နာရီတွေ နေတွေကြည့်နေတာမဟုတ်ဘူးရယ်. . .။

ကိုမိုးတိမ်ကြီး လေပျို့သံကြားတယ်ဆိုတော့ လေးနာရီမတ်တင်းတော့ရှိပြီပေါ့. . .။

ဦးပန်းညွန့်ကြီး မီးခြစ်သွားရှာပြီဆိုတော့ မနက် ကိုးနာရီသာသာရယ်(ဘကြီးပန်းခေါ် ဦးပန်းညွန့်က မနက်ကိုးနာရီဆို အရက်ဆိုင်မှာ မီးခြစ်ကျန်ခဲ့လို့ဆိုပြီး သူ့မိန်းမဖွားချောကို တစ်ပတ်လှည့်နဲ့ ကိုတွတ်ကြီးဆိုင်မှာ တစ်ပက်ထည့်နေကျ. . .။

ကိုရင်သာဂိကြီး ပုဆိုးကွင်းသိုင်းလာပြီဆိုတော့ ဆယ့်နှစ်နာရီ ပျော့ပျော့ရှိတော့သာပဲ့။

အဲ့ဒီလိုတိကျတာ။

သူတို့ကလည်း စံတော်ချိန်သာမှားမယ်မှတ်။ ကိုမိုးတိမ်တို့ လေပျို့ချိန်၊ ဘကြီးပန်း မီးခြစ်ယူချိန်၊ ကိုရင်သာဂိပုဆိုးကွင်းသိုင်းချိန်၊ သလာစီကုလားက 'က'ချိန်၊ ပါစီအန်ဖတ်ဆို့ချိန် ဘယ်တော့မှ မမှားဘူးရယ်။

နို့ပေမယ့် တစ်ခုတော့ပြောစရာရှိသာပ၊ သူတို့လေးယောက်က တစ်ယောက်ကိုတစ်ယောက် ဟဟကြည့်ရဲတာမဟုတ်ဘူးရယ်. . .။ မျက်နှာချင်းများဆိုင်မိတာနဲ့ တစ်ယောက်ကိုတစ်ယောက် ကုတ်ချင်၊ ဖွဲ့ချင်ကြတာ။ ဟော. . . အခုတော့ ထူးခြားတယ်။ ခေါင်းလေးခေါင်းဆိုင်ပြီး ငြိမ်. . . လို့. . .။

သူတို့ဒီလိုငြိမ်နေတာအကြောင်းရှိတယ်။ ဒါကတော့ သိပ်ပြီးပြောစရာ မလိုပါဘူး။ သူတို့ဆွေးနွေးစရာဆိုလို့ မိုးတိမ်ရဲ့ အချစ်အကြောင်းကလွဲပြီး ဘာမှ ဖြစ်နိုင်တာမှမရှိတာ။

မိုးတိမ်ဆိုတာကိုလည်း သိကြရဲ့လား. . .။ လူက အသားညိုညို၊ အရပ် မြင့်မြင့်ရယ်၊ ရုပ်က ကြောင်လျှာသီး ကားအကြိတ်ခံထားရတာနဲ့တူတယ်။ ဒါမှမသိရင်တော့ ရွာထိပ်ရေကန်ကြီးထဲ ငါးသွားမျှားကြည့်။ အဲ့ဒီရေကန်ထဲကငါးမရဘဲ ရေညှိတက်နေတဲ့ မိန်းမအသုံးအဆောင် ဆံညှပ်တို့၊ ဘီးတို့၊ လက်သည်းနီဘူးတို့၊ ရေမွှေးပုလင်းတို့ စသည်ဖြင့် ဒေါက်ဖိနပ်အစ၊ ဇာဘော်လီ အဆုံး၊ ခင်ဗျားတို့ ငါးမျှားချိတ်ထဲ ချိတ်ပါလာရင် တခြားလူတွေ စဉ်းစားမနေနဲ့. . မိုးတိမ်ကိုသာပြေးမြင်လိုက်. . ။ အဲဒါအားလုံး သူပစ်

www.burmeseclassic.com


ချထားတာ။

မိုးတိမ်ဆိုတဲ့လူကအမြဲတန်း အသည်းကွဲနေတာရယ် . . . ။ သူကြိုက်တဲ့ ကောင်မလေးက တခြားသူမဟုတ်ဘူး။ ရွာလယ်ပိုင်းက ဒေါ်ဝင်း သမီး၊ မေဖြူ . . . ။

မေဖြူဆိုတာကလည်း နာမည်နဲ့လိုက်အောင် ဖြူဖြူဝင်းဝင်းလှတ ပတပေါ့။ နှို့ပေတဲ့ ဂိုက်ပေးကတော့ တစ်ဆိတ်ကြမ်းလွန်းတယ်။ လမ်းသွား ရင် သူရဲ့ရှည်လျားပါးလျတဲ့ ဆံပင်ကိုကိုင်ကာကိုင်ကာနဲ့ လှုပ်စိလှုပ်စိနေ တာ။ စကားပြောရင်လည်း မပွင့်တပွင့်နဲ့ . . ။ အဝတ်အစားကတော့ သူတို့ကကြေးရတက်တွေဆိုတော့ မြို့ကဘောထုတ်ထည်လေးဘာလေး ဝတ် နိုင်သပေါ့။ ဒါကိုပဲသူက နိုင်ငံခြားဖြစ်မှ ဝတ်တာဆိုပြီး၊ သိပ်မာနကြီးတာ။ နောက်ပြီး စကပ်အကွဲတို့ ဘောင်းဘီတိုတို့ကို သူ့ရုပ်နဲ့လိုက်မှန်းမသိ၊ မလိုက် မှန်းမသိ ဝတ်တတ်သေး . . ။

ဒါ့ကြောင့် အဲ့ဒီကောင်မလေးကို တစ်ရွာလုံးက ဝိုင်းခေါ်ကြပါ တယ်။

တောဂေါ်လီ. . တဲ့။ ဟုတ်တယ်။ တောမှာဂေါ်လီလုပ်လွန်းလို့ . .

အဲ့ဒီတောဂေါ်လီလေးကိုပဲ မိုးတိမ်တို့က အသည်းစွဲဖြစ်နေတာ။ သူကသာ အသည်းစွဲဖြစ်နေတာ . . မေဖြူက မိုးတိမ်ကို လောက်စာလုံး လောက်တောင် အထင်ကြီးတာ မဟုတ်ဘူးရယ်။ (သူက ဂေါ်လီမို့လားတော့ မသိ) လောက်စာလုံးကတောင် ပစ်တတ်ရင် ငှက်ရဦးမယ်တဲ့။ မိုးတိမ်ဆိုတဲ့ ကောင်ကဘာမှသုံးလို့ မရဘူးတဲ့လေ။ ဒါ့ကြောင့် အဖက်လည်းမလုပ်ဘူး၊ လှည့်လည်းမကြည့်ဘူး။ နောက်ပြီး . . မေဖြူကသူတို့ ရွာလယ်ပိုင်းက ဦးဖြူဝင်းသား ကုလားဒိန်နဲ့လည်း မရှင်းဘူး။ ကုလားဒိန်ဆိုလို့ တစ်မျိုး မထင်နဲ့ သူလဲမြန်မာလူမျိုးပဲ. . ဒါပေမယ့် မည်းသမှပြောင်လို့. . ။ ဒါ့ကြောင့် သူ့ကို ကုလားဒိန်လို့ခေါ်တာ။ နာမည်ရင်းတော့ ဘာရယ်မသိဘူး။

သူတို့ပြောတော့ သူတို့နှစ်ယောက်ကို ငယ်ငယ်ထဲက မိဘတွေက သဘောတူထားကြတာတဲ့ . . . ။

မေဖြူ့အမေ ဒေါ်ဝင်းကိုမေးကြည့်တော့ ဒေါ်ဝင်းက သူမသိ

www.burmeseclassic.com


ဘူးတဲ့ . ။ သူ့ယောကျ်ား (ဆုံးသွားတဲ့) ဦးမောင်တင်များ ပြောခဲ့သလား တော့မပြောတတ်ဘူးတဲ့ . ။ ကဲ . . ဇာတ်ကရှင်းနေပြီ။ မိဘတွေကတောင် မသိတဲ့ဟာကို သူတို့နှစ်ယောက်ကို ဘယ်သူကများငယ်ငယ်ထဲက သဘော တူထားတယ်ရယ်တော့ သူတို့နှစ်ယောက်နဲ့ ဘုရားပဲသိမယ်။

ဒါပေမယ့် သူတို့ရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကတော့ တစ်ရွာ လုံး ဟိုးလေးတကျော်ပဲ။ ဘယ်လောက်ထိလဲဆို ရွာက ကလေးတွေ ဆိုင်းတီး တမ်းဆော့ကြလို့ရှိရင် သူတို့ကို အစွဲပြုပြီး ဆိုင်းသံကို

**"တိမ် ပိန့် ဒိန်၊ တိမ် ပိန့် ဒိန်"** ဆိုပြီး အသံထွက်တယ်။

ဟုတ်တယ်လေ။ တစ်ယောက်က မိုးတိမ်။ မေဖြူက ငပိန်။ ဟိုကောင် ကုလားဒိန်ဆိုတော့ 'တိမ် ပိန့် ဒိန်'ပေါ့။

ဘာပဲပြောပြော။ တိမ်နဲ့စာရင် ပိန်က ဒိန်ဘက်တော့ အလေးသာ သလိုရှိသား . . . ။

နို့ပေတဲ့ . . မေဖြူက အလုပ်ကလေးများ ဘာများရှိရင် မိုးတိမ် ကို ချော့မော့ပြီး ခိုင်းနေကျ။ မိုးတိမ်က ကျားအချင်းချင်းသာ ဘာမှမကူညီ တာရယ်။ မိန်းကလေးများ ခိုင်းလို့ကတော့ သွားကြီးဖြဲပြီး လုပ်သမှ ဖင်က မီးကို အူလို့ . ။ ဟိုနေရာလေးသွားပေးပါဦးဆို စာချွဲပြောတာက နောက် ကျဦးမယ်။ မိုးတိမ်တို့ ပြေးတာများ မှုန်ထွက်နေတာ။ ဒါကိုပဲ မိုးတိမ်က သူ့ကို မေဖြူလေးများ ပြန်ချစ်နိုင်ကောင်းရဲ့ဆိုပြီး လက်သည်းညှပ် အစ ဇာဘော်လီအဆုံး တပြုံးပြုံးနဲ့ဝယ်ပေးရှာတယ်။ မေဖြူက လက်မခံဘူးဆိုရင် စိတ်နာတယ်ဆိုပြီး ရွာထိပ်ရေကန်ကြီးထဲ ပစ်ချတယ် . ။ အဲ့ဒါကြောင့် အဲ့ဒီကန်ထဲ အဲ့ဒီလောက် အမျိုးသမီး ပစ္စည်းများနေတာ။

ပြောရဦးမယ် . . . ။ အဲ့ဒီကန်ထဲ အဲ့ဒီပစ္စည်းတွေ ဘယ်လောက် များသလဲဆိုရင် ရွာကရေကန်တွေဖော်ဖို့ လေလံပေးရင် အဲ့ဒီကန်က ဈေး အများဆုံးပဲ . . ။ ငါးအရများလို့ရယ် ဘာရယ်မဟုတ်ဘူး။ ငါးကတော့ တခြားကန်တွေနဲ့ သူတင်ကိုယ်တင်ပဲ။ သို့ပေမယ့် မိုးတိမ်ရဲ့ စွန့်ပစ်ပစ္စည်း များလို့ . ။ ဘယ်လောက်ထိများလဲဆို . . မနှစ်က လေလံရသွားတဲ့ ဦးအားမှုဆို အခုရွာထဲမှာ စတိုးဆိုင်ကြီးတစ်ဆိုင်ဖွင့်ထားတာ ဟီးထလို့ . ။ အမျိုးသမီးအသုံးအဆောင်များ စုံသလားတော့မပြောနဲ့ နားဖာကလော်က

www.burmeseclassic.com


အစ၊ ကော့ဆက်အဆုံး . . အားလုံး သူမှာရှိတယ်။

ထားပါတော့ . . မိုးတိမ်အကြောင်း ပြောနေလို့က ဆုံးမယ်မဟုတ်ဘူး။

အခုတော့ သူတို့ အုပ်စု ခေါင်းချင်းဆိုင်ပြီး ငြိမ်နေကြပြီ . .

www.burmeseclassic.com

## 'ငါအကြံရပြီ. .'

ပါစီရဲ့စကားကြောင့် အားလုံးခေါင်းထောင်သွားကြတယ် . . ။

'ဘယ်လိုအကြံလဲ. .'

ကိုရင် သာဂိကမေးတယ် . . ။

"ဒီလိုကွ. . '

ပါစီက စကားကို မဆက်သေးဘဲ ဖန်ခွက်ထဲက အရက်ခွက်ကို မယူပြီး 'ဂွပ်'ခနဲမော့သောက်လိုက်တယ်။ ပြီးတော့ ပဲကြီးလှော်တစ်လုံးကို ကောက်ဝါးလိုက်ပြီး . . .

"အကြံကတော့ ကြီးတယ်မောင်. . '

အားလုံး ပါစီကိုအာရုံစိုက်နေကြတယ်။ ဘာမှမပြောဘဲ ငြိမ်လို့။ ပါစီကသာ ဟန်တစ်ခွဲသားနဲ့ စကားဆက်လိုက်တယ် . . ။

"မေဖြူတို့ အိမ်အနောက်က စပါးကျီမီးရှို့မယ်ကွာ . . . '

www.burmeseclassic.com


'ဘာကွ'

အားလုံး မျက်လုံးတွေပြူးကျယ်သွားတယ်။ ပြီးတော့ ပါစီကိုစိုက်ကြည့်နေကြတယ်။ မိုးတိမ်ရဲ့ မျက်လုံးက အတောက်ပြောင်ဆုံး . . ။ ပါစီက ဆရာကြီးဟန်နဲ့ အားလုံးကို ဝေ့ကြည့်လိုက်တယ်။

'ဟုတ်တယ် . . မေဖြူတို့ အိမ်အနောက်က စပါးကျီမီးရှို့ရမယ်. . '

'မီးရှို့ရင် လောင်ကုန်မှာပေါ့ ခွီးထဲမှပဲ . . . '

မိုးတိမ်ရဲ့ မကျေမနပ်စကားကို ပါစီက ဝေးရန်ကောဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီး . .

'အေးလေကွာ . . လောင်အောင်ရှို့မှာပေါ့ . . '

'လောင်တော့ . . '

'လောင်တော့ မင်းက သူရဲကောင်းလုပ်ပြီး မီးဝင်ငြိမ်းချင်ယောင်ဆောင်ပြီး သူတို့အိမ်ပေါ်က ပစ္စည်းတွေ မင်းတို့ အိမ်ပေါ်ရွှေ့ထားလိုက်ပေါ့ကွ . . '

'ရွှေ့ထားလိုက်ရင် . . '

မိုးတိမ်ရဲ့ အူကြောင်ကြောင်စကားကို ပါစီက သူ့ပေါင်ကို ဖျတ်ခနဲပုတ်လိုက်ပြီး . .

'ဟ. . အဲဒီပစ္စည်းတွေ ရွှေ့ထားလိုက်ရင် မေဖြူလေးပါမင်းတို့အိမ်ပေါ်ရောက်ပြီပေါ့ကွ . . ဘာလိုသေးလဲ . . မင်းတို့အိမ်ပေါ်ရောက်မှတော့ မင်းဖာသာ မင်းအပိုင်စည်းရုံးပေါ့ကွ. . မဟုတ်ဘူးလား. . ဟား ဟား . . ငါ့အကြံမပိုင်ဘူးလား. . ဟား ဟား . . '

ပါစီက သူ့စကားကို သူသဘောကျပြီး တဟားဟားရယ်တယ်။ မိုးတိမ်ကတော့ ပါစီအကြံကို ခေါင်းကုတ်စဉ်းစားရင်း . .

'အေး . . ဟုတ်တော့ဟုတ်သလိုပဲ . . အဲ . . ဒါပေမယ့် မီးကငြိမ်းလို့မရဘဲ တစ်ရွာလုံးလောင်သွားရင်ရော. . '

'မင်းအဖမ်းခံလိုက်ပေါ့ကွ . . မီးရှို့မှုနဲ့ မင်းထောင်ထဲဝင်လိုက်ပေါ့ . . မဟုတ်ဘူးလား. . . ဟား ဟား'

ပါစီက သူ့စကားကို သူသဘောအကျကြီးကျပြီး အော်ဟစ်ရယ်နေ

www.burmeseclassic.com


တယ်။ အဲ့ဒီတော့မှ မိုးတိမ်က သဘောပေါက်ပြီး . .

'ဟင် . . ဟော့ကောင် . . မင်းလူပါးဝလှချည်လား . . ငါက ဘာလို့ ထောင်ထဲဝင်ရမှာလဲ . . အေး မီးရှို့မှုနဲ့တော့မဝင်ဘူး။ မင်းကိုသာ ဟောဒီလို . . '

ဆိုပြီး မိုးတိမ်က ပါစီရဲ့မျက်နှာကို လက်သီးပစ်သွင်းဖို့ လုပ်တယ် . . ဒါကို ဘေးနားရှိနေတဲ့ ကိုရင်သာဂိနဲ့ သလာစီတို့က . .

'ဟာ . . ဟော့ကောင် မလုပ်နဲ့ . . မလုပ်နဲ့ . . '

'ဟော့ကောင် လက်လွန်မယ်နော် . . . '

ဆိုပြီး အတင်းဖမ်းဆွဲထားလိုက်တယ် . . ။ အားလုံး ရှန်းရင်းဆန်ခတ် ဖြစ်နေတော့ အရက်ဆိုင်ရှင် ကိုတွတ်ကြီး ထွက်လာတယ်။

"ဟာ. . . ဟော့ကောင်တွေ ငြိမ်ငြိမ်နေကြစမ်း . . ခွီးထဲ. . အရက်ကို ခိုးရောင်းနေရတဲ့ ကြားထဲ မင်းတို့ကလည်း တမှောင့် . . 'ဆိုပြီး လာထွက်တားတယ် . . ကိုတွတ်ကြီးကို မြင်တော့ အားလုံး ငြိမ်ကျသွားတယ်။ မငြိမ်လို့ မဖြစ်ဘူးလေ . . ကိုတွတ်ကြီးက သူတို့ကို အရက်မရောင်းတော့ဘူးဆို သောက်စရာဆိုင်က ရှိတော့တာမှ မဟုတ်တာ။ သူတို့ကိုဆို ကျန်တဲ့ဆိုင်တွေက ဘယ်ဆိုင်ကမှ မရောင်းဘူး . . အဲဒီလို ရန်ထထဖြစ်တတ်လွန်းလို့ . . . ။

"ဘာဖြစ်ကြတာလဲကွာ . . . မင်းတို့ကလည်း ဆူညံဆူညံနဲ့ . . . '

ကိုတွတ်ရဲ့ အမေးကို ကိုရင်သာဂိက . .

'ဒီမှာလေ . . ဘာရှိရဦးမှာလဲ . . မိုးတိမ်ရဲ့ အချစ်အကြောင်းပဲပေါ့ . . '

'အေးလေ . . အဲ့ဒါဘာဖြစ်လို့လဲ . . '

'ဒီလိုလေ မိုးတိမ်က မေဖြူ့အချစ်ကိုရအောင် ဘယ်လိုယူရမယ်ဆိုတာ ဆွေးနွေးရင်းနဲ့ ရန်ဖြစ်ကြတာ . . '

ဆိုပြီး ဖြစ်ကြောင်းကုန်စင်ကို ကိုရင်သာဂိက ကိုတွတ်ကြီးကို ရှင်းပြလိုက်တယ်။ ဒါကို ကိုတွတ်ကြီးက မျက်မှောင်ကြီးကျုံ့၊ ခေါင်းတငြိမ့်ငြိမ့်နားထောင်နေတယ်။ စကားဆုံးမှ . . .

'ဒါများကွာ . . ဘာခက်တာလိုက်လို့ . . အလွယ်လေး . . '

www.burmeseclassic.com


ဆိုပြီး ဆိုင်ဘက်ပြန်လှည့်ကြည့်တယ်။ သဘောကတော့ သူ့မိန်းမ မိလုံးကို မကြားစေချင်၊ မသိစေချင်တဲ့သဘော. . ။ ပြီးတော့မှလေသံကို နှိမ့်ပြီး . .

'ငါ့လို လုပ်ပေါ့ကွ . . '

'ဘယ်လိုလုပ်ရမှာလဲ . . '

ကိုတွတ်ကြီး စကားကို မိုးတိမ်က အားတက်သရောမေးတယ်။ ကိုတွတ်ခေါင်းကို နှိမ့်လိုက်တယ်။ အားလုံးရဲ့ခေါင်းတွေ လိုက်နှိမ့်ကုန်တယ်။ ပြီးတော့ . . ကိုတွတ်က ဘယ်သူ့မှ မကြားစေချင်တဲ့လေသံနဲ့ . . .

'ကိုယ့်ခေါင်းကို ကိုယ်ပုလင်းနဲ့ ပြန်ရိုက်ခွဲလိုက် . . . '

သူ့စကားလည်း ကြားရော မိုးတိမ်က မျက်လုံးကြီးပြူးပြီး

'ဟာဗျာ . . ခင်ဗျားကြီးကလည်းတမှောင့် ကျုပ်ကအကောင်း ပြောမလားမှတ်တယ်။ ကိုယ့်ခေါင်းကို ပုလင်းနဲ့ရိုက်တော့ ခေါင်းကွဲမှာပေါ့ဗျ. . '

မိုးတိမ်ရဲ့ အသံကျယ်ကျယ်ကြောင့် ကိုတွတ်ခေါင်းပိုပြီးပုပြီးဝင်သွားပြီး အံကြိတ်သံနဲ့ . . .

'ဟေ့ကောင် . . . တိုးတိုးပြောပါကွ . . . မိလုံးကြားသွားလို့ ငါ့အကြံတွေ ရိပ်မိကုန်မယ် . . . ။ ခွီးထဲမှပဲ. . . ပုလင်းနဲ့ ရိုက်တယ် ဆိုပေမယ့် ဒီပုလင်းတွေလိုတော့ ဘယ်ဟုတ်မှာလဲ . . . '

မိုးတိမ်မျက်မှောင်ကျုံ့သွားတယ် . . .

'ဘယ်လိုပုလင်းမျိုးလဲ . . . '

'မီးဖုတ်ထားတဲ့ပုလင်း . . . '

'မီးဖုတ်ထားတဲ့ပုလင်း . . . '

'အေး. . . ဟုတ်တယ်။ ပုလင်းကို မီးဖုတ်လိုက်ရင် ပုလင်းကကျွတ်သွားတာကွ. . အဲ့ဒီပုလင်းမျိုးနဲ့ ကိုယ့်ခေါင်းကိုယ်ပြန်ရိုက် ပုလင်းသာကွဲသွားမယ် . . ခေါင်းကတော့ ကော်ချောင်းနဲ့ ရိုက်သလောက်တောင်မနာဘူး . . မောင်။ ငါတောင် မိန်းမနဲ့ စိတ်ဆိုးတိုင်း အဲဒါမျိုးပဲလုပ်နေတာ . . '

'နို့ နေပါဦး . . ကိုယ့်ခေါင်းကို ကိုယ်ပုလင်းနဲ့ ပြန်ရိုက်ရုံနဲ့ မေဖြူက ကျွန်တော့်ကို ပြန်ကြိုက်မတဲ့လား . . '

www.burmeseclassic.com


မိုးတိမ်ရဲ့စကားကို ကိုတွတ်ကြီး အနောက်ဘက်ပြန်ငဲ့ကြည့် ပြီး

‘အာ ဒီကောင်အတော်ဒုံးဝေးတဲ့ကောင်. . ။ မိန်းမတွေဆိုတဲ့ အမျိုးက သနားတတ်တယ်ကွ. .

ကိုယ့်ကိုယ်ကိုယ် အဲဒီလိုသာပုလင်းနဲ့ ပြန်ရိုက်နေလို့ကတော့ သနားစိတ်တွေဝင်. . . ပြီး ကောင်မလေးက ကိုမိုးတိမ်ရယ် အဲဒီလိုတော့ ကိုယ့်ကိုယ်ကိုယ် အနာမခံပါနဲ့ ချစ်ဆိုချစ်ပါ့မယ်ရှင်. . . ကြိုက်ဆိုကြိုက်ပါ့ မယ်ရှင် ဆိုပြီးတော့ကို ဖြစ်သွားစေရမယ်။ ငါတောင် အဲ့ဒီနည်းကိုသုံးပြီး မိလုံးကို ချုပ်ထားရတာ. . . ’

‘ရွှေ့တယ်နိပ်. . . ’

ကိုတွတ်ကြီးရဲ့ အကြံကို မိုးတိမ် သဘောခွေ့သွားတယ်. . . ။

‘ကဲ. . . ဒါဆိုလည်း . . . ပွဲမဝင်ခင် စမ်းကြည့်ရအောင် ခင်ဗျား ဆီမှာ ပုလင်းမီးဖုတ်မရှိဘူးလား. . . ’

‘ရှိတာပေါ့ကွ. . . ငါလည်းလိုအပ်ရင်သုံးဖို့ အမြဲဆောင်ထားတာ . . . ’

‘ဒါဆိုလည်း ကျုပ်ကို သုံးလေးပုလင်းတော့ပေးဗျာ. . . ’

မိုးတိမ်ရဲ့ စကားကို ကိုတွတ်မျက်နှာ ရှုံ့မဲ့လိုက်ပြီး. . .

‘အလကားတော့မရဘူးမောင်. . . ကျုပ်က အပင်ပန်းခံ မီးအပူ ခံပြီး ထိုင်ဖုတ်ထားရတာ. . . ’

‘ဟာဗျာ. . . ခင်ဗျားကလည်း အချင်းချင်းတွေပဲ စီးပွားရေးဆန် မနေစမ်းပါနဲ့ . . . ကျုပ်နဲ့မေဖြူညားသွားရင်. . . ’

‘လုပ်မနေနဲ့ ဟေ့ကောင်. . . မင်းနဲ့မေဖြူနဲ့ညားလို့လည်း ငါက ပဲလှော်ကြားဆားညှပ်ရမှာလား . . . ’

‘ဟေ့လူ. . . ခင်ဗျားဘာပြောတာလဲ. . . ’

ကိုတွတ်ရဲ့ ဖြတ်ပြောလိုက်တဲ့စကားကြောင့် မိုးတိမ်တင်းသွား တယ်။

‘အဟဲ. . ငါက သဘောအဖြစ်ပြောတာပါ. . . ’

ကိုတွတ်က သူ့စကားကို သူပြန်လျှော့လိုက်တယ်။ ပြီးတော့ဆက်

www.burmeseclassic.com


ပြောတယ်။

'အဲဒါပေမယ့် ပုလင်းကတော့ အလကားမရနိုင်ဘူးမောင်. .

ပုလင်းအလွတ်ကို ဒီအတိုင်းရောင်းရင်တောင် တစ်လုံး (၁၅)ကျပ် ရတယ်. . . '

'ကဲဗျာ အချင်းချင်းတွေပဲ (၁၅)ကျပ်နဲ့ပဲ လေးပုလင်းပေး ၆၀ ဖိုး'

ကိုတွတ်ခေါင်းခါလိုက်တယ်။

'မရဘူးမောင် အကြံဉာဏ်ကြေး မီးဖုတ်ကြေး ငါးကျပ်တော့ တိုးပေး ပေါင်းနှစ်ဆယ်၊ လေးပုလင်း ရှစ်ဆယ်. . . '

မိုးတိမ်တွေသွားတယ်. . . ဒါကို ကိုတွတ်ကြီးက. . .

'မင်းတန်ပါတယ်ကွာ . . . ငွေရှစ်ဆယ်ထဲနဲ့ မိန်းမတစ်ယောက်ရမဲ့ ဟာကို. . . '

မိုးတိမ်တစ်ချက်တွေဝေသွားပြီး. .

'ကဲ . . . လုပ်ဗျာ လေပုလင်းယူခဲ့. . . '

'အေးအေး. . . ခဏစောင့် . . . '

ဆိုပြီး ကိုတွတ်ဆိုင်ထဲ ခတ်သုတ်သုတ်လှမ်းဝင်သွားတယ်။

သိပ်မကြာပါဘူး။ ကိုတွတ်ကြီး ပုလင်းတွေကို ကျွတ်ကျွတ်အိတ်နဲ့ ထည့်ပြီး သူ့မိန်းမ မိလုံးအလစ်မှာ ကုပ်ချောင်းချောင်းနဲ့ ပြေးချလာ တယ်. . . ။

'ကဲ . . . ရော့ဒီမှာလေးပုလင်း. . . '

မိုးတိမ် ပုလင်းတွေကို အသေအချာကြည့်တယ်။

'ဟင်. . . ပုလင်းတွေက ဒီရိုးရိုးပုလင်းတွေလိုပါပဲလား. . . '

'အဲဒါပြောတာပေါ့. . . ဒါပေမယ့် မတူဘူးမောင်. . . မယုံရင် တစ်လုံးလောက်စမ်းကြည့်. . . '

ကိုတွတ်စကားကြောင့် မိုးတိမ်မယုံမရဲနဲ့ ပုလင်းတစ်လုံးထုတ်လိုက် တယ်။ ပြီးတော့ သူ့ခေါင်းကို ပုလင်းနဲ့ပြန်ရိုက်ချလိုက်တယ်. . . ။

ခွမ်းခနဲအသံနဲ့အတူ ပုလင်းတစ်စစီ ကွဲထွက်သွားတယ်။ မိုးတိမ် က အားရဝမ်းသာနဲ့. . .

'ဟ . . . အဟုတ်ဟ ခေါင်းကို စက္ကူလိပ်နဲ့ရိုက်သလောက်တောင်

www.burmeseclassic.com


မနာဘူး. . .'

'အဲ့ဒါပြောတာ . . . အဲ့ဒါကိုပြောနေတာ . . . ဒီပုလင်းနဲ့ မေဖြူရှေ့မှာ မင်းနှစ်လုံး သုံးလုံးလောက်သာ ရိုက်ပြလိုက် ဟိုကသနားပြီး ပြန်မချစ်ရင် ငါ့ကိုကြိုက်သလိုပြော . . . ကြိုက်သလိုသာပြော . . .'

ကိုတွတ်ကြီးက ဝင်မြှောက်နေတော့ မိုးတိမ်ခွေ့သွားတယ်။ ဒါ့ကြောင့် မိန့်မိန့်ကြီးပြုံးပြီး . . .

'ကြိုက်ပြီဗျာ. . . ကြိုက်ပြီ ကိုတွတ်ကြီးရဲ့ ကျေးဇူးကိုမမေ့ပါဘူး ကျုပ်နဲ့ မေဖြူနဲ့ညားရင် ပထမဦးဆုံးရတဲ့ကလေး ကိုတွတ်ကိုပေးမယ် ဟား ဟား. .'

မိုးတိမ်က ရွှင်မြူးစွာရယ်တယ်။ ကိုတွတ်က သူ့ကိုကျိန်တယ်။ ပထမဆုံးရတဲ့ကလေးပေးမယ်ဆိုလို့. . .။ ကျန်တဲ့လူအားလုံးကသာ. . .

'ကဲ. . . ဝမ်းသာနေလို့မပြီးသေးဘူးဗျ. . . အောင်ပွဲအကြိုနည်း နည်းပါးပါးလုပ်ဦး. . .'

မိုးတိမ်ကအစာငတ်နေတဲ့ ဆိတ်အော်သံလို တဟဲဟဲရယ်ရင်း. . .

'ရပါတယ်ဗျ. . . ရပါတယ်. . . ဟဲဟဲ. . ကိုတွတ် ဒါလေး အရင် ရှင်းလိုက်ရအောင်. . .'

ကိုတွတ်က အရက်ဝိုင်းကို ဝေ့ကြည့်လိုက်ပြီး

'ညီလေး ပုလင်းလေးလုံးအပါအဝင် လေးရာနဲ့ လေးဆယ်ကျ တယ်'

မိုးတိမ် သူ့အိတ်ထဲက ပိုက်ဆံတွေထုတ်ပြီး ရေကြည့်လိုက် တယ်. . .။

'ဟင်. . . လေးရာနဲ့ တစ်ဆယ်ပဲရှိတယ်။ သုံးဆယ်ဘယ်သူ့မှာ ပါလဲ. .'

သလာစီက သူ့အိတ်သူစမ်းရင်း . .

'ငါ့မှာပါတယ်. . ရော့. . အဲ . . နှစ်ဆယ်ပါတယ်. .'

ကိုရင်သာဂိက

'ငါ့မှာတစ်ဆယ်ပါတယ် ရော့ကွာ. . .'

အားလုံးပေါင်းလေးရာ့လေးဆယ်ပြည့်သွားတယ်. . ။

www.burmeseclassic.com


'ဟာ. . အဲဒါမှ ဒုက္ခပဲ ကျုပ်မှာပိုက်ဆံမကျန်တော့ဘူး . . '

မိုးတိမ်ရဲ့ ပိုက်ဆံမကျန်တော့ဘူး စကားကြားတာနဲ့ ကိုတွတ်ကြီး ပိုက်ဆံတောင် ရေမနေတော့ဘဲ. .

'ပိုက်ဆံမကျန်ရင်လည်း တော်ကြတော့ကွာ. . ငါကတော့ အကြွေးမရောင်းဘူး'

ဆိုပြီး ထလစ်သွားတယ်။

'အဲဒါမှဒုက္ခပဲ . . အရက်သောက်ရတာက လစ်မစ်တောင်မပြည့်သေးဘူး. . '

'အေးလေကွာ . . . ဟိုမရောက် . . ဒီမရောက်နဲ့ဒုက္ခပဲ. . . '

'ဟုတ်ပကွာ . . ဒီအတိုင်းဆို မိန်းမက အနံ့တောင်မှတ်မိမှာ မဟုတ်ဘူး. . '

အားလုံးဆီက ခပ်တိုးတိုးညည်းသံတွေ ထွက်လာတယ်။ မိုးတိမ်သူ့ အိတ်ကလေးသူပိတ်ပြီး စဉ်းစားတယ်။ ညဏ်နီညဏ်နက်တွေထုတ်နေပုံ ရတယ်။ အတော်ကြာမှ သူ့မျက်နှာဝင်းလက်သွားပြီး . .

'ငါသိပြီ . . မင်းတို့ထပ်သောက်ကြဦးမှာ မဟုတ်လား. . . '

'သောက်မှာပေါ့ကွ . . သောက်ချင်လို့ ပြောနေတာပေါ့. . . '

'အေးလေကွာ. . ပြောရင်းဆိုရင်း လေတောင်တက်လာပြီ . အေ့'

'မြန်မြန်လုပ်ပါကွာ. . သောက်ချင်လာပြီ. . '

အားလုံးအားတက်သရော ပြောကြတယ်. . အရက်ကိုးအရက်။

မိုးတိမ်က အားလုံးကို ခပ်ပြုံးပြုံးဝေ့ကြည့်လိုက်ပြီး. . .

'ဒါဆို ခဏစောင့်'

ဆိုပြီး ထထွက်သွားတယ်။ ကိုတွတ်ဆီကိုပါ။

ကိုတွတ်နဲ့ နှစ်ယောက် အကြိတ်အနယ်ဆွေးနွေးနေတယ်။ ကြည့်ရတာ အကြွေးယူဖို့ စည်းရုံးနေတာဖြစ်ပုံရတယ်။ ကိုတွတ်ကြီး ခေါင်းငြိမ့်လိုက် ခေါင်းခါလိုက်ဖြစ်နေတယ်။ မိုးတိမ်က သူ့လက်ကလေး နှာခေါင်းနားဝဲပြီး အပီအပြင်ရှင်းပြနေတယ်။ ကိုတွတ်ကြီးမိန်းမ မလုံးရောက်လာတယ်။ 'ဘာဖြစ်တာလဲ' မေးပုံရတယ်။ မိုးတိမ်က သွားဖြဲပြီး မျက်နှာချိုသွေးတယ်။ ပြီးတော့ သူ့လက်ကလေး နှာခေါင်းနားဝဲပြီး ရှင်းပြတယ်။

www.burmeseclassic.com


မလုံးက ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး 'လုပ်ပေးလိုက်၊ လုပ်ပေးလိုက်' လို့ပြောတယ်။ မလုံးက ခွင့်ပြုလိုက်တော့ ကိုတွတ်ကြီး ဘာမှမတတ်နိုင်တော့ဘူး မိန်းမကြောက်ရတာကိုး။ မိုးတိမ်မျက်နှာ မိုးဆမ်းပန်းလိုလန်းသွားတယ်။ ပြီးတော့ ပုလင်းလွတ်လေးတစ်လုံးဆွဲပြီး အိမ်ထဲ စွတ်ခနဲ ဝင်သွားတယ်။ ပြန်ထွက်လာတော့ ပုလင်းပြည့်ဗျား။

သူ့ကိုဝိုင်းကြည့်နေကြတဲ့ ကိုရင်သာဂိတို့အုပ်စု သွားရည်တမြားမြားဖြစ်ကုန်သာပ။

မိုးတိမ်လက်ထဲ ပုလင်းလည်းမြင်ရော ခုနက အရက်မရရင် အစာပိတ်တွယ်ဖို့ထားထားတဲ့ ဖန်ခွက်ဖင်ကပ်အရက်ကို ရှလွတ်ရှလွတ်မြည်အောင် မော့ထည့်လိုက်ကြတယ်။

မိုးတိမ်မလုံးဆီက သံပုရာသီးစိပ်တောင်းတယ်။ မလုံးက ဆူဆူအောင့်အောင့်နဲ့ သံပုရာသီးစိပ်သုံးလေးစိပ် သူ့လက်ထဲထည့်ပေးလိုက်တယ်။ မိုးတိမ် ပြုံးဖြဲဖြဲနဲ့ ဝိုင်းဆီပြန်လာတယ်။

'ကဲရော့. . ဒီမှာပုလင်း. . ဒီမှာ သံပုရာသီးစိပ်ဗျာ့တဝသာသောက်ကြ'

ဆိုပြီး ပုလင်းကို ကိုရင်သာဂိလက်ထဲ ထိုးထည့်ပေးပြီး ဝိုင်းထဲပြန်ဝင်ထိုင်တယ်။ ကိုရင်သာဂိဝမ်းသာအားရ သူ့ခွက်ထဲ အရက်လောင်းထည့်ဖို့လုပ်တော့ မိုးတိမ် ကိုရင်သာဂိဆီက ပုလင်းကို ဖျတ်ခနဲပြန်ဆွဲယူလိုက်ပြီး. . .

'ခင်ဗျား. . . မာကာမလုပ်နဲ့ ခင်ဗျားလက်မမှန်ဘူး နောက်ခွက်ကျော်လည်း ခိုးသောက်တတ်တယ်'

လို့ပြောလိုက်တော့ ကိုရင်သာဂိမျက်နှာကြီးမည်းသွားတယ်။ ဟုတ်လည်းဟုတ်သာပ။ ကိုရင်သာဂိ အရက်မာကာလုပ်လို့ကတော့ ခွက်ကျော်က ခိုးသောက်ပြီးသား။ သူများတစ်ခွက်ဆို၊ သူနှစ်ခွက်ပဲ။ ဒါ့ကြောင့် မိုးတိမ်အဲ့ဒီလိုပြောတာကို သူဘာမှပြန်မငြင်းနိုင်တာ။ မိုးတိမ်အရက်ကို ခွက်လေးခွက်ထဲ အညီအမျှခွဲထည့်လိုက်တယ်။

အရက်လည်းခွက်ထဲရောက်ရော သလာစိဟန်တောင်မဆောင်နိုင်ဘဲ သူ့ခွက်ကို လှမ်းယူလိုက်ပြီး မော့ချဖို့လုပ်တယ်။

www.burmeseclassic.com


'ခဏနေဦး . . '

မိုးတိမ်က သလာစီလက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်တယ်။ ပြီးတော့ သလာစီမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

'မင်းတို့ဟာလေ အရက်သောက်ရင် ဣန္ဒြေကိုမရှိဘူး . . ဒါ့ကြောင့် မင်းမျက်နှာကြီးဖောရောင်နေတာ . '

မိုးတိမ်ရဲ့ ခတ်ငေါက်ငေါက်စကားကြောင့် သလာစီယောင်ပြီး သူ့မျက်နှာ သူပြန်စမ်းတယ်။

'အရက်သောက်တာ ဂျမ်းဂဲမန်းဆန်ဆန်သောက်စမ်းပါကွ . . ဘာလဲ ဣန္ဒြေကိုမရဘူး . '

သူပြောချင်တာက ဂျမ်းတဲလ်မန်း (Gentle Man) လူကြီးလူကောင်းကို ပြောချင်တာပါ။ ဒါပေမယ့် မပြောတတ်ပြောတတ်နဲ့ ပြောတော့ ဂျမ်းဂဲမန်း (Jungle Man) တောဘဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ မိုးတိမ်ဘာကိုဆိုလိုတာ အားလုံးသိကြတယ်လေ။

မိုးတိမ်အရက်ခွက်တွေ ညီမညီကြည့်ပြီး သံပုရာသီးတစ်စိပ်ကို ခွက်လေးခွက်ထဲ နည်းနည်းဆီညှစ်ထည့်လိုက်တယ်။ သံပုရာသီးညှစ်ပြီးတော့ သံပုရာရည်ကပ်နေတဲ့ သူ့လက်ကို သူပြန်စုပ်လိုက်ပြီး . .

'ကဲ . . ရပြီ . . '

အားလုံး အားရဝမ်းသာနဲ့ ကိုယ့်ခွက်ကိုယ် လှမ်းယူလိုက်တယ်။

'နေဦး . . '

ခွက်အားလုံး ပါးစပ်နားရောက်တော့ မိုးတိမ်ကတားလိုက်ပြန်တယ်။ ပြီးတော့ မိန့်မိန့်ကြီးပြုံးပြီး

'ဒီဟာ . ငါရဲ့အောင်ပွဲအကြိုအထိမ်းအမှတ်ဆိုတော့ ငါ့အတွက် ခွက်တိုက်ပြီး ဆုတောင်းပေးဦးလေ . . '

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တယ်။ ပြီးတော့ ပြီးပြီးရောသဘောနဲ့ အားလုံးခွက်တွေပြိုင်တူမြှောက်ပြီး . .

'သေချင်းဆိုးကြီး အောင်မြင်ပါစေ . . 'လို့ ပြိုင်တူရေရွတ်ပြီး ဖန်ခွက်တိုက်လိုက်ကြတယ်။ ပြီးတော့ လေးယောက်သား ပြိုင်တူမော့ချလိုက်တယ်ဆိုရင်ပဲ . .

www.burmeseclassic.com


'ဟာ. . . '

'ဟင်. . . '

'အလို. . . '

အားလုံးဆီက အာမေဋိတ်သံတွေထွက်လာတယ်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ပြီးကြောင်ငေးကြည့်နေကြတယ်။ ပြီးတော့ မျက်နှာတွေရှုံ့မဲ့ပြီး ထအော်ကြတယ်။

'ဟင်. . . ရေ. . . ရေတွေ ရေမှ ရေအစစ်. . . '

ဟုတ်ပါတယ်. . သူတို့သောက်လိုက်ရတာက အရက်မှမဟုတ်ဘဲ . . . ။ မိုးတိမ် ကိုတွတ်တို့အိမ်နောက်က ဆင်းခပ်ထည့်လာတဲ့ ရေတွေ. . ။ ဒါတောင် မလုံးအဝတ်လျှော်ထားတဲ့ရေလားမသိဘူး။ ချဉ်စုပ်စုပ် ငန်ပျပျ နဲ့. . . ။

ဒါကြောင့် အားလုံးဒေါသတကြီးနဲ့ မိုးတိမ်ဘက်လှည့်ပြီး

'ဟေ့ကောင် မိုးတိမ်. . . မင်းဘာလုပ်တာလဲကွ. . . မင်းဘာလုပ်တာလဲ. . .'

မိုးတိမ်က မသိချင်ယောင်ဆောင်ပြီးခွက်ထဲကို ပုလင်းထဲကရေတွေ လောင်းထည့်ရင်းက

'ဟ. . . ဘာလုပ်လို့လဲကွ. . . '

'ဘာလုပ်ရမှာလဲကွ မင်းငါတို့ကို အရက်ဆိုပြီးတော့ ရေတွေတိုက်နေပြီးတော့. . '

ပါစီက ဒေါသတကြီးအော်တယ်။ မိုးတိမ်ကတော့ အေးဆေးပဲ. . ။

'ဟာ မင်းတို့ကလည်း အရက်ပါကွ'

'ခွီးအရက်ပါလားကွ'

'ရေမှ ရေအစစ် ဟောဒီမှာ ပိုးလောက်လန်းတောင်ပါတယ်'

ကိုရင်သာဂိခွက်ထဲက ပိုးလောက်လန်းကို ကိုင်ပြီးပြတယ်။

ဒါကိုတောင် မျက်နှာမာလှတဲ့ မိုးတိမ်က စပ်ဖြဲဖြဲလုပ်ပြီး. . .

'ဟာ. . . ခင်ဗျားက အမြည်းပါရသကိုး. . . ဟားဟား ကောင်းတယ် စားစား ပိုးလောက်လန်းသားစားရင် အသားလှသတဲ့ဗျ. . . '

www.burmeseclassic.com


သူ့စကားကြောင့် ကိုရင်သာဂိ ပိုးလောက်လန်းကို ပါးစပ်ထဲယောင်ပြီး ထည့်မိမလိုဖြစ်ပြီးမှ မြေကြီးပေါ်ပစ်ချလိုက်တယ်။ ပြီးတော့ မိုးတိမ်ကို လက်ညှိုးငေါက်တောက်ထိုးပြီး

'ဟေ့ကောင်. . . မင်းဘာပြောတာလဲကွ။ သာဂိနော်သာဂိ တစ်ဂိတည်းရှိတယ်။ နှစ်ဂိရှိရင် ဂွိလုပ်ပစ်လိုက်မယ်။ မင်းဒါ ရေတွေမဟုတ်လို့ ဘာတွေလဲကွဟေ . . .'

ကိုရင်သာဂိဒေါသတကြီးကြိမ်းတာတောင် မိုးတိမ်ကစပ်ဖြဲဖြဲလုပ်ပြီး

'ဟာ. . . ကိုရင်သာဂိကလည်း. . . ရေတွေအရက်တွေခွဲနေတာ စိတ်ကြောင့်ဗျ. . . စိတ်ကြောင့်. . . ။ ကိုယ့်စိတ်ကိုယ်နိုင်ရင် ရေတွေ အရက်တွေမရှိတော့ဘူး. . ။ အရက်လည်းရေ ရေလည်းအရက် ဖြစ်သွားတာပဲ. . . ။ ရွာကျောင်းဆရာတော်တောင် ဟောထားသေးသာပဲ ကိုယ့်စိတ်ကိုနိုင်ရင် . . .'

'ဟေ့ကောင် အရက်ဝိုင်းထဲ ဆရာတော်ကို ဆွဲမထည့်နဲ့'

ပါစီကပါ သာဂိဘက်ကဝင်အော်တယ်။ ဒါကို မိုးတိမ်က ရယ်ကြဲကြဲနဲ့. . . ။

'ဟဲဟဲ. . . မထည့်နဲ့ဆိုလည်း မထည့်ပါဘူးဗျာ။ အဲ ဒါပေမယ့် အခုလောလောဆယ်တော့ ပိုက်ဆံမရှိတော့လို့ ဒီရေကိုပဲ အရက်အမှတ်နဲ့ သောက်ထားကြတာပေါ့ဗျာ. . . ။ မထူးပါဘူးဗျာ. . . ကိုတွတ်ကြီး အရက်လည်း ရေရောတာပဲ. . . ဟုတ်ဘူးလား. . . ဟား ဟား. . . ။ မပူပါနဲ့ဗျာ မေဖြူလေးနဲ့ကျုပ်ညားပြီး ပိုက်ဆံရှိတဲ့အခါ အရက်အစစ်တိုက်ပါ့မယ်. . . အခုတော့ ဒီရေတွေကိုပဲ အရက်လို့သဘောပေါက်ပြီး ပျော်ပျော်ကြီး သောက်ကြတာပေါ့. . ရော့ ရော့. . ခွက်တွေယူကြ. . '

ဆိုပြီး အရက်ခွက်ထဲ ရေထည့် သံပုရာသီးညှစ်ထည့်ပြီး လိုက်ပေးတယ်။ အားလုံးကတော့ မကျေနပ်ပါဘူး . . ။ ဒါပေမယ့် ဘာတတ်နိုင်ကြမှာလဲ. . ။ သောက်စရာ ပိုက်ဆံမှ မရှိကြတာ။ ဒါကြောင့် သံပုရာသီးညှစ်ထားတဲ့ ရေကိုပဲ အရက်အမှတ်နဲ့ သောက်ရတော့တာပေါ့. . ။

ကိုရင်သာဂိ စိတ်ဆိုးဆိုးနဲ့ အရက်ခွက်ကို ဂွပ်ခနဲ ကောက်မော့

www.burmeseclassic.com


ချ လိုက်တယ်။ ဒါကို မိုးတိမ်က 'အို. . အို. . ကိုရင်သာဂိနှယ်. . . အရက် ခွက်ကို ရေလေးဘာလေးရောပေါ့. . ရေမရောရင် အသေစောသတဲ့ဗျ. . ' ဆိုပြီး ရေခွက်ထိုးပေးတော့ ကိုရင်သာဂိစိတ်တိုတိုနဲ့ပဲ ရေတစ်ခွက်ကို ဝှပ်ခနဲ မော့ချလိုက်ပြန်တယ်။ ဒီတော့မှ မိုးတိမ်က ကျေနပ်သွားသလို အထာမျိုးနဲ့. .

'ဒါမှပေါ့ဗျ. . အရက်သမားမှန်ရင် ရေများများသောက်ရမယ်။ ဒါမှ အသက်ရှည်ရှည်နဲ့ သောက်နိုင်မှာ ဆီးဝမ်းကောင်းမှာ . . . ။ ဟော့ ကောင် သလာစီဘာဝိုင်နေတာလဲ. . ပါစီလုပ်လေကွာ ဟော့ ဟ. . '

ဆိုပြီး သလာစီနဲ့ ပါစီကိုပါ လှည့်ပြီး ဟော့ ဟော့ ဟော့ဟနဲ့ မြှောက်ပေးနေတော့ ဟိုနှစ်ကောင်လည်း မနေနိုင်တော့ဘူး. . ခွက်ကိုယူပြီး ဝှပ်ခနဲ မော့ချလိုက်ရတယ်။

'ဒီလိုမှပေါ့ကွာ. . ကဲ. . ရော့ ထပ်သောက်ကြ. . '

မိုးတိမ် အားရဝမ်းသာ အသံမျိုးနဲ့ ရေတွေထပ်ထည့် သံပုရာသီး ထပ် ညှစ်ပေးတယ်။ သုံးယောက်လုံးကတော့ သူ့ကိုမျက်ထောင့်နီကြီးနဲ့ ကြည့် လို့ပေါ့. . ။

ဒါပေမယ့် ဘာမှမတတ်နိုင်ကြတော့ဘူး။ အေးလေ. . ပိုက်ဆံမှ မရှိကြတာ။ သူတို့ အဖြစ်ဟာ စဉ်းစားကြည့်ရင် ကရင်ကြီးပုံပြင်လို ဖြစ်နေ တယ်. . ။ ကရင်ကြီးပုံပြင်ဆိုတာသိလား. . ။ မသိရင်ပြောပြချင်လို့. . . ။

တစ်ခါသား ကရင်ကြီးတစ်ယောက် အရက်မူးပြီး ညမှောင်မှောင် မှာ ပွဲဈေးတစ်ခုက တစ်ယောက်တည်းပြန်လာတယ်။ တစ်နေရာရောက် တော့ မည်းမည်းအပုံကြီး တစ်ခုနင်းမိမလိုဖြစ်တော့ . .

'အ အာ . . ဘာလဲဝ္ဝေ . . . '

ဆိုပြီး ခုန်ကျော်လိုက်တယ်။ ပြီးတော့ သက်ပြင်းချပြီး . . .

'ဟင်း. . တော်သေးတာပေါ့ ချေးပုံလား မသိဘူး တက်နင်းမိ တော့မလို့ . . . '

ဆိုပြီး အရှေ့ဆက်လှမ်းသွားတယ်။ နှစ်လှမ်းသုံးလှမ်းလောက် ဆက်လှမ်းပြီးတော့ မျက်မှောင်ကျုံ့လိုက်တယ် . . . ။

'သြော် သြော် ချေးမှ ဟုတ်ရဲ့လားမသိဘူး။ ပြန်ကြည့်ဦးမှ'

www.burmeseclassic.com


ဆိုပြီး ဇဝေဇဝါနဲ့ အပုံဆီပြန်လှည့်သွားတယ်။ ပြီးတော့ အပုံကို အသေအချာ ငုံ့ကြည့်တယ်။

'အေး . . ချေးလိုလို သနပ်ခါးလိုလိုနဲ့ ဝေ့ . . . '

လို့ရေရွတ်ပြီး အပုံပေါ်က ဖြုတ်တွေကို လက်နဲ့ခါယမ်းပြီး မောင်းထုတ်လိုက်တယ်။ ပြီးတော့ နှာခေါင်းတရှုံ့ရှုံ့နဲ့ အနံ့ခံကြည့်ပြီး . . .

'အေးလကွာ . . . အနံ့တော့နံသလို မွှေးသလိုပဲဝေ့ . . ဘာလဲ မသိ . . သြော် သြော် . . '

ဆိုပြီး အပုံကို လက်ညှိုးနဲ့ ထိုးကလော်လိုက်တယ်။ ပြီးတော့ လက်မနဲ့ ပွတ်ချေပြီး လရောင်နဲ့ထောင်ကြည့်တယ်။ ပြီးတော့ မယုံသင်္ကာနဲ့ . . .

'အေး . . ချေးလိုလို သနပ်ခါးလိုလို . . သြော် သြော် သေချာအောင်' ဆိုပြီး မသင်္ကာတာနဲ့ ခုနအပုံထဲ နှိုက်ထားတဲ့ လက်ညှိုးကို လျှာနဲ့ တို့ကြည့်လိုက်တယ်။ သေချာသွားမှ အားရဝမ်းသာရင်ခေါင်းသံကြီးနဲ့

'အေပေး . . ချေးမှ ချေးစစ်စစ်ဟ . . တော်သေးတာပေါ့ တက်နင်းမိရင် ခြေထောက်ပေနေဦးမယ် ငါဉာဏ်ကောင်းလို့ . . ငါဉာဏ်ကောင်းလို့ မနင်းမိတာ . . သြော် သြော် . . . '

ဆိုပြီး ချေးပေနေတဲ့လက်ကို ခေါင်းမှာသုတ်ပြီး ထွက်သွားတော့တယ်။ နင်းမိမှာတော့ကြောက်သတဲ့ . . ။ ဟိုဟာတွေကျတော့ လျှာနဲ့ လည်းလျက်၊ ခေါင်းမှာလည်းသုတ်သွားသေး . . . ။

အဲဒီလိုပဲ . . ပါစိတို့အဖြစ်က ချေးမှန်းသိသိကြီးနဲ့ . . . ။ အဲလေ . . ရေမှန်းသိသိကြီးနဲ့ အရက်ပါဆိုပြီး ဖွတ်မိုတ်သောက်နေရတယ်။

ဒါပေမယ့် ဘာမှတော့ မပြောသာဘူးပ။ ပိုက်ဆံမှမရှိတာ။ ရှိတာကို ရှိသလိုပဲ လုပ်နေရတော့တာ။ သုံးယောက်လုံးလည်း ဘာစကားမှ မပြောဘဲ မိုးတိမ်မျက်နှာကိုသာ မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး တဂွပ်ဂွပ်နဲ့ သောက်လာလိုက်တာ . . ကြာလာတော့လည်း ရေမူးမူးလာတယ်။ မိုးတိမ်ကတော့ ထုံးစံအတိုင်း ရွှင်လို့ . . မြူးလို့ . . ။

မေဖြူနဲ့ သူနဲ့ ညားရင် ဘယ်လိုဖြစ်တယ် ဘယ်ညာဖြစ်တယ်နဲ့ ပြောလာတယ်။ မေဖြူလည်း ကလေးခြောက်ယောက်မွေးသွားတယ်။ သူ

www.burmeseclassic.com


လည်း ပါးစပ်ကအမြုပ်တွေ ထွက်မတတ်ပဲ။ ပြောတာ။ ပြောတာ။ ဘဏ် မှာလည်း သိန်းလေးဆယ်အပ်သွားတယ်။ သစ်စက်(၇)စက်လည်း ထောင်ဦး မယ် ဆိုပဲ. . အေးလေ . . အလကားပြောရတာပ။

ဒီလိုနဲ့ ရေတစ်ပုလင်းကုန်သွားရော မိုးတိမ်က ပုလင်းမီးဖုတ်တွေ လက်ကဆွဲရင်း . .

'ကဲ. . ဒီနေ့တော့ ဒီမျှနဲ့ပဲတော်လောက်ပြီ. . ငါလည်း ချစ်သည်း လေး မေဖြူဆီသွားရဦးမယ်' ဆိုပြီး ထထွက်မလို လုပ်တုန်းမှာပဲ. .

'နေဦး . . . '

ပါစီက မျက်နှာနီနီနဲ့လှမ်းတားတယ်။ သူ့ခေါင်းကလည်း ဘယ်စိုက်၊ ညာစိုက်နဲ့။ ကြည့်ရတာ ရေသောက်ပြီး ရေချိန်ကိုက်နေပုံ ရတယ်။

'နေဦး. . မင်းဒီအတိုင်းသွားလို့မဖြစ်ဘူး. . '

ပါစီရဲ့စကားကြောင့် မိုးတိမ်ထိုင်ရမလို ထရမလိုဖြစ်သွားတယ်။ ပါစီကို မျက်မှောင်ကျုံ့ကြည့်ပြီး . . .

'ဘာဖြစ်လို့လဲကွ. . '

'မင်းဒီအတိုင်း ပုလင်းတွေဆွဲသွားရင် မင်းအကြံကို မေဖြူရိပ်မိ သွားလိမ့်မယ်. . '

အားလုံး ခေါင်းငြိမ့်ထောက်ခံတယ်။ မိုးတိမ်မျက်မှောင်ကျုံ့ပြီး စဉ်း စားတယ်။ ဟုတ်တယ်။ ဒီအတိုင်း သူပုလင်းကြီးဆွဲသွားရင် ပုလင်းတွေ မီးဖုတ်ထားတာ မေဖြူရိပ်မိသွားနိုင်တယ်။

'ဒါဆို. . '

'မင်းရဲ့ ပုလင်းတွေကို တစ်ယောက်ယောက်က အရင်ယူသွားပြီး မေဖြူလာတဲ့ လမ်းမှာသွားထားသင့်တယ်။ ပြီးတော့မှ မင်းလိုက်သွားပြီး မေဖြူရှေ့မှာ မင်းထားခဲ့တဲ့ ပုလင်းမဟုတ်သလိုနဲ့ ကိုယ့်ခေါင်းကိုယ်ရိုက်မှ ဟိုက ယုံမှာပေါ့. . '

အားလုံးခေါင်းငြိမ့်ကြပြန်တယ်။

'ဟုတ်တယ်. . . '

ပါစီပြောတာယုတ္တိရှိတယ်။ ကိုယ့်ပုလင်း ကိုယ်ဆွဲသွားပြီး ကိုယ့် ခေါင်း ကိုယ်ပြန်ရိုက်ရင် ဟိုက ဘယ်ယုံချင်မှာလဲ . . တစ်ယောက်ယောက်

www.burmeseclassic.com


က ထားခဲ့တဲ့ ပုလင်းလိုလို ဘာလိုလိုမှ ယုံမှာပေါ့ . . . ။

'ကဲ . . ဒါဆို ဘယ်လိုလုပ်ရမလဲ . . '

မိုးတိမ်ရဲ့ အမေးကို ပါစီက ခေါင်းကိုမော့ပြီး . .

'ငါသွားထားပေးမယ်လေ. . '

မိုးတိမ်က မယုံသလို ယုံသလို မျက်မှောင်ကျုံ့ကြည့်တယ်။

'ဘာလဲ. . . မင်းမယုံလို့လား။ မယုံရင်လည်း ပြီးတာပဲ။ မင်းဘာသာမင်း ဆက်လုပ်. . '

ပါစီရဲ့ စကားကြောင့် မိုးတိမ် ပြာပြာသလဲ ဖြစ်သွားပြီး . .

'မယုံလို့ မဟုတ်ပါဘူးကွာ. . အဟဲ. . ငါက. . မင်းမူးများ မူးနေလားလို့ . . အဟဲ. . '

'ဘာကွ. . ရေသောက်ပြီးတော့ ငါက မူးရမှာလားကွ. . မင်းစကားကို ဆင်ခြင်ပြော တောက်. . မင်းတိုက်တဲ့ရေလည်းသောက်ရသေးတယ်'

'ဟုတ်သား. . မိုးတိမ်ရာ. . သူငယ်ချင်းတွေက စေတနာနဲ့ ကူညီတဲ့ဟာကို မင်းစေတနာကို မစော်ကားပါနဲ့ . . '

ကိုရင်သာဂိကပါ ဝင်ပြောတော့ မိုးတိမ်သွားဖြဲပြီး . .

'မဟုတ်ပါဘူးဗျာ. . စေတနာကို မစော်ကားပါဘူး. . ကျုပ်သူငယ်ချင်းတွေကို ကျုပ်ယုံပြီးသားပါ . . ကဲ. . ယူသွား ယူသွား . . အဲ . . ဒါပေမယ့် ဘယ်နားထားမယ်ဆိုတာလည်း ပြောသွားဦး . . . '

ပါစီတစ်ချက်တွေသွားပြီး စဉ်းစားနေလိုက်တယ်။ ဘယ်မှာထားပေးလို့ ထားပေးရမှန်းမသိဘူး။ မေဖြူတို့အိမ်နားသွားထားလို့လည်း မဖြစ်ဘူးလေ. . ။ အတော်ကြာမှ

'အဲ . . သိပြီ . . ဟိုကွာ . . မေဖြူတို့ ရေခပ်ဆင်းရင် နားတတ်တဲ့ လမုပင်ကြီးအောက်က အမြစ်ဆုံမှာထားခဲ့မယ်'

'အေး . . ကောင်းတယ်။ အဲဒီနားမှာ မေဖြူတို့ အမြဲနားနေကျ. . ဟိုလှေဟောင်းကြီးဘက် မထားနဲ့နော်. . အဲဒီဘက်မှာ ပုလင်းဟောင်းတွေများတယ်. . . '

'ငါသိပါတယ်ကွ . . သစ်ပင်ရဲ့ မြောက်ဘက်ခြမ်းမှာ ထားခဲ့

www.burmeseclassic.com


မယ်. . ’

‘အေး. . အေး မင်းအကြံကောင်းတယ်’

ပါစီ ပုလင်းမီးဖုတ်သုံးလုံးဆွဲပြီး ခတ်သုတ်သုတ်ထွက်သွားတယ်။

မိုးတိမ်ကတော့ ပီတိတွေစားပြီး ရေတွေမူး . . . လို့။

www.burmeseclassic.com

မိုးတိမ် ရဲ့ခြေလှမ်းတွေ မြေကြီးနဲ့ ထိတယ်ကို မထင်ရဘူးရယ်. . တိမ်တွေပေါ် လမ်းသလားရတဲ့အတိုင်း မြောက်ကြွမြောက်ကြွနဲ့ . . မေဖြူလေးနဲ့ တွေ့ရင်ဘယ်ကစပြောရမလဲဆိုတာကို စဉ်းစားလာတယ်။

'မေဖြူ . . ဟောဒီပုပ္ပုရွ ဝေနေယျတွေ ရှင်သန်နေတဲ့ . . သတ္တလောကကြီးမှာ . . '

အိုး . . ဒါကအငြိမ့်ထဲက စကားလုံးတွေ . . ဒါဖြင့် . .

'တစ်သက်မှာတစ်ယောက် တစ်ယောက်မှာတစ်ချစ်ရှိခဲ့ကြတာမို့ မေဖြူလေးကိုယ့်ကို ချစ်ခွင့်ပေးပါ . . '

အို . . ဒါလည်း မနိပ်ပါဘူး . . စာသားတွေက ထောက်တောက်တောက်နဲ့ . . ဒါဆို . . ဟို့ . . ကြာပါတယ် . . 'ဒီမယ် . . မေဖြူနင်ငါ့ကိုချစ်မလား မချစ်ဘူးလား . . မချစ်ဘူးဆိုရင် ခွမ်း . . ဒါပဲ . . . '

မချစ်ဘူးတစ်ခါ ပြောတိုင်းတစ်ခါခွမ်းမယ်။ သုံးခါခွမ်းရင် နေနိုင်ရိုး

www.burmeseclassic.com


လား . .။ မိုးတိမ်ရဲ့သတ္တိ မိုးတိမ်ရဲ့အချစ်ကို ယုံပြီး 'တိမ်တိမ်ရယ် အသား တော့အနာမခံပါနဲ့ . . ချစ်ဆိုချစ်ပါ့မယ်တော့ ဆိုပြီး ဖြစ်သွားရမယ် . . ။

'ကိုမိုးတိမ်ကြီး . . ပြုံးဖြီးဖြီးနဲ့ ဘယ်တုန်းဗျ . . '

အတွေးကောင်းနေတုန်း ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ သူ့ကို သွား အကုန်မြင်အောင်ဖြဲပြနေသော ကုလားဒိန် . .

ကုလားဒိန်ကို မြင်တော့ မိုးတိမ်ဒေါသ ထောင်းခနဲထွက်သွားတယ်။ ဟုတ်တယ်လေ . . ဒီအချိန်က မင်္ဂလာယူရမယ့်အချိန်။ ကိုယ့်ရည်းစား လုဘက်နဲ့ ဘယ်သူတွေ့ချင်မှာလဲ . . .

'မင့်အခွက်ကြီးကို ခဏဟိုဘက်လှည့်လိုက်ပါ . . မင်းမလှည့်ရင် ငါလှည့်ပေးရမှာလား . . '

မိုးတိမ်ရဲ့ ဒေါသတကြီးစကားကို ကုလားဒိန်က သွားအဖြဲ မပျက်. .

'ကိုမိုးတိမ်ကလည်းဗျာ . . ဒေါသချည်းပဲ . . ကျွန်တော်က ကိုမိုး တိမ်ကို ခင်လို့ နှုတ်ဆက်တာပါဗျာ ဟဲ ဟဲ . . '

'ဟေ့ကောင် ခင်တာတွေ မခင်တာတွေလာလုပ်မနေနဲ့ . . မင်းလို သဝေထိုးဖောက်ထိုးထားသလို ရုပ်မျိုးနဲ့ကောင်ကိုလည်း ငါမခင်ချင်ဘူး။ ငါဒေါသမထွက်ခင် ကိုယ့်လမ်းကိုယ်သွားနှင့် . . '

ကုလားဒိန်က သွားဖြဲလျက်နဲ့ပဲ မိုးတိမ်ကို မခိုးမခန့်ကြည့်ပြီး . .

'ဟဲဟဲ . . သွားဆိုသွားနှင့်ပါ့မယ်ဗျ . . ခုနကတောင် မေဖြူကို လမုပင်အောက်မှာ တွေ့လိုက်သေးတယ်။ ဘယ်သူ့ကိုစောင့်နေတာရယ် တော့ မပြောတတ်ပါဘူးဗျာ . . မှိုင်. . လို့ . . ငိုင်. . လို့ . . '

မေဖြူအသံကြားတော့ မိုးတိမ်ပိုပြီး ဒေါသထွက်သွားတယ်။ ဒါကြောင့် လုံချည်ကို ခပ်မြင့်မြင့်ဆွဲတင်လိုက်ပြီး . .

'ဟေ့ကောင် . . မင်းပုပ်ပွနေတဲ့ ပါးစပ်ကြီးနဲ့ မေဖြူအကြောင်း ဘာမှမပြောနဲ့ မေဖြူလေးသနကုန်မယ် . . မေဖြူနဲ့မင်း ဘာမှမဆိုင်ဘူး မှတ်ထား . . အေး . . တကယ်လို့ ဆိုင်ဖို့ကြိုးစားမယ်ဆိုရင်လည်း မိုးတိမ်ရဲ့ လက်သီး ဘယ်လောက်ပြင်းတယ်ဆိုတာ မင်းသိသွားလိမ့်မယ်။ အဲဒီစကား မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထားလိုက်ပါ . . '

www.burmeseclassic.com


မိုးတိမ်ရဲ့ စကားကို ကုလားဒိန်ပခုံးနှစ်ဖက်တွန့်ပြီး . .

'မဆိုင်ပါဘူးဗျာ . . မဆိုင်ပါဘူး . . ဆိုင်ဖို့လည်း မကြိုးစားပါဘူး . . အဟဲ ဒါပေမယ့် သူ့ဖာသာ သူဆိုင်လာရင်တော့ မပြောတတ်ဘူးပေါ့ဗျာ . . ဟဲ ဟဲ . ကဲ . . ကျွန်တော်သွားမယ်ကိုမိုးတိမ်ကြီး . . အဆင်ပြေပါစေ . . ဆုတောင်းလိုက်ပါတယ် . . ဟဲ ဟဲ . . '

'တောက် . . '

ကုလားဒိန်ရဲ့ မခိုးမခန့်စကားကြောင့် မိုးတိမ် တောက်ပြင်းပြင်းခတ်တယ်။ သူ့မျက်နှာကလည်း ကျေနပ်ပုံမရဘူး. ။ မည်းညိုလို့ . . ။ မကြည်တာက ပြောစရာမရှိဘူးလေ. . . ရည်းစားလုဘက် ဘယ်ရည်းစားလုဘက်က ကြည်တာလိုက်လို့ . . ။ ကုလားဒိန်ရဲ့ နောက်ကျောကို ကြည့်ပြီး မိုးတိမ်အံကိုကြိတ်ပြီး အသံတိုးတိုးနဲ့ 'နေနှင့်ဦးပေါ့ ကုလားဒိန်ရယ် ငါနဲ့မေဖြူညားပြီးမှ ပိုနေတဲ့ယောက္ခမကြီး မင်းကိုပေးပစ်ဦးမယ်. . . 'ဟု ရေရွတ်ပြီး ခြေလှမ်းကြဲကြီးနဲ့ ရွာမြောက်ဖျားကို ခတ်သွက်သွက်လှမ်းသွားတယ်။

◗◗◗◗◗

www.burmeseclassic.com

လဗုပင် ကြီးအောက် ရေခပ်နားနေတဲ့ မေဖြူကိုမြင်တော့ မိုးတိမ် ထိတ်ခနဲ ဝမ်းသာသွားတယ်။ ဒီနေ့မှ ကံကောင်းချင်တော့ မေဖြူတစ်ယောက်တည်း အဖော်ကွဲလို့ . . ။ မိုးတိမ်ဝမ်းသာအားရပါပဲ . . ခွေးသူခိုးခြေလှမ်းမျိုးနဲ့ မေဖြူနား အသာကပ်သွားတယ်။

မေဖြူကတော့ သူ့ကို မမြင်ပါဘူး။ သူ့ခမျာ ပူလွန်းလို့ထင်တယ်။ ထဘီ အောက်အနားစလေးကိုပါ လက်ဖျားလေးနဲ့ကိုင်ပြီး လေရအောင် အသာ ယပ်ခတ်နေတယ်။ ပါးမို့မှာလည်း ချွေးတွေစို့လို့။

မေဖြူရဲ့ ကပိုကရိုပုံစံလေးကြည့်ပြီး မိုးတိမ်ပိုအသည်း ယားသွားတယ်။ ဒါကြောင့် အနားကပ်ပြီးခေါ်လိုက်တယ်။

'မေဖြူ . . . '

'ဟဲ့ . . . ပလုတ်တုတ် . . . ကလူကလူ . . '

မိုးတိမ်ကို ရုတ်တရက်မြင်လိုက်ရတော့ မေဖြူလန့်ပြီးထခုန်တယ်။

www.burmeseclassic.com


ပြီးတော့ မိုးတိမ်ကို စေ့စေ့ကြည့်ပြီး ပီယဝါစာ ချစ်ဖွယ်သောစကားကို စဆိုတယ်။

'သေနာ. . . လူကိုလန့်သွားတာပဲ . . . တကတဲ လုပ်လိုက်မှဖြင့် အဘညှာရဲ့ နွားသိုးကြီးအတိုင်း အမြစ်ဆုံမြင်တိုင်း ခေါင်းကြီးတိုးပြီး ချိုသွေးချင်တာပ'

'ဟာ. . . မဟုတ်ရပါဘူးဟာ. . . ငါက နင်များငါ့ကိုမြင်ရင် ဝမ်းသာသွားမလားလို့ပါဟာ. . . '

'အောင်မယ်. . . နင့်ကိုမြင်လို့ ငါကဝမ်းသာရအောင် နင်က ဘိုးဘိုးအောင်မို့လို့လား လူကြီးရဲ့. . . '

မေဖြူက တစ်ခွန်းမခံ ရန်ပြန်တွေ့တယ်။ ဒါကိုပဲ မိုးတိမ်က ကြည်နူးပြီး

'ဟာ ငါက ဘိုးဘိုးအောင်တော့ မဟုတ်ဘူးရယ် နို့ပေမယ့် နင့်ကိုတော့ ဘိုးဘိုးအောင်လို မ,နိုင်တာပ'

မိုးတိမ်ရဲ့ စကားကြောင့် မေဖြူမျက်လုံးကြီးပြူးသွားပြီး

'ဘာ ဘိုးဘိုးအောင်လို မ,နိုင်တာလဲ. . . လူကြီးနော် ရုတ်ရုတ်တော့လုပ်မယ် မကြံနဲ့ ဟောဒီမှာ ပုလင်းတွေတွေ့လား ကောက်ထုလိုက်ရ နိပ်ပဟေ့ဖြစ်နေမယ်'

မေဖြူညွှန်ပြရာကြည့်လိုက်တော့ ပါစီချထားတဲ့ ပုလင်းသုံးလုံး။ နိပ်ပဟ ပုလင်းတွေမြင်တော့ မိုးတိမ်ပိုလို့ဝမ်းသာသွားတယ်။ ဒါကြောင့် မျက်နှာကြီး အောက်ချပြီး

'မေဖြူရာ နင်မှရိုက်ရက်မယ်ဆိုလည်း ရိုက်ပေါ့ဟာ. . . နင်မှသာ ရိုက်မယ်ဆိုရင် ငါ့ခေါင်းကြေချင်ကြေသွားပါစေ ငါအပြုံးပျက်မှာ မဟုတ်ပါဘူး. . . ငါနင့်ကို ဆက်ချစ်နေဦးမှာပါ. . . '

လို့ ပြောပြီး မေဖြူရှေ့မှာ စလိုးမိုးရှင်းပုံစံနဲ့ ဟန်ပါပါဒူးထောက်ထိုင်ချလိုက်တယ်။ မိုးတိမ်ရဲ့စကားလည်းကြားရော မေဖြူဆတ်ခနဲ ဖြစ်သွားတယ်။ နောက် လုံချည်ကို ဒူးနားကဆွဲမလိုက်ပြီး

'ဘာပြောတယ် နင်က ငါ့ကိုချစ်တယ်ဟုတ်လား. . . ဇီးရိုး(ဆီးရိုး)နှယ် ယောင်းမမှအားမနာ ဝင်မွေချင်နေတာပေါ့လေ. . . ဟုတ်လား . . .

www.burmeseclassic.com


နင်က ငါ့ကို ချစ်တယ်ပြောရအောင် နင်နဲ့ငါက တန်လို့လားမသာရဲ့. . ’

မေဖြူရဲ့စကားကြောင့် မိုးတိမ်ဆတ်ခနဲဖြစ်သွားတယ်။

‘နင်အဲ့ဒီလို မပြောပါနဲ့ မေဖြူရယ်. . . ငါနင့်ကိုတကယ်ချစ်တာပါ. . ’

‘ဟဲ့လူကြီး. . ပြောလေကဲလေပါလား အခု ပုလင်းနဲ့တကယ်တွယ်လိုက်ရ လည်ချောင်းပါ ရင်ခေါင်းထဲကျသွားတော့မယ်. . . ’

မေဖြူရဲ့စကားကို မိုးတိမ်က မျက်နှာငယ်ကလေးနဲ့. .

‘နင်စိတ်ဆိုးလို့လားမေဖြူ. . ’

‘ဆိုးတယ်. . ဆိုးတယ်. . . ’

မေဖြူတစ်ဖက်လှည့်သွားတယ်။ မိုးတိမ်လည်း အကွက်ဝင်ပြီမို့ ပါစီချထားတဲ့ပုလင်းကို ပြေးကောက်လိုက်တယ်။ ပြီးတော့ မေဖြူလက်ထဲ ပုလင်းကို ထိုးထည့်ပေးပြီး . .

‘ရော့. . . ဒီမှာပုလင်း. . . နင်စိတ်ဆိုးရင်. . . ငါ့ခေါင်းကိုရိုက်ပစ်’

မေဖြူပုလင်းကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။ မိုးတိမ်ကတော့ အကြံနဲ့မို့ ခေါင်းကိုမော့ပြီး

‘ရိုက်လေ. . ရိုက်. . မေဖြူမှရိုက်မယ်ဆိုရင် ကိုကိုတိမ်ခံဖို့အသင့်ပါပဲ’

မိုးတိမ်က ပုလင်းမီးဖုတ်ကြီးမှန်းသိလို့ ပလီပလာစတော့တယ်။ မေဖြူကတော့ မိုးတိမ်ကိုတစ်လှည့် ပုလင်းကိုတစ်လှည့်ကြည့်ပြီး ကြောင်နေတယ်. . . ။

‘ရိုက်ပါမေဖြူ. . မေဖြူမှမရိုက်ရင် မေဖြူကိုစိတ်ဆိုးအောင်လုပ်မိတဲ့ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး. . ရိုက်ပါမေဖြူရယ် ရိုက်ပါ ငယ်ထိပ်ပါ လည်ချောင်းထဲသာမက အသည်းထဲစိုက်အောင် ရိုက်ပစ်လိုက်ပါ’

မေဖြူ မိုးတိမ်နှင့် ပုလင်းကိုကြည့်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေတယ်။ ပုလင်းယူပြီးရိုက်လိုက်လို့ မိုးတိမ်ခေါင်းကွဲသွားမှာကိုလည်း ကြောက်နေပုံရတယ်။ ဒါ့ကြောင့် ကြံမရဖြစ်ပြီး မိုးတိမ်လက်ထဲ ပုလင်းပြန်ထိုးထည့်ပေးလိုက်တယ်။ နောက် အနောက်ဘက် နှစ်လှမ်းလောက်

www.burmeseclassic.com


ဆုတ်သွားတယ်။ ဒါကို အကြံရသမားမိုးတိမ်က ပုလင်းကြီးကိုင်ကာ အရှေ့ နှစ်လှမ်းလောက်ကို ဒူးထောက်တိုးပြီး .

'ရိုက်ပါမဖြူ . မဖြူမှမရိုက်ရင် . . မဖြူကို စိတ်ဆိုးအောင် လုပ်မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပြန်ဆုံးမမိလိမ့်မယ်' ဆိုပြီး

ဒူးကြီးထောက် အံကြီးကြိတ်ပြီး သူ့ရင်ဘတ်ကိုသူ ဘုံးခနဲပုတ်ပြ လိုက်တယ်။ မဖြူလက်နှစ်ဖက်ကို အနောက်ဘက်လှမ်းဖွက်ရင်း ခေါင်းခါတယ်။

'မဖြူမရိုက်ဘူးလား . . '

'ဟင့်အင်း . . ဟင့်အင်း . '

မဖြူခေါင်းကို ခတ်သွက်သွက်ခါတယ်။ ဒါကို မိုးတိမ်ကတစ်ဆင့် တက်ပြီး . .

'ကဲ . . ဒီလောက်ရှိတာ မဖြူမှ မရိုက်ရင် ကိုယ့်ကိုယ်ကိုယ်ပြန် ဆုံးမမယ်ကွာ . . . ဟော့ဒီမဖြူကို စိတ်ဆိုးအောင်လုပ်မိတဲ့အတွက် . . ကဲဟာ . . 'ဆိုပြီး

ပုလင်းကို ကိုင်မြှောက်ပြီး ကိုယ့်ခေါင်းကိုကိုယ် ပြန်ရိုက်ချလိုက် တယ် . . ။

'ဒေါင် . . '

'ဟိုက်ကွဲပဟ . . . '

အာမေဋိတ်အသံနှင့်အတူ မိုးတိမ်အံကြီးကြိတ်ပြီး မျက်လုံးသုံးလေး ပတ်လည်သွားတယ်။ ပုလင်းနဲ့ထိတဲ့ ချိုစောင်းချက်ချင်းအဖုကြီး တစ်ဖုထွက် လာတယ်။ ပုလင်းကတော့ မကွဲဘူး။

မိုးတိမ်မျက်လုံးကြီးပြူး . အံကြီးကြိတ် . . ပုလင်းကို ပြန်ကြည့် တယ်။ ပုလင်းက ရှရာတောင်မထင်ဘူး။ ဒါ့ကြောင့် အသေအချာကြံစည်ထား တာတောင် မကွဲရကောင်းလားဆိုပြီး ဒေါသထွက်ထွက်နဲ့ ခေါင်းကို နောက် တစ်ချက်ထပ်ရိုက်ဖို့ ရွယ်လိုက်တယ်။ ပြီးတော့ အံကြီးကြိတ်ပြီး

'ကဲ . . ဒီလောက်တောင်မာတဲ့ပုလင်း . ကဲကွာ . . '

'ဒေါင် . ဝေါင်ဝေါင် . . '

ပုလင်းနဲ့ခေါင်းထိသံဟာ ရွာဦးကျောင်းက ခေါင်းလောင်းသံ

www.burmeseclassic.com


လောက်ကျယ်သွားတယ်။ မိုးတိမ်မျက်လုံးပယ်သွားတယ်။ ပုလင်းကမကွဲဘူး။ မိုးတိမ် မျက်လုံးကြီးပယ်၊ မျက်မှောင်ကြီးကျုံ့၊ အံကြီးကြိတ်ပြီး ခြေနှစ် လှမ်းလောက် အနောက်ကို ယိုင်သွားတယ်။ သူ့မျက်လုံးထဲမှာ မေဖြူနှစ်ထပ်၊ လမုပင် နှစ်ထပ်၊ အားလုံးနှစ်ထပ်ဖြစ်ကုန်တယ်။ ပြီးတော့ လမုပင်ရဲ့ အမြစ် ဆုံ ခွကြားထဲကို ဝုန်းဆိုလဲကျသွားတယ်။

ခေါင်းမှာလည်း အဖုနှစ်ဖုနဲ့။ သူ့ခမျာဘယ်လောက်မူးသွားတယ် မသိဘူး။ သွားရည်တွဲ၊ နှပ်တွေရွှဲလို့ . . . ။

'လာကြပါဦးရှင့် . . . လာကြပါဦး . . . ဒီမှာကိုမိုးတိမ်ကြီး ဝက်ရူး ပြန်လို့ . . . '

ဆိုတဲ့ မေဖြူရဲ့အော်သံကြားရတယ်။ နောက်ခြေသံတစ်ခု . . . ။ ပြီးတော့ . . တိုးတိုးလေး . . စကားသံက . .

'စိတ်ပါကွာ . . စိတ်ပါ . . ကိုယ့်စိတ်ကိုနိုင်ရင် ပုလင်းအကောင်းနဲ့ ရိုက်ရင်လည်း ပုလင်းကွဲပါတယ်။ ပုလင်းမီးဖုတ်မှမဟုတ်ပါဘူး . . ။ ကိုတွတ် ကြီးလည်း . . . ဒီလိုပါပဲ . . 'တဲ့။

ပါစီရဲ့အသံ . . ။ ပါစီသူ့ကို ရေတွေတိုက်လို့ မကြည်ဘဲ တမင်ကြံ စည်ပြီး ပုလင်းမီးဖုတ်အစား ပုလင်းအကောင်းတွေ ထားသွားတာ ဒါကိုသိ တော့ မိုးတိမ်ထောင်းခနဲ ဒေါသထွက်သွားတယ်။ ဒါပေမယ့် သူ့ခမျာ ဘာမှ မလုပ်နိုင်တော့ဘူးလေ။ ထနိုင်၊ ထိုးနိုင်ဖို့မပြောနဲ့ အံတောင်ကောင်း ကောင်းကြိတ်နိုင်တော့မှာမှ မဟုတ်တာ။ မျက်လုံးကြီးပယ်၊ သွားကြီးဖြဲပြီး ကျီးကြည့်၊ ကြောင်ကြည့်လိုက်ကြည့်နေတာ။

◗◗◗◗◗

**ဘယ်လို** လူမျိုး၊ ဘယ်လိုသန္ဓေ၊ ဘယ်လိုဒေသတွေမှာ မှည့်တတ်တဲ့ နာမည်ရယ်တော့မသိဘူး။ တွေ့ဖူးသလောက် ပြောပြပါဆိုရင်တော့ ပါစီဆိုတဲ့ နာမည်ပိုင်ရှင်တွေက လူလည်တွေချည်းရယ်။

ပွဲစားပါစီ၊ ဖဲသမားပါစီ၊ နဲ့သမားပါစီ၊ ယုတ်စွဆုံး ဝဲစားပါစီအထိ ပါစီဆို လူလည်တွေချည်းရယ်။

အဲ့ဒီထဲကမှ လမုတန်းရွာက ပါစီအကြောင်းပြောပြမယ်။

နာမည်အရင်းကပါစီ

သို့ပေမယ့်. . သူ့ကို ဝါးတားပါစီ ဖစ်ရှ်ပါစီ (Water Pasi Fish Pasi) လို့ခေါ်ကြတယ်။

ဝါးတားပါစီ ဖစ်ရှ်ပါစီဆိုလို့ ရေလိုက်ငါးလိုက်လုပ်တတ်တဲ့ ပါစီလို့ ထင်ကြမယ်။ ရေလိုက်ငါးလိုက် လုပ်တတ်တာတော့ ဟုတ်တယ်။ ဒါပေမယ့် အဲ့ဒါကြောင့် ဒီနာမည်ခေါ်တာတော့ မဟုတ်ဘူး။ သူ့ကို

www.burmeseclassic.com


ဝါးတားပါစီ ဖစ်(ရှ်)ပါစီလို့ခေါ်တာအကြောင်းရှိတယ်။ ဒီနာမည်တွင်ပုံကလည်း ထူးဆန်းတယ်။ ဒီနာမည်တွင်ပုံကို ပြောရရင် သူနွားနို့ရောင်းရာက စရမှာပဲ. . .။

ဟုတ်တယ်. . ပါစီနွားနို့ရောင်းတယ်။

ပါစီက နွားနို့ရောင်းတယ်ဆိုလို့ သူ့ကိုကုလားလူမျိုးလို့ ထင်ကြဦးမယ် . . ။ မဟုတ်ဘူး . . . ။ သူက မြန်မာမှ မြန်မာစစ်စစ်ဗျား. . . ။ အဲ . . ဒါပေမယ့် သူနွားနို့ ရောင်းတဲ့ရာသီမှာ ဘယ်နွားနို့ကုလားမှ လမုတန်းရွာနား လာလို့မရဘူး။ ဝါးတားပါစီ ဖစ်(ရှ်)ပါစီကို ယှဉ်မတိုးနိုင်လို့. . . ။

ဒါဆိုပြောစရာရှိလာလိမ့်မယ်။ ပါစီရဲ့နွားနို့က သူများနွားနို့တွေထက် ပိုစစ်လို့ ပိုကောင်းလို့လား။ မဟုတ်ပါဘူးဗျာ. . ။ သူလိုကိုယ်လိုပါပဲ ရေမရောဘူးလားဆိုတော့ ရောတာပဲ . . . ။ ဒါဖြင့် ဘာကြောင့် သူ့နွားနို့ကိုမှ လမုတန်းတစ်ရွာလုံးက ခုံခုံမင်မင်သောက်နေရသလဲလို့ မေးကြလိမ့်မယ်။

ဟုတ်ကဲ့ . . . ပါစီရဲ့ ဈေးရောင်းကျွမ်းကျင်မှုကြောင့်ပဲလို့ ပြောရပါလိမ့်မယ်။ အံ့ဩသွားသလား။ မအံ့ဩပါနဲ့ဗျာ။ ပါစီဆိုတာ ဈေးရောင်းတဲ့နေရာမှာတောင် လူလည် ‘ဇ’ လို့ပြောရမယ်။ ကလိမ်ကကျစ်နည်းလေးတွေပါတယ်။ ဒါပေမယ့် သူလိမ်ပုံပိရိလို့ တစ်ရွာလုံးက မရိပ်မိကြဘူး. . ။

ပါစီရဲ့နွားနို့ရောင်းပုံက ဒီလိုပါ. . . ။

မနက်အစောကြီးဆို ပါစီက လမုတန်းရွာရဲ့ တစ်ဖက်ကမ်း ညောင်ပင်ဆိပ်ရွာကိုသွားပြီး နွားနို့ပုံးကြီးတစ်ပုံးသွားယူလာတယ်။ လမုတန်းရွာကို ရောက်တာနဲ့ ပထမဦးဆုံး သူနဲ့ဆွေမျိုးနီးစပ်တော်တဲ့ ကြီးမေ မရွှေနွယ်တို့အိမ်ကို အရင်ဆုံးဝင်တယ်။ ကြီးရွှေနွယ်ဆိုတာကလည်း မွေးကတည်းက နို့မပြတ်ခဲ့ဘူးလို့ ပြောရလောက်အောင် နွားနို့ခရေဇီ (Crazy)။ ပါစီကြီးရွှေနွယ်တို့အိမ် ရောက်တယ်ဆိုရင်ပဲ နွားနို့ငါးဆယ်သားခွက် တစ်ခွက်ခပ်ပေးလိုက်ပြီး အလာပ သလာပက စတော့တာပဲ။

‘ကြီးမေ. . သိတယ်ဟုတ်၊ ကြီးမေကို ကိုယ့်ကျေးဇူးရှင်ကြီးမေမို့ နွားနို့အစစ်တိုက်ချင်တာနဲ့ နွားနို့ကို ရေမရောဘဲ အပင်ပန်းခံသယ်လာတာ။ နွားနို့ကို ရေမရောရင် ကျွန်တော်ရှုံးသွားမှာပေါ့ မဟုတ်ဘူးလား။ ဒါပေမယ့်

www.burmeseclassic.com


ကြီးမေကို နွားနို့အစစ်တိုက်ချင်တာနဲ့ပဲ ရေမရောခဲ့ဘူး။ ကျန်တဲ့လူတွေဆို ဒီလိုနွားနို့အစစ်ဘယ်ရမလဲ။ ဒီမှာကြည့်စမ်း ကြီးမေနွားနို့ငါးဆယ်သား ယူပြီးပြီဟုတ်။ ဟော့ဒီမှာကြည့် ကျန်တဲ့အထဲ ရေငါးဆယ်သား ရောထည့်လိုက်ပြီဗျာ . . . ။ ကဲ. . ရှင်းတယ်ဟုတ် ပါစီတို့က မလုပ်ရင်အရှင်း လုပ်ရင်ပေါ်တင်ရေရောတယ်ဗျာ. . . '

ဆိုပြီး . . ရေငါးဆယ်သားတစ်ခွက် နွားနို့ပုံးထဲ သူ့ကြီးမေ မရွှေနွယ် ရှေ့မှာတင် ရေရောထည့်လိုက်တယ်။

ကြီးရွှေနွယ်ကတော့ နွားနို့ပုံးထဲ ရောထည့်လိုက်တဲ့ ရေတွေကို ကြည့်ပြီး ပါစီအပေါ် မေတ္တာစိမ့်စမ်းရေတွေ ပေါက်ဖွားလို့. . . ။

ဟုတ်တယ်လေ . . တစ်ရွာလုံးမှာ နွားနို့အစစ်သောက်ရတဲ့ လူဆိုလို့ သူတစ်ယောက်တည်း ရှိတယ်ထင်တာကိုး. . ။ ဒါကြောင့် ပါစီကို မောင်မင်းကြီးသားလေး ကျန်းမာပါစေ ချမ်းသာပါစေပေါ့ . . . ။ မေတ္တာတွေပို့လို့ . . . ။

ပါစီကတော့ အေးဆေးဗျာ။ ကြီးရွှေနွယ်တို့ အိမ်ပြီးတာနဲ့ ရွာလူကြီး ဦးစိန်ဝင်းအိမ်တန်းဝင်တာ။ ရွာလူကြီး ဦးစိန်ဝင်းအိမ်ရောက်ရင်လည်း အဲ့ဒီလိုပဲ . . . ။

'လေးလေးစိန် . . လေးလေးစိန်ကို နွားနို့အစစ်တိုက်ချင်လို့ ရေမရောဘဲ ယူလာတာဗျ . . . ။ ဒီမှာကြည့်စမ်း။ ဟောဒီလို ညောင်စေးကျနေတဲ့ နွားနို့မျိုး ဘယ်နွားသိုးမျိုးမှာမှ ရမယ်မဟုတ်ဘူးဗျ. . . ။ လေးလေးစိန် ရွာအုပ်ချုပ်ပုံကိုလေးစားလွန်းလို့ နွားနို့ကို ရေမရောဘဲ အစစ်တိုက်ချင်တာ။ လေးလေးစိန်တို့က ကျန်းမာဖို့ လိုတယ်မဟုတ်လားဗျ။ ဟောဒီမှာကြည့် စမ်း။ လေးလေးစိန် အစိတ်သားယူပြီးတာနဲ့ ဟော့ဒီမှာ ရွာလူကြီးလေးလေး စိန်ရှေ့မှာပဲ ရေအစိတ်သား ဟောဒီလိုရောသဗျာ။ မြင်တယ်ဟုတ်။ ပါစီတို့က ရေရောတာတောင် ခိုးကြောင်ခိုးဝှက်မရောဘူးဗျနော့် . . ရွာလူကြီးရှေ့မှာ ရဲရဲရောသဗျ . . '

အမှန်တော့ ဘယ်နွားသိုးမှ နို့ထွက်တာရယ်မဟုတ်ဘူး။ နွားသိုး ပါဆိုမှ အထီးကြီးကိုး သို့ပေမယ့် ပါစီက အပြောကောင်းအဆိုကောင်းဆို တော့ ရွာလူကြီးဦးစိန်ဝင်းကလည်း ဘာပြောမှာလဲ မောင်ပါစီလေး ငါ့ကို

www.burmeseclassic.com


လေးစားအားကိုးရှာတာပေါ့။ နွားသိုးဆီကတောင် မရှိရှိတာ ညှစ်ယူလာတယ်ဆိုပြီး ပီတိတွေဖြစ်ကရော . . . ။

လူတွေကလည်း အခက်သားလား ကျုပ်ကခင်ဗျားကိုတော့ မလိမ်ဘူး။ ကျန်တဲ့လူတွေကိုပဲ ကျွန်တော်လိမ်မယ်ဆို သိသိကြီးနဲ့ ကိုယ်အလိမ်မခံရရင် ပြီးရောဆိုပြီး ငြိမ်နေတတ်ကြတာကိုး။

ပါစီကတော့ ထုံးစံအတိုင်းပဲ ကော့တော့တော့နှင့် မလှမြင့်တို့အိမ်သွားတယ်။ မလှမြင့်ယူတဲ့ နွားနို့ငါးဆယ်သားချိန်ပေးတယ်။ ပြီးရင်တော်ကီကစတော့တာပဲ . . ။

'ဒီမှာကြည့်စမ်း မလှမြင့် . . . ။ ပြောလို့ ပြောတာမဟုတ်ဘူး။ နွားနို့ အစစ်ဆိုတာ ဒီတစ်ရွာလုံး မလှမြင့်တို့တစ်အိမ်တည်းသောက်ဖူးတာ။ မလှမြင့်တို့ ကျုပ်တို့ဆိုတာ ရပ်ဆွေရပ်မျိုးအစစ်ကြီးတွေမဟုတ်လား . .။ ဒါကြောင့် မလှမြင့်ကို နွားနို့အစစ်မှ အစစ်တိုက်ချင်လို့ ညှစ်ပြီးတာနဲ့ တစ်ခါတည်း တန်းပြေးလာတာ။ ကျန်တဲ့လူတွေဆို ဒီလိုဘယ်ရမှာတုံး . . ဟားဟား။ ပါစီက ငတုံးမှမဟုတ်ပဲ။ ဒီမှာကြည့်စမ်း မလှမြင့်က နွားနို့တစ်ပိဿာယူပြီးရင် ပါစီဟာဒီလို ရေတစ်ပိဿာရောပြီး တခြားအိမ်တွေကိုလိုက်ရောင်းမယ်ဗျား . . . ဟား ဟား'

ဆိုပြီး နွားနို့ကို ရေတစ်ပိဿာရောပြီး မတင်အေးအိမ်၊ ဦးမောင်ကိုအိမ်၊ ဖေသန်းလက်ဖက်ရည်ဆိုင်၊ ဦးအားမူအိမ်၊ သလာစီကြက်ကုလားအိမ်၊ စသည်ဖြင့် တစ်ရွာလုံးလှည့်ပြီး နွားနို့တစ်ခွက်ရောင်းလိုက် ရေတစ်ခွက်ရောလိုက် လုပ်သွားလိုက်တာ ဘယ်လိုမှ ရောင်းမကုန်တဲ့အဆုံး။ သူ့အိမ်မှာပါ 'ပါစီနွားနို့စစ်စစ်ဆိုင်'ဆိုပြီး နွားနို့ဆိုင်ပြန်ဖွင့်ထားသဗျ (မှတ်ချက် နွားနို့ကို ရေဘယ်လောက်ရောရော အရောင်ကျမသွားတာကို သိစေချင်၏)

သူ့ဆိုင်မှာလည်း ဒီလိုပဲ နွားနို့ပရိသတ်တွေကို ဘာပြောတယ်မှတ်သတုန်း .

ပါစီတို့က မနောက်တတ်ဘူး . . နွားနို့ရေရောရင်ရောတယ်။ မရောရင် မရောဘူးအရှင်းပြောတာဗျ. . ။ မလိမ်ဘူးဗျာ . . ။ အိမ်တွေလိုက်ပို့တဲ့နွားနို့ဆိုရင် ပါစီတို့ရေရောပြီ. . ။ သို့ပေမယ့် ကိုယ့်ဆိုင်မှာ ရောင်းတဲ့ပင်ရင်းနွားနို့ကျတော့ ရေရောလို့ဖြစ်မလား။ အစစ်ရောင်းတာပ။ ဒီမှာ

www.burmeseclassic.com


လာသောက်တာကမှ အမာခံပရိသတ်တွေ ဟား ဟား ဟား။ ဒီလူတွေကို နွားနို့ ရေရောပြီးရောင်းရင် ပါစီဘာဖြစ်သွားမလဲ . . နွားပေါ့ဗျာ . . နွားပေါ့။ နွားကမှ နို့မထွက်တဲ့နွား ဖြစ်သွားမှာပေါ့ မဟုတ်ဘူးလား . . . '

နို့ထွက်ရင် သူ့ဘာသာသူ ပြန်ညှစ်ရောင်းမလားတော့ မပြောတတ်ဘူး။ အပြောကတော့အင်း . . . တယ်ကောင်း. . ။ ပါစီက အဲ့ဒီလို လူမျိုးရယ် . . . ။

ကဲ . . ဒါဆိုပါစီနွားနို့ အိမ်တိုင်းဝင်ပြီး ရေရောတာ ဘယ်သူမှ မသိဘူးလားလို့ မေးစရာရှိတယ်။ မိတာပ။ မိတာမှ အပီအပြင်ကို မိတာ။ မိတဲ့သူက တခြားသူမဟုတ်ဘူး။ သူပထမဦးဆုံးနွားနို့ပို့ရတဲ့ ကြီးမေမရွှေနွယ်။ မိပုံက ဒီလိုပါ။

တစ်မနက် ခပ်စောစောမှာပဲ ပါစီနွားနို့ပုံးလေးထမ်းပြီး ကြီးမေမရွှေနွယ်တို့အိမ် မောကြီးပန်းကြီး ရောက်လာတယ်။ ပြီးတော့ ကြီးမေမရွှေနွယ်ကို နွားနို့ ငါးဆယ်သားတစ်ခွက်ချိုင်လိုက်ပြီး . . ။

'မလွယ်ဘူး . . . ။ ကြီးမေကို နွားနို့ အစစ်သောက်စေချင်လို့သာ ရေမရောဘဲယူလာရတယ်။ နွားနို့က ရေမရောရင် မြတ်တာမဟုတ်ဘူးရယ်။ နေ့ခဲ့ . . အော် ကိုယ့်ကြီးမေ နွားနို့အစစ်သောက်ပါရစေတော့ဆိုပြီး ပါစီအရှုံးခံ ယူလာတာ။ အရှုံးခံယူလာတာ . . ပါစီ့စေတနာ ပါစီ့ မေတ္တာ. . ရော့ ကြီးမေ နွားနို့အစစ်သောက်။ ကျန်တဲ့လူဆို ညှင်းပါလေ့. .'

ဆိုပြီး နွားနို့ငါးဆယ်သားတစ်ခွက်ခပ်ထည့်ပေးလိုက်တယ်။ ကြီးမေမရွှေနွယ်ကလည်း ပါစီအပြောမှာ မျောပြီး မောင်ပါစီလေး ကျန်းမာပါစေ၊ ချမ်းသာပါစေဆုတောင်းပေးရင်း ပီတိစိတ်နဲ့ နွားနို့ခွက်ထဲ ကြည့်လိုက်တယ်ဆိုရင်ပဲ သူ့မျက်လုံးအစုံ ဝိုင်းခနဲပြူးကျယ်သွားတယ်။ ပြီးတော့ နွားနို့ခွက်ထဲ လက်ညှိုးနှစ်ဆင့် ဆက်ထိုးပြီး . .

'ငါးသလဲထိုး . . '

'ဟင် . . ငါးသလဲထိုး'

ဆိုပြီး လန့်ပြီးထခုန်တယ်။ ကြီးမေမရွှေနွယ် အော်သံကြောင့် ပါစီ နွားနို့ခွက်ကို ငုံ့ကြည့်လိုက်တယ်။ ဟုတ်ပါတယ်။ နွားနို့ခွက်ထဲ ပါလာတဲ့ ငါးသလဲထိုးတစ်ကောင်။ ပါးဟက်လေးဟစိဟစိနဲ့ နွားနို့ခွက်ထဲ ပျော်

www.burmeseclassic.com


ပျော်ကြီးကူးနေတာ အဲ့ဒီငါးသလဲထိုးကို မြင်တော့ ကြီးမေ မရွှေနွယ်ပိုလို့ ဒေါသထွက်သွားပြီး . . .

'ဟဲ့ ပါစီ နင်ပြောတော့ နွားနို့အစစ်ဆို ဒီငါးသလဲထိုးက ဘယ်က ပါလာတာတုံး'

ဆိုပြီး စိတ်ဆိုးဆိုးနဲ့ ငါးသလဲထိုးကို အမြီးကဖမ်းပြီး ထောင်ပြလိုက်တယ်။ ငါးသလဲထိုးက ကြီးရွှေနွယ်လက်ထဲမှာ ဖျတ်ဖျတ်ကိုလူးလို့။ ဒါကိုပါစီက ငါးသလဲထိုးကိုကြည့်ပြီး မျက်နှာတောင် တစ်ချက်မပျက်ဘူး။ ဘာပြောတယ်မှတ်သတုံး

'အိုး . . ကြီးမေကလည်း . . . အဲ့ဒါကျွန်တော် ကံစမ်းမဲ ပေးတာဗျ။ အရောင်းမြှင့်တင်ရေးကာလမို့ ကံစမ်းမဲပေးတာ။ ဒါကြီးမေ သိပ်ကံမကောင်းသေးလို့ ငါးသလဲထိုးလောက်ရတာ။ ကြီးမေထက် ကံကောင်းတဲ့သူတွေဆို ပုဇွန်ထုပ်တို့ ဂဏန်းတို့ကိုတောင် ရကုန်ကြပြီ'

ဆိုပြီး အပေါ်စီးက လှည့်ပြောတော့ ကြီးရွှေနွယ်မှာ ဆွေ့ဆွေ့ကို ခုန်ရော။ ဒါ့ကြောင့် ပါစီကို နင်ပဲဆေပဲပြောတာပေါ့။ ဒါတောင်ပါစီက ကံစမ်းမဲပါဆိုပြီး အတင်းကို ခံငြင်းတယ်။ နောက်ဆုံးကြီးရွှေနွယ်လည်း သည်းမခံနိုင်တဲ့အဆုံး ရွာထဲလှည့်ပြီး ပြောတော့တာပေါ့။ ပါစီအကြောင်း ကြီးရွှေနွယ်ပြောမှ အားလုံးက မျက်လုံးကြီးပြူးပြီး ထအော်ကြတယ်။

'ငါ့တုန်းက ပုဇွန်လုံးဟ'

'ဟာ ငါကျတော့ ရေဘဝဲဗျ'

'ငါက ငါက ဖားပေါင်စင်း'

စသည်ဖြင့် ပါစီကံစမ်းမဲပေးထားသမျှတွေ ပေါ်လာကုန်တော့တယ်။ သူ့ကံစမ်းမဲကလည်း ဘယ်လောက်ထိစုံသလဲဆို ပိုးလောက်လန်းကနေ ငါးသလောက်ထိပါတယ်။ အသေအချာစုံစမ်းကြည့်တော့ ပါစီက နွားနို့ပုံးကို ညောင်ပင်ဆိပ်ချောင်းက ဖြတ်ယူကတည်းက ချောင်းရေတစ်ဝက်ရောပြီးသား . . . ။ ဒါကိုတောင် ရွာရောက်တော့ တစ်အိမ်တစ်ခွက်နှုန်း ဝင်ရောနေသေးတာ။

ဒါဆို ပါစီရဲ့နွားနို့ ဘယ်သူသောက်တော့မယ်ထင်သလဲ။ ဘယ်သူသောက်ကြတော့မယ်ထင်သလဲ. . ။ ဘယ်သူမှ မသောက်ကြတော့ဘူး။

www.burmeseclassic.com


ပါစီလည်း နွားနို့မရောင်းတော့ဘူးလေ . . . ။ အဲ့ဒီအချိန်ကျတော့ ပါစီက ရေအကျိုးဆယ်ပါးနဲ့ ဆိုက်ကားတောင် ဝယ်နိုင်နေပြီ။ ကဲ ဒီလောက်ဆို ပါစီအကြောင်းကို သိလောက်ရောပေါ့ . . . ။

ဝါးတားပါစီ ဖစ်(ရှ်)ပါစီ ဆိုတာအဲ့ဒါပါပဲ။

ရေလိုက်ငါးလိုက်နေလို့ရခဲ့တာမဟုတ်ဘဲ နွားနို့ထဲ ဝါးတား (Water) ရောတာ ဖစ်(ရှ်) (Fish) ပါပါလာလို့။

အဲ့ဒီအကြောင်းကို အကြောင်းပြုပြီး ပါစီကို ဝါးတားပါစီ ဖစ်(ရှ်) ပါစီလို့ ခေါ်တာ ဒီနေ့အထိပါပဲ . . . ။

ထားပါတော့ . . ။

www.burmeseclassic.com

အဲဒီလောက် လည်တဲ့ပါစီနဲ့ မိုးတိမ်တို့အပေါင်းအသင်းဖြစ်နေတာ နည်းနည်းတော့ ထူးဆန်းတယ်လို့ ထင်လိမ့်မယ်။ မထင်နဲ့ မိုးတိမ်ဆိုတဲ့ကောင်က သူသာထူတာ သို့ပေမယ့် တော်ရုံတန်ရုံလူဆို ပေါင်းတာရယ်မဟုတ်ဘူး။ လည်ပေ့နပ်ပေ့ဆိုတဲ့ လူမျိုးတွေနဲ့မှ ရွေးပေါင်းတာ။ သူပါစီနဲ့မပေါင်းခင် ပါစီ့အဖေ ဘကြီးပန်းနဲ့ ပေါင်းတာ။ ဘကြီးပန်း ဆိုတာကလည်းပါစီတို့လည်တယ်ဆိုတာ သူ့ခြေမှုံတောင်မီတာ မဟုတ်ဘူးရယ်။ ဒါ့ကြောင့်မိုးတိမ်က ဘကြီးပန်းကို ရွေးပေါင်းတာ။ နောက်ဆုံး ဘကြီးပန်းကို မိုးတိမ်ကခါလို့မပေါင်းတော့တာ။ ခါရတဲ့အကြောင်းရင်းကတော့ တခြားမဟုတ်ပါဘူး။ သူ့ရဲ့အချစ်ဆုံး မေဖြူကြောင့်ပဲ . . . ။

မေဖြူကြောင့်ဆိုလို့တစ်မျိုးတော့ မထင်နဲ့. . . ။ မေဖြူကို ဘကြီးပန်းက ဘာလုပ်လို့ရယ် ညာလုပ်လို့ရယ်မဟုတ်ဘူး။

မိုးတိမ်ကို မေဖြူနဲ့ညားပါစေတော့ဆိုပြီး အကြံဉာဏ်ပေးရုံပါ။ ဒါကိုမိုးတိမ်ဆိုတဲ့ကောင်ကလည်း အူကြောင်ကြောင်နဲ့ ဘကြီးပန်းအကြံဉာဏ်တိုင်း လိုက်လုပ်တယ်။ ပြီးတော့ သူလုပ်သမျှ မအောင်မြင်တော့ ဘကြီးပန်းကို သူကပြန်ခါတယ်။ အဲ့ဒါပါပဲ . . ။

အမှန်တော့ ဘကြီးပန်းရဲ့ အကြံဉာဏ်ကကောင်းတယ်။ တစ်ခါတည်းတောင် အိမ်ထောင်ကျသွားနိုင်တယ်။ သို့ပေမယ့် မိုးတိမ်ဆိုတဲ့ကောင်က အူကြောင်ကြောင်မို့လား ဘာလုပ်လုပ် အဆင်မပြေတဲ့ကောင်ဆိုတော့ လုပ်သမျှတလွဲဖြစ်တော့တာ။

ဖြစ်ပုံကဒီလိုပါ ..။

◗◗◗◗◗

www.burmeseclassic.com

**တစ်ခါသား** မိုးတိမ် ဦးဖေသန်းလက်ဖက်ရည်ဆိုင်ကို ထူးထူးခြားခြားရောက်လာတယ်။ အမှန်ဆို မိုးတိမ်တို့က လက်ဖက်ရည်ကို အော်အော့လောက်ထင်တာရယ်။ တစ်ခါမှ လက်ဖက်ရည်သောက်တတ်တာမဟုတ်ဘူး။ မိုးလင်းမိုးချုပ် ကိုတွတ်ကြီးဆိုင်ရောက်နေတာ။ နောက်ပြီးဆိုင်ရှင်ဦးဖေသန်းကြီးနဲ့သူက ကြည့်လို့ရတာရယ်မဟုတ်ဘူး။ ဦးဖေသန်းကြီးနဲ့ ကြည့်လို့မရတာကလည်း သိပ်တော့မထူးဆန်းပါဘူး။ ဖေသန်းဆိုတဲ့လူက တစ်ရွာလုံးဘယ်သူနဲ့မှ တည့်တာဟုတ်ဘူးရယ်. . . ။

အခုလည်း သူ့ဆိုင်ထဲ မိုးတိမ်ဝင်လာတာတွေ့တာနဲ့ မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး သူကစပြီး ရန်ထောင်တယ်။

'ဟေ့ကောင် မင်းဘာလုပ်တာလဲ'

ကြည့်စမ်း။ သူ့လက်ဖက်ရည်ဆိုင်ကို လက်ဖက်ရည်လာသောက်တဲ့သူကို နှုတ်ခွန်းဆက်တာ။ ဒါကို မိုးတိမ်ကလည်း မျက်နှာက အမာစား

www.burmeseclassic.com


မို့လား။ ဦးဖေသန်းကို စေ့စေ့ကြည့်ပြီး . .

'လက်ဖက်ရည်ဆိုင်လာတာ ဘာလုပ်ရမှာလဲဗျ ခင်ဗျားရဲ့ အသုံးမကျတဲ့ လက်ဖက်ရည်လာသောက်တာပေါ့. . . '

မိုးတိမ်ရဲ့စကားကြောင့် ဦးဖေသန်းမျက်နှာကြီးနီသွားပြီး . . .

'မင်းကို ငါ့ဆိုင်မလာနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ. . . မင်းတို့ တစ်ခွက်လာသောက်တိုင်း ငါတစ်ကျပ်ရှုံးနေတယ်. . ပြောထားတာ မရှင်းဘူးလား. . မင်းတို့ငါ့ကို စီးပွားပျက်စေချင်နေတာလား. . . '

ဟုတ်တယ် ဒီဦးဖေသန်းက သူ့လက်ဖက်ရည်တစ်ခွက်ရောင်းတိုင်း တစ်ကျပ်ရှုံးသတဲ့။ ဒါ့ကြောင့် သူ့ဆိုင်မှာ ဘယ်သူ့ကိုမှ လက်ဖက်ရည်မရောင်းချင်တာ။ ဒါကို မိုးတိမ်ကလည်း ဦးဖေသန်းကို ကြည့်မရသူမို့ မျက်နှာကိုအစွမ်းကုန်မာလိုက်ပြီး . .

'ခင်ဗျားဘာသာ ခင်ဗျား စီးပွားပဲပျက်ပျက်. . ဘာပဲဖြစ်ဖြစ် ကျုပ်မသိဘူး. . . ကျုပ်သိတာက ခင်ဗျားလက်ဖက်ရည်ဆိုင်ဖွင့်ထားတယ် ကျုပ်ပိုက်ဆံနဲ့ကျုပ်လာသောက်တယ်. ။ ဒါပဲ. . . '

'မရောင်းနိုင်ဘူးကွာ. . ငါ့လက်ဖက်ရည်နဲ့ငါမရောင်းနိုင်ဘူး. . '

'မရောင်းချင် မရောင်းနဲ့ ကျုပ်ကတော့ ထိုင်မှာပဲ. . . ရောင်းချင်ရင် ကျောက်ပန်းတောင်းတစ်ခွက်ချ. . '

မိုးတိမ်ရဲ့စကားကြောင့် ဦးဖေသန်းကြီး အသံတိတ်သွားတယ်။ သိတယ် မဟုတ်လား မိုးတိမ်က ဒုံးပေကပ်သတ်။ ဆက်ပြောနေလို့လည်း ဘာမှထူးလာမှာရယ်မဟုတ်ဘူး။ ဒါ့ကြောင့် ဦးဖေသန်းကြီး ရှုံးသိုးသိုး မျက်နှာနဲ့ထပြီး လက်ဖက်ရည်တစ်ခွက်ထဖျော်တယ်။ ပြီးတော့ မိုးတိမ်ရှေ့ ဆောင့်ကြီး အောင့်ကြီးချလိုက်တယ်. . . ။

'ရော့. . အဲ့ဒီမှာ ကျောက်ပန်းတောင်း. . မျို့. . . မချိုမှာစိုးလို့ ကြံသကာနဲ့ဖျော်လာတာ. . . '

ဦးဖေသန်းရဲ့စကားကို မိုးတိမ်က လှည့်တောင်မကြည့်ဘဲ . . .

'ခင်ဗျားအကျင့်တွေကျုပ်သိပါတယ်ဗျာ. . . ကျုပ်ကလက်ဖက်ရည် ဘာလုပ်လာမယ်ဆိုတာလည်းကျုပ်သိတယ်. . . ကျုပ်ကလက်ဖက်ရည် သောက်ချင်လို့ ခင်ဗျားဆိုင်လာတာမဟုတ်ဘူး။ ကိစ္စရှိလို့သာ. . . 'ဆိုပြီး

တော်ဝင်ဖိုးဖိုး စာအုပ်တိုက်

www.burmeseclassic.com


စကားမဆက်တော့. . ရွာလမ်းဘက်လှမ်းမျှော်ကြည့်နေလိုက်တယ်။

ဟော. . လာပါပြီ. . သူမျှော်လင့်နေတဲ့ ဘကြီးပန်း. .

ဘကြီးပန်းကတော့ ထုံးစံအတိုင်း မီးခိုးရောင်တိုက်ပုံ၊ အထဲက စွပ်ကျယ်အဖြူနဲ့ အုန်းနှစ်ပင်ပုဆိုးကို ခပ်တိုတိုဝတ်ထားပြီး ရွာလမ်းတစ်လျှောက် ခပ်မော့မော့ လမ်းလျှောက်လာတယ်။ ပြီးတော့ သူ့ဝသီအတိုင်း ပါပဲ. . ရွာထဲတွေ့သမျှလူအားလုံးကို နှုတ်ခွန်းဆက်သလာပုံရတယ်။

ဒီလိုနဲ့ ဖေသန်းလက်ဖက်ရည်ဆိုင်ရောက်တော့ မိုးတိမ်ကိုမြင်ပြီး 'မောင်မိုးတိမ်ပါလား ထူးထူးခြားခြားဖေသန်းလက်ဖက်ရည်ဆိုင်မှာ မတွေ့စဖူး အတွေ့ထူးနေပါရော့ ဒီနေ့ဥပုသ်နေ့တော့မဟုတ်ပါဘူးနော့. . '

ဆိုပြီး နှုတ်ဆက်တော့ မိုးတိမ်ကလည်း သွားကိုအစွမ်းကုန်ဖြဲပြီး. .

'မဟုတ်ရပါဘူးဘကြီးပန်းရာ ရင်ထဲကအပူတွေကို အပူနဲ့မငြိမ်းချင်လို့ ဦးဖေသန်းရဲ့ လက်ဖက်ရည်အေးအေးကြီးနဲ့ လာငွေးရတာပါ'

မိုးတိမ်ရဲ့စကားကြောင့် ဖေသန်းမျက်နှာကြီးနီသွားပြီး . . .

'ဟေ့ကောင်. . . မင်းစကားပြောတာကြည့်ပြော ဟိုလူ့ပုတ်ခတ် ဒီလူ့ပုတ်ခတ်မလုပ်ပါနဲ့. . . '

မိုးတိမ်က ဦးဖေသန်းစကားကို မကြားယောင်ပြုပြီး ဘကြီးပန်းကိုသာ အစွမ်းကုန်ပြုံးပြပြီး. . .

'လာပါဦး. . ဘကြီးပန်းရဲ့ တစ်ခေါက်တစ်ခါတော့လည်း ဟို အရည်အစား ဒီအရည်ဘက်လှည့်ပါဦး ကျုပ်တိုက်ပါ့မယ်'

လို့ဆိုလိုက်တာနဲ့. . ဘာမဆိုအလကားရရင် တွယ်ပြီးသားဆိုတဲ့ ဘကြီးပန်း လက်ဖက်ရည်ဆိုင်ထဲ ပြုံးပြီးဝင်လာတယ်။

'အေးပေါ့လေ. . ကျွေးမယ့်မွေးမယ့်လူရှိရင်တော့ စားရတာပ'

ဆိုပြီး. . လက်ဖက်ရည်အဖျော်ခုံနောက် စိတ်ပျက်လက်ပျက်ထိုင်နေတဲ့ ဦးဖေသန်းဘက်လှည့်ပြီး. .

'ဒါနဲ့ ဖေသန်း၊ မင်းကြားပြီးလား ရွာတောင်ပိုင်းက ဦးသံလုံးကြီး ကြွက်ဆေးသောက်သေလို့တဲ့လေ'

ဘကြီးပန်းစကားကို ဦးဖေသန်းခေါင်းငြိမ့်လိုက်ပြီး. . .

'ကြားပြီးပြီဘကြီးပန်းရေ. . . ကျုပ်တောင်စဉ်းစားမိတယ်။ ကျုပ်မ

www.burmeseclassic.com


ကြည်တဲ့သူအားလုံး အကျရည်ထဲ ကြွက်ဆေးထည့်ဖျော်လိုက်ရကောင်း မလားလို့. . . '

ဦးဖေသန်းစကားကြောင့် မိုးတိမ်ခေါင်းထောင်သွားပြီး. . .

'ဟော့လူ. . . ခင်ဗျားအကျင့်တော့မယုတ်နဲ့နော်. . .။ ကျုပ်သေရင် ခင်ဗျားကို အရင်ဆုံးဂုတ်လာချိုးမှာ. . '

မိုးတိမ်ရဲ့ခပ်ငေါက်ငေါက်စကားကို ဦးဖေသန်းက ခေါင်းဘယ်ညာချိုးပြီး .

'အေးငါလည်း ဇက်ကြောတက်နေတာနဲ့ အတော်ပဲ. . '

ဆိုတော့ မိုးတိမ်ပိုလို့စိတ်ဆိုးသွားတယ်. . . .

'တော်ပါဗျာ. . . ခင်ဗျားနဲ့. . စကားပြောရတာ မကောင်းပါဘူး. . ကျုပ်ငရဲကြီးမယ်. . . '

မိုးတိမ်ရဲ့စကားကို ဘကြီးပန်းခပ်ဟဟရယ်လိုက်ပြီး

'ဖေသန်းနဲ့ကတော့ကွာ. . ဘယ်သူမှစကားကောင်းပြောလို့ရမှာမဟုတ်ပါဘူး. . .

ကဲ. . . ဆိုစမ်းပါဦး မောင်မိုးတိမ်ရဲ့ မင်းငါ့ကို လက်ဖက်ရည်တိုက်ရခြင်းအကြောင်းအရင်း. . '

ဘကြီးပန်းလာရင် ဘာသောက်တတ်တယ်ဆိုတာ သိတဲ့ဦးဖေသန်း လက်ဖက်ရည်တစ်ခွက်လာချတယ်။

မိုးတိမ်သွားတွေအကုန်ပေါ်သွားတယ်။ ပြီးမှ ရှက်ကိုးရှက်ကန်းနဲ့. . .

'ဘကြီးပန်းသိရဲ့သားနဲ့. . . '

'ဘာလဲ. . မေဖြူကိစ္စပဲလား. . '

မိုးတိမ်ခေါင်းကို အခါနှစ်ဆယ်ပြည့်အောင်ငြိမ့်တယ်။ ဘကြီးပန်းက မျက်မှောင်ကျုံ့ပြီး. .

'အဲ့ဒါ ငါကဘာလုပ်ပေးရမှာလဲ'

'ဟိုလေ. . . ဘကြီးပန်းကလဲ. . ကျွန်တော်က မေဖြူ့အချစ်ကို ရအောင်ဘယ်လိုလုပ်ရမလဲလို့. . . အဲဒါ ဘကြီးပန်းတို့က ရှေ့မီနောက်မီတွေမဟုတ်လား။ အဲ့ဒါကြောင့် အကြံဉာဏ်ကောင်းလေးများ ရမလားလို့

www.burmeseclassic.com


အဟဲ့'

မိုးတိမ်ရဲ့စကားတောင်မဆုံးလိုက်ဘူး . . ဘကြီးပန်းအရှေ့က စားပွဲခုံကို တဖြန်းဖြန်းပုတ်ပြီး

'ဒါလေးများကွာ. . အလွယ်လေးမှအလွယ်လေးနော်. . အလွယ်လေး. . .'

ဘကြီးပန်းရဲ့စကားကြောင့် မိုးတိမ်မျက်လုံးအရောင်လက်သွားတယ်။ ပြီးတော့ အားတက်သရောနဲ့. . .

'ဘာလုပ်ရမှာလဲဟင်. . ဘယ်လိုလုပ်ရမှာလဲ. . .'

'မင်းကြွက်ဆေးသောက်လိုက်ပေါ့. . .'

'ဗျာ. .'

ဘကြီးပန်းရဲ့စကားကြောင့် မိုးတိမ်မျက်လုံးလည်သွားတယ်။ ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားတယ်။ အတော်ကြာမှ. . .

'ဟာ. . . ဘကြီးပန်းကလဲဗျာ. . ကျုပ်ကအကောင်းမေးတာဗျ. .'

'ငါကလည်း အကောင်းပြောတာ။ မင်းကြွက်ဆေးသောက်လိုက်ပေါ့. .'

'ဟ. . . ကြွက်ဆေးသောက်ရင် ကျုပ်သေသွားမှာပေါ့ ခင်ဗျားကြီးကလဲ. . .'

မိုးတိမ်တင်းလာပုံရတယ်။ ဒါကြောင့် လူကြီးသောဘာသောနား မလည်တော့ဘူး။

ဘကြီးပန်းက ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက်ပြီး

'မင်းအဲ့ဒါကြောင့် ရည်းစားမရတာ. . . ဒါနည်းနည်းလိုနေတယ်။ ဒါလိုနေတယ်'

ဆိုပြီး ခေါင်းကိုလက်ညှိုးထိုးပြတယ်။ မိုးတိမ်သူ့ခေါင်းကို ပြန်ကိုင်ကြည့်ပြီး. .

'ဘာလဲဗျ. . ဒါ'

'ဦးနှောက်လေ. . . ဦးနှောက်. . . ဦးနှောက်နည်းနည်းလိုနေတယ်. . .။ ဒီမှာ'

www.burmeseclassic.com


ဘကြီးပန်းစကားမဆက်သေးဘဲ ဘေးဘီဝေ့ကြည့်လိုက်တယ်။ သဘောက ဘယ်သူမှမကြားစေချင်တဲ့ သဘော. . . ပြီးမှ လေသံကိုနှိမ့်ပြီး. .

'အခုဟာက ကြွက်ဆေးရာသီကွ၊ ကြွက်ဆေးရာသီ၊ ရာသီစာဆိုတာ စားပေးရတယ်'

'ဟာဗျာ. . ဘကြီးပန်းကလဲ. . ကြွက်ဆေးစားရင် သေပါ့မယ်ဆိုနေ'

'ဟကောင်ရ. . . ကြွက်ဆေးဆိုပေမယ့်. . . ကြွက်ဆေးအစစ်တော့ ဘယ်သောက်လို့ဖြစ်မှာလဲ. . '

'ဒါဆို'

'ကြွက်ဆေးအတုသောက်ရမှာပေါ့ကွ. . . ကြွက်ဆေးအတု. . '

'ကြွက်ဆေးအတု. . . အဲ့ဒါဘယ်ကရမှာလဲ. . . '

ဘကြီးပန်း ဦးဖေသန်းကိုဝေ့ကြည့်ပြီး

'လက်ဖက်ရည်ဖေသန်းဆီမှာရှိတယ်'

'အင်'

မိုးတိမ်ဦးဖေသန်းကို ဝေ့ကြည့်တယ်။ ဦးဖေသန်းကတော့ ဘာမှမသိသလို တစ်ဖက်လှည့်ပြီး ဆေးလိပ်လေးဖွာလို့. . . ။ မိုးတိမ်က ဇဝေဇဝါနဲ့

'ဟုတ်ရဲ့လားဗျာ. . . သူ့မှာကြွက်ဆေးအတုရှိတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး. . '

မိုးတိမ်စကားကို ဘကြီးပန်းက အရန်ကောဆိုတဲ့အကြည့်မျိုးနဲ့ ကြည့်ပြီး အားမလိုအားမရအသံနဲ့

'မင်းအဲ့ဒါကြောင့် မေဖြူပြန်မကြိုက်တာ။ မင်းဟာ အတော်တုံးတဲ့ကောင်ပဲ. . . ။ အရိပ်ပြလို့တောင် အကောင်မမြင်ဘူး. . . ။ လက်ဖက်ရည် ဖေသန်းကြီးမီးထည့်တဲ့ မီးသွေးနဲ့ ဖွဲကိုရောကြိတ်လိုက်ရင် ကြွက်ဆေးအတုရပြီပေါ့ကွ. . . ကြွက်ဆေးအတုရပြီ. . '

မိုးတိမ်မျက်နှာဝင်းလက်သွားတယ်။ ပြီးတော့ရင်ခေါင်းသံကြီးနဲ့. .

'ဟာ. . . ဟုတ်လား. . . မီးသွေးနဲ့ ဖွဲရောကြိတ်လိုက်ရင် ကြွက်

www.burmeseclassic.com


ဆေးနဲ့ တစ်ထေရာတည်းတူမှာဗျ. . .'

'အဲ့ဒါကိုပြောတာ. . . အဲဒါကိုပြောနေတာ. .'

ဘကြီးပန်းအံကြိတ်သံနဲ့ အားပါးတရပြောတယ်။ ဒါကိုမိုးတိမ်က မှင်သတ်ပြီး. . .

'ကျွန်တော်ပေါက်သွားပြီ၊ ဘကြီးပန်း၊ ကျွန်တော်ပေါက်သွားပြီ. . အဲ့ဒီ ကြွက်ဆေးအတုနဲ့ မေဖြူတစ်ယောက်တည်းရှိတဲ့အချိန်သွားပြီး. . .'

မိုးတိမ်ရဲ့စကားမဆုံးခင်မှာပဲ ဘကြီးပန်းမိန့်မိန့်ကြီးပြုံးပြီး ခေါင်းခါလိုက်တယ်။ ပြီးမှ ဆရာကြီးလေသံနဲ့. . .

'အဲဒီလိုမဟုတ်သေးဘူး. . . မောင်မိုးတိမ်။ မေဖြူတစ်ယောက်တည်းရှိတဲ့အချိန်ဆို မင်းလုပ်ရပ်ကို ဘယ်သူကအသိအမှတ်ပြုမှာလဲ. . .'

'ဒါဆို. . .'

'သူ့အမေဒေါ်ဝင်းရှိတဲ့အချိန်ကိုသွားရမှာကွ. . .၊ ဒါမှ ဒေါ်ဝင်းက သူ့သမီးကို မင်းဘယ်၍မေတ္တာရှိတဲ့အကြောင်း၊ အချစ်အတွက် အသက်ပင်အသေခံရဲတဲ့ကြောင်း သူတို့သိသွားကြမှာကွ၊ မဟုတ်ဘူးလား အဲဒီတော့မှ မေဖြူလေးကမင်းကို မယူချင်ရင်တောင် ဒေါ်ဝင်းက မင်းကိုသနားပြီး သူ့သမီးနဲ့ ပေးစားမှာကွ'

ဘကြီးပန်းကစားပွဲခုံကို တဖြန်းဖြန်းရိုက်ပြီး အားတက်သရောပြောတယ်။ ဒါကိုမိုးတိမ်ကလည်း အားရပြီး ဘကြီးပန်းလို စားပွဲခုံကို တဖြန်းဖြန်းပုတ်ပြီး. . .

'ဟုတ်လိုက်လေဗျာ ဟုတ်လိုက်လေ. . ဒါ့ကြောင့် ဘကြီးပန်းတို့ အသက်ကြီးတဲ့အထိ ဘာအလုပ်မှ ပင်ပင်ပန်းပန်းမလုပ်ရဘဲ ထိုင်စားနေရတာ. . . ဒါကောင်းလို့ဗျ. . . ဒါကောင်းလို့. . .'

ဆိုပြီး သူ့ခေါင်းကိုသူ လက်ညှိုးနဲ့ထိုးပြပြီးမှ. . .

'ကဲ. . ဘကြီးပန်းရေ. . . ဘကြီးပန်းရဲ့အကြံဉာဏ် အကောင်အထည်ဖော်ဖို့ ကျွန်တော်သွားလိုက်ဦးမဗျ. . .'

ဆိုပြီး ထိုင်ရာမှထတယ်။ ပြီးတော့ ဦးဖေသန်းဘက်လှည့်ပြီး

'ဒီမှာဘယ်လောက်ကျလဲ. .'

'နှစ်ခွက်ကို ဆယ့်နှစ်ကျပ်. . .'

www.burmeseclassic.com


ဦးဖေသန်းက သူ့ကိုတောင်လှည့်မကြည့်ဘဲဖြေတယ်။ ဒါကို မိုးတိမ်က

'ရော့ . . ဒီမှာ ဆယ့်ငါးကျပ် ။ ဘကြီးပန်းကို ဆေးလိပ်သုံးလိပ် ထပ်ပေးလိုက်'

ဆိုပြီး ပိုက်ဆံဆယ့်ငါးကျပ်ကို စားပွဲပေါ်ခပ်မာမာပစ်ချပြီး မီးဖိုထဲဝင် မီးသွေးတစ်ခဲ၊ ဖွဲနည်းနည်းယူပြီး ခပ်သုတ်သုတ်ထွက်သွားတော့တယ်။

◗◗◗◗◗

www.burmeseclassic.com

‘ဒီဗယ်မေဖြူ . . . မင်းမှ ငါ့ကိုပြန်မချစ်ရင် . . . ဟောဒီမှာ ကြွက်ဆေးတွေ့လား။ ဒါသောက်ပြီးတော့ ငါအသေခံပစ်မယ်။ ဒီမယ် အရီးဝင်း ကျွန်တော့်ကို မသေစေချင်ရင် အရီးသမီးကိုယ်စား အရီးက အဖြေပေးပါ’

‘အို . . . ဒါကမကောင်းပါဘူး . ။ ကိုယ်က ဒေါ်ဝင်းကြီးကိုကြိုက်တာမှမဟုတ်တာ။ သူ့ကို ဘယ်လိုလုပ်အဖြေတောင်းလို့ရမှာလဲ . . . သူ့သမီးအတွက် သူ့အမေမှာအဖြေတောင်းလို့မကောင်းပါဘူး . . . ဘာပဲဖြစ်ဖြစ် အိမ်ပေါ်ရောက်ရင် မီးစင်ကြည့်ကရမှာပဲ . . . ’

မိုးတိမ်ကိုယ့်အတွေးနဲ့ ကိုယ်ကြည်နူးပြီး ခပ်သွက်သွက်လျှောက်လာတယ်။ ခါးကြားမှာလည်း မီးသွေးနဲ့ ဖွဲနဲ့ရောကြိတ်ထားတဲ့ ကြွက်ဆေးအတုထုပ်ကို လိပ်ထည့်ထားတယ်။ ဒါက မေဖြူတို့အိမ်ရောက်ရင် သုံးဖို့။ ဘာပဲပြောပြော . . . ဒီအထုပ်ကလေးတစ်ထုပ် . . . ပါသွားခြင်းအားဖြင့်

www.burmeseclassic.com


အချစ်အတွက် အသက်ကိုပင်စွန့်ရဲတဲ့သူ့ကို မေဖြူလေးတို့ သူ့အမေဒေါ် ဝင်းတို့ လေးစားသွားမှာပဲဆိုတဲ့ ပီတိစိတ်နဲ့ ပျော်နေတာများ မျက်လုံး တောင်ပိတ်. . . လို့. . . ။

'ဘယ်တုံး ကိုမိုးတိမ်ကြီး'

ကိုယ့်အတွေးနဲ့ကိုယ်ကြည်နူးနေတုန်း ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ သူ့ကိုပြုံးဖြီးဖြီးနဲ့ကြည့်နေတဲ့ ကုလားဒိန်။

ကုလားဒိန်ကိုတွေ့တော့ မိုးတိမ်ဒေါသထောင်းခနဲထွက်သွားတယ်။ ဒါကြောင့် ဖိုက်တင်ပလေးသင့်ပလေးရအောင် လုံချည်တိုတိုပြင်ဝတ်လိုက်ရင်း. . .

'ဟေ့ကောင်. . . ငါသွားတဲ့လမ်းတိုင်းမှာ မင်းကိုတွေ့နေရအောင် မင်းကဘာသဘောနဲ့ ငါ့ကိုလိုက်ချောင်းနေတာလဲကွ. . . ဟေ'

မိုးတိမ်ရဲ့စကားကို ကုလားဒိန်က ဖြဲခနဲရယ်လိုက်ပြီး

'ကျွန်တော် ကိုမိုးတိမ်ကို လိုက်မချောင်းရပါဘူးဗျာ. . ။ ဒါပေမယ့် ကျွန်တော်သွားတဲ့လမ်းတိုင်း ကိုမိုးတိမ်နဲ့ ထိပ်တိုက်ချည်းဆုံဆုံနေလို့ နှုတ်ဆက်တာပါ. . ဟဲ ဟဲ. . '

ကုလားဒိန်ရဲ့ မထီတရီစကားကြောင့် မိုးတိမ်ပိုလို့ ဒေါသထွက်သွားတယ်။ ဒါကြောင့် အင်္ကျီလက်ကို ပင့်တင်ပြီး. . .

'ဟေ့ကောင် မင်းနဲ့ငါ. . . ဘာမှဆုံစရာအကြောင်းမရှိဘူး။ ကိုယ့်လမ်းကိုယ်သွား။ ကိုယ့်အလုပ်ကိုယ်လုပ် ငါနဲ့မတွေ့အောင်ရှောင်. . . ဒါပဲ ငါ့ကိုလည်း ဘာအကြောင်းနဲ့မှ နှုတ်ဆက်စရာမလိုဘူး. . . '

မိုးတိမ်ရဲ့ဒေါသတကြီးစကားကို ကုလားဒိန်က ဘာမှမသိသလိုနဲ့မှ ဖြဲခနဲ ရယ်လိုက်ပြီး. . .

'ဟာ. . . ကိုမိုးတိမ်ကလဲဗျာ. . . တစ်ရွာထဲသားအချင်းချင်း. . အဲဒီလောက် စိမ်းကားဖို့မကောင်းပါဘူးဗျာ. . '

'ဘာတစ်ရွာထဲသားလဲကွ ဘာတစ်ရွာထဲသားလဲ. . ။ မင်းလိုကောင်မျိုးနဲ့ တစ်ရွာထဲနေရတာရှာနာတယ်။ ဟေ့ကောင် သွားကွာသွား။ မင့်အခွက်ကြီးငါ မမြင်ချင်ဘူး'

မိုးတိမ်ဒီလောက်ပြောတာတောင် ကုလားဒိန်ကအပြုံးမပျက်

www.burmeseclassic.com


ဘူး. ‌. ။ ပါးစပ်က ဆိတ်အစာတောင်းသလို တဟဲဟဲ ရယ်ရင်းနဲ့ပဲ. . .

'ဟဲဟဲ. . . သွားဆိုသွားပါ့မယ်ဗျာ. . . ။ အော် ဒါနဲ့ပြောရဦးမယ်. . မေဖြူကသူတို့အိမ်မှာ ရှိနေတယ်ဗျ။ ဘယ်သူ့ကို စောင့်နေတယ်ရယ်တော့ မသိဘူး။ မှိုင်လို့. . . ငိုင်လို့. . . '

မေဖြူအသံကြားတော့ မိုးတိမ်ပိုပြီး သွေးဆူသွားတယ်။

'ဟေ့ကောင်ကုလားဒိန်. . . အဲဒါမင်းအလုပ်မဟုတ်ဘူး. . . ။ ငါ့အလုပ်ကွ ငါ့အလုပ်။ မင်းပါးစပ်ကြီးထဲ မေဖြူနာမည်ကို ထည့်ထည့်မထားနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ. . . အေးနောက်တစ်ခါဆို ငါ့အဆိုးမဆိုနဲ့ ငါသွားမယ်။ ငါ့နောက်ကတော့ လိုက်ချောင်းမယ်မကြံနဲ့'

ဆိုပြီး လှည့်ထွက်လာတယ်။ ဒါပေမယ့် သူလှည့်ထွက်လာလို့ တစ်ပြတောင် မဝေးသေးဘူး။

'ကိုမိုးတိမ်၊ ကိုမိုးတိမ်'ဆိုတဲ့ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ကုလားဒိန်. . . ။

ကုလားဒိန်ကိုမြင်တော့ သူပိုလို့ဒေါသထွက်သွားပြီး. . . .

'ဟေ့ကောင်. . . မင်းကို ငါ့အနောက်က မလိုက်လာနဲ့လို့ ပြောလို့မရဘူးလား. . ။ ဘာလဲ. . . မင်းနာချင်နေပြီလား. . '

လို့ဒေါသတကြီးအော်ပြီး မိုးတိမ် ကုလားဒိန်ဘက်ပြန်လှည့်လာတယ်။ သူ့ကို ရန်မူမယ့်အရိပ်အယောင်မြင်တော့ ကုလားဒိန်မျက်နှာငယ်နဲ့ လက်ကလေးကာပြီး. . .

'ဟိုးဟိုး. . . ကိုမိုးတိမ်၊ ကျွန်တော် ကိုမိုးတိမ်နောက်လိုက်လာတာအကြောင်းရှိလို့ပါ။ ဒီအထုပ်ကလေးများ ကိုမိုးတိမ်ဆီက ကျခဲ့သလားလို့'

ကုလားဒိန် စက္ကူထုပ်လေးတစ်ထုပ်ထောင်ပြတယ်။

ကြည့်လိုက်တော့ ခုနမိုးတိမ်ခါးလိမ်ထားတဲ့ ကြွက်ဆေးအတုထုပ်။ မိုးတိမ်သေချာအောင် သူ့ခါးသူပြန်စမ်းကြည့်တယ်။ မရှိ။ ဘာအထုပ်မှ မရှိတော့။ သူမေဖြူတို့အိမ်သွားရင် ဒီအထုပ်မပါရင်မဖြစ်ပဲ။ ဒါကြောင့် မျက်နှာကို အနည်းငယ်အမာလျှော့ပြီး ကုလားဒိန်လက်ထဲက အထုပ်ကို ဖျတ်ခနဲဆွဲယူလိုက်တယ်။ ပြီးတော့ ကုလားဒိန်ကို ပေစောင်းစောင်းကြည့်ပြီး. . .

www.burmeseclassic.com


'မင်းသွားတော့. . . '

ဆိုပြီး ခပ်တည်တည်ပြောလိုက်တယ်။ ဒါကို ကုလားဒိန်က ချက်ချင်းမသွားသေးဘဲ သွားကိုဖြဲပြီး

'ဟုတ်ကဲ့ ဟုတ်ကဲ့. . အော်ဒါနဲ့ အဲဒါဘာအထုပ်လဲဟင်. . . '

မိုးတိမ်မျက်နှာနီသွားတယ်။

'မင်းအလုပ်မဟုတ်ဘူး။ ဘာအထုပ်ဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူး'

ဆိုပြီး အထုပ်ကို ခါးမှာလိမ်လို့ ခြေလှမ်းကျဲကြီးနဲ့ ထွက်လာလိုက်တယ်။ ဟုတ်တယ်လေ. . . ကုလားဒိန်ကို ပြောပြလို့ ဘယ်ဖြစ်မှာလဲ၊ သူ့အလိမ်တွေ ပေါ်ကုန်မှာပေါ့။ မဟုတ်ဘူးလား။ ဒါကြောင့် ကုလားဒိန် ဘာမှပြန်မပြောနိုင်အောင် စကားကို ပိတ်ပြောပြီး လှည့်ထွက်လာတာ။

www.burmeseclassic.com

မေဖြူတို့အိမ်ရောက်တော့ အဆင်သင့်ပဲ အိမ်ရှေ့မှာ ဆန်ထိုင်ပြာနေတဲ့ မေဖြူနဲ့ သူ့အမေဒေါ်ဝင်းကို တွေ့ရတယ်။ သူတို့နှစ်ယောက်ကို တစ်ပြိုင်တည်းတွေ့တော့ မိုးတိမ်ဝမ်းသာသွားတယ်။ ဒါက သူလိုချင်တဲ့ အကွက်ပဲကိုး။ ဒါ့ကြောင့် ဘယ်သူမှမခြင်ခင် မေဖြူတို့အိမ်ဝိုင်းထဲ လှမ်းဝင်လိုက်တယ်။

မိုးတိမ်ကို မြင်တော့ မေဖြူက နှာခေါင်းရှုံ့ပြီး 'လာပြန်ပြီ တဏှာရူးကြီး'ဆိုပြီး အိမ်ထဲဝင်သွားတယ်။ ဒေါ်ဝင်းကသာ မိုးတိမ်ကို တစ်ချက်ဝေ့ကြည့်ပြီး

'ဟဲ့. . ဆန်ကုန်မြေလေး . . လေး ဘယ်ကြွချီဖို့တုံး. . . '

ဆိုပြီး နှုတ်ဆက်တယ်။ မိုးတိမ်က ခပ်တည်တည်နဲ့ ဒေါ်ဝင်းနားဝင်ထိုင်လိုက်ပြီး. .

'ဒီကို တမင်လာတာအရီးဝင်း'

www.burmeseclassic.com


ဒေါ်ဝင်းက မိုးတိမ်ကို တစ်ချက်ဝေ့ကြည့်ပြီး

'ဆို. . . ဘာကိစ္စတုံး . ပိုက်ဆံဆိုရင်တော့ မချေးနိုင်ဘူးနော်. '

မိုးတိမ်ခေါင်းမော့လိုက်တယ်။ သူ့မျက်နှာက ဖရိုဖရဲနဲ့. . .။

'မဟုတ်ရပါဘူး အရီးရာ. . ကျုပ်က ငွေဆိုတာမျိုးဘဏ်မှာ သိန်းလေးဆယ်. . . '

'ကဲကြွားမနေပါနဲ့။ ငါသိပါတယ်။ ကဲ. . ဆို. . . ဒါဆိုဘာကိစ္စ. . '

ဒေါ်ဝင်းက မိုးတိမ်အကြွားဒဏ်ကို မခံနိုင်လို့ပိတ်ပြောတယ်။ မိုးတိမ်အားတင်းလိုက်တယ်။ ပြီးတော့ အသက်အောင့်ပြီး မျက်နှာလေးအောက်ချပြီး . ပြောချလိုက်တယ်။

'ကျွန်တော်အခုလာတာ အချစ်ကိစ္စပါအရီးဝင်း . '

'ဘာ. . . '

ဒေါ်ဝင်းမျက်လုံးကြီးပြူးထွက်လာတယ်။ ပြီးတော့ မိုးတိမ်ကို စေ့စေ့ကြည့်ပြီး. . .

'ဟဲ့. . မသာလေး. . နင်ဘာစကားပြောတာလဲ. . နင်ကငါ့ကို မုဆိုးမဆိုပြီး အထင်သေးတာလား. . . အဝင်းတဲ့နော် တစ်ဝင်းတည်းရှိတယ်။ အခုပါးချလိုက်ရ. . နားထင်ကြောပါပြတ်သွားမယ်'

ဒေါ်ဝင်းရဲ့ ဒေါသတကြီးစကားကြောင့် မိုးတိမ်လက်ကလေးကာပြီး

'မ. . မဟုတ်ပါဘူး။ အရီးဝင်း . ကျွန်တော်ပြောတာက အရီးဝင်းကို မဟုတ်ပါဘူး' ဆိုတော့မှ ဒေါ်ဝင်းမျက်မှောင်ကျုံ့သွားတယ်။

'ဒါဆို ဘယ်သူ. . . '

'ဟိုလေ. . မေ. . မေဖြူကိုပါ. . '

မိုးတိမ် အိမ်အတွင်းခန်းမှာထိုင်နေတဲ့ မေဖြူကို တိန်တိန်မြည်အောင် လက်ညှိုးနှစ်ဆင့်ထိုးပြလိုက်ပါတယ်။ ဒါကို ဒေါ်ဝင်းက မိုးတိမ်ကိုတစ်လှည့် မေဖြူကိုတစ်လှည့် ကြောင်ကြည့်ပြီး လိုက်ကြည့်နေတယ်။ ဒေါ်ဝင်းကြီးဘာမှ မပြောတော့ မိုးတိမ်အားတက်သွားပြီး. . . .

'ကျွန်တော်မေဖြူဆီမှာ ချစ်အမှုထမ်းနေတာအတော်ကြာပါပြီ. . '

မိုးတိမ်စကားလုံးကို ကဗျာဆန်ဆန်သုံးတယ်. .

www.burmeseclassic.com


ဒါကိုဒေါ်ဝင်း ခေါင်းထောင်လာပြီး'အဲဒီတော့ ငါကနင့်ကို ပင်စင်ပေးရမှာလား၊ အသက်ပြည့်ပင်စင်လား၊ ဆေးပင်စင်လား တစ်ခါတည်းပြော. . . '

'ဟုတ်. . အယ်. . မဟုတ်. . . '

ဒေါ်ဝင်းစကားကြောင့် မိုးတိမ်ဘာထပ်ပြောရမှန်းမသိဖြစ်သွားတယ်။ အတော်ကြာမှ သူ့ခေါင်းကို သူပြန်ကုတ်ပြီး. .

'အဲဒါ. . ဟိုလေ ကျွန်တော်ပင်စင်မလိုချင်ပါဘူး။ မေဖြူရဲ့ချစ်မှုထမ်းကောင်းတံဆိပ်အဖြစ် မေဖြူရဲ့အချစ်ကိုသာ လိုချင်ပါတယ်။ မေဖြူရဲ့ အချစ်ကိုမရရင် ကျွန်တော်ဒီမှာမနေချင်တော့ပါဘူး'

'ရွာပြောင်းတော့မှာလား. . မောင်မင်းကြီးသား ကျန်းမာပါစေချမ်းသာပါစေတော်. . ပြောင်းမဲ့ပြောင်း မြန်မြန်သာပြောင်း မျက်စိနောက်လွန်းလို့. . '

'ဟုတ်. . . အဲ. . မဟုတ်. . '

မိုးတိမ်ကြောင်သွားပြန်တယ်။ ပြီးတော့ ကြံရာမရဖြစ်ပြီး ခေါင်းကုတ်တယ်။ ခဏကြာမှ အားတင်းပြီး. . .

'ကျွန်တော်ပြောတာ ရွာပြောင်းဖို့မဟုတ်ဘူးအရီး. . . ဘဝပြောင်းမှာပါ။ ဘဝပြောင်းမှာ. . ကျွန်တော်မေဖြူကို မရရင် လူ့ဘောင်ထဲမနေတော့ဘူး. . '

'သာသနာ့ဘောင်ထဲဝင်မှာလား။ သာဓုပါတော် သာဓုပါ။ သင်္ကန်းပရိက္ခရာလိုရင်လည်း ပြောပေါ့။ ငါ့သမီးနင်နဲ့ မညားရင်ကိုတော်ပြီ ကျန်တာအကုန်လှူပစ်မယ်။ နင့်အိမ်ထောင်ပြုချင်တဲ့စိတ်ကိုလည်း ဘုရားသာ လှူပစ်လိုက်ကြားလား'

ဒေါ်ဝင်းစကားကြောင့် မိုးတိမ်တင်းသွားတယ်။ ဒါ့ကြောင့် အကြံအစည်အမြန် အကောင်အထည်ဖော်မှပဲလို့ ဆုံးဖြတ်လိုက်ပြီး ခါးကြားထဲကအထုပ်ကို ထုတ်လိုက်တယ်။ ပြီးတော့ အသံမာမာနဲ့. . .

'ကျုပ်ပြောတာ ဒီလိုမဟုတ်ဘူးအရီး. . ဟောဒီမှာတွေ့လား. . . ကြွက်ဆေးထုပ်။ မေဖြူကိုမှမရရင် ကျုပ် အခုချက်ချင်းကြွက်ဆေးသောက်ပြီးသေပစ်လိုက်မယ်ဗျ. . သေပစ်မယ်. . . '

www.burmeseclassic.com


သူ့စကားကို အိမ်ခန်းထဲက နားစွင့်နေတဲ့ မေဖြူက အပြင်ထွက်မကြည့်ဘဲ. . .

'သေပါစေအမေရယ်. . . သူသေတော့ သမီးတစ်ရန်အေးတာပ။ တကတဲ နေကောင်းခြင်းမနေရ တစ်ချိန်လုံးလိုက်နှောက့်ယှက်နေတာ. . သူသေတော့အေးရော. . '

ဆိုပြီး ဝင်ပြောတယ်။ ဒေါ်ဝင်းကတော့ မိုးတိမ်ကို ကြောင်ငေးကြည့်နေတုန်း။ မိုးတိမ်ပုံကလည်း တကယ်လုပ်မယ့်ပုံကိုး။ ဒေါ်ဝင်းစိတ်ဝင်တစား ကြည့်နေတော့ မိုးတိမ်ပိုပြီး အားတက်သွားတယ်။ အကွက်က ဝင်လာပြီကိုး. . ဒါ့ကြောင့် ခါးကိုမတ် အသံကိုမြှင့်ပြီး

'အော်. . မေဖြူ နင်ကငါ့ကို သေစေချင်တယ်ပေါ့. . ဟုတ်လား. . . '

'သေပါစေတော် ဆေးသောက်ခက်လို့ ရေလိုတော့ ရေခပ်တိုက်ရတာပ'

မေဖြူရဲ့စကားကြောင့် မိုးတိမ်တင်းသွားပြီး. . .

'အေး. . နင်ကမှ သေစေချင်ရင် ငါသေပြမယ် ကဲကွာ. . '

ဆိုပြီး ခါးကြားထဲကအထုပ်ကို ဖြေပြီး ပါးစပ်ထဲ ဆတ်ခနဲပက်ထည့်လိုက်တယ်။

ဒေါ်ဝင်းရဲ့ 'ဟဲ့မလုပ်နဲ့မလုပ်နဲ့'ဆိုတဲ့ တားမြစ်သံကြားတယ်။ ဒါပေမယ့် မမီတော့ဘူး။ မိုးတိမ်ရဲ့အထုပ်က ပါးစပ်ထဲရောက်နှင့်နေပြီ. . ။ သူက လူငယ်ဆိုတော့. . လှုပ်ရှားမှုက မြန်တာကိုး. . ။ အထုပ်လည်း ပါးစပ်ထဲဝင်သွားရော သူ့မျက်လုံးအစုံပြူးကျယ်သွားတယ်။ ချက်ချင်းပဲ သူ့အသိစိတ်ကို တစ်စုံတစ်ခုဒိုင်းခနဲ လာဆောင့်တယ်။ ပထမဦးဆုံး ပြေးမြင်မိတာက ကုလားဒိန်ရဲ့ ပြုံးဖြဲဖြဲမျက်နှာ။ နောက်ထပ်သိလိုက်ရတာက. . .

'နွားချေး. . . '

ဟုတ်တယ်။ နွားချေး။ နွားချေးတွေ။ ကုလားဒိန်ရဲ့မျက်နှာကို ကွက်ခနဲပြန်မြင်တယ်။ ကုလားဒိန်လုပ်လိုက်ပြီ။ ကုလားဒိန် မီးသွေးနဲ့ နွားချေးလဲပေးလိုက်ပြီ။

မိုးတိမ် အဲ့ဒီအချိန်ကျမှ ငုံထားတဲ့နွားချေးကို မျိုပဲချရမလား၊ ထွေးပဲထုတ်ရမလား။ ဇဝေဇဝါနဲ့ မျက်လုံးကြီးပြူး မျက်နှာကြီးရှုံ့မဲ့ပြီး ကလယ်

www.burmeseclassic.com


ကလယ်ဖြစ်နေတယ်။ ဒါကို ဒေါ်ဝင်းက မိုးတိမ်ကြွက်ဆေးသောက်ပြီး အဆိပ်တက်နေတယ်မှတ်ပြီး. .

'ဟဲ့. . ဟဲ့ လုပ်ကြပါဦး မိုးတိမ်တက်နေပြီလားမသိဘူး. . မိုးတိမ်ကြွက်ဆေးသောက်ပြီး တက်နေပြီလားမသိဘူး'

ဆိုပြီး မိုးတိမ်ဆေးတွေမျိုမချနိုင်အောင် ဆတ်ခနဲထပြီး လည်ပင်းပြေးညှစ်တယ်။

ဒေါ်ဝင်းလည်း စိုးရိမ်စိတ်ကြောင့်ထင်တယ်။ အားကုန်ညှစ်လိုက်တာ မိုးတိမ်မျက်လုံးပြူးပြီး လျှာပါထွက်တယ်။ မိုးတိမ်လျှာပေါ်ကဟာတွေကို ဒေါ်ဝင်းတွေ့တော့

'ဟဲ့. . ဟဲ့. . လုပ်ကြပါဦး ဗိုက်ထဲဝင်ကုန်ပြီလားမသိဘူး. . ။ နည်းနည်းပဲကျန်တယ်. . ထွေးထွေးပါ။ ထွေးထုတ်ပါဟ. . . '

ဆိုပြီး မိုးတိမ်လည်ပင်းကို အားကုန်ညှစ်တော့တာ ဒေါ်ဝင်းရဲ့ အလောတကြီးစကားကို မိုးတိမ်ခမျာမှာလည်း ဘာမှမပြောနိုင်ဘူး။ ဒေါ်ဝင်းကြီးလည်ပင်းကို အတင်းညှစ်ထားတာကိုး။ သူ့ခမျာမျက်လုံးကြီးပြူး၊ လျှာကြီးထွက်ပြီး မလုပ်ဖို့ခေါင်းခါပြရှာတယ်။ ဒါကို ဒေါ်ဝင်းကြီးက ဘယ်လိုသဘောပေါက်တယ်မသိဘူး။

'အောင်မာ. . ဒီလောက်ဖြစ်နေတာတောင် လျှာထုတ်ပြောင်ပြနေတယ်ပေါ့ ကဲဟာ. . . '

ဆိုပြီး ဗိုက်ထဲကဟာတွေ ပြန်ထွက်အောင် မိုးတိမ်ရဲ့ အရှိက်ကို လက်သီးနဲ့ ခပ်ပြင်းပြင်းထိုးချလိုက်တယ်။ အွတ်ခနဲမြည်သံနှင့်အတူ မိုးတိမ်ရဲ့ပါးစပ်ထဲကဟာတွေ. . ဖရူးခနဲပြန်ထွက်လာပြီး ဒေါ်ဝင်းရဲ့မျက်နှာကို စင်ကုန်တယ်။ ဒေါ်ဝင်းလည်းမွှန်ပြီး သူ့မျက်နှာကို သူပြန်စမ်းလိုက်တယ်။ နောက်မှ ယဉ်ပါးနေတဲ့အနံ့ကိုရပြီး. . .

'ဟင်. . . နွားချေး. . . နွားချေးတွေ. . '

ဟုတ်တယ် သူ့လက်မှာပါလာတာ နွားချေးတွေ။ သူ့မျက်နှာမှာလည်း စင်ကုန်ပြီ။ ဒါတောင်မသေချာလို့ မိုးတိမ်ရဲ့ ထွက်နေတဲ့လျှာပေါ်ကဟာတွေ လက်နဲ့သပ်ယူပြီး နမ်းကြည့်လိုက်တယ်။ ဟုတ်တယ် နွားချေးမှ နွားချေးစစ်စစ်။ ဒီတော့မှ ဒေါ်ဝင်းပိုပြီး ဒေါသထွက်သွားပြီး လည်ပင်းကို

www.burmeseclassic.com


အတင်း ဖမ်းညှစ်ထားရာက

'ဟဲ့. . . မသာ. . နင်က ငါ့ကို နွားချေးငုံပြီး မျက်နှာထွေးတာပေါ့လေ . . . ဟင် လူပါး၀တဲ့ကောင်. . ကဲကွာ. . . '

'ဖြောင်း. . . '

'အောင်မလေး. . . ကွဲပါပြီဗျ. . . ပါးပါး. . . '

ပြောတာကကြာဦးမယ်. . . . ဒေါ်၀င်း မိုးတိမ်ရဲ့ပါးကို ဖြောင်းခနဲ ချထည့်လိုက်တယ်။ မိုးတိမ်ငယ်သံပါအောင်အော်တယ်။

ဒေါ်၀င်းရဲ့လက်သံကပြောင်တယ်။ မိုးတိမ်ကြယ်သုံးလုံး လနှစ်စင်း မြင်သွားတယ်။ ဒေါ်၀င်းကြီးရဲ့ အသံလည်းကြားရောမေဖြူကပါ ထဘီစွန် တောင်ဆွဲထွက်လာပြီး . .

'ဟင်. . ငါ့အမေမျက်နှာကို နွားချေးသုတ်တဲ့ကောင်. . ကဲ. . . မေဖြူတဲ့ ကဲဟာ. . . '

ဆိုပြီးလက်ကို နောက်ကျောဘက် အဝေးကြီးလှမ်းရွယ်ပြီး ပါးကို ချိန်ပြီး လှမ်းချထည့်လိုက်တယ်. . . ။

'ဖြောင်း. . . '

'အောင်မလေး မီးပွင့်ပါပြီဗျ. . . '

မိုးတိမ်အသံကုန်အော်ပြီး ထပြေးဖို့လုပ်တယ်။

'ဟဲ့. . . ဘယ်ပြေးမလို့လဲ'

ဆိုပြီး ဒေါ်၀င်းက သူ့ဗလကြီးနဲ့ မိုးတိမ်ကိုလည်ပင်းညှစ်လျက်က ဆွဲနှိပ်ထားတယ်။ မိုးတိမ်ယက်ကန်ယက်ကန်နဲ့ ထွက်ပြေးလို့မရဘူး. . . ။

ဒါကို ဒေါ်၀င်းက အားမလိုအားမရဖြစ်ပြီး

'ပျော့လိုက်တာသမီးရယ်. . . ပါးချတယ်ဆိုတာ ဟောဒီလိုချရတယ် ကဲ. . ဒီမှာကြည့် အမေချပြမယ်. . . ကဲ. . . '

'ဖြောင်း. . . '

'အောင်မလေးဗျ. . . ကျွတ်ပါပြီ နှစ်ချောင်း. . . . '

ဒေါ်၀င်းအံကြီးကြိတ်ပြီး အားကုန်ဆော်တယ်။ ဒေါ်၀င်းရဲ့ ဆောင်လမ်းပြကောင်းတော့ မေဖြူလည်း အားတက်ပြီး လက်ကို အနောက်ဘက် တစ်ပတ်လည်အောင်လွှဲပြီးရင်း. . . အံကိုကြိတ်လို့. .

www.burmeseclassic.com


'အဲ့ဒီအသံလောက်က ရပါတယ်အမေရာ. . . ကဲ. . . လာပြီ မေဖြူတဲ့ကွ. . . '

'ဖြောင်း. . . '

'အောင်မလေးဗျ. . . နားထင်ကြောတော့ပြတ်ပါပြီ. . .'

အော်သံနှင့်အတူ မိုးတိမ်ခေါင်း ကလေးကစားတဲ့ အရုပ်လို ဘယ်ပြန်ညာပြန်လည်ထွက်သွားတယ်။ ဒါကို ဒေါ်ဝင်းက. . .

'မပြတ်နဲ့ဦး. . ကဲ. . . သမီးရေ. . အစာပိတ်စုံလေး တစ်ချက် လောက်ပေါင်းတွယ်လိုက်ရအောင်. . . '

'ရတယ်မေမေ. . ကဲ. . . ဝမ်း. . တူး. . . သရီး'

ဆိုပြီး နှစ်ယောက်သား ဘယ်ညာစုံ ပြိုင်တူရိုက်ချလိုက်ရာ. .

'ဖြောင်း. . ဝေါင်း. . ဝေါင်း. . '

'အောင်မလေးတော့. . . '

မိုးတိမ်အော်မိအော်ရာအော်တယ်။ ထိသံက ဝါးပိုးဝါးချိုးလိုက်သလောက်ကျယ်တယ်။ ပြင်းချက်ကတော့ ပြောမနေနဲ့ မိုးတိမ်မျက်စိပါ ပြယ်သွားတယ်။ သူ့ခမျာ ဆက်ပြီးတောင်မအော်နိုင်တော့ဘူး။ ညာဘက်မျက်လုံးက ဘယ်ဘက်က ဒေါ်ဝင်းကို မြင်နေပြီး၊ ဘယ်ဘက်မျက်လုံးက မေဖြူဆီရောက်နေတယ်။ ထုံးစံအတိုင်း သွားရည်တွေ နှပ်တွေကျလို့. . သတိမေ့သွားတာ ငါးမိနစ်လောက်ကြာတယ်။ ပါးစပ်ထဲက န္တားချေးတွေက တဖွဲဖွဲထွက်လို့. . . ။

◗◗◗◗◗

www.burmeseclassic.com

အဲဒီထဲက မိုးတိမ်က ဘကြီးပန်းကို အကူအညီမတောင်း တော့ဘူး. . ။

အမှန်တော့ ဘယ်သူမှာ အပြစ်ရှိတယ်ရယ်တော့မသိဘူး။ ဒါပေမယ့် မိုးတိမ်ဆိုတဲ့ကောင်က ဘာပဲဖြစ်ဖြစ်သူများကို အပြစ်ပုံချတတ်တဲ့ ကောင်မို့လား. . ။ ဒါကြောင့် ဒီကိစ္စမှာလည်း. . သူ့အပြစ်သူမမြင်ဘဲ. . ဘကြီးပန်းကို အပြစ်ပုံချတယ်. . . ။ ကုလားဒိန်ကို ညှိုးတယ်။ အဓိက ကတော့ ကုလားဒိန်ကိုပေါ့။ သူနွားချေးငုံလိုက်ရတာကိုး. . ။ မိုးတိမ် ကုလား ဒိန်ကိုသွားပြီးတော့ . . ရန်ရှာသေးတယ်။ ကုလားဒိန်က ဘာပြန်ပြောတယ် မှတ်သတုံး။

'ကိုမိုးတိမ်ကြီး ကွက်ဆေးသောက်ပြီးသေမှာစိုးလို့. . ကွက်ဆေး အစား နွားချေးခြောက်ထည့်ပေးလိုက်တာတဲ့. . . ဒါတိမ့်အတွက်. . . ဒိန့် စေတနာပဲတဲ့'

www.burmeseclassic.com


ကဲ. . . မိုးတိမ်လည်း ဘာပြောသာတော့မှာလဲ. . . သူ့ဟာကြွက် ဆေးမဟုတ်ပါဘူးလို့ မပြောရဲဘူးလေ။ ဒေါ်ဝင်းတို့ မေဖြူတို့သိသွားရင် သူ့ကို အထင်သေးသွားမယ်မဟုတ်လား. . ။ ဒါ့ကြောင့် အသာလေး ငြိမ်နေလိုက်တော့တယ်။

ဒါပေမယ့်. . သူ့အကြံအစည်က ငြိမ်မယ်များအောက်မေ့လား။ ပိုလို့တောင် ဆိုးလာတယ်။ ဟိုသူ့တွေ့တိုင်း အကြံအစည်တောင်း၊ ဒီသူ့တွေ့လည်း မေဖြူသတင်းမေးနဲ့ အလုပ်ကိုရှုပ်နေတယ်။ ဒီလိုနဲ့ နောက်ဆုံးသလာစီ ဆီကို ပြန်ရောက်လာတယ်ဆိုပါတော့. . . . ။

◗◗◗◗◗

www.burmeseclassic.com

သလာစိ ဆိုတာ ဘာအဓိပ္ပာယ်ရယ်တော့ မသိဘူး။ လူကကြက်ကုလား။ မည်းသမှပြောင်လို့။ သလာစီဆိုလို့ သလာစီအကြောင်း ပြောရဦးမယ်။ နာမည်က သလာစီ အသားကမည်းမည်း သွားကျဲကျဲကွမ်းချေးအထပ်ထပ်နဲ့ အရပ်ကပုပု ဆံပင်တိုတို ဒါသူ့ရုပ်။

သူ့အလုပ်ကကြက်ခုတ်။

ကြက်ခုတ်ဆိုလို့ တစ်မျိုးတော့မထင်နဲ့ ကြက်သားခုတ်ပြီး ရောင်းစားတာ။ ရွာမှာဆိုနာမည်ကြီး ကြက်သားသည်။ ကြက်သားရောင်းတဲ့သူဆိုလို့ သူတစ်ယောက်ပဲရှိတဲ့အပြင် သလာစီက ရိုးသားတယ်။

အလေးမခိုးဘူး၊ ရေမထိုးဘူး။ အသိုးမရောင်းဘူး။ ဒါကြောင့်သူ့ဆိုင်လေးက ဝယ်သူတွေက အမြဲစည်ကားနေတော့တာ။ နို့ပေမယ့်လူတစ်ယောက်မှာ ဆိုးတဲ့အကွက်တစ်ကွက်စီလောက်တော့ ရှိကြတာပ။ သလာစီဆိုးတဲ့အကွက်က အပြောမချိုဘူး။ အပိုမပေးဘူး။ အရိုးတောင် အဆစ်

www.burmeseclassic.com


တောင်းလို့မရဘူး။ သလာစီက ခုခေတ်မှာ သူဌေးစာလို့ပြောလို့ရတဲ့ ကြက်သားရောင်းပေမယ့် . . ဈေးကွက်စီးပွားရေးစနစ်၊ ဈေးပြိုင် စီးပွားရေးစနစ်တွေ သိပုံမရဘူး။

အဘိုးက ကြက်သားရောင်းခဲ့လို့ သူ့အဖေက ကြက်သားသည်ဖြစ်။ သူ့အဖေကြက်သားသည်မို့ မလွှဲသာ မရှောင်သာ ကြက်သားသည်ဖြစ်လာရတယ်လို့ ထင်ရလောက်အောင် ပုံစံကထူအအနဲ့ရယ်။

နို့ပေတဲ့ . . . တစ်သက်လုံးဈေးရောင်းလာတဲ့ အတွေ့အကြုံကြောင့် သူမထူမအကြောင်း တစ်နေ့သိလာရတယ်။ ဖြစ်ပုံက ဒီလိုရယ် . . ။

လမုတန်းရွာမှာ ကြက်သားဆို သလာစီမှ သလာစီဖြစ်နေစဉ် သလာစီနဲ့အပြိုင် ကြက်သားသည်တစ်ဦး ထပ်တိုးလာချိန်ပေါ့ . . ။ ထပ်တိုးလာတဲ့ သူက ဒေါ်တရုတ်မတဲ့။

ရွှေလက်ကောက်တွေ တတောင်ဆစ်လောက်ထိဝတ်ထားတဲ့အပြင် လူပုံက ဖြူဖြူခန့်ခန့်ချောချောရယ်။ ပြီးတော့ သူဈေးရောင်းပုံက အပြုံးကလည်းချိုချို လက်ကလည်းပိုပိုဆိုတော့ တစ်ရွာလုံးက ကြက်သားပရိသတ်အားလုံး ဒေါ်တရုတ်မဆိုင်ကို ပိုပြီး စိတ်ဝင်စားလာကြတာပ။ ဒေါ်တရုတ်မကလည်း၊ ခေသူတော့မဟုတ်ဘူးရယ်။ ရွာစုံစေ့အောင် ကြက်သားလှည့်ရောင်းနေတဲ့သူ။ အခုမှ ဒီရွာလေးမှာ ကြက်သားသည်တစ်ယောက်တည်းရှိတယ်ဆိုတာကြားလို့ ဈေးကွက်ကို ချဲ့တဲ့အနေနဲ့ ရောက်လာတာရယ် . . ။ ဒါ့ကြောင့် ဒီဒေါ်တရုတ်မဆိုတာလည်း ဘယ်ခေလိမ့်မတုံး။ ဘယ်သူကို ဘယ်လိုပြောရမယ်။ ဘယ်သူဆိုရင် ဘယ်လိုရောင်းရမယ်။ ကြက်သားစားချင်အောင် ဘယ်လိုဆွယ်ရမယ်ဆိုတာ နောကျေပြီးသား။

နောက်ပြီး သူဈေးရောင်းပုံက သူများနဲ့မတူဘူး ထူးခြားတယ်။

*ဥပမာ။ ။ လူတစ်ယောက် ကြက်သား ၂၀–သားဝယ်တယ်ဆိုပါတော့။ သူက ၂၀–သားအလေးနဲ့ ကြက်သားကို စောက်ထိုးဖြစ်အောင်ချိန်ပေးပြီးတဲ့အပြင် နောက်ထပ် (၅)ကျပ်သားလောက် ခုတ်ထစ်ထည့်ပေးလိုက်တာရယ်။ ဒါ့ကြောင့် ကြက်သားဝယ်တဲ့သူတွေကလည်း ဒေါ်တရုတ်မအလေးခိုးတာ ရေထိုးတာအသာထား လက်ပိုတယ်ထင်ရတဲ့သူ့ဆိုင်မှာပဲ*

www.burmeseclassic.com


*ကြက်သားဝယ်ချင်ကြတာ။*

ဒီလိုနဲ့ ဒေါ်တရုတ်မရောက်ပြီး တစ်လလောက်ကြာတော့ မျက်နှာပေါက်ဆိုးဆိုး အလေးလည်းမခိုးတဲ့ သလာစီဆိုင် တဖြည်းဖြည်း အရောင်းအဝယ်ပါးလာတယ်။

ဟုတ်တယ်လေ. . ပိုက်ဆံပေးရတာချင်းအတူတူ ဆက်ဆံရေးကလည်းကောင်း အပိုလည်းရတယ်ထင်ရတဲ့ဆိုင်မှာ လူတိုင်းဝယ်ချင်ကြတာပ။ ဒါကိုသိတဲ့ သလာစီကလည်း ဘယ်ခေပါ့မတုံး။ ဈေးရောင်းနည်း နည်းဗျူဟာအသစ်တစ်ခုနဲ့ ဒေါ်တရုတ်မကို ကျေးရွာဈေးပေါ်ကနေ အပြတ်အသတ်အလဲထိုးသိပ်လိုက်တော့တယ်။ အဲ့ဒီတော့မှ သလာစီ ဉာဏ်မတုံးဘူးဆိုတာ အားလုံးသိသွားကြတယ်။ သူလုပ်ပုံကဒီလို ရယ်. . ။

တစ်ရက်မနက်စောစောစီးစီး ဈေးထဲက ဆူညံဆူညံအသံကြားလို့ ထကြည့်လိုက်တော့

လားလား. . သလာစီကြက်သားဆိုင်မှာရယ် လူတွေအုံခဲလို့. . ။ လူတွေဘယ်လောက်များသလဲဆိုရင် တိုးတိုးကြိတ်ကြိတ်နဲ့မို့ သလာစီဆိုင်ပေါ်ပြိုကျမတတ်ပဲ။ ဒီကြားထဲ ဟိုက တစ်ဆယ်သား၊ ဒီက ငါးဆယ်သားနဲ့ အပြိုင်အဆိုင်အော်ဟစ်ပြီး ကြက်သားကို အလုအယက် ဝယ်နေကြတာ။ နောက်ဆုံးဘယ်လိုမှ ထိန်းမနိုင်တဲ့အဆုံး ကျေးရွာစေတနာ့ဝန်ထမ်းမီးသတ်တွေနဲ့ တားယူရတဲ့အထိပဲ။

လူတွေစိတ်ဝင်စားမယ်ဆိုရင်လည်း စိတ်ဝင်စားစရာပဲ ကြည့်စမ်းသလာစီလုပ်ပုံက ဆိုင်ဝမှာ ဆိုင်းဘုတ်ကြီးတစ်ခုချိတ်ဆွဲထားပြီး ဆိုင်းဘုတ်ပေါ်မှာ မြေဖြူနဲ့ မသပ်မရပ်ရေးထားတာက

'သလာစီဆိုင်မှာ အမြဲမပြတ်ဝယ်ယူအားပေးကြတဲ့ ကြက်သားပရိသတ်များကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကြက်သား (၁၀)သားနဲ့အထက်ဝယ်သူတိုင်းကို ကံစမ်းမဲနှိုက်ခွင့်ပေးပါ့မယ်။ မဲပေါက်ရင် အာချီတစ်ဘူးလက်ဆောင်ပေးမှာဖြစ်လို့ ကြက်သားစားပြီးကံစမ်းလိုက်ကြပါ'

ကိုင်း. . ကြက်သား (၁၀)သား အထက်ဝယ်သူတိုင်းကို အာချီတစ်ဘူးကံစမ်းမဲနှိုက်ခွင့်ပေးမယ်တဲ့။

သူပေးတဲ့အာချီကလည်း (၁၅)ကျပ်တန် အာချီအညံ့စားရယ်။

www.burmeseclassic.com


နို့ပေတဲ့ လူတွေကလည်း ကိုယ့်ကံဘယ်လောက် ကောင်းတယ်ဆိုတာ သိချင်ကြတယ်ထင်ရဲ့။ ငါးဝယ်တဲ့သူတွေကလည်း ငါးမဝယ်တော့ဘူး။ ကြက်သား (၁၀)သားဝယ်ပြီး ကံစမ်းမဲဝင်နှိုက်ကြတာပေါ့။ တချို့ကြက်သား (၁၀)သားဝယ်လိုက် ကံစမ်းမဲ တစ်ခါနှိုက်လိုက်နဲ့ (၅၀)သားတို့ (၁)ပိဿာတို့ထိတောင် ဖြစ်ကုန်ကြတာပေါ့ရော. . . ။

သလာစီခများမှာလည်း သူတစ်ယောက်တည်း ရောင်းရတာ လက်မလည်တော့လို့ သားတော်မောင် ဟာရစ်ကို ကျောင်းပေးမတက်တော့ဘဲ သူနှင့်အတူ ဈေးရောင်းခေါ်ထားရတော့တယ်။ ဝယ်လိုအားက အရမ်းများတာကိုး. ။

ဘယ်လောက်အထိများလဲဆို အရင်တစ်နေ့ ကြက်(၁၀)ကောင်လုပ်နေ ရာကနေ ကြက်အကောင် (၃၀)လောက် လုပ်ရတဲ့အထိပါပဲ။ သလာစီတို့ကြက်ခုတ်နေတာများ တရုတ်သိုင်းကားကြည့်ရတာများတောင် မှတ်တယ်။

သလာစီကိုကြည့်ပြီး သူနဲ့ဈေးပြိုင်ဒေါ်တရုတ်မပါးစပ်အဟောင်းသားကိုဖြစ်ရော။

ဒီလိုနဲ့ (၂)ရက် (၃)ရက်လည်းကြာရော အရောင်းအဝယ်မကောင်းတဲ့ ဒေါ်တရုတ်မကလည်း တစ်မျိုးကြံလာပြန်တယ်။ သူက ရွာတကာ လှည့်ရောင်းနေတဲ့သူဆိုတော့ ပိုလို့တောင်ခေတ်မီသေးတယ်။ ရွာထဲအမြဲ အရက်မူးမူးနေတဲ့ စာရေးဆရာအို ကိုကိုကြီးကို အရက်တစ်ပိုင်းတိုက်ပြီး သူလည်း ကံစမ်းမဲပေးမယ့် အကြောင်းကို လက်ကမ်းလေးတစ်ပုဒ်ရေးခိုင်းတယ်။ ပြီးတော့ သူ့ဆိုင်ဝမှာ ဆိုင်းဘုတ်နှင့်ဆွဲပြီး ချိတ်ထားလိုက်တယ်။ ရေးထားတာက ဒီလိုရယ်။

တရုတ်မကြက်သားဝယ်သူအား မေတ္တာတုံ့ပြန်စေတနာမှန် ကံစမ်းယူထုတ် ဗလာစာအုပ်တဲ့. . .

ကိုင်း သလာစီက (၁၅)ကျပ်တန် အာချီဘူးပေးတယ်။ သူကပိုပြီး (၃၀)တန် ဗလာစာအုပ်ပေးတယ်။ ပြီးတော့ ပါးစပ်ကလည်း 'လာနော် ဒီမှာလည်း ကံစမ်းမဲတွေပေးနေတယ်။ သူများလို (၁၅)ကျပ်တန် ပေးတာ မဟုတ်ဘူး။ (၃၀)တန် ဗလာစာအုပ်ပေးတာ'

www.burmeseclassic.com


ဆိုပြီးပါးစပ်ကလည်း အဆက်မပြတ်အော်ရောင်းတယ်။ နို့ပေမယ့် အသံသာကုန်သွားတယ်။ ကြက်သားပရိသတ်က သူ့ဆိုင်ဘက်ယောင်လို့ တောင်မလှည့်ဘူး။ သလာစီမှသလာစီပဲ။

ဒီလိုနဲ့ မကြာဘူးရယ်။ (၁)လလောက်ပဲရှိမှာပဲ။ ဒေါ်တရုတ်မခမျာ လုံးဝအရောင်းအဝယ် မကောင်းတဲ့နောက်ဆုံးဆိုင်ဖြုတ်ပြီး အခြားရွာ ပြောင်းပြေးရတော့တာ. . . ။

အဲဒီလိုဖြစ်ပြီး အတော်ကြာမှ သလာစီက သူရဲ့ဈေးရောင်းနည်းကို အရက်ဝိုင်းမှာ ဖောက်သည်ပြန်ချတယ်။ သူပြောတာက ဒီလိုရယ်. . ။

'ကျွန်တော် (၁၅)ကျပ်တန် အာချီကံစမ်းမဲပေးတယ်နော်။ လူဝယ် တယ်။ သူနော် (၃၀)တန် ဗလာစာအုပ်ပေးတယ်။ လူမဝယ်ဘူး။ ကျွန်တော် ဉာဏ်ရှိတယ်နော်။ သူဉာဏ်မရှိဘူး။ သလာစီ တစ်ခါတည်း စဉ်းစားတယ်။ သလာစီအရောင်းအဝယ်ကျလာတယ်။ အရောင်းအဝယ် တက်လာအောင် နော် ကံစမ်းမဲပေးတယ်။ လူတွေစိတ်ဝင်စားအောင် ဘာပေးမလဲ ကျွန် တော်စဉ်းစားတယ်။ အစ်ကိုတို့လည်း သိတဲ့အတိုင်း အိမ်တစ်အိမ်မှာ ဈေး ဝယ်တယ်နော်။ အိမ်ရှင်မ (မိန်းမ) တွေပဲ ဈေးဝယ်တယ်။ မိန်းမတွေနော် အလှကြိုက်တယ်။ သူတို့နော် တစ်ချိန်လုံးလှချင်တယ်။ ဒါ့ကြောင့် (၁၅)ကျပ် တန်အာချီ ကံစမ်းမဲပေးတယ်။ သူတို့အလှပြင်လို့ရတယ်။ ဒေါ်တရုတ်မ (၃၀)တန်ဗလာစာအုပ်ပေးတယ်။ ဈေးပိုကြီးတယ်။ ဒါပေမယ့် အိမ်ရှင်မတွေ အလှပြင်လို့ မရဘူး. . . ဒူး. . ဒူ'

အဲဒီလောက်ဆို သလာစီအကြံဉာဏ် ဘယ်လောက်ကောင်း ကြောင်းသိလောက်ရောပေါ့။ အမှန်တော့ ကံစမ်းမဲတွေ ဘယ်လောက်ပေး ပေး လူတွေနဲ့သင့်တော်မှ စိတ်ဝင်စားကြမှာပေါ့။ သလာစီ ဆိုရင်ကြည့် ရောင်းတာကကြက်သား၊ ပေးတာက အာချီ ဒါပေမယ့် လူတွေနဲ့လိုက်ဖက်တော့ သူ့အကြံဉာဏ်အောင်မြင်တယ်။ ဘယ်လောက် အထိအောင်မြင်သလဲဆို အဲ့ဒီအချိန်က ရွာထဲမှာ မျက်နှာဖြူဖြူနဲ့ ကောင်မလေးတွေမြင်ရင် မေးစရာ မလိုဘူး။ သူ့အိမ်မှာချက်တာ ကြက်သား။ သူလူးထားတာက သလာစီ အာချီ . . . ။

◗◗◗◗◗

www.burmeseclassic.com

သလာစီက အဲ့ဒီလိုလူမျိုးရယ်. . ။

သူကဉာဏ်လည်းကောင်းတယ်။ ဉာဏ်ကောင်းတဲ့အပြင် ပေါက်ပေါက်ရှာရှာလည်း တွေးတတ်တယ်။

ဒါ့ကြောင့် မိုးတိမ်က သလာစီကို အားကိုးတာ။

အခုလည်းကြည့်လေ. . မိုးတိမ်ကို သလာစီအကြံပေးလိုက်ပြီ. .။

'မိုးတိမ်နော် တစ်ခါတည်း ကြိုးဆွဲချသေလိုက်. . . '

'ဘာကွ. . . '

သလာစီစကားကြောင့် မိုးတိမ်မျက်လုံးပြူးပြီးထအော်တယ်။ သလာစီ ကတော့ အေးအေးဆေးဆေးပဲ။ အရက်ခွက်ကို တဖြည်းဖြည်းဆရင်း. . .

'ဟုတ်တယ်. . . မင်းတစ်ခါတည်း ကြိုးဆွဲချသေလိုက်. . . '

'မင်း. . . မင်း'

www.burmeseclassic.com


မိုးတိမ်မျက်လုံးကြီးပြူး၊ အံကြီးကြိတ်ပြီး ဒေါသထွက်နေတာ တက်သွားမလားတောင် မှတ်ရတယ်။ လက်သီးကြီးဆုပ် အံကြီးကြိတ်ပြီး ငြိမ်နေတာ. . . အတော်ကြာမှ သလာစီမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး. . .

'ဟေ့ကောင်. . သလာစီ. . မင်းငါ့ကို သေကြောင်းကြံနေတာလား'

မိုးတိမ်ရဲ့စကားကို သလာစီပေါင်ကိုပုတ်ပြီး အားရဝမ်းသာနဲ့. .

'အေး ဒါကိုပြောတာ. . . အေးပါ. . ။ မင်းကိုယ်မင်းသေကြောင်းကြံသလိုလုပ်ရမှာ. . ဒဒူ့မေဂျစ်ရဲ့'

'ဘာရယ်'

သလာစီစကားကြောင့် မိုးတိမ်ကြောင်သွားပြန်တယ်။ သလာစီက မိုးတိမ်နားကပ်ပြီး. . .

'ဟုတ်တယ်နော်. . မေဖြူတို့ ဒေါ်ဝင်းတို့က မင်းကိုယ်မင်း တစ်ခါတည်း သေကြောင်းကြံတယ်လို့ကို မြင်မှဖြစ်မယ်'

မိုးတိမ်သူ့ခေါင်းသူ ပြန်ကုတ်လိုက်တယ်။ ပြီးမှ ခေါင်းခါပြီး. . .

'ငါမရှင်းဘူး. . . '

'ဒီလိုလေကွာ. . မင်းအိမ်ကနေ ကြိုးတစ်ချောင်းယူကွာ. . .။ ပြီးရင်နော် ဒေါ်ဝင်းတို့မေဖြူတို့အိမ်ထုတ်တန်းပေါ်တက်။ ထုတ်တန်းပေါ်ကြိုးကိုချည်။ ကျန်တဲ့တစ်စကို လည်ပင်းမှာကွင်းလျှောလုပ်ပြီးစွပ်'

'ပြီးရင်. . . နော် ဒေါ်ဝင်းသမီးနဲ့ ကျွန်တော့်ကို ပေးစားမလား . . . မပေးစားဘူးလားမေး. . . ။ မပေးစားဘူးဆိုရင် မေဖြူကို နင် ငါ့ကိုချစ်မလား မချစ်ဘူးလားမေး။ မေဖြူနော် တစ်ခါတည်း ချစ်တယ် မချစ်ဘူးပြော. . ခုမုန်းဖို့နင်. . . ပြန်တစ်ခါချစ်ဖို့. . ဘွာတေးလို့ပြော ဒီလို ထိထိမိမိပြော။ သူကမှ မချစ်ဘူးဆိုရင် ခုန်ချလိုက်တော့. . . '

'ဟာ. . လည်ပင်းကြိုးကွင်းစွပ်ခုန်ချတော့ သေမှာပေါ့ကွ ခွီး. . မှပဲ. . '

'ထပ်သရီး. . အဲ့ဒါကြောင့် မေဖြူမင်းကို မကြိုက်တာ။ မင်းအဲဒါကြောင့် မေဖြူနဲ့မရတာ. . . ဒါလိုတယ်. . ဒါဒါ. . '

www.burmeseclassic.com


သလာစီသူ့ခေါင်းကို လက်ညှိုးထိုးပြတယ်။ မိုးတိမ်ကမျက်မှောင်ကျုံ့ပြီး . .

'လာပြန်ပြီဒါ. . ဘာလိုလို့လဲ. . '

'ဦးနှောက်လေ. . ဦးနှောက်. . ကြက်မှာတောင် ဦးနှောက်ရှိတယ်နော်. . နင့်မှာမရှိဘူး. . တစ်ခါတည်း ကြိုးကွင်းစွပ်ခုန်ချတယ်ဆိုမှ ကိုယ့်ကိုယ်ကိုယ်သေအောင်တော့ ဘယ်လုပ်မှာလဲ. . . '

'ဒါဆို. . '

'အာကျာကျာ. . ဟကောင်ရ ကြိုးကိုနော် ထုတ်တန်းနဲ့နော် ကြမ်းပြင်မီသလောက်တိုင်းပြီး တစ်ခါတည်း. . ခုန်ချမှာပေ့ါ. . . နင်နော် တော်တော်တုံး. . '

'ခုန်ချရင်. . '

'အေးလေကွာ. . အဲဒီလိုခုန်ချရင် နင့်လည်ပင်းဘယ်အစ်တော့မှာလဲ. . ကြိုးရှည်ရင်ရှည်သလောက် ခွေခွေလေးပဲကျကျ. . တစောင်းပဲကျကျအေးဆေးပေ့ါ. . . ။ ဒါပေမယ့် အိုက်တင်ကိုတော့ အကယ်ဒမီရှော့လုပ်ရမယ်နော်. . . '

'ပေါက်ပြီ. . . ။ မိုးတိမ်ပေါက်သွားပြီ. . . ။ တော်ပြီ ညီလေး။ မိုးတိမ်ပေါက်သွားပြီ။ သဘောက ကြိုးရှည်ရှည်တစ်ချောင်းယူ ထုတ်တန်းပေါ်တက်. . ဒေါ်ဝင်း ခင်ဗျားသမီးနဲ့ ကျုပ်ကို ပေးစားမလား မပေးစားဘူးလား ခပ်မာမာမေး။ မပေးစားဘူးဆို ထုတ်တန်းပေါ်ကြိုးချည်။ ပြီးရင် မေဖြူငါ့ကိုချစ်မလား မချစ်ဘူးလားလို့မေး. . ။ မချစ်ဘူးဆိုရင် လည်ပင်းမှာကြိုးကွင်းစွပ်။ နောက်ဆုံးအနေနဲ့ ချစ်မလား ပေးစားမလား နှစ်ယောက်လုံးဖြေဆိုပြီး တစ်ခါတည်း လေသံမာမာနဲ့မေး။ သူတို့က မလုပ်ရဲဘူးထင်ပြီး မချစ်ဘူး မပေးစားဘူးဆို တစ်ခါတည်းအောက်ကိုခုန်ချ။ အဲဒီတော့မှ အောင်မလေးတော့ ချစ်ပါ့မယ်။ ကြိုက်ပါ့မယ်။ ပေးစားပါ့မယ်ဆိုပြီးဖြစ်။ ကိုယ်ကကြမ်းပြင်ပေါ်က စောင့်ကြောင့်လေးထိုင်ပြီး။ တောက် ကြိုးရှည်သွားလို့ပေ့ါကွာလို့ပြော ကိုင်းပွဲပြတ်ပြီ. . မိုးတိမ်မိန်းမရပြီ. . ဟား ဟား . . '

မိုးတိမ်က သူ့ဖာသာသူပြောပြီး သူ့ဖာသာသူ သဘောကျနေတယ်။ ဒါကို သလာစီကလည်း အမြှောက်သမားမို့. .

www.burmeseclassic.com


'အဲဒီအထိတောင်မနေပါဘူးမိုးတိမ်ရေ့ . ထုတ်တန်းပေါ်တက်သွားကတည်းက ဒေါ်ဝင်းကသားရယ် အဲဒီလောက်ထိမမိုက်ပါနဲ့ဆိုပြီးဖြစ်။ မေဖြူလေးကလည်း မလုပ်ပါနဲ့ ကိုကိုမိုးတိမ်ရယ်. . ။ မေဖြူမယူလည်း အမေယူပါ့မယ်ဆိုပြီး. . '

'ဟာ မင်းဟာကလဲကွာ. . သူ့အမေနဲ့ချည်းညားနေတော့တာ. . '

မိုးတိမ်စကားကို သလာစီရယ်ရင်း. .

'အလကားစတာပါကွာ. . မင်းအတွက် ငါဝမ်းသာလွန်းလို့ပါ. . ။ အောင်ပွဲအကြိုအဖြစ်. . '

ဆိုပြီး သူ့အရက်ခွက်ကို မြှောက်လိုက်တယ်။ မိုးတိမ်ကပါ အားရဝမ်းသာနဲ့ ခွက်ကို မြှောက်လိုက်တယ်။

'ကျေးဇူးတင်သည့်. . . သလာစီ'

'မလိုဘူးသူငယ်ချင်း. . မင်းရဲ့အချစ်ရေးအောင်မြင်ဖို့ တို့လည်းဘယ် ဘာသိဘာသာ နေနိုင်မလဲကွာ. . . ကိုယ်သိသလောက် တတ်သလောက်တော့. . ငါ့ရဲ့သီအိုရီကို အစတည်းက မင်းသုံးရင်. . တစ်ခါတည်း အခုဆို သားသုံးယောက်တောင်ရနေလောက်ပြီ. . သေနာကျအောင်မြင်ပါစေကွာ. . . '

ဒါ သလာစီရဲ့ ဆုတောင်းစကား. . .

www.burmeseclassic.com

ရှာလမ်းတစ်လျှောက်. . ကြိုးခွေကို စလွယ်သိုင်းပြီး ခပ်ရိုင်းရိုင်းလေး လမ်းလျှောက်လာတဲ့ မိုးတိမ်ကို တွေ့ရတယ်။

ဒါကသိပ်တော့မဆန်းပါဘူး. . ။ မိုးတိမ်လွှတ်ကြောင်းချထားတဲ့ နွားတွေပြန်ဖမ်းဖို့၊ ဒါမှမဟုတ်. . ရိုးထဲမှာကိုင်းသွားထောင်ဖို့. . ဒီလောက် ထင်ကြတာရယ်။

အမှန်တော့မဟုတ်ဘူးရယ်

မိုးတိမ်သူ့လည်ပင်းသူ ကြိုးကွင်းစွပ်ဖို့. . ။ ဘယ်သူ့အကြံလဲမမေးနဲ့. . ။ ဒါကသလာစီအကြံ။ မိုးတိမ်ကတော့ ဒီတစ်ခါတော့ အောင်မြင်ပြီဆိုတဲ့စိတ်နဲ့ ပီတိတွေဝေ၊ ခြေလှမ်းတွေသွက်လို့. . . ။ သလာစီ. . . အကြံကို သူ သဘောကျတယ်။ ဟုတ်တယ်။ ဒီအကြံကအသားလည်း မနာ။ သည်းထိတ်ရင်ဖိုအဖြစ်နိုင်ဆုံးနည်းစနစ်မဟုတ်လား။ နေဦး. . . တော်ရုံသတ္တိကောင်းတဲ့လူတောင် ဒီလိုလည်ပင်းကြိုးကွင်းစွပ်ပြီး ခုန်ချတာကြည့်

www.burmeseclassic.com


ရဲမှာ မဟုတ်ဘူးရယ်။ ဒေါ်ဝင်းတို့ မေဖြူတို့ဆိုတာ ဘယ်လောက်သတ္တိ ကောင်းတာလိုက်လို့. .။ သူထုတ်တန်းပေါ်ရောက်တာနဲ့ သူတို့ သေးထွက်နေလောက်ပြီ. . ကြောက်လွန်းလို့. . .။ မိုးတိမ် ပီတိတွေဝေလို့. . ပြုံးလိုက်တယ်. . ။ ပြီးတော့ အကြံဉာဏ်ပေးတဲ့သလာစီကိုလည်း ချီးကျူးတယ်။ ဟုတ်တယ်လေ. .။ ဒီလိုအကြံအစည်ကောင်းမျိုး တော်ရုံ တန်ရုံလူက ရတတ်တာမှမဟုတ်တာ။ သလာစီတို့လို ရှာရှာကြံကြံတွေးနိုင်တဲ့ သူမို့လို့ သာရတာ. .။ နောက်ပြီး ကတ်သီးကတ်သတ်တွေးနိုင်တာ. .။ ဒီလိုအကြံကောင်းလို့ကတော့ သလာစီပြောသလို သူမေဖြူနဲ့ညားပြီးတာ ကလေးသုံးယောက်တောင် ရနေလောက်ပြီ. . .။

မိုးတိမ်ပီတိစိတ်နဲ့ လှမ်းလာလိုက်တာ ဘာကြာတာလိုက်လို့. .။

ဟော. . မေဖြူတို့အိမ်တောင်ရောက်ပြီ. .။

မိုးတိမ်ပိုပြီးဝမ်းသာသွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီတစ်ခါ သူ့ကို နှောင့်ယှက်မယ့် အဖျက်ကောင် ကုလားဒိန်ကိုမှ မတွေ့ခဲ့ရလို့။

မိုးတိမ်ပျော်ပြီး မေဖြူတို့အိမ်ထဲလှမ်းဝင်လိုက်တယ်။ သူလှမ်းတဲ့ခြေလှမ်း နှစ်လှမ်းလောက်ပဲရှိဦးမယ်။ သူ့မျက်နှာကြီးမည်းသွားတယ်။ မည်းလည်းမည်းချင်စရာ. . ဟုတ်တယ်။ မေဖြူတို့အိမ်က ကုပ်ကွကုပ်ကွ လှမ်းထွက်လာတဲ့လူတစ်ယောက်. .။

ကုလားဒိန်. .

မိုးတိမ် ကုလားဒိန်ကိုမြင်တော့ ဒေါသထွက်သွားတယ်။ ခုနမတွေ့ရလို့ဆိုပြီး ပျော်နေတဲ့စိတ်တွေ ဒေါသဖြစ်ပြီး ငယ်ထိပ်တက်ဆောင့်တယ်။ ဒါ့ကြောင့် လှမ်းလက်စခြေလှမ်းကို ရပ်ပြီး. .

'ဟေ့ကောင် ကုလားဒိန်. . မင်းဒီအိမ်ဝိုင်းထဲကို ဘာလို့လာတာလဲကွ. . ဟေ. . '

ဆိုပြီး မဆီမဆိုင် သူ့အိမ်ဝိုင်းလိုဟန်မျိုးနဲ့ လှမ်းဟောက်တယ်။ ကုလားဒိန်ကတော့ သိတဲ့အတိုင်း မဖြုံပါဘူး။ မဖြုံတဲ့အပြင် စပ်ဖြဲဖြဲမျက်နှာလေးနဲ့. . .

'အော်. . . ဘယ်သူများလဲလို့. . ကိုမိုးတိမ်ကြီးကိုး. . ဒီမှာလေ. . ဒေါ်ဝင်းက ခိုသားစားချင်တယ်ဆိုလို့ ခိုလေးများတစ်ကောင်စနှစ်ကောင်

စရတာနဲ့ သတိရပြီးပြေးလာတာ။ အိမ်ထဲဝင်ပြီး စားသွားပါဦး ကိုမိုးတိမ်ရဲ့ ခိုသားက သူငယ်နာစင်တယ်ဗျ. . . '

ကုလားဒိန်ရဲ့စကားကြောင့် မိုးတိမ်ထောင်းခနဲ ဒေါသထွက်သွားတယ်။ ဒါ့ကြောင့် အသံကိုမြှင့်ပြီး။

'ဟေ့ကောင်. . မင်းငါ့ကို သူငယ်နာမစင်တဲ့ကောင်များ မှတ်လို့လား။ သူငယ်နာဖြစ်နေတာမင်း. ။ ရုပ်ကိုက လေငန်းဆွဲနေသလို ပိုလီယိုပဲဖြစ်တော့မလိုနဲ့. . . '

မိုးတိမ်ရဲ့ဒေါသတကြီးစကားကို ကုလားဒိန်က ဘာမှမသိသလိုနဲ့ တဟဲဟဲရယ်ပြီး. . .

'အော်. . ဟုတ်လား. . ။ မသိပါဘူးဗျာ. . ။ ကိုမိုးတိမ်ကြီး တစ်ခါလား မေဖြူရှေ့ ကိုယ့်ပုလင်းနဲ့ကိုယ့်ခေါင်းကိုယ်ပြန်ရိုက်ပြီး ဝက်ရူးပြန်သလားလို့ ကြားမိသလိုပဲ. . . ဟဲ ဟဲ. . '

'ဟေ့ကောင် မင်းမင်း. . . '

မိုးတိမ် ကုလားဒိန်ကို ထိုးဖို့ပြေးဝင်သွားတယ်။ ဒါကို ကုလားဒိန်က လက်ကာပြပြီး. . .

'ဟိုးဟိုး ကိုမိုးတိမ် ဟိုမှာ မေဖြူတို့ကြည့်နေတယ်ဗျ. . '

မေဖြူတို့ကြည့်နေတယ်ဆိုတော့ မိုးတိမ်ကိုယ်ရှိန်သတ်လိုက်တယ်။ ပြီးတော့ မေဖြူတို့ဘက် ဝေ့ကြည့်လိုက်တယ်။ မေဖြူတို့သားအမိက သူတို့နှစ်ယောက်ကို ကြည့်နေတာ။ ဒါကြောင့် ဒေါသကို ပြန်ထိန်းထားလိုက်ရတယ်။ နောက် ခါးကို ဇာတ်မင်းသားများထောက်သလို လက်ကောက်ဝတ်နဲ့ထောက်ပြီး. . .

'ဟေ့ကောင်. . မင်းမေဖြူတို့ရှေ့မှာမို့ ကံကောင်းသွားတယ်မှတ်. . နောက်မို့ရင် ငါ့လက်သီးက မင်းမျက်နှာပေါ် စုံကြဲပြီးသားပဲ. . '

မိုးတိမ်ရဲ့ကြိမ်းဝါးသံကို ကုလားဒိန်က ဖြဲခနဲရယ်ပြီး. .

'ဟဲ. . ဟဲ. . သိပါတယ်ဗျာ. . . ကိုမိုးတိမ်က စနေသား နေတက်ရေတက်မှာဖွားမှန်း. . . ဒါနဲ့နေပါဦး ဒီကြိုးကြီးက ဘာလုပ်ဖို့တုံး မေဖြူကို ကြိုးနဲ့တုပ်ပြီး ထမ်းပြေးဖို့တော့ မဟုတ်လောက်ပါဘူးနော်. . '

'ဟေ့ကောင်. . မင်းအလုပ်တစ်ခုမှမပါဘူး. . ။ ငါ့ဘာသာငါ

www.burmeseclassic.com


မေဖြူကို ကြိုးနဲ့ပဲတုပ်တုပ် ဂုံနီအိတ်နဲ့ပဲထည့်ထည့်။ မင်းအပူတစ်ပြားသားမှ မပါဘူး'

မိုးတိမ်ရဲ့ ဒေါသတကြီးစကားကို ကုလားဒိန်ကဖြဲခနဲရယ်ပြီး . .

'မပါပါဘူးဗျာ. . ။ မသိပါဘူး. . . ဟဲဟဲ ကိုမိုးတိမ်ကြီးအကြံအစည်ကို ကျွန်တော်သိပါတယ်. . ဟဲဟဲ. . '

ကုလားဒိန်ရဲ့စကားကြောင့် မိုးတိမ်တွန့်ဝင်သွားတယ်။ ကုလားဒိန်ကသာ ဘာမှမဖြစ်သလိုဟန်မျိုးနဲ့. . .

'သွားပြီ ကိုမိုးတိမ်ရေ ကိုမိုးတိမ်ကြီးအောင်မြင်ပါစေလို့ ဆုတောင်းပါတယ် ဟဲဟဲ'

ဆိုပြီးထွက်သွားတော့တယ်။ မိုးတိမ်က ကုလားဒိန်နောက်ကျောကိုကြည့်ပြီး. .

'တောက်. . ကုလားဒိန်. . ငါနဲ့မေဖြူညားပြီးရင် ပထမဦးဆုံးရတဲ့ကလေး မင်းနာမည်ပေးပြီး စိတ်ရှိလက်ရှိတွယ်ပစ်ဦးမယ်'

လို့စိတ်ထဲကကြိမ်းဝါးပြီး မေဖြူတို့အိမ်ဘက်လှည့်ဝင်လိုက်တယ်။

'ဟဲ့. . ဟိုကောင်လေး. . ကြိုးတစ်ခွေနဲ့ ဘာလုပ်ဖို့တုံး. . . တို့ခြံဝိုင်းထဲ မင်းနွားတွေဝင်တာလည်း မတွေ့ပေါင်ဟယ်. . ရုတ်ရုတ်တော့ဝင်မလုပ်နဲ့နော်။ ဒေါ်ဝင်းအကြောင်းသိတယ်မဟုတ်လား. . '

ဒေါ်ဝင်းကြီးက မိုးတိမ်ထက်ဦးအောင်ကြိမ်းဝါးလိုက်တယ်။ ဒါကိုမိုးတိမ်က အိမ်ကပြင်မှာဝင်ထိုင်ပြီး. . မျက်နှာထားတင်းတင်းနဲ့. .

'ကျုပ်နွားဝင်လို့မဟုတ်ပါဘူးအရီးရာ. . ကြွက်ဝင်နေလို့ဗျ. . ကြွက်ဝင်နေလို့. . '

မိုးတိမ်ရဲ့စကားကို ဒေါ်ဝင်းက အူကြောင်ကြောင်နဲ့ မျက်မှောင်ကျုံ့ပြီး. . .

'ဘာလဲ. . နင်ကကြွက်တစ်ကောင်လုံး မျိုချလိုက်လို့လား. . '

'ဟာ. . . ဘယ့်နှယ်ကြွက်တစ်ကောင်လုံးမျိုချရမှာတုံး အရီးရ. . ကြွက်ကသူ့ဖာသာသူ ဝင်လာတာ'

'ဟဲ့. . ဘယ်လိုလုပ်ကြွက်က သူ့ဖာသာသူဝင်တာတုံး. . ။ ကြွက်တောင်ဝင်လို့ရတယ်ဆိုတော့ နင့်ဘယ်အပေါက်က ဒီလောက်တောင်ကျယ်

www.burmeseclassic.com


နေလို့လဲ . . '

ဒေါ်ဝင်းရဲ့စကားကြောင့် မိုးတိမ်စိတ်ညစ်သွားပြီး ခေါင်းကိုတဖျင်းဖျင်းကုပ်တယ်။ ပြီးမှ ကဗျာသံစာသံနဲ့ . . .

'အရီးနယ် ဝေးပြန်ရော . ။ ကျုပ်နှလုံးသားထဲ ကြွက်ဝင်နေတာဗျ ကြွက်ဝင်နေတာ။ ဝင်နေတဲ့ကြွက်က ဟောဒီမေဖြူဆိုတဲ့အချစ်ကြွက်ဗျ . . အချစ်ကြွက် . . အချစ်ကြွက်ကလေးဝင်နေတာ'

မေဖြူပြာလက်စ ဆန်ဗန်းကို ဘောက်ခနဲပစ်ချပြီး

'လာပြန်ပြီ တဏှာရူးကိစ္စ . . ရှင့်ကို ပြန်ချစ်ဖို့ညဲ့ပါလေ့ . . . '

ဆိုပြီး မျက်နှာကိုရှုံ့မဲ့လို့ အိမ်ခန်းထဲ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ဝင်သွားတယ်။ မေဖြူလည်းဝင်သွားရော မိုးတိမ်ပိုတင်းသွားပြီး အသံမာမာနဲ့

'အရီးဝင်း အရီးဝင်းသမီးကို မပြောတော့ဘူးလား . '

ဒေါ်ဝင်းမျက်လုံးပြူးသွားပြီး

'ဟဲ့ . . ငါကဘာပြောရမှာတုံး . . ဘာလဲ . . နင့်ကို ဟိုတစ်ခါလို ပါးချဖို့လား . ။ မလုပ်ပါနဲ့တော့ နင့်မျက်နှာစပရိန်သာမပျက်တာ။ တို့မှာ လက်နာလွန်းလို့ နှစ်ရက်လောက် ပရုပ်လူးပြီး စည်းထားရတာပ'

ဒေါ်ဝင်းစကားကြောင့် မိုးတိမ်ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး

'ဟာ . . အရီးကလည်း ပြီးခဲ့တာတွေ ဇာတ်ကြောင်းပြန်မနေပါနဲ့တော့။ အခုကျုပ်လာတဲ့ အကြောင်းရင်းသာ ဆွေးနွေးစမ်းပါ'

'ဆိုစမ်းပါဦး။ အခုလာတဲ့ကိစ္စ . . . '

မိုးတိမ်မျက်နှာကို တင်းလိုက်ပြီး . . မေဖြူကိုကြည့်ကာ . .

'မေဖြူလေး ကျုပ်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ . . ဖြူသည်မည်းသည် ဤနှစ်လီမည်သည်ကိုလည်း မယ့်စိတ်ထဲက ဝေခွဲပေးပါမောင့်သည်းညှာရယ် . '

'ဟဲ့ ဒါလောက်မျက်ခွက်စုတ်အောင်ဆော်ထားတာတောင် နင်က အဖြူအမည်းမကွဲသေးလို့လား မသာရဲ့ဟင် . . . '

'မေဖြူလေးရဲ့အချစ်ကို မရရင် ကျုပ်လူ့လောကမှာမနေချင်တော့လို့ အရီး'

ဟု ငိုသံကြီးဖြင့်ပြော၏။

www.burmeseclassic.com


'ဟဲ့. . နင်ကန္စွန်းချေးတွေထပ်စားဦးမလို့လား. . . '

ဒေါ်ဝင်းက အလန့်တကြားထအော်တယ်။ ဒါကို မိုးတိမ်က တစ်ချက်တွန့်သွားပြီးမှ သတ္တိရှိတဲ့ပုံစံမျိုးဖြစ်အောင် မျက်နှာကြီးရှုံ့မဲ့လိုက်ပြီး။

'ဘယ့်နှယ်န္စွန်းချေးစားရမှာလဲ။ ဟောဒီမှာဘာလဲ တွေ့လား အရီး. . . '

မိုးတိမ် သူ့ပခုံးပေါ်စလွယ်သိုင်းထားတဲ့ ကြိုးကို ပုတ်ပြတယ်။ ဒေါ်ဝင်း ငေးကြောင်ကြည့်နေတုန်း. . .

'အဲ့ဒီကြိုးနဲ့ ကျုပ်ကိုယ်ကျုပ် လည်ပင်းကြိုးချည်ပြီး ထုတ်တန်းပေါ်က ခုန်ချမှာဗျ. . . '

သူ့စကားကြောင့် ဒေါ်ဝင်းလန့်သွားပြီး. .

'ဟဲ့ဟဲ့ ဒီလိုတော့မလုပ်ပါနဲ့လေ အဲ့ဒီလိုမလုပ်နဲ့. . . '

ဒေါ်ဝင်းကို ကြည့်၍ မိုးတိမ်အားတက်သွားပြီး. . .

'ဘယ့်နှယ်အရီးဝင်း ကျုပ်သေမှာကို စိုးရိမ်လို့လား. . '

မိုးတိမ်စကားကို ဒေါ်ဝင်းခေါင်းခါလိုက်ပြီး

'ဟဲ့အကောင်ရဲ့. . နင်သေမှာစိုးရိမ်လို့ပြောတာမဟုတ်ဘူး။ ငါ့အိမ်ပြိုမှာစိုးလို့ပြောတာ။ နင့်ဝိတ်ပေါကြီးနဲ့ခုန်ချရင် ငါ့အိမ်ပြိုကျမှာစိုးရိမ်လို့တားနေရတာ'

'အင်. . . '

ဒေါ်ဝင်းရဲ့စကားကြောင့် မိုးတိမ်ဘာဆက်ပြောရမှန်းမသိဖြစ်သွားတယ်။ နောက်ထုံးစံအတိုင်း သူ့ဆံပင်သူဆွဲနှုတ်ပြီး အကြံထုတ်တယ်။ အတော်ကြာမှ အားတင်းပြီး. . .

'အော်. . ကျုပ်အသက်ကို ဒီအိမ်လောက်တောင် တန်ဖိုးမထားဘူးပေါ့လေ. . ဟုတ်လား။ တွေ့ကြသေးတာပေါ့. . ။ မိုးတိမ်တဲ့ကွ။ ။ အခုချက်ချင်းကို လည်ပင်းကြိုးကွင်းစွပ်ပြီး ခုန်ချပြမယ်'

ဆိုပြီး ကြိုးကိုလွယ်ပြီး အိမ်ထုတ်တန်းပေါ် ကုပ်ကပ်တက်သွားတယ်။ သူ့ကိုကြည့်ပြီး ဒေါ်ဝင်းကြီးက

'ဟဲ့. . ဟိုမသာလေးမလုပ်နဲ့လေ. . ငါ့အိမ်က ခိုင်တာမဟုတ်ဘူး ရပ်လို့ပြောနေတယ် မရဘူးလား. . '

www.burmeseclassic.com


ဒေါ်ဝင်းအော်သံကြောင့် မေဖြူကပါ အိပ်ခန်းထဲကထွက်ကြည့်တယ်။ ထုတ်တန်းပေါ်က မိုးတိမ်ကိုတွေ့တော့ မျက်လုံးပြူးသွားတယ်။ ပြီးတော့ အသံစွာစွာနဲ့. .

'ဟဲ့. . ဟိုလူကြီး အိမ်ထုတ်တန်းပေါ်တက်ပြီး. . ဘာလုပ်တာလဲတော့. . ကျုပ်တို့အိမ်ပြိုကျတော့မှာ. . ပြန်ဆင်းပါဟိုလူကြီးရဲ့. . . ကိုယ်သေချင်ရင် ကိုယ့်အိမ်ကိုယ်ပြန်လုပ်'

ဆိုပြီးအော်တယ်။ ဒါကို မိုးတိမ်က သူ့ကို မသေစေချင်လို့တားနေတယ်များမှတ်လို့လားမသိဘူး။ မျက်နှာမာမာဟန်များများနဲ့

'မဆင်းနိုင်ဘူး မေဖြူ မင်းမှငါ့ကိုမချစ်ဘူးဆိုရင် ငါ့လည်ပင်းငါကြိုးကွင်းစွပ်ပြီး ခုန်ချတာပ။ ကြည့်နေစမ်းပါ. . မိုးတိမ်တဲ့. . . ဟားဟားအချစ်အတွက် အသက်စွန့်ရဲတယ်'

ဆိုပြီး ထုတ်တန်းကို ကြိုးနဲ့သေချာချည်လိုက်တယ်။ ဒါကို ဒေါ်ဝင်းက မျက်လုံးကြီးပြူးပြီး. . .

'ဟဲ့ကောင်လေး ပြောနေတာမရဘူးလား. . . ငါ့အိမ်ပြိုကျရင်တော့ နင်မလွယ်ဘူးမှတ်နော်. . '

'ဟော့လူကြီး မလုပ်နဲ့. . . မလုပ်နဲ့ဆို. . အလိုတော်. . . '

မေဖြူနဲ့ ဒေါ်ဝင်းအသံတွေက ဆူညံနေတယ်။ ပြီးတော့မိုးတိမ်ကိုပြောမရတဲ့အဆုံး မိုးတိမ်ခုန်ချရင်လွတ်နိုင်အောင် သူကျနိုင်တဲ့နေရာအနားက ကွမ်းအစ်တို့ ဆန်ဇန်းတို့ရှင်းပေးလိုက်တယ်။ မိုးတိမ်ကတော့ ဂရုမစိုက်တော့ဘူး။ ကြိုးကိုကွင်းလျှောလုပ်ပြီး သူ့လည်ပင်းသူစွပ်လိုက်တယ်။ ပြီးတော့ ကြိုးတွေကို ဘယ်နေရာမှမငြိအောင် အသေအချာရှင်းပြီး အောက်ကိုငုံ့ကြည့်လိုက်တယ်။ သူ့ကြိုးက လည်ပင်းနဲ့ချည်ထားတာ တောင်အောက်ကိုထိလောက်အောင် ရှည်နေတယ်။ ပြီးတော့ ကြိုးကိုရှင်းရင်း အောက်ကိုကြည့်တယ်။ အောက်မှာ မေဖြူကိုမြင်တော့ အားတက်သွားပြီး အသံကျယ်ကျယ်နဲ့အော်မေးလိုက်တယ်။

'မေဖြူ နင်ငါ့ကို ချစ်မှာလားမချစ်ဘူးလား။ အသေအချာပြောစမ်း'

မေဖြူကလည်း သူ့ကိုကြည့်ပြီးပြန်အော်တယ်. . . ။

'မချစ်ဘူး. . မချစ်ဘူး. . '

www.burmeseclassic.com


'ဒါဆို ငါခုန်ချလိုက်မယ်. . . '

'မခုန်ချနဲ့ မခုန်ချနဲ့ အိမ်ပြိုမယ်'

မေဖြူက အိမ်ပြိုမှာစိုးလို့တားတယ်။ ဒါနဲ့မေဖြူကိုမရတော့ မိုးတိမ် ဒေါ်ဝင်းဘက်လှည့်ကြည့်လိုက်တယ်. . .

'အရီးဝင်း. . အရီးဝင်းသမီးနဲ့ကျုပ်ကို သဘောတူလား. . '

'တူဘူး . . တူဘူး . . '

'မတူရင် ခုန်ချလိုက်မယ်. . . '

'ခုန်ချနဲ့ ခုန်ချနဲ့ အိမ်ပြိုမယ်. . . '

ဟိုက အိမ်ပြိုမှာစိုးလို့တားနေတာ။ ဒါကို မိုးတိမ်က ဘယ်လိုစိတ်ကြီး ဝင်သွားလဲမသိဘူး။

'အော် ခင်ဗျားတို့က ကျုပ်အသက်ကို အိမ်လောက်မှတန်ဖိုးမထား ပဲကိုး. . . ကဲ. . ဒီလောက်တောင်ဖြစ်တာ. . ခင်ဗျားတို့မချစ်ရင် ကျုပ် ခုန်ချပြီးဗျာ. . ကဲလာလေ့. . ဝမ်းတူးသရီး'

ဆိုပြီး ထုတ်တန်းပေါ်က ဂုန်းခနဲခုန်ချလိုက်တယ်။ မိုးတိမ်ခုန်ချ တာမြင်တယ်ဆိုရင်ပဲ ဒေါ်ဝင်းနဲ့မေဖြူတို့ ကိုယ့်မျက်လုံးကိုယ်ပိတ်ပြီး. .

'အောင်မလေးတော့ ပြိုပါပြီ. . '

'အမေရေ လုပ်ကြပါဦး ကျပြီတော့. . '

ဆိုပြီး အသံကုန်စွတ်အော်တယ်။ သူတို့စိတ်ထဲမှာ မိုးတိမ်တစ်ခုခု ဖြစ်ပြီလို့ထင်နေကြတယ်။ ဟုတ်တယ်လေ ခုန်ချတဲ့အရှိန်က မနည်းပဲကိုး။ နောက်မှ မရဲတရဲ မျက်လုံးဖွင့်ကြည့်လိုက်တော့. . . အိမ်အပြင်မှာ လည်ပင်း ကြိုးနဲ့ချည်ပြီး စောင့်ကြောင့်ထိုင်နေတဲ့မိုးတိမ်ကို တွေ့လိုက်တယ်။ ဒီတော့မှ နှစ်ယောက်လုံးပေါက်ကွဲသွားပြီး. . .

'ဟင်. . မသာ နင်ကဒီလောက်တောင်တားတဲ့ကြားက သေချင် တယ်ဟုတ်လား. . အေး. . သေရစေ့မယ်. . . '

ဆိုပြီး ဒေါ်ဝင်းအိမ်တံခါးထောင့်က လေးနှစ်သားခင်းတုတ်ကြီး ပြေးဆွဲလိုက်တယ်။ ပြီးတော့မိုးတိမ်ဆီ စွတ်ခနဲ ပြေးဝင်သွားပြီး အားရပါးရ တုတ်ကိုလွှဲပြီးရိုက်ထည့်လိုက်ရာ. . . ။

'ကဲဟာ. . '

www.burmeseclassic.com



'ကတောင်. . . '

'အောင်မလေးဗျ. . သေပါပြီ'

ဒေါ်ဝင်းရဲ့လက်ကမှန်တယ်။ မိုးတိမ်နဖူးကိုဒဲ့(တဲ့)ထိတယ်။ မိုးတိမ် အသံကုန်အောင်အော်ပြီး ပြေးမိပြေးရာပြေးတယ်။ ဒါပေမယ့် သူသိပ် မပြေးလိုက်ရပါဘူး။ လည်ပင်းကို ကြိုးချည်ထားတာဆိုတော့ ဘယ်ကိုမှလဲ ဝေးဝေးပြေးလို့မရဘူး။ ကြိုးလည်းတင်းသွားရော အွတ်ခနဲ မြည်သံနဲ့အတူ ဆက်မပြေးနိုင်တော့ဘူး။ လည်ပင်းကကြိုးကိုကိုင်ပြီး ယက်ကန်ယက် ကန်ဖြစ်နေတော့တယ်။ ကြိုးကလည်းသူ့အရှိန်နဲ့ပြေးတာမို့ လည်ပင်း ကချွတ်လို့မရဘူး. . ။

ဒါကိုဒေါ်ဝင်းက အခွင့်ကောင်းယူ အနောက်ကပြေးလာပြီး. .

'အော်. . . နင်က ငါရိုက်တာတောင်ထပြေးချင်တာပေါ့လေ. . ကဲဟာ သေချင်တဲ့ကောင်'

'ကတောင်'

ဆိုပြီး ထပ်ဆော်ထည့်လိုက်တာ

'အောင်မလေးအမေရဲ့. . နောက်စေ့တော့ကွဲပါပြီဗျ. . '

မိုးတိမ်ငယ်သံပါအောင်အော်တယ်။ ဒါကို ဒေါ်ဝင်းက အားမလို အားမရဖြစ်ပြီး

'အေး. . နင့်ကို ဘယ်အစေ့မှမထားဘူး။ ကဲ. . လာပြီ. . ဒီတစ်ခါ လာပြီ ရှေ့အစေ့. . . '

'ဖောက်. . . '

'အောင်မလေးအမေရဲ့ ကွဲပါပြီဗျ. . အသည်းအသည်း'

ဘယ်နေရာထိတယ်ရယ်တော့မသိဘူး။ မိုးတိမ်လုံချည်ကြီး မပြီးတော့ ပတ်ပြေးတော့တာ။ သူပတ်ပြေးနေတာကလည်း အိမ်အလယ် တိုင်ကြီး။ ဒါ့ကြောင့် သူပတ်ပြေးလေ ကြိုးနဲ့တိုင်ပတ်ပြီး ပိုတိုလေဖြစ်နေတယ်။ ဒေါ်ဝင်းက နောက်ကလိုက်ရိုက်တယ်။ မိုးတိမ်က ရှေ့ကပြေးတယ်။ မိုးတိမ်က ပြေးရင်းနဲ့ လည်ပင်းကကြိုးကိုဖြုတ်တယ်။ သူ့အရှိန်နည်းနည်းလျှော့တာနဲ့ ဒေါ်ဝင်းကြီးက 'ကတောင်' ခနဲချတာမို့ ကြိုးကိုဖြုတ်လို့မရဘဲ အိမ်ထဲမှာ အိမ်လယ်တိုင်ကိုပတ်ပြီး လှည့်ပြေးနေရတာ။ ကြိုးကလည်း တိုင်နဲ့ပတ်တာ

www.burmeseclassic.com


များတော့ သူပြေးရတာခွင်ပိုကျဉ်းလာတယ်။ အသံတွေကလည်း ကတောင် ကတောင်နဲ့ ရွာဦးကျောင်းက ခေါင်းလောင်းထိုးနေသလားအောက်မေ့ရ တယ်။ ဒါကို မေဖြူကရောနေမယ်ထင်သလား။ မီးဖိုကငရုတ်ကျည်ပွေ့ကြီး သွားယူပြီး မိုးတိမ်ကို တစ်စေ့ချင်းရိုက်ထုတ်ဖို့ ပြေးလာတယ်။ ပြီးတော့ မျက်လုံးကိုမှိတ် အံကိုကြိတ်ပြီး နာမည်ပါမှတ်ပြီး ဆော်တယ်။

'လာပြီ. . မေဖြူတဲ့ကွ. . ဟောဒါက ဒူးစေ့. . . '

'ကတောင်. . '

'အောင်မလေးအမေရဲ့ ကျိုးပြီဗျ. . '

'သမီးရေ ဟောဒီမှာ အမေကနောက်လည်စေ့. . . '

'ကတောင်'

'အောင်မလေးဗျ. . ကျိုးပြီဗျ. . ညှပ်ရိုး'

ဒါကို မေဖြူကလည်း အားကျမခံ

'မကျိုးနဲ့ဦး ဟောဒီမှာ နောက်တစ်စေ့. . '

'ကတောင်'

'အောင်မလေးကွဲပါပြီအမေရဲ့ မေးစေ့. . . ဟီး. . . '

မိုးတိမ်ဓောချွေးတွေသီးပြီး. . သူ့ခမျာ ပြေးရလွန်းလို့လား. . ကြိုးက တိုင်နဲ့ပတ်ပြီးတော့လည်ပင်းအစ်လို့လားမသိဘူး။ လျှာပါထွက်လာတယ်။ ဟိုသားအမိကလည်း တက်ညီလက်ညီကိုတွယ်နေတာ။ အိမ်ပေါ်မှာ နှစ်ယောက် တစ်ယောက် ထုတ်စည်းတိုးသလိုဖြစ်နေတယ်။ ကြာလာတော့ မိုးတိမ် မပြေးနိုင်တော့ဘူး. . ။

အဲ့ဒီအချိန်မှာပဲ မေဖြူက လက်ထဲကကျည်ပွေ့နဲ့ မိုးတိမ်နဖူးကို ချိန်ပြီး 'ကဲဟာ'ဆိုပြီး လှမ်းပစ်လိုက်တယ်။ ကျည်ပွေ့က မိုးတိမ်နဖူးမှ နဖူးဗျာ။ ဒေါင်ခနဲမြည်သံနဲ့အတူ မိုးတိမ်မျက်စိပယ်သွားတယ်။ ပြီးတော့ ခုနမေဖြူ ပစ်လိုက်လို့ ထောင်ပြီးကျနေတဲ့ ကျည်ပွေ့တည့်တည့်ဝုန်းခနဲ ဖင်ထိုင်လျက်သား ကျသွားတော့တယ်။ ကံကောင်းချင်တော့ ကပ်သီးလေးဗျာ တင်ပါးဆုံနှင့် ကျည်ပွေ့လွဲသွားတာ။ ကျတုန်းကတော့ ထိုင်လျက်ပဲ။ ပြီးတော့ ဒုန်းခနဲ ကိုယ်လုံးကြီးက ကြမ်းပြင်ပေါ်ကျပြီး ခြေနှစ်ချောင်းက မိုးပေါ်ထောင် သွားတယ်။

www.burmeseclassic.com


ပြီးမှ ခြေထောက်က ဒုန်းခနဲကြမ်းပြင်ပေါ်ပြန်ကျတယ်။

အတော်ကြာတဲ့အထိ မိုးတိမ်မျက်စိကြီးပယ်ပြီး ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတယ်။

အဲဒီတော့မှ ဟိုသားအမိလည်း မျက်လုံးကြီးပြူးသွားပြီး .

'ဟဲ့. ဟဲ့. . လုပ်ကြပါဦး သေတော့မလားမသိဘူး. . .'

'လုပ်ကြပါဦး ငင်နေပြီအမေရဲ့. . . အသက်အသက်. . .'

မိုးတိမ်ကလည်း ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတာ အသက်ငင်နေတဲ့အတိုင်း။ နှစ်ယောက်လုံးပျာယိပျာယာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေကြတယ်။ အတော်ကြာမှ ဒေါ်ဝင်းက သတိရလာပြီး .

'ဟဲ့. . ဟဲ့. . နေဦး။ နင်သူ့ကို ယပ်ခပ်ပေးစမ်း. . ငါရေသွားခပ်လိုက်ဦးမယ်. . .'

ဆိုပြီး အိမ်နောက်ဖေးဘက် ဒုန်းစိုင်းပြေးချသွားတယ်။ မေဖြူကလည်း သူ့အမေဒေါ်ဝင်းစကားကြောင့် ယောင်ပြီး ယပ်တောင်နဲ့ မိုးတိမ်မျက်နှာကို ယပ်ခပ်ပေးတယ်။ မိုးတိမ်တညှင်းညှင်းညည်းရင်းပြန်လှုပ်လာတယ်။ ဒါကို မေဖြူခမျာလည်း အားတက်ပြီး 'လေ'ပိုရလိုရငြားပါးစပ်ကပါ 'ရှူးရှူး'နဲ့အော်ပြီး ခပ်သွက်သွက်ယပ်ခပ်ပေးလိုက်တယ်။

'ဟတ်ချိုး. .'

မိုးတိမ်နှာချေပြီး. . ခေါင်းယမ်းတယ်။ သတိတော့မရသေးဘူး။ ဒါကို ဒေါ်ဝင်းက ရေပုံးကြီးဆွဲပြီး ပြေးတက်လာပြီး .

'ဖယ်စမ်းသမီး'

ဆိုပြီး မိုးတိမ်မျက်နှာကို ရေပုံးနဲ့ ဗွမ်းဆို ပက်ချလိုက်တယ်ဆိုရင်ပဲ. .

'ဖရူးဖရူး. .'

မိုးတိမ်ရေမွန်းပြီး ငေါက်ခနဲထထိုင်တယ်။ ပြီးတော့ ဘယ်ညာဝေ့ကြည့်လိုက်တယ်။

'ဟင်. .'

သူ့ကို စိုက်ကြည့်နေတဲ့ မေဖြူနဲ့ဒေါ်ဝင်းကိုတွေ့တော့ မိုးတိမ်လန့်သွားတယ်။ ဒါကြောင့်. .

www.burmeseclassic.com


'အောင်မလေး. . ကြောက်ပါပြီအမေရဲ့. . . '

ဆိုပြီး ကမူးရှူးထိုးထပြေးတယ်။ ကံဆိုးချင်တော့ သူကထပြေးတာကလည်း အိမ်တိုင်တည့်တည့်ဗျား။ ဒါ့ကြောင့် သူထပြေးတဲ့အရှိန်ကြောင့် အိမ်တိုင်နဲ့နဖူး ဒုန်းဆိုဆောင့်ပြီး မိုးတိမ်မျက်စိပြန်ပယ်သွားတယ်။ တိုက်မိတဲ့အရှိန်က ဘယ်လောက်ပြင်းသလဲတော့မသိဘူး။ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်ပါ မြေငလျင်လှုပ်တယ်ထင်သွားကြတာ။

မိုးတိမ်လည်း အံကြိုးကြိတ်ပြီး မတ်တပ်ရပ်လျက် ငြိမ်နေတယ်။ အတော်ကြာမှ အနောက်ကို ခြေနှစ်လှမ်းလောက်ယိုင်သွားပြီး ခုနကျည်ပွေ့ပေါ် ဒုန်းခနဲဖင်ထိုင်လျက်ကျသွားတယ်။ ဒီတစ်ခါလည်း ကပ်သီလေးများ. . ကျည်ပွေ့နဲ့လွဲသွားတာ။ ပြီးမှ ကိုယ်လုံးက ဝုန်းခနဲ ကြမ်းပြင်ပေါ်ကျသွားပြီး ခြေထောက်က နှစ်ချောင်းလုံး ဖုန်းဆို မိုးပေါ် ထောင်တက်သွားတယ်။ ပြီးတော့မှ ခြေထောက်က ဒုန်းခနဲ ကြမ်းပြင်ပေါ်ပြန်ကျတယ်။

ဒီတစ်ခါတော့ 'အား'ခနဲ အော်လိုက်တာက မေဖြူတို့သားအမိနှစ်ယောက်။ ပြီးတော့ ဘာ့ကြောင့်ရယ်မသိဘူး အိမ်ပေါ်က ဝုန်းဆိုခုန်ချထွက်ပြေးသွားကြတာ။ ခြေထောက်ဘီးတပ်ထားသလားတောင် အောက်မေ့ရတယ်။

ဘာတွေဘယ်လိုအမြင်မတော်တာတွေတွေ့သွားသလဲတော့မသိဘူးရယ်. .

◗◗◗◗◗

www.burmeseclassic.com

မိုးဦး ကျပြီပ. . . ။

ဒီလိုမိုးဦးကျပြီဆို မိုးတိမ်တို့ပျော်ပြီ. . ။ မိုးဦးကျပြီဆိုရင် လယ်ထွန် ကောက်စိုက်ရပြီမို့ အားလုံးပင်ပန်းကြပြီ။ ဒါကိုမိုးတိမ်က ဘာကိစ္စပျော် နေတုံးမေးစရာရှိတယ်။

အဲဒီလိုလယ်ထွန်ကောက်စိုက်ရလို့ကို ပျော်နေတာဗျာ။ ဒါဆို မိုးတိမ်တို့က အလုပ်လုပ်ရရင်ပျော်တာလား. . ။ မဟုတ်ဘူးရယ်။ မိုးတိမ်ဆို တဲ့ကောင်က လက်ကြောတင်းမယ်ထင်ရင် ထမင်းတောင်လက်နဲ့မစားဘဲ ဟို အကောင်တွေလို ပါးစပ်နဲ့ဟပ်စားချင်တာပ။ မကောင်းတတ်လို့ မလုပ် တာရယ်။ နေ့ခနဲ့. . ဘာ့ကြောင့် သူကကောက်စိုက်ရတာ ပျော်နေသတုံး။ သိပ်မေးစရာမရှိဘူး။ မေဖြူနဲ့ အတူကောက်စိုက်ရလို့ပေါ့. . . ။

ပြောရဦးမယ်

ကျုပ်တို့ရွာမှာကလေ့တစ်ခုရှိတယ်။ အဲဒါက အပျိုလူပျိုမှန်ရင်

www.burmeseclassic.com


အလုပ်လုပ်ရတာပဲ။ ဘယ်လောက်ပဲ ဘယ်သူတွေချမ်းသာချမ်းသာ အပျို လူပျိုဖြစ်လာရင်၊ ကိုယ့်အဝတ်အစားကိုယ်ဝယ်ဝတ်ဖို့၊ ကိုယ့်အလှူ ကိုယ်လှူ နိုင်ဖို့ အလုပ်လုပ်ရတာပဲ။ အဲ့ဒီလို ကိုယ့်အဝတ်အစား ကိုယ်ဝတ်နိုင်ဖို့နဲ့ အလှူ အတွက် ကုန်ကျတဲ့ငွေတွေကို မိဘတွေကမပေးဘူးရယ်။ သဘောကတော့ ဒါနနဲ့ အလှုအတွက် မိဘတွေက ကိုယ်လုပ်မှ ကိုယ်ရတာမျိုးမို့ ကူညီဘူး ရယ်။

ဒါ့ကြောင့် ရွာကအပျိုလူပျိုတွေဆို ဘုရားပွဲဖြစ်ရင် ကိုယ့်ကိုယ် ကိုယ်ဆင်ဖို့နဲ့ ဝါတွင်းသုံးလရွာကျောင်းဆွမ်းအလှူအတွက် ကိုယ့်ဖာသာ ကိုယ်ရှာကြရတာ။

ဗဟုသုတအနေနဲ့ ပြောပြရဦးမှာပ။

ကျုပ်တို့ရွာမှာက ဘုန်းကြီးကျောင်းကနှစ်ကျောင်းရှိတယ်။ ဒါကို လွယ်လွယ်ကူကူ အရှေ့ကျောင်းနဲ့ အနောက်ကျောင်းရယ်လို့ ကင်ပွန်း တပ်ထားတယ်။ ဒီလိုအမည်တပ်တာ ဘာကြောင့်ရယ်မှ မဟုတ်ဘူး။ ကျောင်း တစ်ကျောင်းက အရှေ့အရပ်၊ တစ်ကျောင်းက အနောက်အရပ်မှာ ရှိတာမို့ ခေါ်တာထင်ကြဦးမယ်။ ဟုတ်ဘူး. . ။

နှစ်ကျောင်းလုံးက အရှေ့အရပ်ချည်းပ။ နို့ပေမဲ့. . ကျောင်းတစ် ကျောင်းကအနောက်ဘက် နည်းနည်းကျတယ်။ ဒါ့ကြောင့် အရှေ့ဘက်ကို ကျတဲ့ကျောင်းကို အရှေ့ကျောင်း၊ အနောက်ဘက်နည်းနည်းကျတဲ့ ကျောင်း ကို အနောက်ကျောင်းလို့ခေါ်တာ။

မိုးတိမ်တို့က မေဖြူတို့က အနောက်ကျောင်းကိုးကွယ်ကြတာ။ ကုလားဒိန်တို့ပါစီတို့က အရှေ့ကျောင်း. . ။ ဒီလိုကျောင်းစွဲကိုးကွယ်တာ ဟာ လူမညီလို့ရယ်မဟုတ်ဘူး။ ကျောင်းနှစ်ကျောင်း ဆွမ်းဒါနအညီအမျှ ဖြစ်အောင် သူကြီးကိုယ်တိုင်ခွဲပေးထားတာ။ လူကြီးတွေကတော့ ကိုယ် သန်ရာကျောင်းကို ကိုးကွယ်ပေါ့. . ။ လူငယ်ကာလသားတွေက သူကြီး ခွဲပေးထားတဲ့အတိုင်းသွားရတာ။

လူငယ်ကာလသားတွေဆိုတာကလည်း ဆွမ်းကိုကိုယ်တိုင်ချက်ရ တာပ။ နေ့တိုင်းရယ်တော့လည်းမဟုတ်ဘူး။ ဥပုသ်နေ့တိုင်း ကာလသား ကာလသမီးတွေစုပြီး အာရုံဆွမ်းသွားကပ်ကြရတာ။

www.burmeseclassic.com


ဒါ့ကြောင့် အဖိတ်နေ့ဆိုရင် ကာလသားကာလသမီးတွေက ဥပုသ်နေ့ ဆွမ်းပတ်အတွက် ရွာထဲလှည့်ပြီး အလှူခံထွက်ရတာ။ အဲဒီကရတဲ့ လှူဖွယ်ပစ္စည်းတွေနဲ့ အားလုံးစုထားတဲ့ အလှူငွေတွေပေါင်းပြီး အဖိတ်နေ့ညဆိုရင် ကာလသားခေါင်းဆောင်အိမ်မှာ အပျိုတွေလူပျိုတွေစုပြီး ဆွမ်းချက်ကြရတာ။

အဲဒီလိုညမျိုးဆိုရင် ပျော်စရာကြီးရယ်။ မယ်ဒိုလင်တီးပြီး သီချင်းဆိုတဲ့သူဆို၊ ကချင်ခုန်ချင်တဲ့လူတွေ 'က'နဲ့။ တချို့ကလည်း ကိုယ်နောက်ပိုးချင်တဲ့လူကို အဲ့ဒီညမှာ နောက်ပိုးကြတာပေါ့။ ဒါကတော့ မိုးတိမ်အကြိုက်ပဲပေါ့။

နောက်တစ်နေ့ဥပုသ်နေ့မနက် အာရုဏ်မတက်မီဆိုရင် ကာလသားသမီးတွေအားလုံးချက်ထားတဲ့ ဆွမ်းတွေကို ဆိုင်းထမ်းတွေနဲ့ထမ်း၊ ဆွမ်းအုပ်တွေ ဆွမ်းချိုင့်တွေနဲ့ထည့်ပြီး ကိုယ်ကျရာဘုန်းကြီးကျောင်းကို သွားကြပြီ။ အဲ့ဒီလိုသွားတဲ့လမ်းတစ်လျှောက်မှာလည်း ဟိုဘက်အဖွဲ့နှင့် ဒီဘက်အဖွဲ့ဆုံရင် လူငယ်တွေပီပီ သူ့ကျောင်းက ဘာဆွမ်းကပ်တယ်။ တို့ကျောင်းကဘာဆွမ်းကပ်တယ်စသည်ဖြင့် ဂုဏ်တုဂုဏ်ပြိုင်ပြော၊ ငြင်းကြ ခုန်ကြတာ ပျော်စရာကြီးရယ်။

များသောအားဖြင့် မိုးတိမ်တို့ မေဖြူတို့ အနောက်ကျောင်းဘက်ကသာတာများတယ်။ သူတို့ကျောင်းက ကြေးရတက်တွေများတဲ့အပြင် နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ကက်ကက်လန်အောင် ရန်တွေ့တတ်ကြတဲ့ အသံလည်း ကျယ်တဲ့မိုးတိမ်တို့ပါလို့. . . ။ ကုလားဒိန်တို့ ပါစီတို့ဆိုတာက အိစိအိစိတွေရယ်. . .။

ထားပါတော့။

ရွာဆွမ်းကပ်တဲ့ ဓလေ့အပြင် ကျုပ်တို့ရွာရဲ့ ကောက်စိုက်တဲ့ ဓလေ့ကိုလည်းပြောပြမယ်။

ရွာကအပျိုလူပျိုများ မိဘကဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ကိုယ့်အတွက်သာဖြစ်တဲ့ အလှနဲ့ဒါနအတွက်အလုပ်လုပ်ရတယ်။

အလုပ်လုပ်တဲ့နေရာမှာလည်း ရွာကထွက်ကုန်ဖြစ်တဲ့ ဆန်စပါးရဲ့ အရင်းအမြစ်၊ ကောက်စိုက်၊ ပျိုးနှုတ် ကောက်သိမ်းစတာတွေကိုသာ အဓိက

www.burmeseclassic.com


ထားလုပ်ကြတာပ။ မြို့အခေါ်ဆိုရင်တော့ လယ်လုပ်တာပ။

လယ်စိုက်ကြတော့လည်း သူ့လယ်ကိုယ့်လယ် မခွဲဘူးရယ်။ စိုက်နိုင်ရင် စိုက်နိုင်သလောက်စိုက်ပစ်ကြတာပဲ. . . ။ ပြီးမှ လယ်ရှင်က စပါးစိုက်ခ ငွေရှင်းရတာ။ အဲဒီမှာလည်း အရှေ့ကျောင်းအဖွဲ့နဲ့ အနောက်ကျောင်းအဖွဲ့ မတူဘူးရယ်။ အရှေ့ကျောင်းကာလသားတွေက လယ်တစ်ကွက်စိုက်ရင်၊ အနောက်ကျောင်းက ကာလသားတွေက နောက်တစ်ကွက်ကိုစိုက်တာ။ ဥပမာ အရှေ့ကျောင်းက ကုလားဒိန်တို့အဖွဲ့က ဘကြီးပန်း လယ်စိုက်ရင် မိုးတိမ်တို့က ဦးစိန်ဝင်းလယ်စိုက်ကြတယ်။

အောင်မာ။ လယ်စိုက်တာကိုလည်း သူတို့က ဂုဏ်တုဂုဏ်ပြိုင်ဗျ။ သူတို့တွေက တစ်နေ့ကို ဘယ်လောက်စိုက်နိုင်တယ်။ ငါတို့က ဘယ်လောက်စိုက်ပျိုးနိုင်တယ်စသည်ဖြင့် ပြိုင်ကြတာ။ အစိုက်နည်းတဲ့အဖွဲ့ဆို မျက်နှာကိုငယ်ရတာ။ အဲ့ဒီမှာလည်း မိုးတိမ်တို့ကသာတာပဲ။ သူတို့အဖွဲ့မှာ ဒေါင်ဒေါင်မြည်ကာလသားသမီးတွေကများတာကိုး။ ဂိုက်ပေးကြမ်းတာ ဆိုလို့ မေဖြူတစ်ယောက်သာပါတာ။ မိုးတိမ်ကလည်း သူ့ဖာသာသူ လက်ကြောတင်းအောင်မလုပ်တာရယ်။ မေဖြူများရှိလို့ကတော့ ကြွားကြွားပြီးတော့ကိုလုပ်တာ မီးခိုးကိုအူလို့. . ။

ဒီနှစ်မှာလည်း. . ပိုပြီးအလုပ်လုပ်ချင်ဟန်ဆောင်မယ်လို့ စိတ်ကူးထားတယ်။ ဘာပဲဖြစ်ဖြစ် မေဖြူသူ့ကို အထင်ကြီးသွားဖို့က အရေးကြီးနေပြီမဟုတ်လား။ ဒါမှမေဖြူရဲ့အချစ်ကိုရမှာလေ. . . ။ ဒါ့ကြောင့် မေဖြူရှေ့မှာသူ့အလုပ်ကို အရမ်းကြိုးစားချင်ယောင်ဆောင်ပြီး လုပ်ပြဖို့ ကြိုတင်ပြင်ဆင်ထားတယ်။ နောက်ပြီး တခြားတစ်ဖက်တစ်လမ်းကလည်း မေဖြူရဲ့ အချစ်ကိုရဖို့ အကြံဉာဏ်တောင်းထားသေးတယ်။ ဒီတစ်ခါ သူအကြံဉာဏ်တောင်းထားတာက တခြားသူမဟုတ်ဘူး။

လက်ဖက်ရည်ဖေသန်းရယ်။

www.burmeseclassic.com

**လက်ဖက်ရည်ဖေသန်း** ဆိုတဲ့လူက သိတယ်မဟုတ်လား. . ။ တစ်ရွာလုံး ဘယ်သူနဲ့မှတည့်တာမဟုတ်ဘူး။ ဒီလိုတစ်ရွာလုံးနဲ့ မတည့်တာတောင် သူကဘာလို့လက်ဖက်ရည်ရောင်းစားလို့ရနေသေး လဲဆိုပြီး မေးကြမယ်။ ပြောရဦးမယ်။ လက်ဖက်ရည်ဖေသန်းအကြောင်း. . ။

နာမည်အရင်းက ဖေသန်းရယ်. . . နို့ပေမယ့် သူ့ကို လက်ဖက်ရည်ဖေသန်းလို့ခေါ်မှကို ပြည့်စုံတယ်။ ဘာလို့လဲဆို လက်ဖက်ရည်ဖေသန်းက လက်ဖက်ရည်မှာ နာမည်ကြီး။ လမုတန်းရွာနဲ့ ရွာနီးစပ်အားလုံး ကျေးရွာလူကြီးသာမသိရှိမယ်။ လက်ဖက်ရည်ဖေသန်းဆိုအားလုံးသိ။

ဒါဆိုမေးကြလိမ့်မယ်

လက်ဖက်ရည်ဖေသန်းရဲ့ လက်ဖက်ရည်က ကောင်းလွန်းလို့လား. ။ ပြောပြရတာပ။

ကျုပ်တို့ရွာမှာ လက်ဖက်ရည်ခရေဇီ (Crazy) ဦးမောင်ကိုဆိုတာ

www.burmeseclassic.com


ရှိတယ်။ သူကလက်ဖက်ရည်မသောက်ရရင် လက်တုန်နေတတ်တဲ့လူမျိုး ရယ်။ တစ်နေ့ကို သူမသောက်ဖူးဆို အနည်းဆုံးခြောက်ခွက်လောက် သောက်တယ်။ အဲဒီလောက် လက်ဖက်ရည်ကြိုက်တာ။

ဘယ်လောက်ထိလဲဆို၊ ဘယ်ရွာမှာ လက်ဖက်ရည်ဆိုင် အသစ်ဖွင့်သလဲ။ ဦးမောင်ကိုကြီး ထီးကောက်ကြီးဆွဲပြီး အရောက်ကိုသွားတယ်။ ပြီးရင် လက်ဖက်ရည်ကောင်းမကောင်းဆုံးဖြတ်တယ်။ ကောင်းတယ်။ သူကြိုက်တယ်ဆိုရင် ဘယ်လောက်ဝေးဝေး ရောက်အောင်သွားပြီး သွားသောက်တာ။ အဲဒီထက်များ ပိုကြိုက်ပြီဆိုမှဖြင့် နှစ်ခွက်ဆင့်တွေ ဘာတွေသောက်ပစ်တာ။ အဲဒီထက်ပိုကြိုက်ပြီဆို အိမ်ကိုပါ ပါဆယ်ပြန်ဆွဲခဲ့တယ်။ အိမ်မှာ စိမ်ပြေနပြေသောက်ဖို့. . လက်ဖက်ရည်ကို အဲဒီလို အသေရရ အရှင်ရရ ကြိုက်တာ။

အဲ. . တစ်နေ့တော့ ရွာမှာ ဖေသန်းလက်ဖက်ရည်ဆိုင်ဖွင့်တယ်ဆိုပါတော့။

ဖေသန်းဆိုတဲ့လူက ဒီရွာသားမဟုတ်ဘူးရယ်။ ဘယ်ရွာကနေ ဘယ်လိုလွင့်လာလဲ ဘယ်သူမှမသိဘူး။ အခု သူလက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ အိမ်ကို ရောက်လာတယ်။ အဲ့ဒီအိမ်ကလည်း အရင်ကရွာလူမိုက် ဘအေး နေသွားတဲ့အိမ်။ အခုတော့ ဘအေးကထဘီခိုးမှုလိုလို၊ လူရိုက်မှုလိုလို ဖဲဝိုင်းမှာပဲ အဖမ်းခံထိသလိုနဲ့ ပျောက်နေတာ။

ဖေသန်းက ဘအေးနဲ့ထောင်ထဲမှာပဲ ခင်လာသလို၊ အပြင်မှာပဲ လုပ်ဖော်ကိုင်ဖက်လိုလိုနဲ့ ဒီအိမ်ကို ရောက်လာတာ။ သူလာတော့ ဘအေးလက်ရေးနဲ့ အိမ်အရောင်းအဝယ်စာချုပ်တစ်ခု ပါလာတယ်။ ဒီအိမ်ကို ဖေသန်းကို အမွေစားအမွေခံ အပိုင်ပေးလိုက်ပြီဆိုပြီး. ။ ဘယ်သူက ဘယ်သူ့ကို ဘယ်လိုမွေးစားပြီး ဘယ်လိုအမွေတွေ ခွဲခဲ့သလဲရယ်တော့ မသိဘူး။

ထားတော့။

ဒီအိမ်မှာ ဖေသန်းကလက်ဖက်ရည်ဆိုင်လာဖွင့်တယ် ဒါပဲ. . . ။

သူလက်ဖက်ရည်ဆိုင် စဖွင့်တဲ့နေ့မှာပဲ လက်ဖက်ရည်ဆိုင်အသစ်ဆို အလွတ်မပေးတတ်တဲ့ လက်ဖက်ရည်ခရေဇီ ဦးမောင်ကိုကြီး အရင်ဆုံး

www.burmeseclassic.com


ရောက်လာတယ်ဆိုပါတော့. . .။ ပြီးတော့

'လက်ဖက်ရည်ပေါ့ကျတစ်ခွက်'ဆိုပြီးမှာလိုက်တယ်။

ဟုတ်တယ်။ ဦးမောင်ကိုက ပေါ့ကျသောက်နေကျ. .။ သူက လက်ဖက်ရည်သမားစစ်စစ်ဆိုတော့ အကျရည်ကို အရသာခံလို့ရတဲ့ ပေါ့ကျမျိုး သောက်တတ်တာ။ အဲဒီအချိန်မှာပဲ နွားနို့ဈေးကွက်ချဲ့ဖို့ ချောင်းနေတဲ့ ပါစီလည်း ရောက်လာတယ်။

ဖေသန်းက ဦးမောင်ကို ကိုလက်ဖက်ရည်အရင်ချပေးတယ်။ ပြီးမှ ပါစီနဲ့စကားပြောတယ်။

ဦးမောင်ကိုက လက်ဖက်ရည်ကို မသောက်သေးဘဲ ရေနွေးနဲ့ ပလုပ် အရင်ကျင်းတယ်။ လက်ဖက်ရည်သောက်တဲ့ အချိန်မှာ ပါးစပ်ထဲ တစ်ခုခု ရှိနေရင် လက်ဖက်ရည်အရသာခံမရမှာစိုးလို့. . ရေနွေးကအေးနေ တယ်။ ဒါပေမယ့် ဦးမောင်ကို ဘာမှမပြောဘူး။ သူ့ရဲ့အဓိကက လက်ဖက် ရည်လေ. . .။ ပါးစပ်ထဲအားလုံးရှင်းမှ လက်ဖက်ရည်ခွက်ကို မပြီး အားရ ပါးရ မော့ချလိုက်တယ်ဆိုရင်ပဲ. . .

'ဟင်. .'

ဦးမောင်ကိုပါးစပ်ထဲ လက်ဖက်ရည်ရောက်သွားတာနဲ့ ဟင်ဆိုတဲ့ အာမေဋိတ်သံ။ နောက် လက်ဖက်ရည်ကို မျိုမချသေးဘဲ ငုံထားလျက် သားကြီး ကျီးကြည့်ကြောင်ကြည့်နဲ့ ဘေးဘီဝေ့ကြည့်တယ်။

ပြီးတော့မှ လက်ဖက်ရည်ကို မျက်နှာရှုံ့မဲ့သည်အထိ အံကြိတ်မျိုချ လိုက်တယ်။ ပြီးမှ လက်ဖက်ရည်ခွက်ကို လက်ညှိုးနှစ်ချောင်းနဲ့ ဘယ်ညာ စုံထိုးလို့. .

'အေးဒါမှ ပေါ့ကျ အေးဒါမှပေါ့ကျ. . ပေါ့ကျဆိုတာ. . အဲဒီလိုပေါ့ ပြီး အဲဒီလိုကျနေရမှာ. .'

ဆိုပြီးထအော်လေရာ. . . ဒါကို ဖေသန်းဆီနွားနို့စပ်ဖို့ ရောက်နေ တဲ့ ပါစီကအံ့အားသင့်ပြီး

'ဘယ့်နှယ့်ကိုမောင်ကိုကြီး ဦးဖေသန်းလက်ဖက်ရည်ကကောင်းလို့ လား. . .'

လို့မေးလိုက်တယ်။ ပါစီ အမေးကို ဦးမောင်ကိုက ရင်ခေါင်း

www.burmeseclassic.com


သံကြီးနဲ့.

'ကောင်းပါ့ကွာ. . ကောင်းပါ့. . ဒါမှပေါ့ကျ. . ဒါမှ ပေါ့ကျကွ. . ဟားဟား. . ငါလက်ဖက်ရည်ဖြတ်ဖို့ကြိုးစားနေတာ ဆယ်နှစ်ကျော်ပြီ တစ်ခါမှမအောင်မြင်ခဲ့ဘူး။ အခုဖေသန်းပေါ့ကျနဲ့တွေ့မှ ပြတ်ပြီကွ။ လက်ဖက်ရည်ပြတ်ပြီ. . မောင်ကိုလက်ဖက်ရည်ပြတ်ပြီဟားဟား. . မောင်ကိုလက်ဖက်ရည်ပြတ်ပြီ. . မောင်ကို လက်ဖက်ရည်ပြတ်ပြီ ဟား. . ဟား. . ဒါမှပေါ့ကျ. . အေး. . ဒါမှပေါ့ကျ. . ဟားဟား'

ဆိုပြီးလုံချည်ကြီးမလို့ ရှိနေတဲ့ခုံတွေကို ခွကျော်ပြီး ခုံပေါက်ပြီး ပြေးထွက်သွားတော့တယ်။ ကျန်တဲ့လက်ဖက်ရည်တောင် သောက်မသွားတော့ဘူး။

အဲဒီထဲက လက်ဖက်ရည် ခရေဇီဦးမောင်ကိုကြီး လက်ဖက်ရည်ရာသက်ပန်ပြတ်သွားတော့တယ်။ ဖေသန်းလက်ဖက်ရည်က အဲဒီလောက်ညံ့တာ။

ဖေသန်းလက်ဖက်ရည် အဲဒီလောက်ညံ့တာတောင် လူတွေက ဘာကြောင့် ဖေသန်းလက်ဖက်ရည်ကို ခုံခုံမင်မင်သောက်နေကြသလဲ မေးလိမ့်မယ်။ မမေးနဲ့ဦး. . ။

ပြောပြဦးမယ်ပ. . .

ဖေသန်းကလက်ဖက်ရည်တင်ညံ့တာမဟုတ်ဘူး။ အကျင့်ကလည်း ခပ်ပျက်ပျက်။ ဘယ်လိုပျက်သလဲဆို. . .

တစ်ခါသား သူ့ဆိုင်ကို ရွာကဆယ်အိမ်ခေါင်း ကိုမန်းတင်ကြီး ရောက်လာတယ်။ ကိုမန်းတင်ကြီးဆိုတာကလည်း လူရိုး. ။ လူတိုင်းကိုလည်း စေတနာ ထားတတ်တယ်။ စိတ်လည်းကောင်းတယ်။ ဒါ့ကြောင့် ရွာကဆို သူ့ကိုစေတနာမန်းတင်လို့ ခေါ်ကြတယ်။

ဖေသန်းလက်ဖက်ရည်ကို လူတိုင်း 'ခါ'နေတဲ့အချိန်မှာတောင် ကိုမန်းတင်ကြီးက ဖေသန်းကိုစေတနာထားပြီး ပုံမှန်သွားသောက်တယ်။ တစ်နေ့ကျတော့ ကိုမန်းတင်ကြီးက ထုံးစံအတိုင်း စေတနာရှေ့ထားပြီး ဦးဖေသန်းကို

'ဖေသန်းရ. . လက်ဖက်ရည်ဆိုတာ အကျရည်ထဲဆားနည်းနည်း

www.burmeseclassic.com


ထည့်ရတာကွ. . ။ ဒါမှသောက်ရဲတာလေးလေးပင်ပင်နဲ့ သောက်လို့ ကောင်းတာ'

ဆိုတော့ ဖေသန်းက ကိုမန်းတင်ကြီးကို ရှူးသိုးသိုးကြည့်တယ် ပြီးမှ. . 'အေးလေ. . မနက်ဖြန်ကျုပ်လုပ်ထားပါ့မယ်. . '

ဆိုပြီကတိပေးတယ်။ ကိုမန်းတင်ကြီးလည်း ဖေသန်းကတိကို ရရော

'အဲဒီလိုလုပ်စမ်းပါ' ဆိုပြီး ဝမ်းသာသွားတယ်။

နောက်တစ်နေ့လည်း ကိုမန်းတင်ကြီးသွားရော ဖေသန်းက ကိုမန်း တင်ကြီးကို. .

'ကိုမန်းတင်ကြီး လက်ဖက်ရည်သောက်ဦးမှာလား. . '

ဆိုတော့ ကိုမန်းတင်ကြီးက ခေါင်းငြိမ့်ပြလိုက်တယ်။

'သောက်မှာပေါ့ကွ. . ဒါနဲ့မနေ့က ငါပြောထားသလို လုပ်ထားရဲ့ လား'

ကိုမန်းတင်ကြီးစကားကို ဖေသန်းက ရှူးသိုးသိုးကြည့်ပြီး

'လုပ်ထားပါတယ်ဗျ. . တကတဲ ခင်ဗျားကလည်း သောက်ကြည့် ပါဦး. . '

ဆိုတော့ ကိုမန်းတင်ကြီးက ခေါင်းတငြိမ့်ငြိမ့်နဲ့လုပ်ရင်း

'အေး. . သောက်ရတာပ. . ဒါနဲ့ ဖျော်ရတာရော အဆင်ပြေရဲ့ လား. . '

'ဒါကတော့ ခင်ဗျားကြီးသောက်ကြည့်မှသိမှာပေါ့ဗျ. . . '

ဆိုပြီး ဖေသန်းလက်ဖက်ရည်တစ်ခွက်သွားဖျော်ပေးတယ်။ ကိုမန်း တင်ကြီးကတော့ သဘောတွေကျပြီး ခေါင်းတငြိမ့်ငြိမ့်နဲ့ပေါ့. . . ။ ဖေသန်း ကြီး သူ့စကားနားထောင်ရှာတယ်ဆိုပြီးတော့လေ။ ဖေသန်းကြီးက အပြော သာမချိုတယ်။ လူကြီးသူမပြောတဲ့စကားကိုတော့ နားထောင်သားဆိုပြီး သူ့ အတွေးနဲ့သူ ပီတိတွေဖြစ်နေတယ်။

သိပ်မကြာဘူး. . ။ ဖေသန်းကြီး လက်ဖက်ရည်တစ်ခွက် သူ့ရှေ့ လာချတယ်။ ကိုမန်းတင်ကြီးက လက်ဖက်ရည်ခွက်ကို အသေအချာကြည့် ပြီး. .

www.burmeseclassic.com


'ဒီနေ့လက်ဖက်ရည်က ပိုကောင်းပုံရတယ်ကွ. . အရောင်းကို မှောင်ညိုလို့. . အေးလေ. . ပိုကောင်းမှာပေါ့ ငါပြောတဲ့အတိုင်းလုပ်ထားတာကိုး. . 'ဆိုပြီး လက်ဖက်ရည်ခွက်ကိုယူပြီး မော့သောက်လိုက်တယ်ဆိုရင်ပဲ

'အု. . . '

ဆိုတဲ့ ရင်ထဲကမြည်သံကြီးနဲ့အတူ ကိုမန်းတင်ကြီး မျက်လုံးပြူးထွက်သွားတယ်။ နောက်မျက်လုံးကြီးကလယ်ကလယ်နဲ့ သုံးပတ်လောက်လယ်သွားတယ်။ ဆံပင်တွေထောင်တက်လာတယ်။ ပြီးတော့ ငုံထားတာတွေ ထွေးထုတ်ဖို့ ဘေးဘီလိုက်ကြည့်တယ်။ နောက်ထွေးမထုတ်သေးဘဲနဲ့ ငုံလျက်ကြီး ဖေသန်းကို မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်တယ်။ ဖေသန်းကတော့အေးအေးဆေးဆေးပဲ။ မျက်လုံးလေးတောင်စင်းပြီး ကိုမန်းတင်ကြီးကို မိန့်မိန့်ကြီးကြည့်ရင်း. .

'ဘယ့်နှယ့် ကိုမန်းတင်ကြီးလေးရဲ့လား. . ကျုပ်ကဆားနဲ့ဆို သိပ်မလေးမှာစိုးလို့ အကျရည်အစား ငံပြာရည်ထည့်ဖျော်ပေးထားတာ။ များများသောက်ရင် သွားပါခိုင်သဗျ. . . '

'အ. . ဟု'

ဖေသန်းရဲ့စကားကြောင့် ကိုမန်းတင်ကြီး ငုံထားတဲ့ငံပြာရည်တွေပြန် ထွေးထုတ်ရမလို မျိုပဲချရမလို ဖြစ်သွားပြန်တယ်။ စဉ်းစားကြည့်လေ ငံပြာရည်နဲ့ နို့ဆီဘယ်လိုရောပြီး မျိုချလို့ရမှာတုံး. . ။ ဒါကိုတောင် အားနာတတ်တဲ့ ကိုမန်းတင်ကြီးမရရအောင် ကြိတ်မှိတ်မျိုချလိုက်ပြီး အမောဆို့နေတဲ့အသံမျိုးနဲ့. . .

'လေး. . ပါ့. . ဖေသန်းရာ. . လေးတာမှ တလွဲကိုလေးနေတော့တာပဲ. . ။ မင်းအကျင့်ယုတ်ပြီး တမင်လေးထားမှန်းကို သိသာလွန်းပါတယ်ကွာ. . ။ မင်းလောက် အကျင့်ယုတ်တဲ့လူမျိုး တစ်ခါမှမတွေ့ဖူးပေါင်ကွာ. . ဖေသန်း. . အကျင့်ယုတ်'

ဆိုပြီး ခုံတွေကိုခွကျော်ပြီး ဆိုင်ထဲကထွက်သွားတော့တယ်။ ဖေသန်းလက်ဖက်ရည်ဘယ်လောက်လေးလဲတော့မသိဘူး။ ကိုမန်းတင်ကြီး ခမျာ ဝမ်းပါချုပ်သွားတာ မနည်းပြန်ချူထုတ်ယူရတယ်။

www.burmeseclassic.com


အဲဒီလို. .။

ဒါဆို ဖေသန်းဆိုင်မှာ လူတွေဘာလို့ လက်ဖက်ရည်သောက်ကြလဲ ထပ်မေးကြလိမ့်မယ်။

ဟုတ်ကဲ့. . . ပြောပြမယ်။

အဲဒီဖေသန်းဆိုတဲ့လူကို အမြင်ကပ်လို့. .။ လူတွေကလည်းသိတဲ့ အတိုင်း. . .။ ဆဲစရာမရှိရင် ဘောလုံးပွဲတောင်သွားကြည့်ပြီး ကန်တဲ့ လူတွေကို အသားလွတ်ထိုင်ဆဲနေကြသေးတာပဲ။

ဖေသန်းလက်ဖက်ရည်ဆိုင်ကလည်း ဘောလုံးပွဲလိုပဲ တော်ရုံ စိတ်တိုနေလို့ကတော့ ဖေသန်းဆိုင်ကိုသွားပြီး ဖေသန်းကို ပျစ်ပျစ်နှစ်နှစ်သာထိုင် ဆဲနေ. .။ ဒါပဲ. . .

ဖေသန်းကလည်း အဲဒီလောက်အပြောခံရတာကို အချိုးမပြောင်း ဘူးဗျား. .။ အရင်အတိုင်းပဲ. .။ ကျိန်စာဝလေ လူလှလေဆိုတဲ့ လူစားမျိုး လား မသိဘူး။ အသားအရည်ပါစိုတက်လာသေး. .။

ဒါကြောင့်ဖေသန်းဆိုင်ဆို ရွာနီးချုပ်စပ်ကပါ အားကိုးရတာ. . .။

ထားတော့. . .

ဒီလိုဩဇာနီဩဇာနက်တွေရှိလို့ မိုးတိမ်ကလည်း ဖေသန်းကို အားကိုး ချင်တာ။ ဒီလိုအကြံကောင်းရနိုင်အောင်ကလည်း ဖေသန်းကြီး အင်မတန် စိတ်ကောင်းရှိတဲ့နေ့ကို ချောင်းပြီးလာရတာ. . .။

ဟော. . အခုတွေ့ကြပြီ။

မီးမှောင်မှောင် လက်ဖက်ရည်ဆိုင်ရဲ့ ချောင်ထဲမှာထိုင်ပြီး နှစ် ယောက်သား တဖွဲဖွဲပျံသန်းနေတဲ့ ခြင်တွေကို လက်နဲ့ ယပ်ခါရင်းခွက်ပုန်း ကစ်နေကြတယ်။

အရက်ပုလင်းကို ခုံရဲ့အောက်မှာထားပြီး လက်ဖက်ရည်ထည့်တဲ့ ခွက်နဲ့ ငှဲ့သောက်နေကြတယ်။ မိုးတိမ်ကတော့ ရေချိန်ကိုက်နေပြီထင်တယ်။ မျက်လုံးကြီးနီပြီး ခေါင်းစိုက်ကျနေတယ်။ ဖေသန်းကတော့ ခပ်တည်တည်ခပ် မတ်မတ်ပဲ. . သူ့ကိုလာကိုက်တဲ့ခြင်းတွေကို လက်နဲ့ ယပ်ခပ်ရင်းမကျေမနပ် အသံကြီးနဲ့. .

'တောက်. . ခြင်တွေကွာ. . ပါးဆွဲချဖို့တောင် ကောင်းတယ်. . .'

www.burmeseclassic.com


'ချဗျာ. . အဲဒီခြင်တွေကို နှုတ်သီးကဆွဲပြီးပါးချပစ်. . '

ဖေသန်းရဲ့စကားကို မိုးတိမ်က မြှောက်ပေးတယ်။ ဒါကို ဖေသန်းက လည်း မိုးတိမ်စကားကို သဘောကျပြီး

'အေး. . အဲဒါကောင်းတယ်'

ဆိုပြီး ခြင်တွေကို နှုတ်သီးကလိုက်ဆွဲပြီး လက်ဝါးနဲ့. .'အင်. .အင်' ဆိုပြီး ပါးချနေတယ်။

ဒီလောက်ဆို သူတို့နှစ်ယောက် ဘယ်လောက်မူးနေတယ်ဆိုတာ သိလောက်ပြီထင်တယ်။ ခြင်တွေကို ပါးချလို့ဝမှ ဖေသန်းက. . .

'အေ. . . မင်းကိစ္စကလည်း ခက်မယောင်နဲ့ လွယ်. . လွယ် မယောင်နဲ့ ခက်နေတာကွ. . . '

ဖေသန်းစကားကို မိုးတိမ်ကမျက်မှောင်ကျုံ့ပြီး. .

'ဘာလဲဗျ. . ခင်ဗျားစကားက. . '

'ဒီလိုလေကွာ. . မင်းကိစ္စကမခက်ဘူး။ လွယ်လွယ်လေး. . ဒါပေမယ့် တစ်ခါတစ်လေကျတော့လည်း အဲဒီလွယ်လွယ်လေးတွေက ခက်နေတတ်တယ်ကွ. . လွယ်မယောင်နဲ့ ခက်တယ်ဆိုတာပေါ့ကွာ. . ဒါပေမယ့် စဉ်းစားကြည့်ရင်မခက်ဘူး. . လွယ်လွယ်လေး. . '

မိုးတိမ် စိတ်ညစ်သွားပြီး သူ့ဆံပင် သူဆွဲနုတ်တယ်. .

'ဘာလဲဗျာ. . ခင်ဗျားစကားက. . ကျုပ်ကို ပိုမူးအောင် လုပ်နေ တာလား. . '

'မဟုတ်ပါဘူးကွာ. . အမှန်တော့ ဒီကိစ္စမျိုးက အထာသိရင်လွယ် လွယ်လေးရယ်. . '

'ဘယ်လိုဗျ. . '

မိုးတိမ်မျက်မှောင်ကျုံ့သွားတယ်။ ဖေသန်းကအရက်ခွက်ကို ဂွပ် ခနဲ မော့သောက်လိုက်ပြီး. . .

'ဒီလိုကွ. . . အမှန်တော့ မိန်းမတွေဆိုတာ သဝန်တိုတတ်တဲ့အမျိုး ကလား. . . '

'အင်း. . . အဲဒီတော့. . '

'မင်း တခြားတစ်ယောက်ကို ယာယီတွဲပြလိုက်ပေါ့. . '

www.burmeseclassic.com


'ဗျာ. . '

ဖေသန်းက မိန်းမကျမ်းကျေသလိုဟန်မျိုးနဲ့ ခေါင်းကိုခပ်ဖြည်းဖြည်း ငြိမ့်လိုက်ပြီး. .

'ဟုတ်တယ်ကွ. . . မင်းအဲဒီလိုတွဲပြလိုက်ရင် သူ့စိတ်ထဲမှာ မနာလို စိတ်တွေဖြစ်ပြီး အချစ်စိတ်တွေ ကြွထွက်လာမှာကွ. . . '

ဖေသန်းစကားက မိုးတိမ်ကို မျက်လုံးအရောင်လက်သွားစေတယ်။ အမူးပါပြေသွားပုံရတယ်။ ပြီးတော့ စားပွဲကိုဖြန်းခနဲပုတ်ပြီး. .

'ပေါက်ပြီ. . ကျုပ်ပေါက်သွားပြီဗျ. . သဘောကတော့ ကျုပ်က တခြားတစ်ယောက်ကိုပဲ ပြောင်းကြိုက်နေသလိုပုံစံမျိုးနဲ့ တခြားကောင်မလေး တစ်ယောက်နဲ့ တပူးတွဲတွဲလုပ်။ အဲဒီတော့မှ သူ့စိတ်ထဲမှာ မနာလို စိတ်တွေရှန်းကြွလာပြီး. . ကိုကိုမိုးတိမ်ရယ်. . . အဲဒီကောင်မနဲ့ တွဲမနေပါနဲ့ မေဖြူကသာ ကိုကိုမိုးတိမ်ကို တကယ်ချစ်တာပါဆိုပြီးဖြစ်။ ကျုပ်တို့နှစ်ယောက်ညား. . . ကလေးတွေမွေး. . . ။ ယောက္ခမတွေဆီမှာ အမွေတွေ ခွဲ. . '

'ဟာ. . မင်းဟာက ဘာမှတောင်မလုပ်ရသေးဘူး. . ညားတာတွေရော ကလေးတွေမွေးတာရော. . အမွေတွေခွဲတာရောစုံနေပါရောလား'

'ဟား. . ဟား. . . ဒါကကျုပ်အကြံဗျ. . . ကျုပ်အကြံ. . ကဲ. . သွားမယ် ကိုဖေသန်းကြီး . အဲ. . ကျေးဇူးဆပ်တဲ့အနေနဲ့ မေဖြူနဲ့ ကျုပ်ညားရင် ပထမဦးဆုံးမွေးတဲ့ကလေးကို လက်ဆောင်လာပေးမယ်ဗျာ . . . ဟားဟား. . . ဟား. . . ဟား. . . '

ဆိုပြီး ဆိုင်ထဲက ခုန်ပေါက်ထွက်သွားတော့တယ်။ မိုးတိမ်က အဲဒီလို လူမျိုးရယ်။ သူသိချင်တာ သူလိုချင်တာရပြီဆိုရင် ဘာမှပြန်လှည့်ကြည့်တတ်တာမဟုတ်ဘူး။ မေဖြူ့ကိစ္စဆို ပိုလို့တောင်ဆိုး. . . ။

◗◗◗◗◗

www.burmeseclassic.com

စားစာခံ အဖြစ်၊ အယောင်ဆောင်ချစ်ဖို့ကို မိုးတိမ် စန္ဒာဦးကို မျက်စိကျသွားတယ်။

စန္ဒာဦးဆိုတာကလည်း မေဖြူတို့သူငယ်ချင်းရယ်။ ကိုယ်လုံးပြားပြား မျက်နှာကားကားနဲ့. . ။ ရုပ်ကလေးကတော့ မေဖြူတို့ကို မမီပေမယ့် မျက်ဖန်ကောင်းကောင်း ကြည့်ပျော်ရှုပျော်လောက်တော့ရှိတာပ။ တစ်ခုပဲရှိတယ်။ စန္ဒာဦးက ဒေါသကြီးတယ်။ သူ့ကိုသွားစလို့ကတော့နီးရာနဲ့ တွယ်တာ။ ဘာမှမရှိရင်လည်း နပန်းဝင်လုံးပစ်တာ။ ပြီးရင်မနိုင်နိုင်ရာ ညှစ်တော့တာ။ လည်ပင်းတို့လက်မောင်းတို့။ နှာခေါင်းတို့. . ။

ဒါကြောင့်သူ့ကိုဆို ဘယ်သူမှစရဲတာမဟုတ်ဘူး. . ။ နို့ပေမဲ့မိုးတိမ်တို့ကတော့ စန္ဒာဦးကို စနေကျ. . . စန္ဒာဦးကဒေါသဖြစ်ပြီးလိုက်ရင် ထွက်ပြေးတယ်။ ပြီးရင်ပြန်စတယ်။ စန္ဒာဦးဒေါသထွက်ပြီး ပြန်လိုက်ရင် ထွက်ပြေးတယ်။ ပြီးရင်ပြန်စတယ်။

www.burmeseclassic.com


စန္ဒာဦးကအစလည်းခံတယ်။ သူဒေါသထွက်မှသာ စိတ်မြန်လက်မြန် လုပ်တတ်တာ။ ပြီးရင်သူ့ဖာသာသူ အေးအေးလေးနေတာ။ နောက်သူက စိတ်ပြေလည်းမြန်တယ်။ ဒေါသဖြစ်ပြီးရင်လည်း မေ့ပစ်လိုက်တာပဲ။ ဘယ်တော့မှ တေးမှတ်မထားဘူး. . ။ ဒါကြောင့် မိုးတိမ်တို့ ခဏခဏ သူ့ကို စတာ။

အခုလည်းမိုးတိမ်က သူ့ရဲ့ပစ်မှတ်အနေနဲ့ စန္ဒာဦးကို တေးမှတ်ထားတယ်။ နောက်စန္ဒာဦးက သူတို့အနောက်ကျောင်းသူဆိုတော့ သူတို့နဲ့ လယ်တစ်ကွက်ထဲစိုက်ရတာပ။ ဒါကြောင့် ကောက်စိုက်ဆင်းတဲ့နေ့ကစပြီး မိုးတိမ်က စန္ဒာဦးနားကပ်နေတော့တာ။ မေဖြူကိုလည်း သူကဂရုမစိုက်ချင်ယောင်ဆောင်ထားရသေးတယ်။ ဒါမှ သူ့ပရိယာယ် အောင်မြင်မှာကိုး. . . ။

သူစန္ဒာဦးကို ကပ်နေမှ မေဖြူက မနာလိုဖြစ်မှာမဟုတ်လား. . ။

မိုးတိမ် စန္ဒာဦးကို စတယ်ဆိုပေမယ့် ကောက်စိုက်နေတဲ့အချိန်မှာတော့ မစရဲဘူးရယ်။ ဘယ်စရဲမှာလဲ စန္ဒာဦးလက်ထဲမှာ ရှိနေတာက စပါးစိုက်တဲ့ ဆူးချွန်ကြီးရယ်။ ဟိုက စိတ်ဆိုးပြီး ဆူးချွန်ကောက်လွှတ်ထည့်လိုက်လို့ အလကားနေရင်း ဗိုက်ပေါက်နေဦးမယ်။

ပြောရဦးမယ်။

ကျုပ်တို့ဆီက စပါးစိုက်တာ လက်နဲ့မဟုတ်ဘူးရယ်။ ကောက်စိုက်တဲ့ ဆူးချွန်နဲ့ စိုက်ကြတာပ။ ကောက်စိုက်တဲ့ဆူးချွန်ဆိုတာက ဒီဘက်မှာတော့ အသုံးနည်းတယ်။ သူက ခက်ရင်းခွလို အချွန်နှစ်ခုပါပြီး လက်ထဲမှာစပါးပင်တွေအများကြီးကိုင်ပြီး အဲဒီခက်ရင်းခွနဲ့ ထိုးထိုးပြီးစိုက်တယ်။ ခက်ရင်းခွအရိုးကတော့ သစ်၊ ဒါမှမဟုတ် ဝါးဆစ်ပိတ်အသေးကလေး တွေနဲ့ တပ်ထားကြတယ်။ ဒီဆူးချွန်နဲ့ ကောက်စိုက်တတ်မှရတာ။ မစိုက်တတ်လို့ကတော့ ကိုယ့်လက်ကိုယ် ထိုးခွဲသလိုဖြစ်ပြီသာမှတ်။ ခက်ရင်းခွက မြေကြီးထဲ ခဏခဏထိုးနေရတော့ သွေးထားသလိုဖြစ်ပြီး 'မြ'နေတော့တာ။ စိုက်တတ်တဲ့လူများကျတော့ လက်နဲ့စိုက်တာနဲ့ကို ဘာမှမဆိုင်ဘူး။ စွပ်၊ စွပ်၊ စွပ် ဆိုထိုးချသွားတာ။ လက်နဲ့စိုက်တာထက်ကို အားကြီးပိုတွင်တယ်။ နောက်ပြီး သူက ရိုးတံ(လက်ကိုင်)အရှည်နဲ့ဆိုတော့ လက်နဲ့စိုက်သလို ကုန်း

www.burmeseclassic.com


ကုန်းကွကွမလုပ်ရဘူး။ ကုန်းကုန်းကွကွမလုပ်ရတော့ ခါးမညောင်းဘူးပ။ လူလည်းသက်သာတယ်။ ဒါပေမယ့် ခုနပြောသလို စိုက်တတ်မှကောင်းတယ်။ မစိုက်တတ်ရင် လက်ထိမှာကတစ်ကြောင်း နောက်စပါးလည်း မနစ်ဘူးရယ်။ စပါးနစ်တယ်ထားဦး။ အပင်တွေက ယိုင်တိုင်တိုင်နဲ့ အခြေမခိုင်တတ်ဘူး။ ဒါ့ကြောင့် စိုက်တတ်တဲ့လူတွေ စိုက်မှ။

ကျုပ်တို့ရွာကတော့ ဆူးချွန်နဲ့ဖက်ပြီး မွေးတယ်လို့ဆိုရအောင် သိပ်ကျွမ်းကျင်ကြတာ။ ဆူးချွန်နဲ့စိုက်ရရင်. . လူညီလို့ကတော့ တစ်ဇေ ဘာကြာတာလိုက်လို့။

နောက်ပြီး တော်ရုံတန်ရုံ ဖား၊ ငါးများမြင်လို့ကတော့ ဆူးချွန်နဲ့ စွပ်ခနဲထိုးလိုက်ရင် ကွိခနဲနေတာ။ ကိုရင်သာဂိတို့များဆို ဗျိုင်းတောင် မလွတ်ဘူးရယ်။

အခုလည်း. . စန္ဒာဦးလက်ထဲ ဆူးချွန်ရှိနေတုန်း မိုးတိမ်ကမစရဲတာ မဟုတ်ဘူး. . ။ ဒါ့ကြောင့် ‘ထမင်းစားပြီးပြီလား၊ နေကောင်းလား၊ အရီးအေးကျော့ရော’စသည်ဖြင့်သာ ပလီစိချောက်ချက်လုပ်ရဲတာ။ ကဏ္ဍကောစ စကားများကတော့ပြောရဲဘူးရယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ ထမင်းစားနားချိန် သူ့အကြံအစည်အကောင်အထည်ဖော်ဖို့ စဉ်းစားထားတယ်။ ထမင်းစားနားတော့ အားလုံးထမင်းစုစားကြတာမို့လား။ အဲဒီအချိန်ကျရင် သူ့ဟင်းကိုယ့်ဟင်းခွဲနေတာ မဟုတ်ဘူး။ သူ့ခွက်ကိုယ်နှိုက်စား၊ ကိုယ့်ခွက်သူနှိုက်စားနဲ့ ပျော်စရာကြီးရယ်။ ဒါတောင် မေဖြူတို့လို ဂိုက်ပေးကြမ်းပြီး ရွှံ့တတ်တယ်၊ ဘာညာဆိုပြီး လုပ်တတ်တဲ့လူတွေပါလို့. . နို့မဟုတ်ရင် ပါလာသမျှ အားလုံး ဒေါင်းလန်းကြီးထဲထည့်ပြီး အားလုံးနယ်ဖတ်စားကြတာပ။

‘ကဲ. . ထမင်းစားနားကြမဟေ့. . . ’

ကိုဖိုးမောင်ကြီးအော်သံကြားတာနဲ့ မိုးတိမ်ပျော်သွားတယ်။ သူ့အကွက်ဝင်တော့မှာကိုး. . ။ အားလုံးနေကိုမော့ကြည့်ကြတယ်။ ဟုတ်တယ်။ နေက ထန်းတစ်ဖျားရောက်နေပြီ။ ရွာကျောင်းတွေဆီက ‘တောင်တောင်’ဆိုတဲ့ နံနက်ဆွမ်းဘုဉ်းဖို့ အချက်ပေးအုန်းမောင်းခေါက်သံကြားရတယ်။ ထန်းတောဘက်ကနေ ကိုတွတ်ဆိုင်မှာ မီးခြစ်ကျန်လို့သွားယူတဲ့ ဘကြီးပန်း ယိုင်တိယိုင်တိုင်နဲ့ ပြန်လာတာတွေ့တယ်။ ဟုတ်ပြီ. . . ဒါဆို

www.burmeseclassic.com


ဆယ့်တစ်နာရီသေချာပြီ. . ။ အားလုံးကောက်စိုက်နားပြီး လယ်ထဲက ရေနဲ့ပဲ လက်ဆေးကိုယ်လက်သန့်စင်ကြတယ်။ လယ်ထဲက ရေကလည်း ခြေသလုံး မမြုပ်တမြုပ်ရှိတာကိုး။ ပြီးတော့ ကိုယ့်ဆူးချွန်လေး ကိုယ်ဆွဲပြီး ထမင်းတောင်းတွေထားတဲ့ ကန်သင်းပေါ်တက်လာကြတယ်။

နောက်. . သူ့အိုးသူထုတ်၊ ကိုယ့်အိုးကိုယ်ထုတ်ပြီး ထမင်းစားဖို့ ပြင်ကြတယ်။ စန္ဒာဦးတို့ မေဖြူတို့ကတော့ ထမင်းစားရင် ငါးပိရည်နဲ့ တို့စားဖို့ လယ်ထဲအလေ့ကျပေါက်နေတဲ့ ကညွတ်တွေလိုက်ချိုးနေကြတယ်။

ကျန်တဲ့. . ကိုဖိုးမောင်တို့၊ ငအောင်တို့၊ ကိုမျိုးတို့၊ သားကြီးတို့ ဒုံးပေတို့၊ ကရင်မတို့၊ မိသန်းအေးတို့၊ ကျဲကျဲတို့ကတော့ စားနှင့်ကြပြီး မိုးတိမ်ကတော့ အကြံနဲ့မို့၊ ထမင်းကို မစားသေးဘူး။ မိုးတိမ် စန္ဒာဦးတို့ကို စောင့်ရင်း ဟိုဟာလုပ်သလို ဒီဟာလုပ်သလို လုပ်နေတယ်။ ကျန်တဲ့လူတွေကတော့သိတယ်။ မိုးတိမ်ထမင်းမစားသေးဘဲ ယောင်ပေပေ လုပ်နေတယ်ဆိုတာ။ နို့ပေတဲ့ ပြောဘူးရယ်။ သူ့ဖာသာ သူမျိုချင်တဲ့အချိန်မျို၊ ဆို့ချင်တဲ့အချိန်ဆို့၊ လောလောဆယ်ကိုယ်ဗိုက်ဝဖို့ အရေးကြီးတာမို့ ကုန်းတုပ်နေတယ်။ ခဏကြာ၊ မေဖြူတို့ စန္ဒာဦးတို့ ပြန်လာမှထမင်းအိုးကိုဖွင့်လိုက်တယ်။

'ဟဲ့. . ဟိုကာလနာက မစားသေးဘူးလား. . '

စန္ဒာဦးက ရောက်ရောက်ချင်း သူ့ကို နှုတ်ဆက်ပြီး ကန်သင်းပေါ် ထိုင်လိုက်တယ်။ မေဖြူကတော့ မသိချင်ယောင်ဆောင်ပြီး ကညွတ်တွေ နွှင်နေတယ်။ မိုးတိမ်က စန္ဒာဦးကို ပြန်ပြုံးပြလိုက်ပြီး. . .

'မစားသေးဘူးဟ. . . နင့်ကိုစောင့်နေတာ'

မိုးတိမ်စကားလည်းကြားရော စန္ဒာဦးရင်ဘတ်ဖိပြီး. . .

'ကြားသားမိုးကြိုး. . . ။ ဟုတ်မှလည်းလုပ်ပါဦး. . . နင်စောင့်နေတာ ငါမဟုတ်နိုင်ပါဘူး. . '

ဆိုပြီး မေဖြူ့ကို မျက်စပစ်ပြတယ်။ မေဖြူက ရှက်ကိုးရှက်ကန်းနဲ့ စန္ဒာဦး ပေါင်ကို လှမ်းရိုက်တယ်။ ပြီးတော့ ကန်သင်းရိုးမှာထိုင်ပြီး ရေထဲ ခြေထောက် ချပြီး၊ ခြေထောက်တလှုပ်လှုပ်နဲ့ ရေဆော့ရင်း ထမင်းပန်းကန်ထဲ လက်နှိုက်လိုက်တယ်။

မေဖြူ့လက်ကလေးတွေက ကောက်စိုက်တဲ့ လက်နဲ့မတူဘူး။

www.burmeseclassic.com


ဖြူဖွေး နုအိနေတာပဲ. . . ။ မိုးတိမ် မေဖြူ့လက်ကလေးကို လှမ်းငေးကြည့်နေမိတယ်။ နောက်မှသတိရသွားပြီး. . .

'မဟုတ်ပါဘူးဟ. . ငါကနင့်ကို တကယ်စောင့်နေတာပါ. . '

စန္ဒာဦးက မိုးတိမ်ကို မျက်မှောင်ကျုံ့ခါးထောက်ကြည့်ပြီး. . .

'ဆိုပါဦး . . နင်က ဘာကိစ္စ. . '

'ဟို. . . ဟိုလေ. . ငါတို့အိမ် ဒီနေ့အသည်းအမြစ်ချက်လို့. . အဲ့ဒါ နင့်ကိုကျွေးချင်လို့. . '

စန္ဒာဦး ပါးစပ်ဟသွားသည်။ မေဖြူက နှုတ်ခမ်းစူပြီး တစ်ဖက်လှည့်သွားတယ်။ ဒါကို မိုးတိမ်က မေဖြူသဝန်တိုလို့ လို့တွေးမိပြီး ပျော်နေတယ်။ ဘေးနားက ထမင်းစားနေတဲ့ ကရင်မကသာ ထမင်းတစ်လုတ်ကို ပါးစပ်ထဲပလုတ်ပလောင်းထိုးသွင်းရင်း. . . .

'ကိုမိုးတိမ်ကြီး ဟင်းကောင်းကို ကျုပ်တို့ကျတော့ မကျွေးဘဲနဲ့များ ဟိုလူစောင့်သလို ဒီလူစောင့်သလိုလိုနဲ့ ရိုးကိုမရိုးဘူးပ. . . '

ကရင်မစကားကို မိုးတိမ်က ဂရုမစိုက်ဘဲ အသည်းဖတ်တစ်ခုကို နှိုက်ပြီး စန္ဒာဦးပန်းကန်ထဲ လှမ်းထည့်လိုက်တယ်။ စန္ဒာဦးကတော့ သူ့ကို ကြောင်ငေးကြည့်နေတုန်း။ မိုးတိမ်က ခပ်တည်တည်နဲ့. . .

'ဒါကတော့ စေတနာရှိတဲ့လူပဲ ကျွေးမှာပေါ့. . စားနော် စန္ဒာဦး စား ငါကနင်စားစေချင်လို့ တမင်ဖယ်ထားတာ စားကြည့်စမ်းစန္ဒာဦး. . . ကောင်းလိုက်ပုံများ ဆီကိုအိထွက်နေတာ'

ဆိုပြီး ခုနမေဖြူတို့ ချိုးလာတဲ့ ကညွတ်ခွက်လေးထဲလက်နှိုက်လိုက်တယ်ဆိုရင်ပဲ မေဖြူက ကညွတ်ခွက်ကို ဆတ်ခနဲပြန်ယူလိုက်ပြီး. . .

'ကျုပ်ချိုးလာတဲ့ ကညွတ် တော့ကို မကျွေးနိုင်ပါဘူး. . မစားနဲ့ . . '

ဆိုပြီး ကညွတ်ခွက်ကို တခြားနေရာချလိုက်တယ်။ မိုးတိမ်ဖြဲခနဲ ရယ်လိုက်တယ်။ သူ့စိတ်ထဲမှာလည်း မေဖြူတော့ သဝန်တိုနေတယ်ဆိုပြီး ဝမ်းသာနေတယ်။ မေဖြူသူ့ကို ချစ်တဲ့အချစ်တွေ နိုးကြွလာပြီပေါ့။ ဒါ့ကြောင့် ပေါ်ပေါ်ထင်ထင်ဖြစ်သွားအောင်ဆိုပြီး အကြံနဲ့ .

'မစားနဲ့ဆိုလည်း. . မစားပါဘူး. . ဒါကတော့ ငါ့လိုပဲ စေတနာ

www.burmeseclassic.com



ရှိတဲ့လူကျွေးမှာပေါ့နော့. . ရော့စန္ဒာဦး ဒါက အမြစ်ကလေး၊ ငါကအသည်း အမြစ်ကအစ စေတနာရှိတာ။ သူများလိုအလကားချီးလာတဲ့ ကညွတ် မဟုတ်ဘူး'

လို့ဆိုလိုက်တာနဲ့ မေဖြူကထမင်းစားနေတဲ့လက်ကို ခါးပေါ်တင်ပြီး

'ရှင်ကြီးကို စေတနာရှိဖို့ . . ညဲ့ . . ပါလေ့. . '

ဆိုပြီး ထမင်းပန်းကန်ပေါ် လက်ကိုအကြောင်းမဲ့ခါနေတယ်။ မိုးတိမ် မေဖြူကိုကြည့်ပြီး အသည်းယားသွားတယ်။ မေဖြူ့ပုံက ချစ်စရာလေး ရယ်။ မျက်နှာပေါ်မှာလည်း သလာစီရဲ့ အာချီတွေလူးလာပုံရတယ်။ မျက်နှာ လေးက အဖြူကိုလွန်ပြီး ချွေးတွေကြောင့် ခရမ်းရောင်ဘက်သမ်းနေတယ်။ အေးလေ. . . သူတို့ကကြေးရတတ်တွေဆိုတော့ အာချီ သုံးနိုင်တာပ။

ကြည့်စမ်း သူ့လက်ဖြူဖြူကလေးလည်း ထမင်းတွေနယ်ဖတ်ထား တာ လက်ကောက်ဝတ်လောက်အထိ ထမင်းလုံးတွေပေရေလို့. . ။ ပါးစပ်ထဲ မှာလည်း ထမင်းတွေအပြည့်နဲ့ သူ့ခမျာအဆာလွန်နေတယ်ထင်ပါရဲ့ ထမင်း တစ်လုပ်မျိုချလိုက်တိုင်း အွတ်ခနဲကြို့ထိုးထိုးတက်လာတယ်။ ရင်ထဲ လေခံနေတယ်မှတ်တယ်။ မိုးတိမ် မေဖြူကိုကြည့်ပြီး သနားသွားတယ်။ ဖြစ် နိုင်ရင် ရေတစ်ခွက်လောက် ခပ်တိုက်လိုက်ချင်ရဲ့. . ။ နောက်ပြီး ငါနဲ့ညားရင် နင်ဒီလို ပင်ပင်ပန်းပန်း မလုပ်ရဘူးလို့. . ။

'ဟဲ့. . လူကြီး ထမင်းမစားဘဲ ဘာတွေငေးနေတာလဲ. . . '

စန္ဒာဦးရဲ့စကားကြောင့် မိုးတိမ် သတိပြန်ဝင်သွားတယ်။ ဒါကြောင့် ထမင်းကို ကုန်းတုပ်ရင်း. . .

'အော်. . ဘာရယ်မဟုတ်ပါဘူး စန္ဒာဦးရယ်. . နင်ထမင်းစားပုံ လေးက ဟိုလေ လှလို့. . အဟဲ. . '

'လူကြီးနော်. . လူကြီး ဟင်းဟင်း. . . '

စန္ဒာဦးက အံကြိတ်ရင်းကြိမ်းတယ်။ မေဖြူကမျက်နှာမဲ့ပြီး တစ်ဖက် လှည့်သွားတယ်။ မိုးတိမ်ကတော့ မေဖြူ့ကိုကြည့်ပြီး သနားလည်း သနား ပျော်လည်း ပျော်သွားတယ်။

'တကယ်ပြောတာပါစန္ဒာဦးရဲ့. . အခုတလော ငါနင့်ကိုကြည့်ရ တာ ချောချောလာတယ်။ မေဖြူနဲ့ နင်နဲ့ တခြားစီပဲ. . . '

www.burmeseclassic.com


'ညှဲ့. . ပေါ့လေ. . '

မေဖြူမျက်နှာကိုမဲ့ပြီး တစ်ဖက်လှည့်သွားတယ်။ သူ့စကားကို စန္ဒာဦးက မျက်လုံးကြီးပြူးပြီး. .

'လူကြီးနော် စကားပြောတာ မထိခလုတ် ထိခလုတ်မလုပ်နဲ့ အခု လင်ပန်းနဲ့ ခုတ်ထည့်လိုက်ရ ဟုတ်ပေ့ဖြစ်နေမယ်'

စန္ဒာဦးစကားကို မိုးတိမ်က ပြီတီတီလုပ်ပြီး. . .

'နင်လင်ပန်းနဲ့ခုတ်ရင်လည်း ခံရမှာပဲစန္ဒာဦးရယ်. . ဒါပေမယ့် ငါက အမှန်ကိုအမှန်အတိုင်းတော့ ပြောရမှာပဲ. . . '

မေဖြူထမင်းစားပြီးလို့ လက်ကို လယ်ကွက်ထဲကရေနဲ့ လှုပ်ဆေးလိုက်ပြီး ပါးစပ်သုတ်တယ်။ စန္ဒာဦးကတော့ လက်ကျန် ကညွတ်တွေကို ငါးပိရည်နဲ့ တို့ပြီး အားလုံးပါးစပ်ထဲထိုးထည့်ပြီး သူ့လင်ပန်းကို ရေနှစ်ဆေးလိုက်တယ်။ နောက်ဘယ်သူ့ကိုမှမကြည့်ဘဲ. .

'စိတ်ကိုကမျောက်စိတ်၊ ဟိုခုန်ဒီခုန်နဲ့ သေနာကျ. . လူကို ရိသဲ့သဲ့လုပ်ပြီ. . . '

စန္ဒာဦးစကားကြောင့် မိုးတိမ်နည်းနည်းစိတ်ဆိုးသွားသလို မျက်နှာကို တင်းပြီး. .

'ငါ့စိတ်က မျောက်စိတ်မဟုတ်ပါဘူး။ ငါအမှန်ကို အမှန်အတိုင်း ပြောတာ။ နင်လှလို့လှတယ်။ မလှရင်မလှဘူး။ ဒါပဲ. . ငါ့ကိုများ မျောက်စိတ်လေးဘာလေးနဲ့ အခုလည်ပင်းထညှစ်လိုက်ရ ဟုတ်ပေ့ဖြစ်နေဦးမယ်'

သူ့စကားကို စန္ဒာဦးက ပန်းကန်ဆေးနေရာက ဖျတ်ခနဲလှည့်လာပြီး ခါးကိုထောက်လို့. . .

'အောင်မာ. .နင်ကများ ငါ့ကိုလည်ပင်းညှစ်မလေးဘာလေးနဲ့. . ညှစ်ရဲညှစ်ကြည့်စမ်း လူကိုဘာအောက်မေ့လို့လဲ. . ဟင်း . . . အကြောင်းသိသွားစေရမယ်။ စန္ဒာဦးတဲ့နော်. . . '

စန္ဒာဦး ရန်ခံတွေ့ပုံကို ကြည့်ပြီး မိုးတိမ်ရယ်ချင်သွားတယ်။. . . နောက်ပြီး မေဖြူရှေ့မှာမို့ စန္ဒာဦးကို သူကျောလည်းကျောချင်သွားတယ်။

'ငါ့ကို မညှစ်ရဲဘူးမထင်နဲ့ တကယ်ထညှစ်လိုက်မှာ. . '

'အောင်မာ ညှစ်ရဲညှစ်ကြည့်စမ်း ဟင်းဟင်း ငါးပါးမှောက်သွား

www.burmeseclassic.com


မယ်. . . ’

‘ကဲ. . ဒီလောက်တောင်ဖြစ်တာ. . . ညှစ်ပြီ. . ’

စန္ဒာဦးစကားမဆုံးမီ မိုးတိမ်ဆတ်ခနဲထပြီး စန္ဒာဦးဂုတ်ကိုဖမ်းနှိပ်ပြီး ညှစ်ထားလိုက်တယ်။ အားလုံးသူ့တို့နှစ်ယောက်ကို ကြည့်တယ်။ နောက်ဒီအဖြစ်မျိုးက သိပ်မထူးဆန်းတော့ ဘာရယ်ညာရယ် ပြောမနေဘူး။ ဟုတ်တယ်။ ဒီလိုပဲလေ. . မိုးတိမ်တို့ စန္ဒာဦးတို့ဆိုတာ အဲဒီလိုပဲ စနေကျ။ စန္ဒာဦးက ဒီတစ်ခါမိုးတိမ်ရဲ့ အလစ်အငိုက်ခံလိုက်ရတာမို့ ဘာမှ မတတ်နိုင်ဘူး။ မိုးတိမ်ဂုတ်နှိပ်ထားတာမို့ ခေါင်းကိုငုံ့ပြီး အံကြိတ်ခံနေတယ်။ ပြီးတော့မီးရာလိုက်ဆွဲကြည့်တယ်။

မရဘူး. . ဒါကိုသိလို့ မိုးတိမ်က အနောက်နည်းနည်းကြိုဆုတ်ထားတာ။ စန္ဒာဦး ဘာလုပ်တတ်တယ်ဆိုတာ သူသိတာကိုး။ ဒါကြောင့် လည်ဂုတ်ကိုနှိပ်ရင်း. .

‘ကဲ. . ကြောက်ပြီလား. . . ’

သူ့စကားတောင် မဆုံးလိုက်ဘူး။ စန္ဒာဦးက ‘ကဲဟာ’ဆိုပြီး ကန်သင်းက ဗွက်တစ်ဆုပ်ကောက်ပြီး နောက်ပစ်ထည့်လိုက်တာ မိုးတိမ်မျက်လုံးတစ်ဖက်ကို ဘတ်ခနဲ သွားကပ်တယ်။

‘ဟိုက်. . ပိတ်ပဟ. . ’

မိုးတိမ် စန္ဒာဦးကို ဂုတ်ကနှိပ်ရင်းထအော်တယ်။ ဗွက်ကမျက်လုံးတစ်ဖက်မှာကပ်ပြီး ငရန်မန်ကန်းဖြစ်သွားတယ်။ ဗွက်တွေကို ပြုတ်ကျလိုပြုတ်ကျငြား ခေါင်းခါထုတ်တယ်။ ရွှံ့ဗွက်ကလည်း လူနင်းတာများလို့ထင်တယ် စေးထနေတာ တော်ရုံပြုန်မကွာကျဘူး။ စန္ဒာဦးကိုလည်း သူကမလွှတ်ရဲဘူး။ လွှတ်လိုက်ရင်ပိုဆိုးမှာကိုး. . ။ ဒါ့ကြောင့် ဂုတ်နှိပ်ရင်းနဲ့ပဲ ခါထုတ်နေရတယ်။

သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြတယ်။ မိုးတိမ်ခံရတော့ မေဖြူပြုံးစေ့စေ့ဖြစ်သွားတယ်။ မေဖြူပြုံးတာမြင်တော့ မိုးတိမ်တင်းသွားပြီး စန္ဒာဦးလည်ဂုတ်ကို တိုးနှိပ်ရင်း. . .

‘ကိုင်းဟာ. . ကိုင်းဟာ. . ကြောက်။ အာဝ့. . ’

သူ့စကားတောင်မဆုံးဘူး။ စန္ဒာဦးရွှံ့လုံးကြီးတစ်လုံးယူပြီး ပစ်ထည့်

www.burmeseclassic.com


လိုက်တာ သူဟာထားတဲ့ပါးစပ်တည့်တည့် ဘတ်ခနဲဝင်သွားတော့ စကားကို ထပ်ဆက်လို့မရတော့ဘူး။ မိုးတိမ်မျက်လုံးကြီးပြူးပြီး ဘေးဘီကြည့်တယ်။ သူ့ပါးစပ်ထဲမှာလည်း ရွှံ့လုံးကြီးနဲ့။ မိုးတိမ်ရွှံ့လုံးကြီးကို ထွေးပဲထုတ်ရမလား။ မျိုပဲချရမလားမသိဖြစ်နေတယ်။ သူ့ကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြတယ်။ ဟိုဘက်လယ်ဘက်က ကုလားဒိန်တို့ ပါစီတို့ကပါ 'စန္ဒာဦးကွ'လို့ လှမ်းအော်ကြတယ်။ ကြာတော့ မိုးတိမ်မခံနိုင်တော့ဘူး။ ပါးစပ်ထဲက ရွှံ့တွေကို ထွေးထုတ်လို့ရပေမယ့် မကုန်ဘူး။ နောက်ပြီး မျက်လုံးမှာပိတ်နေတဲ့ ရွှံ့တွေကလည်း မျက်စိထဲဝင်ပြီး ဒုက္ခပေးနေပြီ. . ။ ဒါကြောင့် စန္ဒာဦးနောက်စေ့ကို

'ကဲကွာ. . ကဲကွာ'ဆိုပြီး 'ဖတ်ဖတ်'နဲ့ နှစ်ချက်ဆင့်ရိုက်ပြီး

'မှတ်ပလား မိုးတိမ်တဲ့ကွ. . '

လို့အော်ရင်း လည်ဂုတ်နှိပ်ထားရာက လွှတ်ပြီး လှည့်ပြေးတယ်။ စန္ဒာဦးလက်ထဲကလည်း လွတ်နိုင်မှဖြစ်မှာကိုး။ ဒါမျိုးဆို စန္ဒာဦးကလည်း မိုးတိမ် လက်ကလွတ်တာနဲ့ နီးရာကို ဆတ်ခနဲဆွဲပြီး

'ဟင်သေနာကျ. . တွေ့ကြသေးတာပေါ့ စန္ဒာဦးတဲ့ဟဲ့. . '

ဆိုပြီး မှီရာဆွဲလို့. . မိုးတိမ်နောက်ပြေးလိုက်တော့တာ။ ဖြစ်ချင်တော့ သူဆွဲသွားတာက စပါးစိုက်တဲ့ဆူးချွန်ကြီး၊ ဒီအချိန်မှာတော့ ဆူးချွန်သော ဘာသောသိတော့တာရယ် မဟုတ်ဘူး။ အဓိကက မိုးတိမ်ကို မိဖို့။ မိုးတိမ်လည်း စန္ဒာဦးကို ဆူးချွန်ကြီးနဲ့တွေ့တော့ 'အောင်မလေးဗျ'ဆိုပြီး အားကုန်ကို သွန်တော့တာ။ ဆူးချွန်နဲ့ ထိရင်မချောင်ဘဲဟာကိုး။ နောက် စန္ဒာဦးကလည်း ဒေါသဖြစ်နေတဲ့အချိန်ဆို ဆူးချွန်သောဘာသော သိတော့တာရယ် မဟုတ်ဘူး။ ရရင်ရသလို တွယ်ဖို့လောက်သာ စိတ်ရှိတော့တာ။

ပြေးနေရင်းပြေးနေရင်း စန္ဒာဦးက မိုးတိမ်ကို မမှီနိုင်တော့မှန်း သိလာတယ်။ ယောကျ်ားခြေလှမ်းနဲ့ မိန်းမခြေလှမ်းကွာတာကိုး။ ဒါ့ကြောင့် မရရသလို တွယ်မယ်စိတ်ကူးပြီးတော့လားမသိဘူး။ လက်ထဲက ဆူးချွန်ကြီးကိုလွှဲပြီး

'ကိုင်းဟာ. . သေနာကျကြီး'

ဆိုပြီး မိုးတိမ်ကိုချိန်ပြီး ပစ်ချလိုက်တော့တယ်။ ဆူးချွန်က မိုးတိမ် တည့်တည့်ဗျား။ ဒါပေမယ့် မိုးတိမ်က အရှိန်နဲ့ ပြေးနေတာဆိုတော့ ဆူးချွန်

www.burmeseclassic.com


နည်းနည်းကလေးနောက်ကျပြီး . . မိုးတိမ်ပေါင်နှစ်လုံးကြား စွတ်ခနဲ ဝင်သွားတော့တယ်။ ဆူးချွန်က ဘယ်လိုဘယ်လို ဝင်သွားသလဲတော့ မပြော တတ်ဘူး။ မိုးတိမ်ကို ဘယ်နေရာမှမထိဘူး။ ပေါင်နှစ်လုံးကြားမှ ပေါင် နှစ်လုံးကြားကွက်တိ။

မိုးတိမ်ကလည်း သူ့ကို မထိမှန်းသိတော့ ဝမ်းသာသွားပြီး . .

'ဟား . ဟား မိုးတိမ်တဲ့ကွ။ လွတ်ပြီ။ ကျွတ်ပြီကွ . ဟားဟား'

လို့အော်ပြီး မိုးတိမ်အပြေးရပ်လိုက်တယ်။ ပျော်လွန်းလို့ခုန်တောင် နေသေးတယ်။ ဒါပေမယ့် ကြာကြာမပျော်လိုက်နိုင်ပါဘူး။ သူ့စိတ်ထဲ တစ်ခုခုလိုနေသလို ခံစားရလို့ထင်တယ်။ ပြန်ငုံ့ကြည့်လိုက်တော့ . .

'ဟင် . . '

ဆိုတဲ့ အာမေဋိတ်သံနဲ့အတူ သူ့မျက်နှာကြီး ရဲတက်သွားတယ်။ သူ့ပေါင်တစ်လျှောက် အေးခနဲအထိအတွေ့ . ။ လေတွေက ပေါင်ကြား ထဲက အတားအဆီးမရှိ လိုမ့်တိုးနေတာ။

'ဟိုက် . . တကယ်ကျွတ်ပဟ'

သူ့အာမေဋိတ်သံနှင့်အတူ မေဖြူတို့ ကရင်မတို့ထံမှ အားခနဲ အော်သံကြားရတယ်။

မိုးတိမ် ခြေနှစ်ဖက်ခွင်ပြီး တောင်ဘက်ပြေးရမလို မြောက်ဘက် ပြေးရမလို ဖြစ်နေတယ်။ ပါးစပ်ကလည်း . .

'ဟိုက် . ကျွတ်ပဟ။ တကယ်ကျွတ်ပဟ'

မိုးတိမ်ယောက်ပြီး အော်နေတယ်။ ဟုတ်တယ်။ သူ့မှာလုံချည်မရှိ တော့ဘူး။ လုံချည်က ခုနဆူးချွန်နဲ့စိုက်ပြီး ကျန်ခဲ့ပြီ။ ဆူးချွန်က ပေါင် နှစ်လုံးကြားထဲဝင်ပြီး ဘယ်နေရာမှမထိဘဲ လုံချည်ကိုပဲ စိုက်ကျန်ခဲ့တာ။

ကိုဖိုးမောင်တို့ထံမှ ကျယ်လောင်တဲ့ရယ်သံကြားရတယ်။ မိန်းက လေးတွေရဲ့ အသည်းယားပြီး အော်သံက စီညံနေတုန်း။ မိုးတိမ်လုံချည် ပဲပြန်ယူရမလို။ ထိုင်ပဲထိုင်ချရမလိုနဲ့ ယောင်နနဖြစ်နေတယ်။ နောက်မှ ရှက်ရမ်းရမ်းပြီး ဗွက်ထဲကို ဗွမ်းခနဲထိုင်ချလိုက်တယ်။

ဒါကိုအလိုက်မသိတဲ့ ကိုရင်ဖိုးမောင်တို့က မိုးတိမ်ကို လက်ညှိုးထိုး ပြီး ခွက်ထိုးခွက်လန်ရယ်ကြတယ်။ မိုးတိမ်လည်းပြန်ပဲ ရယ်ရမလို။ ခပ်တည်

www.burmeseclassic.com


တည်ပဲနေရမလို၊ မျက်လုံးလေး ကလယ်ကလယ်နဲ့ သွားကြီးဖြဲပြီး လျှောက်ကြည့်နေတယ်။ ပြီးတော့မှ မေဖြူတို့ကို မြင်တော့ ပိုရှက်သွားတယ်ထင်တယ်။ ဗွက်ထဲ ဗွမ်းခနဲ ခေါင်းနှစ်ချလိုက်တယ်။ ဗွက်ကလည်း ခြေသလုံးလောက်ရှိတာဆိုတော့ တစ်ကိုယ်လုံးမလုံဘူး။ တခြားနေရာတော့ ကိစ္စမရှိပါဘူး။ ဒါပေမယ့် မည်းနက်နေတဲ့သူ့တင်ပါးဆုံကြီးက မီးကျွမ်းနေတဲ့ ပေါင်မုန့်ကြီးနှစ်လုံးရေထဲ မျောနေသလို ပေါ်လောကြီးကို ပေါ်နေတော့တာ။

ဒီကြားထဲ ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ အကောင်တစ်ကောင် ပေါင်မုန့်ပေါ် ခုန်တက်ပြီး သူ့လက်နှစ်ဖက်နဲ့ ပေါင်မုန့်ကို ဖက်ထားတယ်။ ပြီးတော့ဟိုဖက်ပေါင်မုန့်ပေါ်ခုန်တက်တယ်။ ကြည့်ရတာ သူ့ခမျာ ကျင်းရှာနေပုံရတယ်။ မိုးတိမ်လည်း သူ့တင်ပါးဆုံပေါ် အေးစက်စက်အထိအတွေ့ကြောင့်ထင်တယ်။ တစ်ချက်တွန့်ဝင်သွားပြီး လက်နောက်ပြန်လှမ်းပြီး အဲ့ဒီကောင်ကို ဖမ်းလိုက်တယ်။ လက်ထဲပါလာတဲ့ ပျော့စိစိအထိအတွေ့ကြောင့် လန့်သွားတယ်ထင်တယ်။ ဗွက်ထဲနှစ်ထားတဲ့ ခေါင်းကို ဝုန်းခနဲထောင်ပြီး သူ့လက်ထဲကဟာကို ကြည့်လိုက်တယ်။ အဲဒီအကောင်ကိုလည်းမြင်ရော မိုးတိမ်ပါးစပ်ကြီးဟ မျက်လုံးကြီးပြူးပြီး ထအော်တယ်။

'ဖား. .'

'ဖားပေါင်စင်း. . . '

ဟုတ်တယ်။ သူ့လက်ထဲမှာ ပါးစပ်လေးဟစေ့ဟစေ့နဲ့ ဖားပေါင်စင်းတစ်ကောင်. . . ။

'ဟား ဟား ဟား ဟား ဟား'

သူ ဖားကို ကြောင်ငေးကြည့်နေတုန်းမှာပဲ ကိုဖိုးမောင်ကြီးတို့ ရယ်သံ ကြားတော့ မိုးတိမ်ဗွက်ထဲကို ဝုန်းခနဲ ခေါင်းပြန်ထိုးချလိုက်တယ်။ သူ့ခမျာလည်း မျက်နှာလုံရင်ပြီးရော အောက်မေ့လားမသိဘူး။ တော်ရုံနဲ့ ဗွက်ထဲက ခေါင်းကို ပြန်မထုတ်တော့ဘူး။ ဗွက်ထဲငုပ်နိုင်သလောက်ကို ငုပ်နေတော့တာ။

▶▶▶▶▶

www.burmeseclassic.com

**အဲဒီထဲက** မိုးတိမ် ဖားပေါင်စင်းမြင်ရင် ပါးချချင်နေတော့တာ။

သူ့ခမျာလည်း ရှက်လွန်းလို့ထင်တယ်။ သီတင်းတစ်ပတ်လောက် အိမ်ထဲက မထွက်တော့ဘူး။ ကရင်မတို့ မိသိန်းအေးတို့က ပြောရှာပါတယ်။

'ကိုမိုးတိမ်ကြီး အဲဒီတုန်းက ကျုပ်က မျက်စိနာနေလို့ ဘာမှမမြင်လိုက်ဘူး. . .'

'ဟုတ်ပါရဲ့. . . ငါကလည်း အပေါ်ကငှက်တွေကို ငေးနေတာ . . ကိုမိုးတိမ်ရဲ့ ဖင်မည်းမည်းကြီးမြင်မိပေါင်'

ဆိုပြီး. . ။ ဒါပေမယ့်မရတော့ဘူး။ မိုးတိမ်က အရှက်သည်းပြီး အိမ်ထဲကအိမ်ပြင် မထွက်တော့ဘူး။

အဲ. . ထွက်ရင်လည်း ခေါင်းကို လုံချည်ကြီးဆွဲခြုံပြီးထွက်တာ။ မျက်နှာလုံးရင်ပြီးရောဆိုပြီး. . . ။

ဟုတ်တယ်လေ. . ရှက်တာက မျက်နှာကရှက်တာပဲ. . . ။

www.burmeseclassic.com


ပေါင်မုန့် မီးကျွမ်းကြီးကတော့ မရှက်ပေါင်။ အဲ. . ပြောရဦးမယ်။ သူ့ကို ဆူးချွန်နဲ့ပစ်တဲ့ စန္ဒာဦးခမျာလည်း ဘာဖြစ်လို့လဲမသိဘူး။ အဲဒီထဲက အဖျားတက်တော့တာ။ တော်ရုံဆေးကုလို့ကို မကောင်းနိုင်ဘူး။ ဘာရောဂါမှန်းကို မသိဘူး။ သူ့ခမျာ တစ်ချိန်လုံးအော်ဂလီဆန်ပြီးတော့ အန်နေတော့တာ။ ဘာအစားမှလည်း စားလို့မဝင်တော့လို့ နောက်ဆုံး ဆေးပါသွင်းယူရတယ်။

မေဖြူခမျာလည်း သူ့အမေဒေါ်ဝင်းကို 'သမီးတဏှာတစ်ကြောတော့ ပြတ်ပြီ သီလရှင်ပဲဝတ်တော့မယ်'

တကဲကဲလုပ်နေလို့ မနည်းပြန်တောင်းပန်နားချယူရတယ်။ ဒါတောင်သီလရှင်မဝတ်ရတော့၊ ဘယ်သူနဲ့မှ စကားမပြောဘဲ ယောဂီဝတ်နေတာ အတော်ကြာတယ်။ အာဝါဟ–ဝိဝါဟကို စိတ်ကုန်သွားပုံရတယ်။ စွမ်းတော့အတော်စွမ်းတဲ့ပေါင်မုန့်မီးကျွမ်းကြီး. . .။

ဒါပေမယ့် ဘယ်သူတွေဘာဖြစ်ဖြစ်၊ အချိုးမပြောင်းတာကတော့ မိုးတိမ်ပါပဲ. .။ သူ့ခမျာ ရှက်တယ်သာဆိုတယ်။ လုံချည်ကြီးခေါင်းမြီးခြုံပြီး အရပ်တကာလှည့်သွားနေတော့တာ။ ကောက်လည်းမစိုက်တော့ဘူး။ အလုပ်လည်းမလုပ်တော့ဘူး။ အဲ. . တစ်ခုတော့လုပ်တယ်။ ဒါကလဲ အားလုံးသိတဲ့အတိုင်း မေဖြူကိုရဖို့အလုပ်ပဲ။

ဒီတစ်ခါ သူ အကူအညီတောင်းတဲ့လူက သိုင်းဆရာ. . နေဇော်ရှင်း. . .။

www.burmeseclassic.com

**သိုင်းဆရာနေဖော်ရှင်း** ဆိုတာသိလား။ မသိရင်ပြောပြချင်လို့. . . ။

လူပုံကညိုညိုထွားထွား အသားများများရယ်။ လမ်းလျှောက်ရင်များ သိုင်းဆရာမှန်းသိအောင်မို့လားမသိဘူး ကားယားကားယားနေတာ။ နောက်ပြီး သူက ဘယ်သူ့မှဂရုမစိုက်ဘူးဆိုတဲ့ အထာနဲ့နှုတ်ခမ်းကို တစ်ချိန်လုံးမဲ့ထားတယ်။ တစ်လောကလုံး သူနဲ့အကြွေးမကင်းဘူးဆိုတဲ့ အထာမျိုး။ အဲ . . သူ့သိုင်းကပြောင်းပြန်. . ။ ဒါကြောင့် သူ့ကိုဆို သိုင်းပြောင်းပြန်နေဖော်ရှင်းလို့ခေါ်ကြတယ်။

သိုင်းပြောင်းပြန် နေဖော်ရှင်းကလည်း ဒီနယ်သားမဟုတ်ဘူး။ တခြားရွာကနေ ဒီရွာမှာသိုင်းသင်တန်းလာဖွင့်ရင်းနဲ့ ဒီရွာသူနဲ့ ညားမလိုဖြစ်ပြီး၊ ဒီရွာမှာသောင်တင်နေတာ။

ပိုးပန်းတဲ့ ကောင်မလေးကတော့ အိမ်ထောင်ကျလို့ တခြားရွာ

www.burmeseclassic.com


တောင်ပြောင်းသွားပြီ။ သူက လမုတန်းရွာမှာ သောင်တင်နေတုန်း။

ထားတော့။

အခုတော့ သူကသိုင်းသင်တန်းလည်းမဖွင့်တော့ဘူး။ ဖွင့်လို့လဲ မရတော့ဘူး။ ဖွင့်လို့မရတော့တာကလည်း အကြောင်းရှိတယ်။

အဖြစ်ကဒီလိုပါ။

တစ်ခေတ်တစ်ခါကတော့ သိုင်းပြောင်းပြန်နေဇော်ရှင်းဆိုတာ တစ်ရွာလုံး လေးစားရတဲ့ လူတစ်ယောက်ပေါ့။ နောက်ပြီး သူကစွမ်းလည်း စွမ်းတယ်။ ကီးသွင်းပြီး ဖနောင့်များပေါက်လို့ကတော့ မြေကြီးပါကွဲပြီး တုန်ခါသွားတော့တာ။

အဲ့ဒီလိုကီးသွင်းပြီးရင် တော်ရုံတန်ရုံလူက'မ'လို့နိုင်တော့တာရယ် မဟုတ်ဘူး။ နောက်ပြီး အကွက်ကျကျထိုးလို့ကတော့ နေသာကုန်သွားမယ်။ ထိဘူးရယ်။ ဒါ့ကြောင့် တစ်ရွာလုံးက လူကြီး/လူငယ်တွေအားလုံး နေဇော်ရှင်းကို လေးစားပြီး သူ့သင်တန်းတက်ကြတာ။

အဲ. . ဖြစ်ချင်တော့၊ တစ်ခါသား ရွာမှာ ဘုရားပွဲ ချိမ့်ချိမ့်သဲ ကျင်းပတုန်းကပေါ့။ ရွာကကာလသားတွေက သိုင်းဆရာနေဇော်ရှင်း အားကိုးနဲ့ လက်ဝှေ့ပွဲပါ တွဲပြီးကျင်းပတော့တာ။ ဟုတ်တယ်လေ– သိုင်းပြောင်းပြန်နေဇော်ရှင်းရှိနေလို့ကတော့ တော်ရုံလက်ဝှေ့သမား ဘယ်ဂရုစိုက်စရာလိုတော့မှာလဲ. . ။ နေဇော်ရှင်းကလည်း လက်ဝှေ့အကြောင်းသာ နားမလည်တာ သိုင်းအရာမှာတော့ယှဉ်နိုင်တဲ့လူရှားတယ်မဟုတ်လား။

ဒီလိုနဲ့ လက်ဝှေ့ပွဲကျင်းပတဲ့နေ့ရက်ရောက်လာတယ်ဆိုပါတော့။ အဲဒီလက်ဝှေ့ပွဲမှာ တစ်ဖက်ကြာကွင်းကြီးရွာက လက်ဝှေ့ကျော် ကြွယ်အောင်လာထိုးတယ်။ ကြွယ်အောင်ဆိုတာကလည်း လက်ဝှေ့မှာ နာမည်ကြီး။ ဒီပွဲမှာလည်း သူ့ကိုဘယ်သူမှမနိုင်ဘဲဖြစ်နေတော့တာ။ ဘယ်လက်ဝှေ့သမား တက်တက် လဲကွဲပြီး ဆင်းလာရတာချည်းပဲ. . . ။

နောက်ဆုံး ရွာကလူတွေကမခံနိုင်တော့ဘူး။ ဟုတ်တယ်လေ. . ။ ကြွယ်အောင်ဆိုတာ လူ့ဖလံရယ်။ လေတိုက်ရင်ပဲ လဲတော့မလို။ နို့ပေတဲ့ လျင်တော့လျင်သဗျ။ လက်ဝှေ့ထိုးလို့ကတော့ လှစ်ခနဲလှစ်ခနဲနေတာ။ ဒါ့ကြောင့် သူနဲ့ ဘယ်သူပဲထိုးထိုး ထိုးတဲ့လူခံရတာချည်းပဲ. . . ။

www.burmeseclassic.com


ဒါနဲ့ ရွာကလူတွေက သိုင်းပြောင်းပြန်ဆရာကြီး နေဇော်ရှင်းကို မြှောက်ပေးတော့တာ။

'ဆရာ . . ဆရာ တက်ဆွဲလိုက်။ ဒီကောင်ဆရာနဲ့ဆို ခံသွားရမယ်။ ဆရာ့ရဲ့ ခုတ်ပယ်လွှဲ အကွက်တွေနဲ့ဆို သုံးကွက်တောင် ခံမှာမဟုတ်ဘူး။ ဒီကောင်ကွဲသွားမှာ' စသည်ဖြင့် မြှောက်ပေးတော့တာ။

ဒါနဲ့ ဆရာလေးနေဇော်ရှင်းကလည်း သွေးတက်ပြီး . .

'အိမ်း . . အိမ်း . . တပည့်တို့ ဆန္ဒရှိရင် ဆရာကဆုံးမပေးရမှာပေါ့ကွယ်'

ဆိုပြီး အင်္ကျီချွတ်ပြီး စင်ပေါ်ရှမ်းဘောင်းဘီကြီးနဲ့ ဝုန်းခနဲ ခုန်တက်သွားတော့တာ။ စင်ပေါ်လည်းရောက်ရော လက်ဝှေ့သမားကြွယ်အောင်က တွန့်ပါတွန့်ဝင်သွားတယ်။ နေဇော်ရှင်းရဲ့ ဗလကြီးက နည်းတာမှ မဟုတ်တာ။ ဒိုင်တွေကလည်း ဒီဗလထိုးလို့ဖြစ်ပါ့မလားဆိုပြီး ကြည့်တယ်။ ရွာကလူတွေကလည်း သူတို့ရဲ့ သိုင်းဆရာကြီးဆိုတော့ တစ်ခဲနက် အားပေးကြတာ။ နေဇော်ရှင်းထိုးမယ်ဆိုတော့ ရွာကမိန်းမတွေကအစ သူတို့ သိုင်းဆရာကြီးက ကစ်တာမမြင်လိုက်ရမှာစိုးလို့ လာကြည့်ကြတယ်။ တချို့ဆို ကလေးခါးတစ်ခွင်နဲ့၊ တချို့ကျတော့ ရင်လျားကြီးနဲ့ ရှုပ်ယှက်ကို ခတ်နေတော့တာ။ ကြွယ်အောင်လည်း ပရိသတ်ကိုကြည့်ပြီး လန့်တောင်နေတယ်။ သူ့ခမျာလည်း နေဇော်ရှင်းကို မထိုးရဲရှာဘူး။ နောက်ဆုံးပရိသတ်တွေက မထိုးရင်မရဘူးဆိုပြီး အတင်းထိုးခိုင်းတော့မှ သူ့ခမျာ ကြောက်ကြောက်လန့်လန့်နဲ့ ထိုးရရှာတယ်။

အဲ . . တကယ်ထိုးတော့ဘာကြာတာလိုက်လို့။ တစ်ချီတောင်မခံဘူး။ ဆင်းပြေးရတော့တာ။ ကြွယ်အောင်တော့မထင်နဲ့ သိုင်းပြောင်းပြန်ဆရာနေဇော်ရှင်းရယ်။ မျက်နှာကြီးကလည်း ဖူးယောင်ကွဲပြဲပြီး ဖောင်းတက်နေတယ်။

မကွဲခံနိုင်ရိုးလား။ စင်ပေါ်တက်ပြီး ဒိုင်လွှတ်တာနဲ့ သူကကီးသွင်းရုံရှိသေးတယ်။ ကြွယ်အောင်က ဝင်သမသွားတာ ဘောလုံးလို စင်ပေါ်မှာလိမ့်ထွက်နေတာ။ စင်ပေါ်ရောက်တော့သူ့သိုင်းအကွက်တွေက ဘာမှသုံးလို့မရတော့ဘူး။ ဒိုင်လွှတ်တာနဲ့ သူက ကီးသွင်း၊ ဟို ကြွယ်အောင်က

www.burmeseclassic.com


ဝင်နှက်လိုက်. . ဒိုင်ကလွှတ်လိုက်. . သူက ကီးသွင်းပြီး စင်ပေါ်ဖနောင့်ပေါက်တုန်းရှိသေးတာ. . ကြွယ်အောင်က သူ့ဒူးပေါ် တက်နင်းပြီး သူ့မျက်ခွက်ကို ဒူးနဲ့သမတာများ ကြည့်လို့တောင်မကောင်းဘူး. . ။

ဒါနဲ့တစ်ချီတောင် မခံဘူး။ ဒိုင်တွေကိုတောင်းပန်ပြီး ပြန်ဆင်းပြေးလာရတာ။ သူလည်းဆင်းလာရော၊ သူ့ကိုလေးစားနေတဲ့ ရွာသားတွေက မကျေမနပ်နဲ့

'ဘာလို့ ပြန်ဆင်းလာလဲ'ဆိုတော့၊ သိုင်းပြောင်းပြန်နေဇော်ရှင်းက ခေါင်းတခါခါနဲ့ ပြန်ရှင်းပြတယ်။

'မလွယ်ဘူးကွ. . ဒီကောင်က သိုင်းမတတ်တော့ လုပ်ရခက်တယ်။ အမှန်ဆို ပထမဆုံးခုတ်ပယ်မခွဲ ဆယ့်ခြောက်ကွက်သိုင်းနဲ့ အရင်ချရမှာ၊ အခုက အဲဒီလိုမဟုတ်ဘဲ ကြုံကြုံသလိုဒူးတတောင်၊ လက်သီးဖနောင့်တွေနဲ့ စုံကစ်နေတော့ ငါထိုးရခက်တာပေါ့။ တောက်၊ အတော်နားလည်မှုမရှိတဲ့ကောင်'. . တဲ့ . . အောင်မာ။ သူကဟိုကောင်ကိုတောင် အပြစ်ပြန်တင်လိုက်သေးတယ်။ သူ့သိုင်းကွက်အတိုင်း မထိုးလို့လေ။

ဒါနဲ့. . ရွာသားတွေက မကျေနပ်နိုင်သေးဘူး။

'ဆရာ၊ တစ်ချီတည်းပဲရှိသေးတယ်။ နောက်တစ်ချီလောက်တက်ဆွဲလိုက်ဦး'

ဆိုတော့၊ သိုင်းပြောင်းပြန်နေဇော်ရှင်းက ခေါင်းကခါ မိန့်မိန့်ကြီးပြုံးပြီး. .

'ဒီကောင့်ကို ဒီလိုစင်ပေါ်မှာမရှင်းတော့ဘူး။ စင်အောက်မှာဒီကောင် ငါ့ကို ထိုင်ကန်တော့ရအောင်လုပ်ပစ်မယ်. . . '

ဆိုပြီး အော်ကျယ်အော်ကျယ်နဲ့ ထွက်သွားတော့တာ။ ဖြစ်ချင်တော့ အဲ့ဒီသတင်းကို တစ်ဖက်ရွာက လက်ဝှေ့သမားကြွယ်အောင်ကြားသွားတယ်။ သတင်းလည်းကြားတော့ သူ့ခမျာကြောက်လွန်းလို့စင်ပေါ်ကကို မဆင်းရဲဘူး။ ဘယ်အချိန်နေဇော်ရှင်းရောက်လာပြီး သူ့အလစ်မှာ ဓားနဲ့ဝင်တွယ်မလဲလို့. . . ။

ဒါနဲ့ရွာကလူတွေကပဲစုပြီး သူ့ရွာကိုပြန်ပို့ပေးလိုက်ရတော့တယ်။ သူတို့ကံကောင်းကြပါတယ်။ သိုင်းပြောင်းပြန်နေဇော်ရှင်းနဲ့ အပြန်လမ်း

www.burmeseclassic.com


တစ်လျှောက်မတွေ့ကြရလို့ . . ။ အဲ . . နောက်တစ်ရွာလုံးလည်း ကံကောင်းပါတယ်။ အဲဒီထဲက သိုင်းပြောင်းပြန်နေဇော်ရှင်းလည်း ပျောက်သွားတော့တာ အတော်ကြာတယ်။

ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ နေဇော်ရှင်းပြန်ရောက်လာတယ်။ သူပြန်ရောက်လာတော့ အဟုတ်ဗျား . . ။ သူပြောခဲ့တဲ့အတိုင်းပဲ . . ။

လက်ဖုံ့ကျော် ကြွယ်အောင်တို့ဆိုတာ နေဇော်ရှင်းကို ကုန်းကုန်းပြီးတော့ကို ကန်တော့ရတာ။ လက်ဖုံ့ကျော်ကြွယ်အောင်တင်မကဘူး။ တစ်ရွာလုံးကိုက ကုန်းကုန်းကန်တော့ရတယ်။ ဒီတစ်ခါကန်တော့ကြတာက သူ့သိုင်းပညာလေးစားလို့ မဟုတ်ဘူး။ ဒီတစ်ခါသူရွာပြန်လာတာကလည်း သိုင်းဆရာအနေနဲ့ ပြန်လာတာမဟုတ်ဘူး။ နောက်ပြီး သူ့နာမည်က သိုင်းပြောင်းပြန်နေဇော်ရှင်းမဟုတ်ဘူး။ သုံးဆယ့်ခုနစ်မင်း မာမီရှင်း . . တဲ့။

နတ်ကတော်အနေနဲ့ပြန်လာတာ။ ကိုယ်တော်လေးနဲ့ လက်ထပ်ပြီးမှကို ပြန်လာတာ။

ရွာကလူတွေကလည်း နတ်တို့စုန်းတို့ဆိုတာ ယုံချင်ချင်မဟုတ်လား။ ဒါ့ကြောင့် နတ်ကတော်မာမီရှင်းကို ထိုင်ထိုင်ကန်တော့ရတာ။

နို့ပေတဲ့ မာမီရှင်းက ခါးကြားမှာတော့ ဓားတစ်ချောင်းထိုးထိုးထားသဗျ။ လူမိုက်စိတ်မကုန်လို့လားဆိုတော့ မဟုတ်ဘူး။ လူထိုးဖို့လဲ မဟုတ်ဘူး။ သူများလက်သည်း ခြေသည်းလိုက်လှီးပေးနေတာ။ လက်သည်း ခြေသည်း ရှည်ရှည်မြင်ရင် ဘယ်လိုအသည်းယားတယ်တော့ မသိဘူး။ ဓားထုတ်လှီးတော့တာရယ်။

အခုလည်း . . မိုးတိမ်လက်ကို ဆွဲပြီး လက်သည်းလှီးပေးနေတာ။

မိုးတိမ်ကလည်း အကြံနဲ့ဗျ။ နေဇော်ရှင်းဆိုတာ တစ်လျှောက်လုံးလူအလေးစားခံခဲ့ရတဲ့ လူဆိုတော့ သူလည်း သိပ်အားကိုးချင်တာ။ နောက်ပြီး သူက နတ်ကတော်ကလည်း နတ်ကတော်ဆိုတော့ နတ်ကျင့်၊ နတ်ကြံ၊ နတ်ဉာဏ်တွေလည်းရှိမှာပေါ့။ ဒါကို လေးစားနေရတာ။

'တစ်ယောက်ချင်းသာ လက်ရုံးချင်းပြိုင်လိုက်'

နေဇော်ရှင်းစကားကြောင့် မိုးတိမ်ခေါင်းထောင်သွားတယ်။

www.burmeseclassic.com


နေဇော်ရှင်းကတော့ သူ့ကို မကြည့်ပါဘူး။ လက်သည်းကိုသာ စိမ်ပြေနပြေလှီးရင်း လက်သည်းကြားကချေးတွေကလော်ထုတ်နေတယ်။ မိုးတိမ်ကသာ‌နေမထိထိုင်မသာဖြစ်ပြီး . .

'ဘာရယ်'

'ဟဲ့ . . တစ်ယောက်ချင်းဖိုက်တင်ပလေးဖို့ ပြောတာတော်ရေ့ . . '

မိုးတိမ်မျက်မှောင်ကျုံ့သွားတယ်။

'နေဦး . . တစ်ယောက်ချင်းဖိုက်တင်ပလေးမယ်ဆိုရင် . . ဒီကောင်ကကျုပ်ကို ဖိုက်တင်ပလေးရဲပါ့မလား . . ။ ကျုပ်ဗလနဲ့သူ့ဗလ . . ဟား . . ဟား'

မိုးတိမ်က သူ့စကားကို သူ့ဖာသာသူသဘောကျပြီး ရယ်တယ်။ ဒါကို နေဇော်ရှင်းက မျက်နှာရှုံ့မဲ့လိုက်ပြီး . .

'ဟဲ့သား . . မိုးတိမ်ရာ။ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်မကြီးပါနဲ့ . . ။ ဒီကောင်ကမာမီ့တပည့် ဖြစ်ဖူးတယ်ဆိုတာလည်းထည့်တွက်ဦး။ နောက်ပြီး ဒီကောင်က မာမီတပည့်ထဲမှာမှ အထူးချွန်ဆုံး သိုင်းသမားကွယ့်။ ခါးပတ်နက်ကွဲ့ . . ခါးပတ်နက် . .

နေဇော်ရှင်းပြောရင်း ပြောရင်းရင်ကော့တက်လာတယ်။ ဂုဏ်ယူတဲ့သဘော။ ဒါကို မိုးတိမ်က

ဟား . . ဟား ခင်ဗျားတပည့်ဆိုကတည်းက ဘာအသုံးကျတော့မှာလဲဗျ။ ခင်ဗျားကိုယ်တိုင်ကိုက သိုင်းဆရာလုပ်မရလို့ နတ်ကတော်ဖြစ်နေတဲ့ဟာကို။ လာစမ်းပါ . . ကီးသွင်းနေတုန်းမှာကို အလဲသိပ်ပစ်မယ်။ ဒီတစ်ယောက်ကိုလည်း နတ်ကတော်ဖြစ်အောင် လုပ်ပစ်မယ်။ ဒါမှ သုံးဆယ့်ခုနစ်မင်း မာမီရှင်းနဲ့ သမီးသုံးဆယ့်ခုနစ်ကလိန် မာမီဒိန်ဆိုပြီး နတ်တွဲကလို့ရအောင်။ ကျုပ်ကလည်း ခါးပတ်ဗျ။ အရောင်စုံတယ်'

မိုးတိမ်စကားကြောင့် နေဇော်ရှင်း အနာအဟောင်းပြန်ပေါ်ပြီး မျက်နှာပျက်သွားတယ်။ ဒါကြောင့် ရှက်ရမ်းရမ်းပြီး . .

'ဟေ့ကောင် . . မင်းမာမီကို စော်ကားရင် စော်ကား မာမီတတ်ထားတဲ့ပညာကိုတော့ မစော်ကားနဲ့ အသည်းနာတယ်ဟဲ့ . . အသည်းနာတယ်'

www.burmeseclassic.com


'အသည်းနာတော့. . ကိုယ်တော်လေးနဲ့ တိုင်စားမှာလား'

'တိုင်စားသင့်၊ တိုင်စားရမှာ. . အဲလေ။ မာမီနေဇော်ရှင်းတဲ့နော်။ စနေသား နေတက်ရေတက်ဖွား လုပ်စရာရှိရင်လည်း ဘယ်သူ့မျက်နှာ မှကြည့်တာရယ်မဟုတ်ဘူး. . .။ ခံစရာရှိလည်း အံကြိတ်ခံတာ။ မိုးတိမ် . . မင်းလွန်လာပြီနော်. . .'

'လွန်တော့ဘာလုပ်ချင်လဲ. . .'

မိုးတိမ်စကားကြောင့် နေဇော်ရှင်းဒေါသထွက်လာပြီး. . .

'အေး. . ငါလုပ်ချင်တာက ရွှေတိုက်ဝင်ဗောင်းတော်ချုပ်. . . အဲလေ. . . ကိုယ်တော်လေးကျားနဲ့တိုက်ပစ်မယ်။ ဒါမှမရရင် ခွေးနဲ့ ရှူးတိုက်ပစ်မယ်ဟဲ့မသာရဲ့. . '

'တော်ပါဗျာ. . ကျုပ်ကခွေးမပြောနဲ့ ဂေါ်ဇီလာတောင် ကြောက် တတ်တာမဟုတ်ဘူး။ စကားပြောရတာလိုရင်းကို မရောက်ဘူး။ ခင်ဗျား တပည့်ကုလားဒိန်ဆိုတဲ့ကောင်ကိုသာပြောလိုက် တစ်ယောက်ချင်း လက် ရုံးချင်းယှဉ်မယ်။ ရှုံးတဲ့လူ မေဖြူကိုမျက်စောင်းထိုးတောင်မကြည့်ကြေး။ ခါးပတ်သက်တံမိုးတိမ်စိန်ခေါ်တယ်လို့. . .'

မိုးတိမ်စကားကြောင့် မာမီရှင်းရှူးရှူးရှဲရှဲဖြစ်သွားပြီး. .

'အမလေး သဲနေလိုက်တာ. . . ကိုယ့်စကားနဲ့ကိုယ်နော်. . . ကုလားဒိန်ရဲ့နောက်ကွယ်မှာ ကိုယ်တော်လေးရှိတယ်ဆိုတာမမေ့နဲ့. . ကိုယ်တော်လေးရဲ့အမိန့်နဲ့ ကုလားဒိန်လက်သီးတွဲမိပြီး နင့်မျက်ခွက်မှာ ဘုတွေ ဖလန်းဖလန်းထသွားမှာ မြင်ယောင်သေး'

ဆိုပြီး ကောက်ကတ်ကောက်ကတ်နဲ့ ထထွက်သွားတယ်။

သူ့ကိုကြည့်ပြီး မိုးတိမ်က တဟားဟားရယ်ရင်း သဘောတွေ ကျလို့. . .။

'ခင်ဗျားသားကြီး ဖလန်းဖလန်းထမသွားအောင် ကိုယ်တော်လေးနဲ့ တိုင်တယ်လိုက်ဦး. . '

ဟုတ်တယ်လေ။ တစ်ယောက်ချင်းထိုးဖို့ဆိုတာက ဘယ်လိုလုပ် သူ့ကို ကုလားဒိန်က ယှဉ်နိုင်မှာလဲ. . ကုလားဒိန်ဆိုတာ သူ့ကိုယ်ကြောက် စေ့စေ့ကြည့်ရင်တောင် သေးဖျမ်းဖျမ်းထွက်ချင်နေတဲ့ကောင်။ နောက်ပြီး

www.burmeseclassic.com


ဗလချင်း၊ ခွန်အားချင်းယှဉ်ဦးမလား။ ကွာသမှ ဆင်နဲ့ဆိတ်ရယ်။ မေးရိုးနဲ့ ချွတ်ရိုက်ရင်တောင် ဒီကောင်ဗျန်းဗျန်းကွဲလောက်တယ်။

တကယ်တမ်း မာမီရှင်းကုလားဒိန်ကို သွားပြောတော့ ကုလားဒိန်နဲ့က မိုးတိမ်ကို မထိုးရဲဘူး။ သူ့ခမျာ ငယ်ကြောက်ဖြစ်နေတဲ့အပြင် မိုးတိမ်ကဒါမျိုးဆို ညစ်တတ်မှန်းသူသိတယ်။ ဒါကြောင့် တခြားနည်းတစ်နည်း အနေနဲ့ ရေကူးပြိုင်မယ်လို့ စကားပြန်လိုက်တယ်။

ရေကူးပြိုင်ဖို့ကျတော့ မိုးတိမ်မပြိုင်ရဲဘူး။ သူမှရေမကူးတတ်တာ။ ကုလားဒိန်သူ့ကိုသေကြောင်းကြံတာ။ ဒါကြောင့်မိုးတိမ်ပိုပြီး ခံပြင်းသွားတယ်။ ဟုတ်တယ်လေ။ ကုလားဒိန်က ရေထဲမှာဖျံ။ သူ့ကို ရေထဲမှာ ရေနှစ်သတ်ခဲ့ရင် ဘယ်လိုလုပ်မလဲ။

ဒါကြောင့် နှစ်ဦးနှစ်ဖက်အဆင်ပြေမယ့် နောက်တစ်မျိုးစဉ်းစားကြည့်တယ်။ မေဖြူကို လက်ဝယ်ပိုင်ပိုင်ရဖို့ ဘယ်လိုယှဉ်ပြိုင်ကြမလဲ. . ။

'ဘောလုံးကန်မယ်'

'ဘောလုံးကိုတစ်ယောက်ချင်းကန်မယ်'

လူများရင်ဟိုလူပါလို့ ဒီလူစွမ်းလို့နဲ့ တစ်ယောက်စီရဲ့ အစွမ်းအစ မပေါ်မှာစိုးလို့ တစ်ယောက်ချင်းပဲကန်မယ်။ ဒါမှတစ်ယောက်ချင်း အစွမ်းအစပေါ်မှာ။ ဒီနည်းစနစ်ကို နှစ်ယောက်လုံးသဘောကျသွားကြတယ်။ ဟုတ်တယ်လေ. . နှစ်ယောက်လုံးက ဘောလုံးကန်တတ်ကြတာရယ် မဟုတ်ဘူး။ ဒါကြောင့် ဒီကစားနည်းကို ရွေးချယ်လိုက်တာ။ သူကံကောင်းရင် ဂိုးရမယ်။ ကိုယ်ကံကောင်းရင် ဂိုးရမယ်။ ဒါပဲ. . ။ ဘယ်သူ့ဘယ်သူမှ သာတယ်နာတယ်ရယ် မရှိဘူး. . ။ ဒါပေမယ့် နှစ်ယောက်လုံးကတော့ အကြံနဲ့နော်. . . ။

မိုးတိမ်ကလည်း သူကဗလပိုကြီးတယ်။ ဒါကြောင့် ကုလားဒိန်လို ငပိန်ကို တွန်းတွန်းတိုက်တိုက် ကစားပြီးအနိုင်ယူလို့ရတယ် ဆိုပြီး တွက်တယ်။ ကုလားဒိန်တွက်တာကလည်း မိုးတိမ်က ဗလသာကြီးတာ အီးပေါ လောကြီး။ သူကပိန်ပိန်သွယ်သွယ်နဲ့ သွက်သွက်လက်လက် လှုပ်ရှားနိုင်တာ။ ဒါကြောင့် သွက်သွက်လက်လက်နဲ့ ထိုးဖောက်ကစားနိုင်ရင် သူနိုင်နိုင်တယ်ပေါ့. . ။ ဒါကြောင့်

www.burmeseclassic.com


အဲ . ဘောလုံးကန်မယ်ဆိုတော့ ဘောလုံးအကြောင်း နည်းနည်းနားလည်တဲ့ ရွာရဲ့မီးသတ်ခေါင်းဆောင်ကြီး ကိုမင်းသူကို ခေါ်ပြီး တိုင်ပင်ကြတယ်။

ရွာမှာက ဘောလုံးပွဲကို မျက်ဝါးထင်ထင် မြင်ဖူးသူဆိုလို့ သူတစ်ယောက်ပဲရှိတာ။ နောက်ပြီး သူကမြို့ကိုလည်း အရောက်အပေါက်ရှိတယ်လေ။ တော်ရုံတန်ရုံပစ္စည်းလိုတာလောက်ဆို သူကြီးက သူ့ပဲ ခိုင်းနေရတာ။

ပြောရဦးမယ် ကိုမင်းသူအကြောင်း. . . .

မင်းသူကဘောလုံးအကြောင်း နည်းနည်းနားလည်တယ်။ ဘောလုံးဟာ အလုံးလား လေးထောင့်လား။ သူသိတယ်။ နောက်ပြီး သူကကမ္ဘာ့ဖလားဘောလုံးပွဲတွေ မလွတ်တမ်းကြည့်ထားတာ။ ကမ္ဘာ့ဖလားမှာမှ ဘရာဇီးက ရော်နယ်ဒိုကို ခရေဇီ။ ဘယ်လောက်ထိလဲဆိုတော့ ရော်နယ်ဒိုခေါင်းတုံးတုံးရင် လိုက်တုံးတယ်။ ရော်နယ်ဒို ဦးစွန်းဖုတ်ဆို သူလည်း ဦးစွန်းဖုတ်ပဲ။ ရော်နယ်ဒိုလို သွားမခေါတာပဲကွာတယ်။ ဒီထက်ကဲတာက ရွာကလူတွေက သူ့ကို ရော်နယ်ဒိုလို့ခေါ်ရင် လက်ဖက်ရည်တိုက်တယ်။ ကလေးဆိုနှစ်ကျပ်ပေးတယ်။

အဲ . အခုတော့ သူ့နာမည်ပြောင်းသွားပြီ။ သူ့နာမည် မင်းသူမဟုတ်တော့ဘူး။ ရော်နယ်ဒိုလည်း မဟုတ်ဘူး။ ဒါပေမယ့် ရော်နယ်ဒိုနဲ့တော့ ပတ်သက်တာကို ပြောပြမယ်။ နာမည်ပြောင်းပေးသူက တခြားလူမဟုတ်ဘူး။ ရွာကျောင်းက ကပ္ပိယဘဖြားကြီးရယ်။

ဖြစ်ပုံက ဒီလို. . . ။

မင်းသူ ရော်နယ်ဒိုရူး အရူးဆုံးအချိန်ပဲ ဆိုပါတော့။ ဘောလုံးပွဲတွေမှာလည်း ရော်နယ်ဒိုက ပက်ပက်စက်စက် ခြေစွမ်းပြနေချိန်ဆိုတော့ မင်းသူပိုပြီး ရော်နယ်ဒိုသွေးကြွနေတယ်။

ဒါကြောင့် ရွာကလူတွေက သူ့ကိုရော်နယ်ဒိုလို့ခေါ်ရင် လက်ဖက်ရည်တိုက်တယ်။ အရက်တိုက်တယ်။ ပိုက်ဆံချေးတယ်။ အဲဒီလို။ ရွာကလူတွေကလည်း လည်တယ်။ လက်ဖက်ရည်သောက်ချင်တဲ့ အချိန်မှာ သာမင်းသူကို ရော်နယ်ဒိုခေါ်တာ ကျန်တဲ့အချိန်များဆို 'ဟေ့ကောင်ချီးဘူးပဲ'

www.burmeseclassic.com



ဟုတ်တယ်လေ. . . သူကခေါင်းတုံးနဲ့ကိုး. . ။ ဒါကိုမင်းသူက ခံပြင်းတာ သူ့ကိုတစ်ရွာလုံးကကို ရော်နယ်ဒိုခေါ်စေချင်တာ။ ဒါကြောင့် တစ်ရွာလုံးက သူ့ကို ရော်နယ်ဒိုလို့ခေါ်နိုင်မယ့်အခွင့်အရေးစောင့်နေတယ်။

အဲ. . သူစောင့်နေတဲ့အခွင့်အရေး တစ်နေ့တော့ ရောက်လာတယ် ဆိုပါတော့. . ။

အဲဒီနေ့ ရွာရှေ့ကျောင်းက ကပ္ပိယကြီး ဘဖြားကြီးကတောင်ကြီး ထမ်းပြီး ဗုဒ္ဓဟူးဆွမ်းပတ်အတွက် ရွာဈေးတန်းဘက် အလှူခံထွက်ချိန်ပေါ့။ မင်းသူတို့အကွက်တွေ့သွားပုံကတော့ ပြောမနေနဲ့တော့. . . ။

'ပုပ္ပမုံစ၊ ပရဆိုတဲ့စေတနာသုံးတန်ပြတ်သားစွာဖြင့် ဦးညွန့်တင်က လည်း အပူဇော်အနေနဲ့ အလှူတော်ငွေနှစ်ကျပ်တဲ့ဗျား. . ။ ဘယ်ဘက် ကတစ်ဆုပ်ကြဲလို့ ညာဘက်ကတစ်လှည်းဝင်နိုင်ကြပါစေ. . . ။

လော်ကထွက်လာတဲ့ အသံကျယ်ကျယ်ကြောင့် မင်းသူခေါင်းထဲ ဝင်းခနဲလက်ခနဲဖြစ်သွားတယ်။ ဟုတ်ပြီ။ သူ့အကြံအစည်အကောင် အထည်ဖော်လို့ရပြီ။ ဒီလော်ကြီးနဲ့ဆို အလုပ်ဖြစ်ပြီ ဒါမှ တိုတိုလေးနဲ့ထိ မှာဆိုပြီး ကပ္ပိကဘဖြားကြီးရှိရာ ဈေးလယ်ခေါင်ပြေးသွားတယ်။ ပြီးတော့ ဘဖြားကြီးကို. .

'ဒီမယ်. . ဒီမယ်ဘဖြားကြီး. . နေဦး. . . '

အလှူခံလူကျတုန်းအချိန်မို့ ဘဖြားကြီးမကြည်သလိုပြန်ကြည့်ရင်း

'ဟေ. . ဘာတုံးကွ. . '

မင်းသူက ဘဖြားကြီးကို မျက်နှာချိုသွေးရင်း

'အဟဲ. . ကျွန်တော်ပိုက်ဆံလှူမလို့. . . '

'အိမ်းလကွာ. . လှူမယ်ဖြင့် လှူပေါ့. . '

'အဟဲ. . လှူမှာပါ. . ဒါပေမယ့် တစ်ခုတော့တောင်းဆိုပြီး မှလှူမယ်'

ဘဖြားကြီးမျက်မှောင်ကျုံ့သွားတယ်။

'ဘာတုန်းဟ. . . '

ဘဖြားကြီး မျက်မှောင်ကျုံ့သွားပြန်တယ်။ ဒါကိုမင်းသူက သွားဖြဲ ရင်း

www.burmeseclassic.com


'ကျွန်တော့်ကို မင်းသူခေါ် ရော်နယ်ဒိုကလို့အော်ပေး၊ ဒါမှလှူမယ်. .'

'ဘာရယ်. . .'

'မင်းသူခေါ် ရော်နယ်ဒိုလေ. . ရှေ့ဒီမှာ ဆယ့်ငါးကျပ်. . .

သူ့စကားကို ဘဖြားကြီးက မျက်မှောင်ကျုံ့သွားပြန်တယ်။ နောက် သူ့ကို သာသနာနေဝင်းလို့အမည်တပ်ရတဲ့ ရာဇာနေဝင်းနဲ့တူတဲ့ ခေါင်းတုံးကြား ပေါက်တဲ့ဆံပင်ကိုပွတ်တယ်။ ပြီးတော့ မင်းသူကိုကြည့်တယ်။ ဒီကောင် ဘာသဘောလဲပေါ့. . ။ မင်းသူက ဘဖြားကြီးလက်ထဲ ပိုက်ဆံ ထိုးထည့်ပေးလိုက်ပြီး. .

'လုပ်စမ်းပါ. . အော်စမ်းပါ။ မင်းသူခေါ်ရော်နယ်ဒိုက အလှူငွေ ဆယ့်ငါးကျပ်လို့. . .'

ဆိုတော့ ဘဖြားကြီးလည်း 'အော် အေး. . အေး. .'ဆိုပြီး မိုက်ခွက်ကို စမ်းလိုက်တယ်။ မင်းသူကတော့ သူ့ကိုရော်နယ်ဒိုမှန်း တစ်ရွာလုံးသိကြပြီ ဆိုတဲ့ပီတိနဲ့ ခေါင်းတုံးလေးသပ်၊ လက်ကလေးပိုက်ပြီး ဂိုက်ပေးကြမ်းနေတယ်။ အဲဒီအချိန်မှာပဲ ကပ္ပိယဘဖြားကြီး အော်ပေးလိုက်တာက. . .

'ပုပ္ပမုံစ၊ ပရဆိုတဲ့ စေတနာသုံးတန်ပြတ်သားစွာဖြင့် ဗုဒ္ဓဟူးဆွမ်းပတ်အတွက် ရည်စူးပြီးတော့ သကာလ မင်းသူခေါ်၊ ဒေါ်အတိုကလည်း အလှူငွေ ဆယ့်ငါးကျပ်. . .'

ဆိုပြီးအော်လိုက်တယ်။

လော်ကတစ်ဆင့် ထွက်လာတဲ့အသံကျယ်ကျယ်ကြီးကြောင့် မင်းသူ မျက်နှာကြီးရဲသွားတယ်။ ပြီးတော့ ရှက်ပြီး သွားကြီးဖြဲလို့ ဘေးဘီကြည့်တယ်။ ဈေးကလည်း စည်နေတုန်းအချိန်မို့ အားလုံးရဲ့မျက်လုံးတွေက သူ့အပေါ် ရောက်နေကြတယ်။ ပြီးတော့. . .

'မင်းသူ့ဒေါ်အတို. . ၊ ဒေါ်အတိုမင်းသူ'ဆိုပြီး ဝိုင်းရယ်ကြတယ်။ ဒီတော့ မင်းသူလည်း ရှက်ပြီး ကပ္ပိယဘဖြားကြီးကို ရန်ရှာတယ်။

'ဟေ့လူ. . . ဘယ့်နှယ်အော်တာတုံး. . ရော်နယ်ဒိုလေဗျာ. . .'

'အေးလေ. . ဒေါ်အတို. . . ငါအော်တာမှားလို့လား. .'

ကပ္ပိယကြီးကလည်း ကက်ကက်လန်ရန်ပြန်တွေ့တယ်။ ဟုတ်တယ်

www.burmeseclassic.com


လေ. . သူ့ခမျာ ရော်နယ်ဒိုတွေဘာတွေ သိတာမှမဟုတ်တာ။ သူကြားဖူး နားဝရှိတာ ဒေါ်အတို။ ဒါ့ကြောင့် မင်းသူအပြောရခက်နေတယ်။ နောက်ဆုံး ဘယ်လိုမှ ပြောမရတဲ့အဆုံး ရှက်ရှက်နဲ့ပဲ. . .

‘ကဲဗျာ. . ဒါဆိုလည်း ဘောလုံးဘုရင်မင်းသူလို့ ထပ်အော်ပေး. . ’

သူ့စကားကို ဘဖြားကြီးကလဲ မျက်နှာထိမျက်နှာထားနဲ့ အလှူခံ ခွက်ထဲမျက်စပစ်ပြီး. .

‘အလှူငွေထည့်လေ. . . အော်ပေးမယ်။ အလှူငွေမထည့်ဘဲ မ အော်ပေးနိုင်ဘူး. . . ’

‘အန်. . . ’

မင်းသူဘာပြန်လို့ပြောရမှန်း မသိဘူးဖြစ်သွားတယ်။ ဟုတ်တော့ ဟုတ်တယ်။ ဟိုကလည်း အလှူငွေမရဘဲ ဘယ်အော်ပေးမှာလဲ. . သူလည်း လော်ကို ပိုက်ဆံပေးပြီးငှားထားရတဲ့ဟာ. . ။ ဒါ့ကြောင့် မင်းသူအိတ်ထဲက ပိုက်ဆံထပ်ထုတ်ပြီး. . .

‘ရော့. . ဒီမှာ ဆယ့်ငါးကျပ်။ ဒီတစ်ခါ. . ဘောလုံးဘုရင် ရော်နယ် ဒို၊ ဘောလုံးဘုရင် ရော်နယ်ဒို၊ ဘောလုံးဘုရင် ရော်နယ်ဒိုဆိုပြီး သုံးခါ တိတိအော်ပေး၊ တစ်ခါအော်ငါးကျပ်၊ ပေါင်းဆယ့်ငါးကျပ်. . . ’

ဆိုတော့ ကပ္ပိယဘဖြားကြီးက အလှူငွေကိုလှမ်းယူပြီး မင်းသူရင် ဘတ်ကို ကြည့်တယ်။ ပြီးတော့ပြုံးပြီး. . .

‘ရတယ်လေ. . ဘယ်လိုအော်ပေးရမလဲ. . ’

ဆိုတာကို မင်းသူက ခါးကို မင်းသားထောက်ထောက်ရင်း. . .

‘ဘောလုံးဘုရင်ရော်နယ်ဒိုဗျာ. . . ဒီတစ်ခါတော့ မမှားစေနဲ့. . ’

ကပ္ပိယကြီးခေါင်းကို တငြိမ့်ငြိမ့်လုပ်ရင်း

‘ရတယ်လေ. . အော်ပေးမယ်’

ဆိုပြီး မိုက်ခွက်ဘက်လှည့်ပြီး အသံမြှင့်အော်လိုက်တာက. .

‘ဟောဒီမှာဗျာ. . . ခေါင်းတုံးနဲ့ ခါးထောက်ထားတဲ့. . အဲ. . သူသူ’

ဆိုပြီး ဂိုက်ပေးကြမ်းနေတဲ့ မင်းသူကို လက်ညှိုးထိုးလိုက်တယ်။ မင်းသူက ရင်ကိုပိုလို့ကော့လိုက်တယ်။ ဒီတစ်ခါတော့ မလွဲလောက်ဘူးဆိုတဲ့

www.burmeseclassic.com


ပုံစံမျိုးနဲ့ ပတ်ဝန်းကျင်ကလူတွေကို လှည့်ပတ်လက်မထောင်ပြနေသေး တယ်။ အဲဒီအချိန်မှာပဲ ဘဖြားကြီး ဆက်ပြီးအော်လိုက်တာက. . .

'အဲ. . အဲဒီ ဒေါ်လုံးတင် ဒေါ်အတိုက အပူဇော်အနေနဲ့ အလှူတော်ငွေ ဆယ့်ငါးကျပ်. . တဲ့. . ဒေါ်လုံးတင် ဒေါ်အတိုပါခင်ဗျား. . . ဒေါ်လုံးတင်ဒေါ်အတိုပါ. . '

'ဗျာ. . . . '

မင်းသူရဲ့ဗျာအသံနည်းနည်းရှည်သွားတယ်။ နောက်ပြီး ကားဘီး ပေါက်သံကြားတဲ့ မျောက်လိုတွန့်ဝင်သွားတယ်။ လေဘ်ကထွက်လာတဲ့ အသံက အကျယ်ကြီးမဟုတ်လား။ ဝိုင်းကြည့်နေကြတဲ့လူတွေဆီက ဝါးခနဲရယ်သံကြားရတယ်။ ခေါင်းတုံးကြီးနဲ့သူ့ပုံစံက ဘယ်နေရာလုံး၊ ဘယ်နေရာတင် ဘယ်နေရာတိုနေမှန်းမှမသိတာ။

အားလုံးရယ်သံကြားတော့. . မင်းသူဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ဖြစ်နေတယ်။ ရှက်ရမ်းရမ်းပြီး တောင်ဘက်ပြေးရမလို မြောက်ဘက်ပြေး ရမလိုဖြစ်သွားတယ်။ စေတနာကောင်းလွန်းတဲ့ ဘဖြားကြီးက သူ့ကို လက်ညှိုးထိုးထိုးပြီးအော်ပေးရှာတယ်။

'ဟောဒီမှာ. . ဒေါ်လုံးတင်ဒေါ်အတိုတဲ့ခင်ဗျား. . . အလှူတော် ငွေကတစ်ဆယ့်ငါးကျပ်တဲ့. . ။ ဒေါ်လုံးတင်ဒေါ်အတို. . . ဒေါ်လုံးတင် ဒေါ်အတို. . . '

ဆိုပြီး ဆက်ပြီးဆက်ပြီးအော်ပေးတယ်။ သူ့နားထဲမှာ ဘောလုံး ဘုရင် ရော်နယ်ဒိုကို ဒေါ်လုံးတင် ဒေါ်အတိုလို့ကြားပြီး အော်ပေးနေတာ။ ဟုတ်တယ်လေ။ သူကဘောလုံးဘုရင်ရော ရော်နယ်ဒိုရော သူသိတာမှ မဟုတ်တာ။ သူသိတာသူအော်တာပေါ့။

နောက်ဆုံးတော့ မင်းသူလည်း အရှက်သည်းပြီး သူ့ခေါင်းကို ဝတ် ထားတဲ့လုံချည်နဲ့အုပ်လိုက်တယ်။ ပြီးတော့ မျက်လုံးတောင်မဖော်ဘဲ မြင်မြင် သမျှကိုတိုက်ပြီး လစ်တော့တာ။

အဲဒီထဲက မင်းသူနာမည်ပျောက်ပြီး ဒေါ်လုံးတင်ဒေါ်အတိုဖြစ် သွားတော့တာပါပဲ. . .

သူက နာမည်သာပြောင်းသွားတာ အကျင့်ကတော့ မပြောင်းဘူး။

www.burmeseclassic.com


ခုချိန်အထိ၊ ဇီဒန်းဆိုတာ ဘယ်လိုကန်တာ၊ ဖီဂိုဆို ဘယ်လိုစသည်ဖြင့် အာပေါင်အာရင်းသန်သန်နဲ့ ဘောလုံးအကြောင်းပြောနေတုန်း။ ရွာကလူတွေကလည်း ဇီဒန်းမပြောနဲ့ ဆီထမ်းတဲ့လူတောင် သိတာရယ်မဟုတ်ဘူး. . ။

ထားတော့. . . ။

အခုတော့ ဘောလုံးပွဲသူကြည့်ထားသမျှအသုံးဝင်ပြီ။ ခုလက်ဖက်ရည်ဆိုင်မှာ မိုးတိမ်နဲ့ ကုလားဒိန်တို့ရဲ့ ခါဂျာဖလား ဘောလုံးကန်ဖို့ သူ့ကို ခေါ်ယူဆွေးနွေးနေရပြီ။ ခါဂျာဖလားဆိုတာကလည်း ဒေါ်လုံးတင် ဒေါ်အတိုကပဲပေးတဲ့နာမည်ပါ။ ဟုတ်သလေ. . ဟိုမှာက ကမ္ဘာ့ဖလားတို့ စီးရီးအေဖလားတို့ နာမည်တွေရှိတယ်မဟုတ်လား. . ။ ဒီတော့ . . သူတို့ကန်မှာက ရည်းစားလုဖို့ကန်တာဆိုတော့ ရည်းစားလုဖလားလို့ပေးရင် အသံမသာလို့ဆိုပြီး . . ဆရာဒေါ်အတိုက သူစားနေတဲ့ ခါဂျာကိုကြည့်ပြီး လေးလေးနက်နက် ပေးလိုက်တဲ့နာမည်က ခါဂျာဖလားတဲ့ ကြားရတာကို အရသာရှိလို့. . သူတို့ဆွေးနွေးတာက လူကစုံပါဘိသနဲ့. . ။ အားလုံးက ဒီပွဲကို စိတ်ဝင်စားနေကြတာကိုး။

'အေး. . ငါသိတာတော့ ဘောလုံးပွဲတစ်ပွဲဟာ အနည်းဆုံး ထမင်းအိုးတစ်လုံးချက်လောက်တော့ ကြာတယ်'

ဒေါ်လုံးတင် ဒေါ်အတိုခေါ်မင်းသူရဲ့စကားကို အားလုံးပါးစပ်ကလေးဟပြီး နားထောင်နေကြတယ်။ နားထောင်နေသူအားလုံးကလည်း ဘောလုံးပွဲတစ်ပွဲ ဘယ်လောက်ကြာတယ်ဆိုတာ ဘယ်သူမှမသိဘူး။ ဒါကြောင့် တစ်ပွဲကို ထမင်းအိုးတစ်လုံးချက်လောက်ကြာကြောင်း နီးနီးစပ်စပ် အဖြေမှန်တဲ့ မင်းသူကဆရာဖြစ်နေတာ. . ။

'ကဲ. . ထားပါတော့ကွာ. . အချိန်ကတော့ လိုတယ်ပိုတယ်လည်း သဘောမထားနဲ့ဟုတ်လား. . သုံးနာရီတော့ကန်ကြ'

'ဗျာ. . '

'ဟင်. . '

မိုးတိမ်နဲ့ကုလားဒိန်ဆီက အာမေဋိတ်သံကိုယ်စီထွက်လာကြတယ်။ ဒါကို မင်းသူက မျက်မှောင်ကျုံ့ကြည့်ပြီး

www.burmeseclassic.com



'ဘာလဲနည်းလို့လား . . '

မိုးတိမ်နဲ့ကုလားဒိန်တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်တယ်။ ပြီးမှ ကုလားဒိန်က. .

'ဟ. . ဘာနည်းမှာတုန်းဗျ. . ။ သုံးနာရီဆိုတာအကြာကြီးရယ်. . '

ကုလားဒိန်ရဲ့စကားကို ဘေးနားကနေ နားထောင်နေတဲ့ ကိုရင်သာဂိက

'ဟာ. . ကုလားဒိန်ရာ ကောက်စိုက်တာတောင် တစ်နေကုန်တစ်နေခန်းစိုက်ခဲ့ပြီးတော့ ဒီဘောလုံးလေးသုံးနာရီလောက်ကန်မှာကို အကြာကြီးလာလုပ်နေသေးတယ်။ မင်းနှယ်ကွာ. . '

ဆိုပြီး ဝင်ပြောတယ်။ ဒါကို မိုးတိမ်က အခွင့်ကောင်းယူပြီး. . .

'ဟော့ကောင် ကြောက်ရင်ကြောက်တယ်ပြော. . နောက်ဆုတ် . . ဒါပဲ . . ' ဆိုတော့ ကုလားဒိန်က သွားကိုဖျတ်ခနဲ ဖြဲရင်း. .

'ကြောက်လို့မဟုတ်ပါဘူးဗျာ၊ ကျုပ်ကပြေးနိုင်လွှားနိုင်ပါတယ်။ ဒါပေမယ့် ဝိတ်ပေါ်ကြီး ဖြစ်နေတဲ့ကိုမိုးတိမ်အတွက်များ. . အဟဲ. . များမလားလို့. . '

ကုလားဒိန်စကားကြောင့် မိုးတိမ်တင်းသွားပြီး

'ဟော့ကောင် မင်းဘာစကားပြောတာလဲကွ. . စကားပြောရင်မပုတ်ခတ်နဲ့နော် . . မိုးတိမ်အကြောင်းသိတယ်မဟုတ်လား . . တယ် . . ငါလေ. . '

ဆိုပြီး ကုလားဒိန်ဆီ ထသွားတော့ သူ့ကိုအားလုံးဝိုင်းဆွဲထားရတယ်။ မိုးတိမ်က သိတယ်မဟုတ်လား။ နေတက်ရေတက်ဖွား။ စိတ်က ထစ်ခနဲဆို ဘယ်နေရာကမှန်းမသိဘဲ ဗျစ်ခနဲ အသံကြားရတော့တာ။ စိတ်ကြီးတယ်။

'ကဲ. . ကဲ. . တော်ကြတော့ တော်ကြတော့. . '

ကိုမင်းသူကြီး စကားကြောင့် အားလုံးပြန်ငြိမ်ကျသွားတယ်။ ဒါကို သူကပဲဆက်ပြီး

'အေး. . ဘောလုံးပွဲတစ်ပွဲမှာ ကွင်းလယ်ဒိုင်ကတစ်ယောက်၊ လိုင်းစမင်းကနှစ်ယောက်ထားရတာကွ။ လိုင်းစမင်းဆိုတာ စည်းကြပ်ပေါ့ ကွာ။

www.burmeseclassic.com


ကွင်းလယ်ဒိုင်ကတော့ ငါပဲ အနစ်နာခံပြီး လုပ်ပေးပါ့မယ်ကွာ. . ’

သူ့စကားဆုံးတာနဲ့ ကုလားဒိန်က

‘လိုင်းစမင်းနှစ်ယောက်ကို ကျွန်တော့်လူပါစီနဲ့ ကိုမန်းတင်ကြီးကို ထားမယ်ဗျာ. . ’

ဆိုပြီးဝင်ပြောတယ်။ ဒါကို မိုးတိမ်ကလည်း အားကျမခံ. .

‘အိုး. . ဒါဆို ငါ့ဘက်ကလည်း ကိုရင်သာဂိနဲ့ ကိုဖိုးမောင်ကိုထားမယ်’

‘ဟ. . ဖြစ်မလားကွ. . လိုင်းစမင်းက လေးယောက်တောင်. . ’

ကိုမင်းသူက ဝင်ပြောတယ်။ ဒါကို မိုးတိမ်က

‘အိုး. . ဘာလို့မဖြစ်ရမှာလဲဗျ. . သူတောင်နှစ်ယောက်ထားတာ. . ကျုပ်လည်းနှစ်ယောက်ပဲ. . ’

ဆိုပြီး ကက်ကက်လန်ရန်တွေ့တယ်။ ဒါကို ကုလားဒိန်က. .

‘ဖြစ်မလားဗျ၊ ခင်ဗျားလူတွေထားလို့ ခင်ဗျားတို့က လူညစ်တွေ. . ’

မိုးတိမ်စကားကို ကုလားဒိန်ကဝင်ကန့်ကွက်တယ်။ ဒါကို မိုးတိမ်ကလည်း အလျှော့မပေးဘဲ. . ။

‘အိုး. . မင်းလူပါစီတို့လောက်တော့ ဘယ်သူမှမညစ်တတ်ပေါင်ကွာ. . ’

ဆိုတော့ ဘေးနားထိုင်နေတဲ့ ပါစီကပါထပြီး

‘အောင်မာ. . မင်းကပဲ ပြောရတာရှိသေး. . တစ်ပတ်နေလို့ ရေတစ်ခါမှမချိုးတဲ့ကောင်ကများ. . ’

‘ဟော့ကောင် ပုဂ္ဂိုလ်ရေးမပါနဲ့ မင်းနွားနို့ရေရောတုန်းက ငါဘာမှ မပြောခဲ့ဘူးနော်. . ’

စသည်ဖြင့် နှစ်ဖက်ထငြိကျပြန်ရော. . ။ ဒါကို ကိုမင်းသူကြီးကပဲ ထပြီး

‘ကဲ. . တော်ကြပါတော့။ တော်ကြပါတော့။ အားလုံးလည်းအဆင်ပြေ၊ ပိုလည်းတိကျသွားအောင် လိုင်းစမင်း တစ်ဖက်နှစ်ယောက် လုပ်လိုက်ကြ။ မိုးတိမ်ဘက် ကိုရင်သာဂိနဲ့ ကိုဖိုးမောင်၊ ကုလားဒိန်ဘက်က ပါစီနဲ့ ကိုကြီး မန်းတင်. . ကဲ. . ဟုတ်ပလား. . ’

www.burmeseclassic.com


မင်းသူရဲ့စကားကြောင့် အားလုံးကျေနပ်သွားကြတယ်။ ဒါပေမယ့် မကျေနပ်သူက ဘကြီးပန်း. . .

'ဒါဆို. . ငါတို့က ဘာလုပ်ရမှာလဲကွဟေ. . . '

ဆိုပြီး မင်းသူကို ခပ်ငေါက်ငေါက်ဝင်မေးတယ်။ မင်းသူ ဘကြီးပန်း အသံကြားတော့ တွန့်ဝင်သွားတယ်။ သူကဘကြီးပန်းကို ငယ်ကြောက်။ နောက်အကြွေးလည်းရှိတယ်။ ဒါကြောင့် ခေါင်းကို ကုတ်စဉ်းစားလိုက်ပြီး. .

'ဟိုလေဗျာ. . ဘကြီးပန်းက လူလဲတဲ့အခါ နံပတ်ပြားထောင်ပြတဲ့ ဒိုင်လုပ်ပေါ့ မဟုတ်ဘူးလား'

'အေး. . ဒါဆိုပြီးရော. . '

ဘကြီးပန်းကျေနပ်သွားတယ်။ အမှန်တော့ ဒီဘောလုံးပွဲက တစ်ယောက်ချင်းကန်မှာ ဘာလူမှလဲနေစရာမလိုဘူး။ ဒါပေမယ့် ဘကြီးပန်းတို့က ပါရရင်ပြီးရောမဟုတ်လား။ ဒါကြောင့် မရရတဲ့နေရာက ဝင်နေတာ။ ဒါကို သလာစီတို့က အားကျပြီး တစ်စခန်းထပြန်တယ်။

'ဒါဆို ကုလားတို့နော်. . ဘယ်နေရာမှမပါသေးဘူး. . ။ ကုလားနော် မိုးတိမ်ဘက်က ကြက်ကုလုပ်မယ်. . . '

'ဘာလဲကွ ကြက်ကု'

သလာစီစကားကို ဘယ်သူမှနားမရှင်းဘူးဖြစ်သွားတယ်။ ဒါကို သလာစီက

'ကြက်တွေခွပ်လို့မောရင် ကြက်ကုလူကဖမ်းပြီး ကြက်တောင်နဲ့ လည်ချောင်းထဲထိုး ပါးရိုက်ပြီး အချွဲထုတ်ပေးရတယ်။ ဒါမှ ကြက်အမောပြေပြီး ဆက်ခွပ်နိုင်တာ။ အခုနော်. . မိုးတိမ်ဘောလုံးကန်လို့ မောတယ်နော်. . . သလာစီတစ်ခါထဲဖမ်းပြီး ကြက်တောင်ကို လည်ချောင်းထဲထိုး၊ ပါးဘယ်ပြန်ညာပြန်ရိုက်ပြီး အချွဲထုတ်ပေးမယ်'

'ဒါဆို ငါလည်းကုလားဒိန်ဘက်က ကြက်ကုလုပ်မယ်'

မာမီရှင်းကလည်း တစ်စခန်းထလာတယ်။ သူကတော့ ဘာရယ်မဟုတ်ဘူး။ ဘယ်သူ့ကိုမဆို ပါးချရပြီးရော. . နတ်ကတော် မဟုတ်လား။ ဒါကြောင့် ပါးချဖို့ဆို အလွန်ဝါသနာကြီး။ ဒါကို ဘေးနားထိုင်နားထောင်

www.burmeseclassic.com


နေတဲ့ အရက်ဆိုင်ပိုင်ရှင် ကိုတွတ်ကြီးကလည်း မာမီရှင်းတို့ကို ကြောချင် နေတာမို့ . .

‘ဒါဆို ငါကကြက်ကုအုပ်ချုပ်လုပ်မယ်ကွာ. . . ’

သူ့စကားကို လက်ဖက်ရည်ဖေသန်းကလည်း .

‘ဒါဆို ငါလည်း မိုးတိမ်ဘက်က ကြက်ကုအုပ်ချုပ်ပဲ. . . ’

ဒါကို ဘေးနားထိုင်နားထောင်နေတဲ့ အရင်လက်ဖက်ရည်ခရေဇီ ဦးမောင်ကိုက ခေါင်းကိုကုတ်ပြီး . .

‘ဒါဆို. . ငါက. . ဗာဟီရစီမံပေါ့ကွာ. . တဲ့. . . ’

ဒီလိုနဲ့ ဘောလုံးကန်ဖို့အချိန်တို့ နေရာတို့ ရွေးကြတယ်ပေါ့။

သူတို့ကန်ကြမှာက ရွာရဲ့အရှေ့ကျောင်း ဘဖြားကြီး အလှူခံရှေ့ ကွက်လပ်ရှေ့မှာ။ အောင်မာ. . . မိုးတိမ်က ဘဖြားကြီးရဲ့ အလှူခံလော် ကြီးကို ငွေငါးဆယ်ကျပ်ပေးပြီး ဘောလုံးပွဲကျေညာဖို့ အပြတ်ငှားတာ။ ဘဖြားကြီးက အလှူငွေခံမပျက်ချင်တာကြောင့် အလှူလည်းခံရင်း ဘောလုံး ပွဲလည်း ကျေညာပေးမယ်ဆိုပြီး အစိတ်နဲ့ကြေးတည့်သွားတယ်။ နောက်ပြီး မိုးတိမ်ကပဲ ဘဖြားကြီးကို လက်သိပ်ထိုးပြီး အဲဒီနေ့ကျရင် သူ့နာမည် တစ် ခွန်းအော်ရင် ငွေတစ်ကျပ်နဲ့ အပြတ်ငှားလိုက်သေးတယ်။ သဘောကတော့ သူ့နာမည်ကို မေဖြူလိုင်လိုင်ကြီး ကြားစေချင်တာ။

ကဲထားဦး. . . ။

ဘောလုံးကန်ကြမယ့်အသင်းက. . . မေဖြူချစ်စိန်မောင်မိုးတိမ် တောင်အသင်းနဲ့၊ မေဖြူ့ချိုလိမ်ကုလားဒိန်အသင်း. . . ။

ဘာအဓိပ္ပာယ်တွေနဲ့မှည့်တာရယ်တော့မသိဘူး။ ကာရန်မိအောင် ပေးထားကြပုံတော့ရတယ်။ မေဖြူချစ်စိန်မောင်မိုးတိမ်ကလည်း ဘယ်က တောင်တစ်လုံးပိုလာမှန်းမသိဘူး။ အဲဒီထက်ဆိုးတာက မေဖြူ့ချိုလိမ် ကုလားဒိန်ဆိုတာပဲ။ ဘယ်ဟာကမေဖြူ့ချိုလိမ်ဖြစ်မှန်းကို မသိရဘူး. . ။

ထားပါဦး. . ။

အဲ. . . အဲဒီနှစ်သင်းမှာ ဘောလုံးကန်မယ့်လူကနှစ်ယောက်။

ကွင်းလယ်ဒိုင်ကတစ်ယောက်။

စည်းကြပ်က လေးယောက်။

www.burmeseclassic.com


နံပါတ်ထောင်တစ်ယောက်။

ကြက်ကုအုပ်နှစ်ယောက်။

ကြက်ကုချုပ်နှစ်ယောက်။

ဗာဟီရစီမံတစ်ယောက်။

အားလုံးပေါင်းဆယ့်သုံးယောက်။ ဒါ့အပြင် အနောင်စာ တစ်ယောက်ဆိုတော့ ဆယ့်လေးယောက်တိတိ။

မိုးတိမ်တို့ ဘောလုံးကန်မယ်ကြားရော. . ငါက မိုးတိမ်ဘက်က မန်နေဂျာ။ ငါက ကုလားဒိန်ဘက်ကပြောတာ၊ ငါကအဝေးရောက် ဘောကောက်၊ ငါကညအိပ်ညနေအကြံပေး၊ ငါကအင်ညမင်ည (အညမည) ပွဲဖြစ်မြောက်ရေး ဥက္ကဋ္ဌ၊ ငါကကိုယ်ဖိရင်ဖိအကြံပေးစသည်ဖြင့် လူအယောက်ငါးဆယ်လောက် ဒိုင်လုပ်ဖို့ထပ်ထွက်လာတယ်။

ဒိုင်များတာကကိစ္စမရှိသေးဘူး။ ကိစ္စရှိတာက အဲ့ဒီလူတွေကိုကျွေးဖို့မွေးဖို့ကိစ္စ။ ဟုတ်တယ်လေ။ ဒီရွာမှာက ဘာပွဲလုပ်လုပ် အကျွေးအမွေးက ပါရတာ. . ။

'ကဲ. . ဟုတ်ပြီ။ အားလုံးပေါင်း လူက လိုလိုပိုပို ငါးဆယ်ထားအကျွေးအမွေးကျတော့ ဘယ်လိုစီစဉ်ကြမှာလဲ. . '

အစားသမားဘကြီးပန်းရဲ့ အမေးကို ကိုမင်းသူက

'အကျွေးအမွေးကတော့ မိုးတိမ်နဲ့ ကုလားဒိန်တို့နှစ်ယောက် တစ်ယောက်တစ်ဝက်တာဝန်ယူကြပေါ့ မဟုတ်ဘူးလား. . '

'ဟာ. . ကျွန်တော်တို့နှစ်ယောက်ထဲ လူအယောက်ငါးဆယ်လောက် ကျွေးရမယ်ဆိုရင် သေရချည့်ရဲ့. . တစ်ယောက်နှစ်ယောက်တော့ လျှော့ဦး . . . '

မိုးတိမ်က ဝင်ကန့်ကွက်တယ်။ ဒါကို ဘေးနားရှိတဲ့ မာမီရှင်းက

'အို. . ဒါဆိုဘောလုံးကန်တဲ့နှစ်ယောက်ကို လျှော့လိုက်ပေါ့။ သူတို့ ဘောလုံးကန်မယ်ဆိုတော့ ဗိုက်လေးနေလို့မဖြစ်ဘူး. . '

'အန်. . . '

နှစ်ယောက်လုံးဘာမှပြန်မပြောနိုင်တော့ဘူး. . ။ ပြောနေရင် စရိတ်ကပိုတက်လာမှာစိုးရသေးသကိုး. . . .

www.burmeseclassic.com


အဲဒီကတည်းက မိုးတိမ်အရက်မသောက်တော့ဘူး . ။ ဘာလို့ လည်းဆိုတော့ အရက်ခွက်ကြီးခွက်ငယ်နဲ့ သောက်နေရင် တကယ်ကန်ရတဲ့ အခါမှာ သက်လုံမကောင်းတော့မှာစိုးလို့ . ။ ဒါကြောင့် အရက်ပုလင်းကို ကလေးစို့တဲ့ ချိုလိမ်ခေါင်းတပ်ပြီး စို့ယူနေတော့တာ။ ဟုတ်တယ်လေ. . ။ အရက်ကိုလည်း ယတိပြတ်ဖြတ်လို့ကလည်းမရ၊ ဘောလုံးကန်တဲ့အခါမှာ လည်း သက်လုံကောင်းရအောင် ဒီလိုအသက်သာဆုံးနည်းကို ရွေးလိုက်တာ။ နောက်ပြီး ကုလားဒိန်ကိုလည်း နာမ်နှိမ်ရာကျတယ်လေ။ ဟိုကောင့် အသင်း က မေဖြူ့ချိုလိမ် ကုလားဒိန်ဆိုတာကိုး။

နောက်ပြီး မိုးတိမ်က မေဖြူဆီကိုသွားပြီး . .

မေဖြူ့အချစ်ခါဂျာဖလားကို သူအရယူလာမှာဖြစ်ကြောင်း၊ သူ အောင်ပွဲနဲ့တူ ပြန်လာခဲ့ရင် သပြေခက်နဲ့ရေပက်ကြိုဆိုဖို့အကြောင်းတွေ ရွှမ်းရွှမ်းဝေအောင် ပြောနေတော့တာ။

မေဖြူကတော့ထုံးစံအတိုင်းပဲ။ သူ့ကြောင့်ဘောလုံးကန်ကြတယ်ဆို တာကို ဘာပြောတယ်မှတ်သတုံး . ။

'တော်တို့ဖာသာတော်တို့ ခြေယားပြီးကန်တာ ကျုပ်နဲ့တော့မဆိုင် ပေါင်၊ သပြေခက်လည်း မချိုးနိုင်ဘူး။ ရေပက်ဖို့လည်း ရေမရှိဘူး။ တော်တို့ ဘယ်သူနိုင်တယ်၊ ရှုံးတယ်ဆိုတာလည်း ကျုပ်မသိချင်ဘူး။ ကျုပ်ကတော့ ကျုပ်ကြိုက်တဲ့သူ ကျုပ်ယူမှာပဲ. . . ' တဲ့. . . ။

ဒါကိုတောင် သိတယ်မဟုတ်လား။ မိုးတိမ်တို့က အခွက်ကပြောင် တယ်။ တိမ်နဲ့သာထိုက်တန်တယ်။ အခုလို မေဖြူချစ်ခါဂျာဖလားဘောလုံး ပွဲကျင်းပရတာလည်း မေဖြူကို ကိုကိုတိမ်ဘယ်လောက်ချစ်ကြောင်း ကြိုက် ကြောင်း မေတ္တာသက်ဝင်လုကြောင်း သိစေလိုသောကြောင့် အသက်ကိုပင် ပဓာနမထားဘဲ ကျားကျားလျားလျား၊ အားကစားနဲ့ ယှဉ်ပြိုင်ရခြင်းဖြစ် ကြောင်း ရွှမ်းရွှမ်းဝေတာမှ အရည်ပါယိုကျလာအောင် ပြောနေတော့တာ။ သူ့အချစ်က ဝါးတားတားအချစ်မဟုတ်ကြောင်း။

သူဘယ်လိုပဲ ဘယ်လောက်ပဲပြောပြော မေဖြူကတော့ ဆုမွန် ကောင်း တောင်းပေးပါတယ်။

'အမောဆို့သေပါစေတော်'လို့. .

www.burmeseclassic.com


ဒါပေမယ့် သိတယ်မဟုတ်လား. . . မိုးတိမ်တို့က အခွက်ပြောင်တယ်။ လျှာနဲ့လျက်ထားတာထက်တောင်ပြောင်သေး. . . ။

www.burmeseclassic.com

**ဒီလိုနဲ့** ဘောလုံးကန်တဲ့နေ့ကို ရောက်လာတယ်ဆိုပါတော့. .

ဘောလုံးကန်တဲ့နေ့မှာပဲ ကွင်းထဲမှာလူတွေ ကွင်းလုံးပြည့်လျှံနေတယ်။ ဘောလုံးပွဲကြည့်ပရိသတ်တွေမဟုတ်ဘူး။ ဒိုင်တွေ. . ။ အားလုံးလေးဆယ့်ခြောက်ယောက်တိတိ၊ အားလုံးသူ့အလုပ်နဲ့သူ အမှန်တကယ်ဘောလုံးကန်မှာက နှစ်ယောက်ထဲရယ်။

အဲ. . ပြောရဦးမယ်။ ဘောလုံးကွင်းအကြောင်း။ ကွင်းဆိုလို့. . ကွင်းမှတကယ့်ကွင်းဗျာ. . ။ လယ်ကွင်းကြီးမှ လယ်ကွင်းကြီး။ ဒီကြားထဲ ဒိုင်လူကြီး ဒေါ်အတိုက ကွင်းသေးရင် သိပ်ကြည့်မကောင်းလို့တဲ့ သုံးဧကကြီးများတောင်သတ်မှတ်ထားတာ။ ဂိုးတိုင်တစ်ဖက်နဲ့တစ်ဖက်ကို ပျပျလေးပဲ မြင်ရတယ်။ ကြားထဲမှာ ကန်သင်းရိုးက နှစ်ခုကန့်လန့်ခံနေသေး။ နောက်ပြီး မိုးတွင်းကလည်းဖြစ်ပြန်ဆိုတော့ လယ်ကွင်းထဲ ရေတွေက ဟီးထနေတာ။

www.burmeseclassic.com


ရေကဘယ်လောက်များသလဲဆိုကြည့်လေ. . ကုလားဒိန်တောင် ဘောလုံး မကန်ခင် သွေးပူလေ့ကျင့်ခန်းအနေနဲ့ ပက်လက်လှန်ပြီး ရေကူးလေ့ကျင့်နေတာ။ ရေက ခြေသလုံးမမြုပ်တမြုပ်လောက်ဆိုတော့ ရေကူးလို့တောင်ရနေတယ်။

ဒါပေမယ့် ကိစ္စမရှိပါဘူး. . . အဓိက မေဖြူ့ချစ်ခါဂျာဖလားရဖို့ မဟုတ်လား. . ။ ရေကြီးတာတွေ မကြီးတာတွေသူတို့ ဂရုစိုက်မနေနိုင်ဘူး. . . ။

ကန်မယ့်ဘောလုံးကလည်း သားရေဘောလုံးမရလို့တဲ့။ ဦးမောင်ကိုက သူ့သားကစားတဲ့ ကော်ဘောလုံးလေးယူလာတယ်။ ဘောလုံးကလည်းဗျာ. . တကယ့်ဘုရားစူးဘောလုံး။ သံပုရာသီးထက်ကြီးရင် နည်းနည်းရယ်။ ဒါပေမယ့် ကိစ္စမရှိဘူး။ အဓိကက မေဖြူ့ချစ်ခါဂျာဖလား. . ။

အဲ. . ဖလားကလည်း တော်ရုံတန်ရုံလှလှပပဖလား ဘယ်ကမှငှားမရလို့တဲ့. . ဘဖြားကြီးအလှူခံမြသပိတ်ကြီးကိုပဲ စာရေးပြီးပြန်တင်ထားတယ်။

ဖြစ်ချင်တော့ မြသပိတ်ပေါ်မှာကလည်း ဗုဒ္ဓဟူးဆွမ်းပတ်ဆိုပြီး စာလုံးကျဲကြီးတွေနဲ့ သင်္ဘောဆေးနဲ့ မြသပိတ်ပတ်ထားတော့ ဘယ်လိုမှ ပြန်ဖျက်လို့မရဘူး။ ဒါပေမယ့်ကိစ္စမရှိဘူး။ မိုးတိမ်တို့က ဉာဏ်ကောင်းတယ်။ အဲဒီကျဲနေတဲ့ စာလုံးကြားထဲ မေဖြူချစ်လုပွဲဆိုပြီး ကြားညှပ်ရေးလိုက်တယ်။

ဒါပေမယ့် ကိစ္စမရှိဘူး. . . အဓိကက မေဖြူချစ်ဖလား. . ။

ဟော. . အနောင်စာဘဖြားကြီးကတောင် အလှူခံဌာနကနေ စတင်ကြေငြာပြီ. .

ဘောလုံးပွဲနဲ့ဆိုင်လားမဆိုင်လားတော့မသိဘူး။ သူက ဘုရားတကာ အနောင်စာဆိုတော့ ပါဠိပါတ်သားလေး ညှပ်ညှပ်ပြီး ကြေငြာပေးတယ်။ ဒီကြားထဲမိုးတိမ်တို့ကုလားဒိန်တို့ရဲ့ ဖလားလုပွဲဆိုတော့ မြသပိတ်ပေါ်ရေးထားတဲ့စာသားကို စိမ်းစိမ်းကြီးကြည့်ပြီး သံနေသံထားနဲ့ ကြေငြာပေးနေသေးတော့ အသံတွေက ဘယ်လိုဖြစ်နေမှန်းမသိဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး။ အဓိကက မေဖြူချစ်ဖလား. . . ။

'အော်. . ဘောလုံးပွဲဖြစ်မြောက်အောင် ကူညီပေးတဲ့ လိုင်းစမင်းပေါင်းသူတော်ကောင်းများသည်လည်း ကာလိတ္တော ရေ၊ မီး၊ မင်း၊ ခိုးသူ၊

www.burmeseclassic.com


မချစ်မနှစ်သက်သောသူဟု ဆိုအပ်သော အန္တရာယ်အပေါင်းမှလည်း ဖယ်ရှားတားမြစ်နိုင်ပါစေ. . '

'အော်. . ဘောလုံးကန်မယ်ဆိုတဲ့ မိုးတိမ်ကလည်း. . ကန်သင်းရိုးပေါ်မှာထိုင်ပြီး. . အရက်ပုလင်းကိုချိုလိမ်တပ်ပြီး ထိုင်စို့နေပါတယ်ခင်ဗျား. . မိုးတိမ်ပါ. . အဲ. . မိုးတိမ်လို့. . နှစ်ခွန်းအော်တော့ ကျွန်တော် နှစ်ကျပ်ရပါပြီ။ ဒါကြောင့် သဗ္ဗာသိသိသဇာတီနံ. . ဒိဗ္ဗမန္တာ ဂဒံဝိယ. . 'ဘာတွေမှန်းတော့မသိဘူး. . ဘဖြားကြီးက သူကြေညာတတ်သလိုကြေညာတယ်။ နောက်ပြီးသူက မိုးတိမ်တစ်ခွန်းအော်ရင် တစ်ကျပ်ပေးမယ်ဆိုထားတာကိုး. . ဒါ့ကြောင့် မိုးတိမ်လို့ နှစ်ခွန်းအော်ပြီး သူနှစ်ကျပ်ရပြီဖြစ်ကြောင်း မိုးတိမ်ကို တစ်ဆက်တည်း အသိပေးလိုက်သေးတယ်။

'အဲ. . အခုဆိုရင် ဘောလုံးပွဲစတင်တော့မှာမို့. . လိုင်းစမင်းလေးယောက် ကန်သင်းရိုးပေါ် ဆောင့်ကြောင့်တက်ထိုင်လိုက်ကြပါပြီ. . ။ အဲ. . ကွင်းလယ်ဒိုင်လူကြီး ဒေါ်အတိုက ဘောလုံးသမားနှစ်ယောက်ကို ခေါ်ပြီး ညှိနှိုင်းနေပါပြီ. . '

ဟုတ်ပါတယ်. . . ကွင်းလယ်ဒိုင်အဖြစ်ဆောင်ရွက်ခဲ့တဲ့ ကိုမင်းသူခေါ် ဒေါ်လုံးတင်ဒေါ်အတိုက နှစ်ဖက်ဘောလုံးသမားများကို ခေါ်ယူပြီး ညှိနှိုင်းနေပါပြီ။ သူ့လက်မှာလည်း ဖိနပ်အနီတစ်ဖက်၊ ဝါတစ်ဖက်စွပ်ထားတယ်။ ပြစ်ဒဏ်ဘောဖြစ်ရင်ပြဖို့။ ကိုမင်းသူက လယ်ကွင်းထဲဆင်းလာပြီး လူစစ်သလို ဟိုကြည့်ဒီကြည့်လုပ်ပြီး လူရေတယ်။ အမှန်တော့ ဘာရေစရာမှ မလိုဘူးရယ်. . ကန်မှာကိုက နှစ်ယောက်ထဲဟာ. . ။ ဒါပေမယ့် မင်းသူကတော့ နိုင်ငံတကာဒိုင်အိုက်တင်တစ်ပြားသားမှ မလျှော့ဘဲ ဂိုက်ပေးကြမ်းတယ်။

'ဟော့ကောင်တွေ အနောက်ဘက်လှည့်ကြစမ်း. . '

ကိုမင်းသူရဲ့စကားကြောင့် မိုးတိမ်ရော ကုလားဒိန်ပါ ဘုမသိဘမသိ နောက်ဘက်လှည့်ပေးကြတယ်။ ဒါကိုနှစ်ယောက်လုံးက ကိုမင်းသူကြီး သူတို့တင်ပါးဆုံကြည့်ချင်တယ်မှတ်လို့လားမသိဘူး။ နှစ်ယောက်လုံးပေါင်မုန့် မီးကျွမ်းကြီးတွေကို ကော့ပြတယ်။

'အာ. . ဟော့ကောင်တွေ. . မင်းတို့ ငါ့ကို ဘာလုပ်ပြတာလဲကွ

www.burmeseclassic.com


အေ. '

ကိုမင်းသူရဲ့စကားကို နှစ်ယောက်လုံးဘုမသိဘမသိနဲ့

'မသိဘူးလေဗျာ. . ခင်ဗျားက စစ်ဆေးနေတာလားလို့. . '

'ဘာ. . မင်းတို့ကိုကြည့်မလားကွ။ စောကြီးလို ရွာထဲကအပျိုတွေ ပတ်ငန်းနေမှာပေါ့. . ငါကမင်းတို့ရဲ့ ကျောနံပါတ်မှတ်နေတာ. . '

ကိုမင်းသူရဲ့စကားကြောင့် နှစ်ယောက်လုံးကြောင်သွားပြီး. .

'ဟင်. . ကျုပ်တို့ကကျောနံပါတ်မှမရှိတာ'

'အေးမရှိရင်ငါပေးမယ်. . မိုးတိမ်က ဂိုးရော၊ နောက်တန်းရော၊ အလယ်တန်းရော၊ ဝင်ရော တစ်ယောက်တည်းကစားရမှာမို့ ကျောနံပါတ် ၁၊ ၃၊ ၆၊ ၇၊ ၉ ယူလိုက်။ အဲ. . ကုလားဒိန်ကလည်း နောက်တန်းရော၊ ရှေ့တန်းရော၊ လယ်တန်းရော၊ ဝင်းရော အရံလူရောပါမှာဆိုတော့ ၂၁၊ ၈၊ ၂၊ ၄၊ ၅၊ ယူ ကိုယ့်နံပါတ်ကို မှတ်ထားကြနော်. . ကဲ. . လာကြ'

ဆိုတော့ နှစ်ယောက်လုံး အူကြောင်ကြောင်နဲ့ ခေါင်းငြိမ့်ပြီး ရှေ့တိုးလာတယ်။

'ကဲ. . လာကြ. . ပထမပိုင်းအနေနဲ့ တစ်နာရီခွဲစကန်မယ်။ ပြီးရင် ဒုတိယပိုင်းအနေနဲ့ တစ်နာရီထပ်ကန်ကြမယ်'

'ဒါဆိုကျုပ်ကတော့ တောင်ဘက်ကန်သင်းက အရင်ယူမယ်ဗျာ. . '

ကိုမင်းသူရဲ့စကားတောင်မဆုံးမီ မိုးတိမ်ကဝင်ပြောတယ်။ ဟုတ်တယ်။ သူကတောင်ဘက်ကန်သင်းအရင်လိုချင်တယ်။ ဘာလို့လဲဆိုတော့ တောင်ဘက်ကန်သင်းက နည်းနည်းမြင့်လို့။ ရေတွေက မြောက်ဘက်ကိုစီးကျနေတာ။ ဒါ့ကြောင့် တောင်ဘက်ကနေရင် ဘောလုံးကန်ရသက်သာတာပ။

'အိုး. . ဒါတော့ဘယ်ရမှာလဲ ကျုပ်လည်း တောင်ဘက်ကပဲနေမယ်'

ကုလားဒိန်ကပါ တစ်စခန်းထလာတယ်။

ဒါကို ဒိုင်လူကြီးမင်းသူက လက်ကာပြလိုက်ပြီး. .

'နေဦး. . ဘယ်သူဘယ်ဘက်ကပဲနေနေ ဒုတိယပိုင်းကျရင်

www.burmeseclassic.com


ဂိုးလဲကြမယ်. . ။ ဂိုးလဲပြီးမှ ပြန်ကန်မယ်။ ဒါနိုင်ငံတကာနည်းစနစ်ပဲ. . '

ကိုမင်းသူကြီးစကားကြောင့် နှစ်ယောက်လုံး ငြိမ်သွားတယ်။ အတော်ကြာမှ ကုလားဒိန်က

'ဒါဆိုကျွန်တော်က ဒုတိယပိုင်းမှ တောင်ဘက်ကွင်းနေမယ်'

'ဖြစ်မလားကွ. . ။ မင်းဒုတိယပိုင်းမှနေလို့. . ငါလည်းဒုတိယပိုင်းမှ နေချင်တာပေါ့. . . '

ဆိုပြီး ဝင်ပြောတယ်။ ဟုတ်တယ်။ နှစ်ယောက်လုံးက ဒုတိယပိုင်းမှ နေချင်ကြတယ်။ ဘာလို့လဲဆိုတော့ ပထမပိုင်းတစ်နာရီခွဲကို ထိန်းကန်လိုက်ရင် ဒုတိယပိုင်းဆိုနှစ်ယောက်လုံးမောကြပြီလေ. . အဲဒီအချိန်ကျမှ လိုမ့်ပိန့်ပြီး ဂိုးသွင်းလို့ရပြီပေါ့. . ။ ဒါကို ဒိုင်လုပ်မယ့် မင်းသူကလည်း ရိပ်မိတယ်။ ဒါ့ကြောင့်. . .

'ကဲ. . . ဘယ်သူမှသာတယ် နာတယ်သဘောမထားနဲ့။ မြောက်ပန်းလှန်လိုက်မယ်။ ရတဲ့လူယူဟုတ်ပြီလား. . '

အဲဒီအကြံကို နှစ်ယောက်လုံးလက်ခံလိုက်တယ်။ မင်းသူကလက်ထဲ စွပ်ထားတဲ့ ဖိနပ်အနီကို ဖြုတ်ပြီး 'ကဲ ဒီဖိနပ်နဲ့ပဲ မြောက်ပန်းလှန်မယ်။ သားရေကြိုးဘက်ကခေါင်း. . ဖိနပ်ခုံဘက်ကပန်း။ ကဲ. . ပြော ဘယ်သူက ဘယ်ဘက်ကလဲ. . '

မင်းသူအမေးကို မိုးတိမ်က

'ကျွန်တော်ခေါင်းယူမယ်ဗျာ'

ဆိုပြီး ဦးအောင်ဝင်ပြောတယ်။ ဟုတ်တယ်လေ ရေထဲကို ဖိနပ်ကျရင် သဲကြိုးရှိတဲ့ဘက်ကပြန်ပေါ်မယ်ဆိုတာ သူသိတာကိုး။ ကုလားဒိန်ကတော့ ဘာမှသိပ်မစဉ်းစားပါဘူး. . ။

'သူခေါင်းယူမယ်ဆို ကျုပ်က ပန်းယူမယ်'

ဆိုပြီးပြောတယ်။ မင်းသူက နှစ်ယောက်လုံးကျေနပ်မှ

'ကဲ. . ဒါဆို မြှောက်လိုက်ပြီဗျာ. . '

ဆိုပြီး ဆင်ကြယ်ဖိနပ်အနီကို မိုးပေါ် ထောင်ပစ်လိုက်တယ်။

ဖိနပ်က လေထဲလည်တယ်လည်တယ်နဲ့ ရေထဲဖွပ်ခနဲ ထောင်လျက် ပြန်ကျတယ်။ အားလုံးရဲ့အာရုံ ဖိနပ်ပေါ်ရောက်နေကြတယ်။

www.burmeseclassic.com


ဖိနပ်ကထောင်လျက်ကျပြီး ဖြည်းဖြည်းချင်းပြန်ပေါ်လာတယ်။ ဖြစ်ချင်တော့ ဖိနပ်က သဲကြိုးဘက်ကလေးပြီး မှောက်ခုံပြန်ပေါ်လာတယ်။

'ပန်း . . ပန်းကွ'

ကုလားဒိန်ဝမ်းသာအားရခုန်ပြီး ကုလားက 'က'တယ်။ မိုးတိမ်ကတော့ တောက်တစ်ခတ်ခတ်နဲ့ မျက်နှာကိုပျက်ရော . . ။ ကဲ . . ကုလားဒိန်က မြောက်ဘက်ဂိုးစည်းကအရင်နေ၊ မိုးတိမ်က တောင်ဘက် ဂိုးစည်းကပေါ့ . .

မိုးတိမ်က သိပ်မကြည်လင်ဘူးဖြစ်နေတယ်။ မင်းသူကလည်း သိတယ်။ ဒါကြောင့် မိုးတိမ်မကလန်နိုင်အောင်ဆိုပြီး .

'ကဲ . . အခုအချိန်ကစပြီး ဒိုင်ရဲ့အဆုံးအဖြတ်ကို လေးလေးစားစား လိုက်နာကြရမယ်။ ငါပြောတဲ့တိုင်း လိုက်နာကြ'

ဒါကိုမိုးတိမ်မျက်နှာကို ရှုံ့မဲ့လိုက်ပြီး . . .

'ဒါတော့ကျုပ်လက်မခံနိုင်ဘူး . . . '

'ဘာဖြစ်လို့လက်မခံရမှာလဲ . . '

'ဖြစ်မှာလားဗျ . . ခင်ဗျားအဆုံးအဖြတ်တိုင်းလိုက်နာလို့၊ တော်ကြာ ခင်ဗျားက ကျုပ်ကြီးတော်ကိုတောင်းရင်၊ ဘယ်လိုလုပ်မလဲ . . ကျုပ်က ပေးရမှာလား'

'အဲ . . ဒါတော့ဘယ်ပေးရမှာလဲ . . . '

'မပေးရရင် လက်မခံနိုင်ဘူး . . ။ ကျုပ်ပေးရင်ခင်ဗျား . . ယူကိုယူရမယ် ဒါပဲ . . '

'အင်'

မင်းသူဘာပြန်ပြောလို့ပြောရမှန်းမသိဖြစ်သွားတယ်။ မိုးတိမ်ဆိုတဲ့ကောင်က ပြောလို့မရဘူး။ တော်ကြာ သူ့ကြီးတော်လာထိုးထည့်သွားလို့ အလိုလိုနေရင်း အဖွားကြီးနဲ့ညားနေရဦးမယ်။ ဒီကောင်က ဒီလိုပဲ သူ့ကြီးတော် ရုပ်ဆိုးကြီးကို ဟိုလူ့ပေးစား၊ ဒီလူ့ပေးစားလုပ်နေတာ။ ကြာပြီ။ ဘယ်သူမှမယူလို့ ဒီအချိန်ထိကျန်နေသေးတာ။ စိတ်ထင်ပြောရတာ သူ့ကြီးတော် အပျိုသက်တင် နှစ်ခြောက်ဆယ်ကျော်ပြီထက်တယ်။ ဒါတောင်ကလေးသက် မပါသေးဘူး။

www.burmeseclassic.com


'အဲ. . ငါပြောတာက ဒီလိုကွာ. . ဘောလုံးကွင်းထဲမှာ ဖြစ်ပျက်သမျှကိုပဲ ပြောတာ။ အပြင်ကိစ္စနဲ့မဆိုင်ဘူး။ ဘောလုံးကွင်းထဲမှာ ဖြစ်ပျက်သမျှအားလုံး ငါဆုံးဖြတ်တဲ့အတိုင်း လိုက်နာရမယ်'

'ဒါဆို ဘောလုံးပွဲအပြင်ဘက်ရောက်ရင် ခင်ဗျားကို ဖင်ပိတ်ကန်မယ်'

'ကန်. . အဲလေ. . မကန်. . '

မိုးတိမ်က သူမြောက်ဘက်ဂိုးစည်းမရတာနဲ့ပဲ ဒိုင်လူကြီးကို ကလန်နေတော့တာ။ မင်းသူကလည်း မိုးတိမ်ကို ဘယ်လိုရှင်းပြရမှန်းမသိဖြစ်နေတယ်။ အတော်ကြာမှ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချလိုက်သလို သက်ပြင်းကိုချ နှုတ်ခမ်းကိုစေ့ပြီး. .

'အေးကန်ကွာ. . ဘောလုံးပွဲပြီးလို့ မကျေနပ်ရင် ငါ့ကို ဖင်ပိတ်ကန် ဘောလုံးပွဲထဲမှာတော့ ငါ့စကားနားထောင်ကြ ဒါပဲ. . . ကွင်းထဲမှာငါ့စကားနားမထောင်ရင် ဟောဒီမှာကြည့်ထား' ဆိုပြီး

ညာဘက်လက်က မြင်းကြယ်ဖိနပ်အရုံကို ထောင်ပြလိုက်တယ်။ အဝါကဒ်ပြတဲ့သဘော. . သွားပြီ။ ဘောလုံးပွဲမစခင် မိုးတိမ်အဝါကဒ်တစ်ခုထိသွားပြီ။ 'နောက် တစ်ခါ အဝါကဒ်မထိချင်ရင် ဘောလုံးကွင်းထဲမှာ ငါ့စကားနားထောင်ကြ. . ဒါပဲ. . . '

'ဒီပွဲမှာ ရုတ်ရုတ်တော့မလုပ်နဲ့. . ဒီမှာတွေ့လား. . '

ဘယ်လက်ကို ထပ်ထောင်ပြတယ်။

'ဒါက အနီကဒ်. . တော်ရုံတန်ရုံအပြစ်မျိုးဆို ညာဘက်လက်က အဝါကဒ်ပြမယ်။ အနီကဒ်ပြရင်တော့ ကွင်းထဲက ထွက်ရလိမ့်မယ်။ ဒါနိုင်ငံတကာနည်းစနစ်. . '

မင်းသူက ဒါမျိုးကပြတ်တယ်။

မင်းသူရဲ့စကားကြောင့် မိုးတိမ်ရော ကုလားဒိန်တွန့်ဝင်သွားတယ်။ အနီကဒ်ထိလို့ ကွင်းထဲကထွက်ရရင်ရှုံးပြီပေါ့. . ။ ဒါကြောင့် နှစ်ယောက်လုံးက. .

'ဒါကတော့ လွန်လွန်းတယ်ဗျာ. . ကျုပ်တို့က ဘာမှမလုပ်ဘဲ ခင်ဗျားက ညစ်ပြီးအနီကဒ်ပြပြီး ထွက်ခိုင်းရင် ဘယ့်နှယ်လုပ်မှာလဲ. . '

'ဟုတ်သားပဲ ခင်ဗျားညစ်တိုင်း ကျုပ်တို့ခံရမှာလား . . . ဒိုင်ပြောင်းရင်ကောင်းမယ်ထင်တယ်'

'အေးဟုတ်တယ် . . '

နှစ်ယောက်လုံးက ကန့်ကွက်တော့ မင်းသူဘာပြန်ပြောရမှန်းမသိဖြစ်သွားတယ်။ သူဘောလုံးပွဲဒိုင်လုပ်ရမယ့်အခွင့်အရေးက ဆုံးမလိုဖြစ်နေပြီ။ ဒါ့ကြောင့် ဒုတိယံပိဆုံးဖြတ်ချက်ထပ်ချလိုက်ပြီး . .

'ငါညစ်ရင် ငါ့ကိုအနီကဒ်ပြကွာ . . ကဲ . . ကျေနပ်ပလား . . ဒါကနိုင်ငံတကာနည်းစနစ်အပြင် ငါအပိုပေးတာ . . '

မင်းသူရဲ့စကားကို နှစ်ယောက်လုံး ကျေနပ်သွားကြတယ်။ ဟုတ်တယ်လေ . . ကွင်းထဲမှာ ညစ်တဲ့လူထွက်ပဲ မဟုတ်လား . . ။

'ကဲ . . ပွဲစမယ်'

'နေဦးဗျ . . ကျုပ်တို့ပြစ်ဒဏ်ဘောတွေဖြစ်ရင် ခင်ဗျားကဘယ်လိုအသိပေးမှာလဲ . . '

မင်းသူရဲ့စကားမဆုံးခင် မိုးတိမ်ဝင်ထောက်တယ်။ အဲဒီတော့ မင်းသူသတိရသွားပြီး သူ့လက်နှစ်ဖက်ကို သူပြန်ကြည့်ရင်း . .

'အဲဟုတ်တယ်ဟ . . မင်းပြောမှ ငါသတိရတယ်။ ငါ့ဆီမှာ ဝီစီမရှိဘူး'

'ဝီစီမရှိရင်လည်း လက်ခေါက်မှုတ်ပေါ့ဗျာ . . '

ကုလားဒိန်ကဝင်ပြောတယ်။ ဒါကိုမင်းသူက ခေါင်းခါလိုက်ပြီး . .

'ငါလက်ခေါက်လည်း မမှုတ်တတ်ဘူးကွ . . '

'ဒါဆို . . ဘဖြားကြီး အလှူခံမဏ္ဍပ်က ကြေးစည်ငှားလိုက်ပေါ့ဗျာ။ တစ်ခုခုဖြစ်ရင် ခင်ဗျားကကြေးစည်ထုပြီး အသိပေးပေါ့မဟုတ်ဘူးလား'

မိုးတိမ်ရဲ့စကားကြောင့် မင်းသူမျက်နှာပြန်ဝင်းလက်သွားတယ် . .

'တယ် . . အေး မင်းအကြံမဆိုးဘူး ဒါဆိုအားလုံးလည်း ကြားနိုင်မယ်'

ဆိုပြီး ဘဖြားကြီးကိုတောင်းပန်ပြီး ကြေးစည်ကြီးထမ်းချလာတယ်။ ကြေးစည်ကသာမန်ကြေးစည်ထက် နည်းနည်းပိုကြီးတယ်။ တစ်ယောက်တည်းထမ်းရင် အံကြိတ်ထမ်းရမှာ။ ဒါပေမယ့် ကိစ္စမရှိဘူး။ မင်းသူက ဘော

www.burmeseclassic.com


လုံးပွဲဒိုင်သာလုပ်ရမယ်ဆိုရင်ကတော့ ရာဝင်အိုးတောင်ထမ်းဦးမှာ. .

‘ကဲ. . လူစုံရင်. . ပွဲစမယ်’

မင်းသူရဲ့အော်သံကြားတော့ ဒိုင်(၄၆)ယောက်လုံး ကွင်းဘေးနေ ရာယူကြတယ်။ လူအားလုံးစုံမှ မင်းသူဘောလုံးကို ဗွက်ထဲပစ်ချပြီး နာရီကြည့်သလို ရွာထန်းတောဘက်ကြည့်တယ်. .

ထန်းတောဘက်က နံပတ်ပြားလဲမယ့် ဒိုင်ဘကြီးပန်း ကိုတွတ်ဆိုင်က မီးခြစ်ယူပြီး ပြန်လာတာတွေ့မှ ကြေးစည်မြှောက်ပြီး .

‘ကဲ. . . ရယ်ဒီ ဝမ်း၊ တူး၊ သရီး ဘောလုံးပွဲစ. . ’

‘နောင်ဝေဝေ. . ’

ဆိုပြီး ကြေးစည်ထုလိုက်တာနဲ့ ကုလားဒိန်က မိုးတိမ်ထက်ဦးအောင် ဘောလုံးကို ပြေးပြီးကျုံးကန်လိုက်တယ်။ ဘောလုံးက သူကန်တဲ့အရှိန်နဲ့ ကွင်းလယ်က ကန်သင်းရိုးကို ‘ဖုန်း’ခနဲထိပြီး ဒုန်းဆိုသူ့ဂိုးထဲ ပြန်ဝင်သွားတယ်။

‘ဂိုး’

မိုးတိမ်အားရဝမ်းသာထခုန်တယ်။ ပွဲစတာနဲ့ တစ်မိနစ်တောင်မရှိသေးဘူး။ မိုးတိမ်တစ်ဂိုးရသွားပြီ. . . ။ ကုလားဒိန် အပါအဝင်ဒိုင်အားလုံး ဘောလုံးကို ကြောင်ငေးကြည့်နေကြတယ်။ မိုးတိမ်ကတော့ ပျော်ပြီး လယ်ကွင်းထဲပတ်ကနေတယ်။ အတော်ကြာမှ ဒိုင်လူကြီးမင်းသူက ဂိုးဝင် သွားကြောင်းသိအောင် ကြေးစည်ကို တနောင်နောင်ထုပြီး ဘောလုံးကို ပြန်ယူလာတယ်။ ကွင်းလယ်မှာ ပြန်တည်တယ်။ ပြီးတော့ ကြေးစည်ကို မြှောက်ပြီး. .

‘ကဲ. . စ’

‘နောင်ဝေဝေ’

ဆိုတာနဲ့ ကုလားဒိန်ကပဲစပြီး ဘောလုံးကိုပြေးယူတယ်။ ဒါပေမယ့် ခုနတုန်းကလိုတော့ ကန်မထုတ်ရဲတော့ဘူး. ။ ဂိုးထဲပြန်ဝင်သွားမှာစိုးလို့. ။ မိုးတိမ်ကတော့ ကုလားဒိန်ကိုပဲ မှင်နဲ့ကြည့်နေတယ်။ ပြီးမှ ရုတ်တရက်ဆိုသလိုပြေးပြီး. . . ဘောလုံးကို ပြေးလုပြီး . . ကုလားဒိန်ကျော်အောင် ကန်ထုတ်လိုက်တယ်။ ပြီးတော့ ကုလားဒိန်ကို ကျော်ပြီး ပတ်

www.burmeseclassic.com



ပြေးတယ်။

'လွတ်ပြီ. . . '

သူ့စိတ်ထဲမှာ လွတ်ပြီထင်တယ်။ ဒါပေမယ့်. .

အဲဒီအချိန်မှာပဲ. . ကန်သင်းရိုးပေါ်စောင့်ကြောင့်ထိုင်နေတဲ့ လိုင်းစမင်းပါစီက လက်ထဲကိုင်ထားတဲ့ လုံချည်ကို ဖော့ယမ်းပြတယ်။

'နောင်ဝေဝေ. . နောင်ဝေဝေ. . '

မင်းသူရဲ့ကြေးစည်သံကြားရတယ်။ ကြေးစည်သံကြောင့် ဘောလုံးပွဲရပ်သွားတယ်။ နောက် မင်းသူကပဲ ပါစီကိုလှမ်းမေးတယ်။

'ဘာဖြစ်လို့လဲ. . '

ပါစီက ခပ်တည်တည်ပြန်ဖြေတယ်။

'ဗိုင်းတောက်. . ဗိုင်းတောက်ဖြစ်နေတယ်'

ဆိုလိုတာက လူကျွံတယ်ဆိုတဲ့သဘော. . ။ မိုးတိမ်တင်းသွားတယ်။ ဒါ့ကြောင့် ပါစီကို ခါးထောက်ကြည့်ပြီး. .

'ဟေ့ကောင်ပါစီ မင်းမညစ်နဲ့ကွ ဘောလုံးကတစ်ယောက်ချင်းကန်တာ ဘာဗိုင်းတောက်မှမရှိဘူး. . အဲဒီလိုလုပ်နေရင် ငါတို့ဘယ်လိုလုပ် ကန်မှာလဲ. . . '

ဆိုပြီးငေါက်တယ်။ ဒါကို ပါစီကလည်းမလျှော့ဘူး. . .

'ဟေ့ကောင် မိုးတိမ်ဗိုင်းတောက်မို့ ဗိုင်းတောက်လို့ပြောတာကွ. . ဗိုင်းတောက်မှမဖမ်းရရင် ငါတို့လိုင်းစမင်း လေးဆယ့်ခြောက်ယောက်က ဘာလုပ်ရမှာလဲ. . '

'ကန်သင်းပေါ်အေးအေးဆေးဆေး စောင့်ကြောင့်ထိုင်နေပေါ့ကွ'

'ဟ. . ဖြစ်မလားကွ. . ကန်သင်းပေါ် စောင့်ကြောင့်ထိုင်နေလို့. . လိုင်းစမင်းခန့်ထားရင် ဗိုင်းတောက်တော့ဖမ်းရမှာပဲ. . '

မင်းသူကကြေးစည်ကြီးထမ်း ကြားဝင်ပြီး. .

"ကဲကဲ. . တော်ကြတော့. . ပါစီပြောတာလည်းမှန်တယ်။ မိုးတိမ် ပြောတာလည်းမှန်တယ်. . ပါစီကဗိုင်းတောက်ဖမ်းရမယ်။ ဒါပေမယ့် လူကျွံတိုင်း မဖမ်းရဘူး။ ဖမ်းသင့်မှဖမ်းရမယ်'

ဘယ်လိုအနေအထားမျိုးဆို ဗိုင်းတောက်ဖမ်းရမယ်တော့မပြောဘူး။

www.burmeseclassic.com


သူကိုယ်တိုင်ကမှ မသိတာ။ မိုးတိမ်နဲ့ပါစီကတော့ တစ်ယောက်ကိုတစ် ယောက် မကြည်ကြဘူး။ မျက်ထောင့်နီကြီးတွေနဲ့ ကြည့်နေကြတယ်။ ဒါကိုမင်းသူလည်း ရိပ်မိတယ်။ ဒါကြောင့် ပညာရှိနည်းပဲ သုံးလိုက်တယ်။

'ကဲ. . ဒါဆို နှစ်ယောက်လုံးမနာအောင် ဒိုင်ဘောအဖြစ်သတ်မှတ်မယ်။ နောက်တစ်ခါဆို လိုင်းစမင်းသော ဘာသောနားမလည်ဘူး ကွင်းထဲက ထုတ်ပစ်မယ်. . .'

ပါစီမျက်နှာကြီးမည်းသွားတယ်။ မင်းသူက ခတ်တည်တည်ပဲ ဘောလုံးကို ကောက်ပြီးမိုးတိမ်နဲ့ ကုလားဒိန်နှစ်ယောက်လုံးကို ခေါ်လိုက်တယ်။

'ကဲ. . ဒိုင်ဘောဆိုတော့ ဘောလုံးကိုမြှောက်တင်ပေးမယ်။ ဦးရာလူကန်ကြေး. . 'ဆိုပြီး ကြေးစည်ကို ချိုင်းကြားညှပ်၊ ကြေးစည် လက်ခတ်ကို ပါးစပ်မှ ကိုက်ပြီး . . .

'ကဲ. . . ဝမ်းတူးသရီး. . '

ဆိုပြီး ဘောလုံးကို လေပေါ်မြှောက်တင်လိုက်တယ်။ သူမြှောက်တင်လိုက်တာနဲ့ သွက်လက်ဖျတ်လတ်တဲ့ ကုလားဒိန်ဘောလုံးကို ခေါင်းခုန်တိုက်တယ်။

ဒါကို ညစ်ချင်နေတဲ့မိုးတိမ်က လေထဲရှိနေတဲ့ကုလားဒိန်ကို အောက်ကနေဝင်ပြီးထမ်းချတယ်။

မိုးတိမ်ထမ်းလိုက်တဲ့အရှိန်ကြောင့် ကုလားဒိန်ခြေပစ်လက်ပစ်ပြီး ရေထဲကို ဗွမ်းခနဲပြုတ်ကျတယ်။

'နောင်ဝေဝေ. . နောင်ဝေဝေ. . '

မင်းသူဆီက ကြေးစည်သံကြားရတယ်။

'ပြစ်ဒဏ်ဘော. . '

ဆိုပြီးအော်တယ်။ ကုလားဒိန် ဗွက်ထဲကနေ လူးလဲပြီး ထလာတယ်။ ပြစ်ဒဏ်ဘောကို သူရမယ်ထင်နေတာ။ ဒါပေမယ့် မင်းသူက ကုလားဒိန်ကို အဝါဖိနပ် (အဝါကဒ်) ပြတယ်။ မင်းသူကိုကြည့်ပြီး ကုလားဒိန်တင်းသွားတယ်။ ဟုတ်တယ်လေ. . သူကလည်း ခွေးကျဝက်ကျကျသေး. . ဒါကို အဝါကဒ်တဲ့. .

'ဘယ့်နှယ်လုပ်တာတုံးဗျ ကိုမင်းသူရ. . ကျုပ်ကိုသူကထမ်းချတာ

www.burmeseclassic.com


ဗျ. . အပြစ်ပေးခြင်းပေးရင် သူ့ကိုပေးရမှာ ကျုပ်ကဘာလုပ်လို့ အပြစ်ပေးတာလဲ. . ’

ဆိုပြီး ပြောတယ်။ ဒါကိုမင်းသူက စိတ်ဆိုးသလိုဟန်မျိုးနဲ့

‘ဟေ့ကောင်. . စကားမရှည်နဲ့. . မင်းဘောလုံးကို ခေါင်းခုန်တိုက်တုန်း. . ငါ့ကိုကော့ပြတာ ငါမြင်တယ်ကွ. . မင်းဒိုင်လူကြီးကို ဒီလိုလုပ်ပြဖို့တော့ မကောင်းပါဘူး။ မင်းဗုဒ္ဓဘာသာ သားသမီးပါကွ. . ဒီလိုရိုင်းပြဖို့မကောင်းဘူး’

ဆိုတော့ ကုလားဒိန် ဘာပြန်ပြောရမှန်းမသိတော့ဘူး။ ခေါင်းခုန်တိုက်တာက သူ့ဖာသာသူရိုးရိုးသားသား ခေါင်းခုန်တိုက်တာပဲ။ အားပါအောင် ခါးတော့ကော့ရမှာပေါ့။ ဒါကိုဒိုင်လူကြီး မင်းသူက သူ့ကိုလေထဲကနေ ကော့ပြတယ်ဆိုပြီး ပြစ်ဒဏ်ဘောသတ်မှတ်ပေးတယ်။

ဒီပြစ်ဒဏ်ဘောကို မိုးတိမ်ကကန်ရမယ်။

မိုးတိမ်ဘောလုံးကို တည်လိုက်တယ်။ ဘောလုံးက ရေစီးနဲ့မျောပြီး ကုလားဒိန်ဂိုးနားနီးနီးလာတယ်။ ဘောလုံးဂိုးတိုင်နား နီးလာလေ ကုလားဒိန်မျက်လုံးပြူးလေဖြစ်လာတယ်။ ဒါကြောင့် ဒိုင်လူကြီး မင်းသူ လက်ကိုဆွဲပြီး . .

‘ဟေ့လူကြီး လုပ်ပါဦးဗျ . . ဘောလုံးက တဖြည်းဖြည်းဂိုးနားနီးလာပြီဗျ. . ’

ဆိုတော့ မင်းသူက မိုးတိမ်ကို အနောက်ပြန်ဆုတ်ခိုင်းတယ်။ ဒါကိုမိုးတိမ်က မကျေနပ်ဘူး။

‘ဟာဗျာ . . ဘောလုံးက သူ့ဖာသာသူ ရေစီးနဲ့မျောနေတဲ့ဟာ . . ကျုပ်လုပ်တာမှ မဟုတ်တာ’

ဆိုပြီး စောဒကတက်တယ်။ ဒါပေမယ့် မရဘူး။ မင်းသူက ဒိုင်ကိုပြန်ခံပြောရမလားဆိုပြီး အဝါဖိနပ်ပြပြီး နောက်ဆုတ်ခိုင်းတယ်။ မိုးတိမ်ဘာမှမပြောသာတော့ဘူး။ အနောက်ပြန်ဆုတ်သွားတယ်။ ပြီးတော့ခုနနေရာမှာ ဘောလုံးပြန်တည်တယ်။ ဘောလုံးက ခုနကအတိုင်း ကုလားဒိန်ဂိုးဘက်ပြန်စီးပြီး ဝင်လာတယ်။

ဒီတစ်ခါ မင်းသူဂရုမစိုက်တော့ဘဲ ကြေးစည်ကို နှောင်ခနဲ

www.burmeseclassic.com


ထုလိုက်တယ်။ မိုးတိမ်က ဘောလုံးကို ဖုန်းခနဲကန်ထုတ်လိုက်တယ်။ ဘောလုံးက သိပ်မဝေးဘူး။ ကုလားဒိန်ကိုကျော်ပြီး ဂိုးနားကျတယ်။ ကုလားဒိန်လဲ ဘောလုံးကို ဂိုးနားတွေ့လို့ စိုးရိမ်ပြီးပြန်လှည့်အပြေး၊ ဘောလုံးနားရောက်မှ ခလုတ်တိုက်မှောက်လဲတော့ ဘောလုံးကို သူ့နဖူးနဲ့တိုက်မိပြီး ဂိုးထဲဝုစ်ခနဲ လိမ့်ဝင်သွားတယ်။

'ဂိုး. . '

မိုးတိမ်ဝမ်းသာအားရ ထခုန်တယ်။ ကုလားဒိန်က ဘောလုံးကို ကြည့်ပြီး အားမလိုအားမရ ဖြစ်ကာ ရေထဲခေါင်းကို နှစ်နေလိုက်တယ်။ ဒိုင်လူကြီးမင်းသူကဂိုးပြီဖြစ်ကြောင်း သိအောင်ကြေးစည်ကို တနောင်နောင်ထုတယ်။ မိုးတိမ်တစ်မိနစ်အတွင်း နှစ်ဂိုးရသွားပြီ။

နောက်ပိုင်းကျတော့ မိုးတိမ်နပ်သွားပြီ။ ဘောလုံးကို ကောင်းကောင်းမကန်တော့ဘူး။ ရေတွေကိုပဲ လိမ့်ကန်နေတယ်။ ဟုတ်တယ်လေ။ ရေတွေကန်နေရုံနဲ့ ဘောလုံးက ရေစီးနဲ့မျောပြီး ကုလားဒိန်ဂိုးပေါက်ထဲ ဝင်သွားတာကိုး. . . ။

ကုလားဒိန်ခမျာလည်း ရေစုန်ဘက်ကကြီးဖြစ်နေတော့ ဘာမှမတတ်နိုင်တော့ဘူး။ ကွင်းထဲမှာ မိုးတိမ်ဆိုတဲ့အသံချည်းမိုးမွှန်နေတယ်။

ဒီကြားထဲ အနောင်စာဘဖြာကြီးကလည်း မိုးတိမ်တစ်ခွန်းအော်ရင် တစ်ကျပ်ရမှာဆိုတော့ မိုးတိမ်ဆိုတာချည်းပဲ လိမ့်အော်နေတော့တာ။ ကြည့်လေ. . သူအော်ပေးနေတာက

'မိုးတိမ်ပါခင်ဗျ. . မိုးတိမ်ပါ။ ဘောလုံးက သူနဲ့ဝေးနေသေးတော့ ဖင်ကုတ်ရင်းစောင့်နေပါတယ်။ ဟော. . ဟော မိုးတိမ်လက်ပိုက်လိုက်ပြန်ပါပြီ။ ကုလားဒိန်ကတော့ ဘောလုံးကိုသယ်လာရင်း၊ တစ်ချက်ပွတ်တယ်။ နှစ်ချက်ပွတ်တယ်။ ခွေးချေးပေလို့ ပွတ်နေပါတယ်ခင်ဗျ. . ။ ဟောလာပါပြီ. . လာပါပြီး. . ဟုတ်တယ်ဗျာ. . ။ ဒေါ်မြလှိုင်ကလည်း ဗုဒ္ဓံသရဏံ ဂစ္ဆာမိဆိုတဲ့ ဘုရား၊ တရား၊ သံဃာကို အမှူးထားလို့ အလှူတော်အနေနဲ့ အပူဇော်ငွေက ငါးကျပ်ပါတဲ့ခင်ဗျား. . ဒါကြောင့် အတီတသေ ဗုဒ္ဓသ ဘဂဝါတော. . သာဓု. . သာဓု. . သာဓု. . '

သူ့ခမျာ အလှူခံဘက်ကိုလည်း လှည့်အော်ပေးရသေးတော့ ဘော

www.burmeseclassic.com


လုံးပွဲနဲ့ အလှူခံကို ရှုပ်ထွက်နေတာ။

'အဲ့ . ကုလားဒိန်ဘောလုံးကို ခြေသလုံးနှစ်ဖက်နဲ့ ခွကာခွကာ ယူလာပါပြီခင်ဗျား . မိုးတိမ်ကပြေးဝင်ပြီး ကပ်လိမ်တယ်ခင်ဗျ . ဟုတ် ကဲ့ . မိုးတိမ်လိမ်တယ်။ လိမ်တယ်။ ကုလားဒိန်ရဲ့ ဖိုက်ခေါက်ကျောကို ကပ်လိမ်ထားတယ်ခင်ဗျ။ ဒိုင်လူကြီး ဒေါ်အတိုမမြင်ဘူးခင်ဗျား . ဟော ဘောလုံးက လိမ့်ကာလိမ့်ကာနဲ့ . ဂိုး . ဂိုးပါတယ်ခင်ဗျား။ ဘောလုံးက ရေစီးနဲ့မျောသွားပြီး ကုလားဒိန်ရဲ့ ဂိုးထဲဝင်သွားပါပြီခင်ဗျာ . ။ မိုးတိမ် ထကတယ်ခင်ဗျ . ဟုတ်ကဲ့သူငယ်တော်အကပါခင်ဗျ . ။ သူငယ်တော် အကပါ။ မိုးတိမ်ခင်ဗျား . . မိုးတိမ်ပါ . . ဒါကြောင့်

ဘာတွေမှန်းတော့ မသိဘူး။ ကြေတော့ကြေငြာပေးနေတာပဲ . ။ အမိကကလည်း မိုးတိမ်လို့ တစ်ခွန်းအော်ရင် တစ်ကျပ်ရဖို့ကိုး။ ဒီကြားထဲ မိုးတိမ်လို့ ဘယ်နှစ်ခွန်းအော်ပြီးပြီ ဖြစ်ကြောင်း တာလီမှတ်ရသေး။ ဒါမှ ငွေတွက်ရလွယ်မှာကိုး . . ။

ဒီလိုနဲ့ ဘောလုံးပွဲ ပထမပိုင်းအချိန်တစ်နာရီခွဲစေ့သွားတယ်။ ပထမ ပိုင်းမှာတော့ မိုးတိမ်ကကုလားဒိန်ကို (၃၈)ဂိုး ဂိုးမရှိနဲ့ အနိုင်ရနေတယ်။ ဂိုးဒီလောက်များနေလို့ အံ့သြသွားသလား။ မအံ့သြနဲ့ . ။ ခုနက ပြောသလို ဘောလုံးကထိရုံနဲ့ရေစီးနဲ့ မျောပြီး ဂိုးထဲဝင်သွားတော့တာကိုး။ ဒါကြောင့် ဂိုးဒီလောက်များနေတာ။ ဘောလုံးပွဲကဂိုးချည်းပဲများတာ မဟုတ်ဘူး။ အဝါကဒ်လည်းများတယ်။ ဒိုင်လူကြီးလုပ်တဲ့မင်းသူက ဒါတော့တိကျသား။ ခြေကလိန်ကွပ်တာကအစ၊ ခါးတောင်ကျိုက်ပြုတ်တာအဆုံး၊ သူအလုပ် မရှိတိုင်း အဝါကဒ်ချည်းလိုမ့်ပြနေတာ။ အခုဆို ကုလားဒိန်က အဝါကဒ် (၆၂)ကြိမ်၊ မိုးတိမ်က(၄၈)ကြိမ်၊ ရှိနေပြီ။ အနီကဒ်ကတော့ တစ်ကြိမ်ပဲ . ။

သူအနီကဒ်ပြလိုက်ရသူကတော့ သိတယ်မဟုတ်လား။ ပါစီပဲ . ။ သူ့လူဂိုးအများကြီး ရှုံးနေလို့မကျေမနပ်ဖြစ်ပြီး၊ ပါစီဒိုင်ကိုဆဲလို့။ မင်းသူအနီ ကဒ်ပြပြီး ပါစီကိုကန်သင်းရိုးပေါ်က မောင်းထုတ်လိုက်တယ်။ ပါစီဗိုင်း တောက်လည်း မဖမ်းရတော့ဘူး။ ဗျိုင်းအောက်လည်း မဖမ်းရတော့ဘူး။ အေးရော . ။

ကျန်တဲ့လူတွေကတော့ အေးရာအေးကြောင်းပဲ . ကိုဖိုးမောင်တို့

www.burmeseclassic.com


ဆို လိုင်းစမင်းသာလုပ်တာ သူ့ဖာသာသူ ကန်သင်းရိုးဘေး ငါးရှဥ့်မြှုးလိုက် ထောင်နေတာ။ ဘောလုံးပွဲကိုလည်း မကြည့်ဘူး။ စိတ်လည်း မဝင်စားဘူး။ ဒါပေမယ့် တစ်ခါတော့ သူက 'မိပြီကွ မိပြီ' လို့ ထအော်လို့ ပွဲခဏ ရပ်ရသေးတယ်။ ဗိုင်းတောက်ဖြစ်လို့ အော်တာမဟုတ်ဘူး။ သူ့ဖာသာသူ ငါးရှဥ့်မိလို့ ထအော်မိတာ။

ဘကြီးပန်းတို့ ကိုတွတ်ကြီးတို့ဆိုတာလည်း ဘောလုံးပွဲက ကျွေးတဲ့ ဟင်းနဲ့ ပုလင်းလေးထောင်ပြီး လူရှင်းတုန်းကန်သင်းပေါ် အတင်းထိုင်တုတ်နေကြတာ လေလေးကိုဖြူး . လို့။ အဲ . ဂိုးဝင်သွားရင်တော့ တက်ညီလက်ညီနဲ့ ဂိုး . ဆိုပြီးတော့ ထထက်အော်ပေးတယ်ဗျ . ။ ဒါက အလုပ်သဘောကိုး။ ပြီးရင်ဘာမှမသိသလို အရက်ကလေးတမြမြနဲ့ အတင်းထိုင်တုတ်နေကြတာ။ အဲ . နေ့တွက်အကိုက်ဆုံးကတော့ ဘဖြားကြီးပဲ . ။ သူက လော်စပီကာငှားခ၊ ကြေးစည်ငှားခအပြင် မိုးတိမ်လို့ တစ်ခွန်းအော်ရင် တစ်ကျပ်ရတာကိုး။

ဒါကြောင့် မိုးတိမ်ဖင်ကုတ်တာကအစ၊ အပျင်းဆန့်တာအဆုံး၊ တပြုံးပြုံးအော်နေတော့တာ။ အခုဆို မိုးတိမ်ရဲ့ (၉၈) ဂိုးမှာ သူရငွေ ငွေ ၉၃၅ ကျပ် ရှိနေပြီ။

ဘောလုံးကန်တဲ့ နှစ်ယောက်လုံးလည်း ရေထဲမှာကန်ရတာဆိုတော့ အတော်ကို မောနေပြီ။ အချိန်ကလည်း တစ်နာရီခွဲတောင်ကိုး။ ရေစုန်ဘက်က ရတဲ့မိုးတိမ်က ဘာမှသိပ်မဖြစ်ပေမယ့် ရေဆန်ဘက်ကနေရတဲ့ ကုလားဒိန်ကတော့ လျှာပါထွက်နေပြီ။ မိုးတိမ်ကတော့ ကိုးဆယ့်ရှစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရထားသူဆိုတော့ မှင်သိပ်မပျက်ဘူး။ အမောပြေအောင် အရက်ပုလင်းကို ချိုလိမ်တပ်ပြီး စိမ်ပြေနပြေထိုင်စို့နေတယ်။ ဒါကို ကြက်ကုလုပ်တဲ့သလာစိက သူ့ကိုနှိပ်ပေးရင်း . . .

'မိုးတိမ်နော် . ငါအကြံပေးမယ် . အဲဒီအကြံအတိုင်းလုပ်ရင် နင်နိုင်ပြီ . '

သလာစီစကားကို မိုးတိမ်အရက်စို့နေရာက မျက်မှောင်ကျုံ့လိုက်ပြီး .

'ဘာတုန်းကွ . ငါဘာလုပ်ရမှာလဲ . '

www.burmeseclassic.com


သလာစီက မိုးတိမ်ခြေထောက်ကို အဆက်မပြတ်နှိပ်ရင်း. .

'နင်နော်. . ဟိုဘက်ဂိုးစည်းရောက်လို့ ဒီအတိုင်းကန်ရင် သူဒီအတိုင်းပဲ တစ်ခါတည်းဂိုးပြန်သွင်းသွားမယ်'

'ကုလားဒိန်နော်. . နင့်ထက်မြန်တယ်။ သွက်တယ်။ ဒီလိုရေစီး ပုံမျိုးနဲ့ဆို (၉၈)ဂိုးမကဘူး။ ဂိုး(၁၂၀)သွင်းသွားမယ်'

မိုးတိမ်မျက်မှောင်ပိုကျုံ့သွားတယ်။

'အဲဒီတော့ငါဘာလုပ်ရမှာလဲ. . ဟိုကောင့်ခြေထောက်ကန်ချိုး လိုက်ရမလား. .'

'နင်သူ့ခြေထောက်ကို ကန်ချိုးစရာမလိုဘူး။ ဘောလုံးကိုသာ တစ်ခါထဲ ဗွက်ထဲနင်းပြီး နှစ်ထားလိုက်. .'

မိုးတိမ် မျက်ခုံးအစုံမြင့်တက်သွားတယ်။

'အဲဒါဆို. .'

'အဲဒါဆို တစ်ခါထဲ သူဘောလုံးကို ရှာတွေ့တော့မှာ မဟုတ်ဘူး။ ဘောလုံးနော်. . ဘော်ဘော်လုံးကြီး၊ နင့်ဗလကြီးနဲ့ ပြားထွက်အောင် နင်း နှစ်ထားရင်နော်. တစ်ခါထဲသူသေပြီ. . ဂိုးသွင်းလို့မရတော့ဘူး. . ကန် လို့လည်း မရတော့ဘူး'

မိုးတိမ်ရဲ့မျက်လုံးအစုံဝင်းလက်သွားတယ်။

'ဟုတ်ပ. . နိပ်ပဟ. . မင်းအကြံမဆိုးဘူး။ ဒီလိုအကြံကောင်း လို့ မင်းကြက်ကုလာဖြစ်နေတာ။ ဟုတ်တယ်။ ဘောလုံးကို ပြားနေအောင် ဖိသိပ်ပြီး ဗွက်ထဲနင်းနှစ်ထားလိုက်ရင် သူဘယ်လိုကန်လို့ရတော့မှာလဲကွ ဟား ဟား ငါနိုင်ပြီကွ. . ငါနိုင်ပြီ'

မိုးတိမ် သူ့အတွေးနဲ့သူ ပျော်နေတယ်။ ဒါကို သလာစီက. .

'ကဲ. . နင်အဲဒီလိုလုပ်ဖို့လန်းဆန်းသွားဖို့လိုတယ်။ လန်းဆန်း မှအားရှိမယ်။ ကဲကွာ. . ဖြောင်း. . ဖြောင်း. .'

ဆိုပြီး ကြက်တောင်နဲ့ အာခေါင်ထဲ ထိုးကလော် ဂုတ်ပိုးကို နှိပ်ပြီး ဖြောင်းခနဲ ဖြောင်းခနဲနားရင်းနှစ်ချက် အုပ်လိုက်သေး။ သဘောကတော့ အရှဲ ရိုက်ထုတ်ပေးတဲ့သဘော။ ဒါပေမယ့် သူ့လက်ကြမ်းကြီးနဲ့ဆိုတော့ မိုးတိမ် မျက်လုံးထဲ ကြယ်တွေ လတွေပါမြင်သွားတယ်ပ။

www.burmeseclassic.com


ဒါပေမယ့် ဒီအချိန်မှာတော့ ကိစ္စမရှိဘူး။ အခိက မေဖြူချစ်ခါဂျာ ဖလားကို ရဖို့. . ။

www.burmeseclassic.com

သူတို့ လိုပဲ ဟိုဘက်ကလည်း ဘယ်သူ့မဆို ပါးချရပြီးရောဆိုတဲ့ နတ်ကတော်မာမီရှင်းက ကုလားဒိန်ရဲ့ ပါးကိုတဖြောင်းဖြောင်းနဲ့ ချလိုက် တယ်။ သဘောကတော့ ကုလားဒိန်လန်းအောင်ပါ။ ဒါပေမယ့် သူ့ဗလကြီးနဲ့ အားရပါးရချနေတယ်ဆိုတော့ စဉ်းစားသာကြည့်တော့. . . ။ ကြာတော့ ကုလားဒိန်လည်း မခံနိုင်တော့ဘူး။

'ဟော့လူ. . တော်တော့ဗျာ. . ဒီမှာမောနေရတဲ့ကြားထဲ ခင်ဗျား ရိုက်နေတာနဲ့တင်လူကပိုပြီး မူးမူးလာပြီ'

ဆိုပြီးတားယူရတယ်။ ဒါတောင် မာမီရှင်းက ဘာပြောတယ် မှတ်သတုံး. .

'အောင်မာ. . နင့်ကို ရိုက်နေတာ၊ ငါမဟုတ်ဘူး၊ ကိုယ်တော် လေးကရိုက်နေတာ. . ။ နင့်ကို အမောပြေအောင် ကိုယ်တော်လေးက ကူညီ နေတာ. . '

www.burmeseclassic.com


ဆိုပြီး ပြောလည်းပြော၊ ကုလားဒိန်ပါးကိုလည်း ဖြောင်းခနဲအံကြိတ်ပြီး ချထည့်လိုက်သေးတယ်။ ဒီတစ်ခါ ကုလားဒိန်သည်းမခံနိုင်တော့ဘူး။

'ဟေ့လူ. . တော်ဗျာ. . ခင်ဗျား အဲ့ဒီလိုဆက်လုပ်နေရင် ကျုပ်ကကိုယ်တော်လေးသော ကိုယ်တော်ကြီးရော ဂရုစိုက်တာမဟုတ်ဘူး ထထိုးမိတော့မယ်'

ဆိုပြီး ကြိမ်းလိုက်မှ မာမီရှင်းငြိမ်သွားတယ်။ ဟုတ်တယ်လေ။ သူ့ခမျာ မောနေပါတယ်ဆိုမှ။ သူကကိုယ်တော်လေးနဲ့ပေါင်းပြီး ပါးဝင်ချနေသေးတာကိုး. . ။ ဘယ်သည်းခံနိုင်တော့မှာလဲ. . ။ နောက်ပြီး အခုအခြေအနေအတိုင်းဆို သူမေဖြူချစ်ခါဂျာဖလားကို လက်လွှတ်ရမလိုဖြစ်နေပြီလေ. . ။

အမှန်တော့ ကုလားဒိန်ကလည်း ဒီပွဲမှာနိုင်ပြီးမှ မေဖြူ့ဆီက ချစ်အဖြေတောင်းဖို့ စဉ်းစားထားတာ။ အစကတော့ တစ်ယောက်ကို တစ်ယောက်သံယောဇဉ်ရှိရုံ၊ မျက်လုံးချင်းစကားပြောထားရုံလောက်သာရှိတာ။ ချစ်စကား ကြိုက်စကားက ဟပြောရသေးတာ မဟုတ်ဘူး။ အဲဒီလိုပြောဖို့လည်း သူကမရဲဘူးလေ။ ဒါကြောင့် အကြောင်းပြကောင်းအောင် ဒီဘောလုံးပွဲကို ဖန်တီးလိုက်ရတာ။

အခုတော့ သူဖန်တီးထားတဲ့ ဘောလုံးပွဲက ရှုံးမလိုဖြစ်နေပြီ။ စဉ်းစားကြည့်လေ. . ပထမပိုင်းမှာတင် (၉၈)ဂိုး ဂိုးမရှိတဲ့။ နောက်ပြီး အဝါကဒ်ကလည်း (၆၂)ကြိမ်ထားပြီးပြီ။ နောက်. . ဒိုင်လူကြီး ဒေါ်အတိုကပြောသေးတယ်။

'အဝါကဒ် အကြိမ်တစ်ရာပြည့်ရင် ကွင်းထဲကထွက်ရမယ်တဲ့. . ။ ဒါကနိုင်ငံတကာ နည်းစနစ်တဲ့'

ဘာပဲပြောပြော အဝါကဒ် အကြိမ်တစ်ရာပြည့်ရင်လည်း နောက်ထပ်ငါးကြိမ်လောက်တော့ အဆစ်တောင်းဖို့ စဉ်းစားထားတယ်။ ဟုတ်တယ်လေ။ တစ်ရွာထဲသားချင်း၊ အဝါကဒ်ငါးကြိမ်လောက် အပိုတောင်းရုံနဲ့ သူလည်း စီးပွားပျက် မသွားလောက်ပါဘူး။

www.burmeseclassic.com

'ကိုင်း. . ဒုတိယပိုင်းစမယ်. . '

'နောင်ဝေဝေ. . နောင်ဝေဝေ'

ကုလားဒိန်စဉ်းစားလို့ မဆုံးခင် ဒိုင်လူကြီးမင်းသူက ဒုတိယပိုင်း စဖို့ ကြေးစည်ထုတယ်။ နှစ်ယောက်လုံး ကွင်းထဲပြန်ဆင်းလာတယ်။ ကုလား ဒိန်က (၉၈) ဂိုး ဂိုးမရှိနဲ့ ရှုံးနေတယ်ဆိုတော့ မှိုင်တိုင်တိုင်ရယ်။ မိုးတိမ် ကတော့ အနိုင်ရထားသူဆိုတော့ ကြွလို့ဝါလို့. . ။ နောက်ပြီး သူက အကြံ လည်းရှိတာကိုး. . ။ သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့အတွက် ကွင်းထဲခုန်ကြည့်တယ်။ မောနေတယ်ဆိုတော့ သိပ်မခုန်နိုင်ဘူး။ ဒါပေမယ့် ဒီလောက်ဆိုဖြစ်ပြီ။ သူ့ဝိတ်ကြီးနဲ့ဆို ဘောလုံးပြားအောင်နင်းလို့ရတယ် ဘောလုံးက ကလေးကစားတဲ့ ကော်ဘောလုံးပဲကိုး. . ။

ဒိုင်လူကြီးလုပ်တဲ့ ဒေါ်အတိုခမျာ ဒိုင်လုပ်ချင်လွန်းမက လုပ်ချင် လွန်းလို့သာ လုပ်နေတာ။ သိပ်တော့သက်သာလှတာ မဟုတ်ဘူး။ ဘောလုံး

www.burmeseclassic.com


ကန်တဲ့လူတွေကတောင် လွတ်လွတ်လပ်လပ်ပြေးလို့ လွှားလို့ရသေး။ သူ့မှာ ကြေးစည်ကြီးထမ်းပြီး လိုက်ပြေးနေရတယ်ဆိုတော့ စဉ်းစားသာကြည့်။ သုံးနာရီလုံးသာ တောက်လျှောက်ကန်ရလို့ကတော့ လျှာကိုပါ ပြန်ခေါက်သွင်းရလောက်တယ်။ အခုတောင် ခေါင်းတွေမူးပြီး ရီဝေဝေတွေ ဖြစ်နေတာ။ နောက်ပြီး ကြေးစည်နဲ့ဒူးခေါင်းဆောင့်မိထားတာလည်း အတော်နာနေပြီ။ ဒါပေမယ့် ကိစ္စမရှိဘူး။ သူက ဒိုင်သာလုပ်ရရင် အသက်ပင်သေသေ မဟုတ်လား. . ။

'ကဲ. . ပွဲစမယ်. . ကုလားဒိန်က တောင်ဘက်ဂိုးစည်းက နေရာယူ။ မိုးတိမ်က မြောက်ဘက်ဂိုးစည်းကနေ. . '

ကုလားဒိန်က တောင်ဘက်ဂိုးစည်းဘက်သွားတယ်။ ဒါကို မိုးတိမ်ကသရော်သလို ခပ်ဟဟာရယ်ပြီး

'ဟား ဟား၊ ဘောလုံးပရိယာယ် ကြွယ်ဝရင် ဘယ်ဂိုးနေနေ အနိုင်ရမှာပဲ. . တောင်စွဲမြောက်စွဲ အစွဲတွေ မလိုပါဘူး ဟား ဟား အဓိကခေါင်းပဲ . . ခေါင်းကောင်းဖို့ပဲလိုတယ် ဟား ဟား. . '

ဆိုပြီး ကုလားဒိန်ကို ရိတယ်။ ကုလားဒိန်က ရှုံးနေသူဆိုတော့ ဘာမှ မပြောသာဘူး။ မောလည်းမောနေတာကိုး။ မိုးတိမ်ကတော့ အနိုင်ရထားသူဆိုတော့ ကြွလို့ ရွလို့ပေါ့။ နည်းနည်းလန်းနေသေးတယ်။ ကြက်ကုချင်းကွာတာဖြစ်မယ်။ ကုလားဒိန်ဘက်က ကြက်ကုမာမီရှင်းက ဘယ်သူ့ပါးချရ ပါးချရဆိုပြီး ကြက်ကုဝင်လုပ်တာ။ သလာစီတို့ကျတော့ ကြက်ကြောနားလည်တယ်။ ဘယ်အချိန်ပါးချ၊ ဘယ်အချိန်အာခေါင်နှိုက်၊ ဘယ်အချိန်ဇက်ပိုးအုပ်၊ စသည်ဖြင့်သိတယ်။ ဒါကြောင့် မိုးတိမ်လန်းနေတာ။

'ကဲ. . လိုင်းစမင်းတွေ အသင့်ဖြစ်ရင်ပွဲစမယ်. . '

ဒိုင်လူကြီးမင်းသူက လိုင်းစမင်းတွေဘက်လှည့်အော်တယ်။ သူ့အော်သံကြားတော့ ကိုတွတ်ကြီးနဲ့ဘကြီးပန်းက သောက်နေတဲ့ ခွက်မြှောက်ပြတယ်။ ကိုဖိုးမောင်က ငါးရှဉ့်မြှုးထောင်ပြတယ်။ ကိုရင်သာဂိက လုံချည်ဖော့ပြတယ်။ မင်းသူက အားလုံးကို ပြုံးပြုံးကြီးကြည့်ပြီး

'ဒါဆိုပွဲစမယ်. . ဝမ်းတူးသရီး'

'နောင်ဝေဝေ'

www.burmeseclassic.com


ဆိုတာနဲ့ မိုးတိမ်က ဘောလုံးကိုပြေးလုပြီး သူ့ခန္ဓာကိုယ်ကြီးနဲ့ တက်နင်းချလိုက်တယ်။ ဖြစ်ချင်တော့ ဘောလုံးကချော်ပြီး ရေပေါ် ဖောင်းခနဲ ပြန်ပေါ်တက်လာတယ်။ ဒါကို ကုလားဒိန်ကပြေးလုတယ်။ မရဘူး . မိုးတိမ်က ဘောလုံးကို ကိုယ်လုံးနဲ့ကွယ်ပြီး အားကုန်ထပ်ပြီး နင်းချလိုက်တယ်။

ရှူးခနဲ မြည်သံနဲ့အတူ ရေထဲပလုံစီတွေ ထလာတယ်။ ဘောလုံး ကရေအောက်ထဲ ပျောက်နေပြီ. . ။ မိုးတိမ် အားရဝမ်းသာပဲ. . ပြားနေတဲ့ ဘောလုံးပေါ်တက်ခုန်တယ်။ ပြီးတော့ ပါးစပ်ကလည်း. .

'ဟား ဟား ဘာရမှာလဲကွ. . ငါကွ. . မိုးတိမ်ကွ. . . ကိုင်းကွာ . . ကိုင်းကွာ. . '

လို့အော်ပြီး အားရအောင်ခုန်နေတယ်။ ကုလားဒိန်လည်း အခုမှ မိုးတိမ်ရဲ့အကြံကိုရိပ်မိပြီး မိုးတိမ်ဆီပြေးသွားတယ်။ ပြီးတော့ မိုးတိမ်ကို တွန်းထုတ်ပြီး ဘောလုံးကိုရှာတယ်။ ဘောလုံးကို မတွေ့တော့ဘူး . ။ ပိုပြီးသေချာအောင် ကုလားဒိန်က ခုနမိုးတိမ်နင်းထားတဲ့ နေရာက ဗွက် တွေကို ကလော်ပြီးရှာတယ်။ ဘောလုံးကိုတော့ လုံးဝရှာမတွေ့တော့ဘူး။ ကုလားဒိန်ပြာထွက်သွားတယ်။ သူဂိုးသွင်းရမယ့် အလှည့်မှ ဘောလုံးက ပျောက်နေပြီ။ ဒါကြောင့် မိုးတိမ်ကို စိတ်ဆိုးပြီး

'ဟေ့လူ ကိုမိုးတိမ် ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲဗျ. . '

သူ့စကားကို မိုးတိမ်က အေးဆေးပဲ မသိချင်ယောင်ဆောင်ပြီး

'ငါဘာလုပ်လို့လဲကွ ဟေ. . '

ဆိုပြီး ခါးထောက်ပြီး ဒူးနှံ့နေတယ်။ သူ့အပြုအမူကို ကြည့်ပြီး ကုလားဒိန် ပိုတင်းသွားကာ. .

'ခင်ဗျား ဘောလုံးကြီးနင်းပြာလိုက်ပြီ မဟုတ်လား. . '

မိုးတိမ်က ခပ်တည်တည်ပဲ. .

'မဟုတ်ရပေါင်ကွာ. . ငါလည်းဘောလုံးကို ကန်နေတာပဲ. . . '

'ခင်ဗျားကန်နေတယ်သာဆိုတယ် . . အခုဘောလုံးက ဘယ် မှာလဲ'

မိုးတိမ်ပခုံးကို တွန့်လိုက်ပြီး. .

www.burmeseclassic.com


'ဒါတော့ ငါဘယ်သိမှာလဲကွ. . ခုနကတော့ ရှူးခနဲ အသံကြားတာပဲ မင်းတွေ့အောင်ရှာပြီး ကန်ပေါ့ အေး မတွေ့ရင်တော့ အချိန်စေ့သွားရင် ငါနိုင်ပြီနော် ဟား ဟား'

မိုးတိမ်ရဲ့စကားကြောင့် ကုလားဒိန် ပိုတင်းသွားတယ်။ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ ဘောလုံးကိုလည်း ရှာမတွေ့တော့ဘူး။ နောက်မှ သတိရသွားပြီး ဒိုင်လူကြီးမင်းသူကို ခေါ်လိုက်ပြီး. .

'ဟေ့ လူကြီး ခင်ဗျားရှင်းပေးဦးလေဗျာ. . '

ဆိုပြီးပြောတယ်။ မင်းသူကကြေးစည်ကို ပခုံးပြောင်းလွယ်ရင်း သူတို့ဆီပြေးလာပြီး

'ဘာဖြစ်လို့လဲကွ. . '

'ဟာ. . ဒီမှာ ကိုမိုးတိမ်ကြီး ဖွက်ထဲဘောလုံးနင်းနှစ်လိုက်တဲ့ကိစ္စ ခင်ဗျားရှင်းပေး. . '

'အဲ. . ဒါ . . ဒါတော့. . '

မင်းသူလည်း ဘာပြောလို့ ပြောရမှန်းမသိဘူး။ ဒါက နိုင်ငံတကာ နည်းစနစ်မှာ မပါဘူးလေ။ နောက်ပြီး သူဆုံးဖြတ်တာ မှားသွားရင် ဘောလုံးပွဲပြီးတဲ့အခါ မိုးတိမ်က သူ့ကိုဖင်ပိတ်ကန်မှာကလည်း ကြောက်ရသေးတယ်မဟုတ်လား. . ။ ဒါကြောင့်ပဲ. .

'ဒါက . . ဟို. . ဟိုလေကွာ. . ဘောလုံးက ကွင်းထဲမှာပဲ ရှိသေးတာပဲ. . မင်းတွေ့အောင်ရှာကန်ပေါ့. . ။ မတွေ့ရင်တော့ . . ဟို. . ဟို. . ရှုံးပြီပေါ့ကွာ. . ဒါက . . အဲ. . နိုင်ငံတကာနည်းစနစ်ပဲ. . '

မင်းသူလည်း ကြံရာမရဘဲ ထင်ရာစွတ်ပြောတယ်။ ဖင်ပိတ်ကန်ဖို့ ခြေထောက်ရွယ်နေတဲ့ မိုးတိမ်ကိုလည်း ကွက်ကြည့်ကွက်ကြည့်နဲ့။ သူ့စကားကြောင့် ကုလားဒိန် ပိုပြီးပြာတောက်သွားတယ်။ ဘောလုံးကို ဘယ်နေရာမှာ ရှာရမှန်းလည်းမသိဘူးဖြစ်နေတယ်။ အနီးအနားမှာကလည်း ရှာလို့မတွေ့ . . ။

အဲ့ဒီအချိန်မှာပဲ 'ကျယ်လောင်တဲ့ အသံတစ်ခုက. . . '

'ဂိုး. . '

အားလုံးလှည့်ကြည့်လိုက်တော့ အားရဝမ်းသာ ထကနေတဲ့ မာမီ

www.burmeseclassic.com


ရှင်း . ။

'ဂိုး . ဂိုးပြီကွ . ဂိုးပြီ။ ကုလားဒိန်ရေ . မင်းတော့ ကိုယ်တော်လေးအစွမ်းနဲ့ ဂိုးရပြီ'

ဆိုပြီး မိုးတိမ်ရဲ့ ဂိုးတိုင်ထဲကို လက်ညှိုးထိုးပြီး ထအော်တယ်။

မာမီရှင်းအော်သံကြောင့် ကုလားဒိန်အားတက်သွားပြီး .

'ဘယ်မှာလဲဗျ . ဘယ်မှာဂိုးတာလဲ . '

ဆိုတော့ မာမီရှင်းက ဂိုးတိုင်ထဲ လက်ညှိုးနှစ်ဆင့်ထိုးပြရင်း .

'ဟောဒီမှာကွ . ဟောဒီမှာ၊ ဘောပြားကြီး ဂိုးထဲဝင်သွားပြီကွဟား . ဂိုးပြီကွ . ဂိုးပြီ . ကိုယ်တော်လေး အစွမ်းနဲ့ ဘောပြားကြီး ဂိုးပြီဟား ဟား . '

ဆိုတော့ အားလုံး မိုးတိမ်ဂိုးတိုင်ထဲ သွားပြေးကြည့်ကြတော့

ဟုတ်တယ်။ မိုးတိမ်နင်းချေလို့ ပြားကပ်နေတဲ့ ဘောလုံး အခုတော့ အပြားလိုက်ကြီး ရေစီးနဲ့မျောပြီး ဂိုးထဲဝင်သွားပြီ . . အဲဒီတော့မှ ကုလားဒိန်လည်း အားတက်ပြီး .

'ဂိုး . . ဂိုးပြီကွ . ဂိုးပြီ ဘာတတ်နိုင်သေးလဲ . ကုလားဒိန်တို့က ဘောလုံးကို အလုံးနဲ့တင်မဟုတ်ဘူး အပြားလိုက်ပါ ဂိုးသွင်းတဲ့ကောင်ကွ ဟား ဟား ဟား ဟား . '

ဆိုပြီး ဝမ်းသာအားရထခုန်တယ်။ အနောင်စာဘဖြားကြီးရဲ့ အသံကြီးက လှိုက်ပြီးထွက်လာတယ်။ "သဒ္ဒါဖြုဖွေး . အလှူပေးလိုက်တဲ့ ကိုမိုးတိမ်ရဲ့ စေတနာဂိုးလေးပါဗျာ . . လှူလိုက်တဲ့ ဂိုးပဲ ကျောင်းတကာတို့ . . အာဘောတွင်းက စုန်းစုန်းထလျက် ရှန်းကြွသဏ္ဍာန် သူ့ပုံမာန်အား နတ်မင်းတမျှ တင့်တယ်လှသည်။ သာဂီနွယ်မျိုး ဂိုးသည့်ဂိုးကား ရှိးစွာမှတ်တင် . . ဘယ်မမြင်လည်း"

'အာ . ဂိုးလို့ ရိုးရိုးပြောလည်းရပါတယ် ဘဖြားကြီးရာ . '

ဘောပြားကြီးကိုကြည့်ပြီး မိုးတိမ်တောက်ခတ်တယ်။ သူလည်း ဘာမှ မတတ်နိုင်တော့ဘူး။ အမှန်တော့ ဒါက သူလုပ်ခဲ့တဲ့ ဇာတ်လမ်းပဲ မဟုတ်လား။ သူကိုယ်တိုင်ပဲ ဘောလုံးကို နင်းပြားခဲ့လို့ အခုလို ဘောလုံးက အပြားလိုက်ကြီး ဂိုးထဲဝင်သွားတာပေါ့ . . ။

www.burmeseclassic.com


ဒါတောင်ရမလားဆိုပြီး မင်းသူဘက်လှည့်ပြီး ပြောသေးတယ်။

'ဟော့လူကြီး ဘောလုံးက အလုံးလိုက်မဝင်ဘဲ အပြားလိုက်ကြီး ဝင်သွားတာကို ကျုပ်က ဂိုးပေးရမလား'တဲ့. . ။

မင်းသူကတော့ ခပ်တည်တည်ပဲ ကြေးစည်ကိုလွယ်ရင်ကို ကော့ပြီး . .

'အလုံးလိုက်ပဲဖြစ်ဖြစ်၊ အပြားလိုက်ပဲဖြစ်ဖြစ်၊ ဘောလုံးပဲဖြစ်ဖြစ် ဘောပြားပဲဖြစ်ဖြစ် ဂိုးထဲဝင်ရင်ဂိုးတာပဲ. . '

'နောင်ဝေဝေ. . '

ဆိုပြီး ကြေးစည်ကိုထုပြီး ဆုံးဖြတ်ချက်ချတယ်။ ဒါမျိုးကျတော့ မင်းသူတို့က ပြတ်တယ်။ နိုင်ငံတကာနည်းစနစ်နဲ့ ပတ်သက်လို့ကတော့ ဘယ်သူ့မျက်နှာမှ ကြည့်တာမဟုတ်ဘူးရယ်။ မိုးတိမ်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ရှေ့ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ကြံရှုံရှိတော့တာပ။ ဒီလိုနဲ့ ဘောပြားကိုပြန်တည်ပြီး ပြန်ကန်ကြတယ်ဆိုပါတော့။

အဲဒီထဲကဂိုးဆိုတဲ့အသံတွေက ပြန်လည်စီညံလာတော့တယ်။ ဘောလုံးက အပြားကြီးဖြစ်နေတော့ နှစ်ယောက်လုံးပိုပြီး ကန်ရခက်နေကြတယ်။ ဒါ့ကြောင့် ဘောပြားကို အဓိကမထားဘဲ ရေတွေကိုသာ ကိုယ့်ဘက်မစီးအောင် ဂရုစိုက်ကန်ထုတ်နေရတာ။ သူတို့ဖြစ်နေပုံက ဘောလုံးကန်နေတာနဲ့မတူဘူး။ ခြေထောက်နဲ့ ရေပက်တမ်းကစားနေသလို ဖြစ်နေတယ်။ ဘာပဲပြောပြော ဒီနည်းစနစ်က ဒီကွင်းနဲ့ အသင့်တော်ဆုံး မဟုတ်လား။ ဒါ့ကြောင့် ရေတွေကန်နေကြတာ။

ဒီမှာလည်း မိုးတိမ်ကနည်းနည်းတော့ တစ်ပန်းသာတယ်။ ဘာလို့လဲဆိုတော့ သူကရေတွေကို မကန်ဘဲ သူ့ကိုယ်လုံးပြားပြားကြီးနဲ့ ဘောပြားကြီးကို ဖိဖိပြီး အိပ်နေတာကိုး. . ။ ဘောပြားကိုဖိထားဖို့ ဆိုတာကလည်း လွယ်လှတာတော့ မဟုတ်ဘူး။ ရေကခြေသလုံးလောက် မြုပ်တာဆိုတော့ ရေငုပ်ပြီးတော့ကို ဖိထားရတာ။

ကုလားဒိန်ခများလည်း မသက်သာဘူး။ မိုးတိမ်ရဲ့ အတ္တဘောခန္ဓာကိုယ်ကြီးကို သူ့လူဖလံလက်မောင်းနဲ့ တွန်းတွန်းရွှေ့နေရတာ ကြာတော့ လျှာပါထွက်တယ်။ မိုးတိမ်ကို သူတွန်းရွှေ့လို့နိုင်တာနဲ့

www.burmeseclassic.com


ဘောပြားကြီးက ရေစီးနဲ့မျောပါပြီး ဂိုးရပြီဆိုတာသေချာတယ်။

မိုးတိမ်ခမျာလည်း ရေငုပ်ရလွန်းလို့ ခေါင်းတွေမူးပြီး မျက်လုံးတွေပါ ရဲတက်လာတယ်။ သူလည်း အရှုံးမခံချင်လို့သာ လုပ်နေရတာ လူကသက်သာလှတာရယ် မဟုတ်ဘူး။ စဉ်းစားကြည့်လေ အခုတင် သူရေငုပ်နေရတာ တစ်နာရီလောက်ရှိနေပြီ။

ဒီလိုနဲ့ ဘောလုံးပွဲ ဒုတိယပိုင်းတစ်နာရီကျော်လာတယ် ဆိုပါတော့။ အဲဒီအချိန်မှာ မိုးတိမ်က (၉၈)ဂိုးပဲ၊ ကုလားဒိန်က (၉၄)ဂိုးပြန်ရနေပြီ။ အဝါကဒ်က မိုးတိမ်ချည်းပဲ (၁၀၄)ကြိမ်၊ ကုလားဒိန်က (၁၀၂)ကြိမ်။ အဝါကဒ် အကြိမ်(၁၀၀)ဆိုရင် ကွင်းထဲက ထွက်ရမယ် ဆိုပေမယ့် နှစ်ယောက်လုံး အဝါကဒ်(၉၉)ကြိမ်ရအပြီးမှာ တစ်ယောက်ကိုတစ်ယောက် ကျုံးကန်ကြလို့ အဲဒါကဒ် ၁၀၀ စီရသွားပြီး နှစ်ယောက်စလုံးကွင်းထဲက ထွက်ရမလိုဖြစ်နေလို့ ဒိုင်လုပ်တဲ့မင်းသူက တစ်ယောက်ယောက်ကို (၁၀) ကဒ်စီ ဒစ်စကောင့်ချထားပေးရတယ်။ ဒါကတော့ ဘယ်နည်းစနစ်လဲ မသိဘူး။

ဒါပေမယ့် နှစ်ယောက်လုံးကတော့ အဆင်ပြေတယ်။ မင်းသူခမျာလည်း အဝါဖိနပ်ပြရလွန်းလို့ ဖိနပ်ကိုတောင် လက်ထဲစွပ်မထားတော့ဘဲ နားရွက်မှာချိတ်ထားလိုက်တော့တယ်။ တစ်ယောက်ယောက် ပြစ်ဒဏ်ဘောဖြစ်ရင် ခေါင်းလှည့်ပြတယ်။ ဒါပဲ. . ။ မလွယ်မဖြစ်လွယ်ထားရတဲ့ ကြေးစည်ကြီးကတော့ လွယ်ထားရတုန်း။ ဒါကပြစ်ဒဏ်ဘောဖြစ်တာတို့ ဂိုးတာတို့ဆို ထုနေရတာကိုး. . ။

အဲ. နေ့တွက်အစည်ဆုံးကတော့ ဘဖြားကြီးပဲ. . ။ သူက မိုးတိမ်တစ်ခွန်းအော်ရင် တစ်ကျပ်နှုန်းနဲ့ အခုဆိုငွေနှစ်ထောင်ကျော်ကျော်ရနေပြီ။ သူကဟုတ်သည်ရှိ မဟုတ်သည်ရှိ မိုးတိမ်ပဲ။ မှောက်အိပ်နေရင်လည်း မိုးတိမ်ပဲ။ လှန်နေရင်လည်း မိုးတိမ်ပဲ။ ဒါမှသူငွေများများရမှာကိုး။

ရေချိန်အကိုက်ဆုံးကတော့ ဘကြီးပန်းဗျ။ သူ့ခမျာ ဂိုးတောင်မအော်နိုင်တော့ ကန်သင်းပေါ် ခွေခွေကလေးလဲနေတယ်။ အလကားရလို့ဆိုပြီး သောက်နေတာ တစ်ယောက်တည်းတင် လေးလုံးကျော်နေပြီ။

ဒီလိုနဲ့ပွဲပြီးဖို့ အချိန်တဖြည်းဖြည်း နီးကပ်လာတယ်။ အဲဒီအချိန်

www.burmeseclassic.com


မှာ မိုးတိမ်က (၉၈)ဂိုး အဝါကဒ် (၁၀၈)ကြိမ်၊ ကုလားဒိန်က (၉၇)ဂိုး အဝါကဒ် (၁၀၉)ကြိမ်။

နှစ်ယောက်လုံး လျှာတွေထွက် ခေါင်းတွေမူးပြီး မပြေးနိုင်တော့ ဘူး။ ပွဲကလည်း ပြီးတော့မှာဆိုတော့ နှစ်ယောက်လုံး ကြိုးစားပန်းစားကို လုပ်နေရတာ။

အခုလည်းကြည့်လေ မိုးတိမ်ကဘောလုံးကို နင်းပြီးစောင့်နေတယ်။ သူ့ဆီယိုင်တိုင်တိုင်နဲ့ ဝင်လာမယ့် ကုလားဒိန်ရင်ဝကို ဖနောင့်နဲ့ ဆီးကန်ဖို့ကြည့်နေတယ်။ ခေါင်းကမူးပြီး အားလုံးဝေဝေဝါးဝါး။ သူလည်း မူးပြီးယိုင်တိုင်တိုင်နဲ့ဖြစ်နေပြီ။ သူ့မျက်လုံးထဲမှာလည်း ကုလားဒိန်ချည်း လေးရုပ်ဖြစ်နေတယ်။ ကုလားဒိန်ကလည်း နပ်တယ်။ မိုးတိမ်အကြံကို သိလို့ လေးဘက်ထောက်ပြီး စောင့်နေတယ်။ ဘေးကနေပန်းပြီး ကြည့်နေတယ်။

အဲဒီအချိန်မှာပဲ မိုးတိမ်က ဘောပြားကို ကြွယူပြီး ခြေသလုံးနဲ့ ဆီးခံလိုက်တယ်။ ပြီးတော့ ဘောပြားကို လည်မထွက်သွားအောင် ဂရုစိုက်ရင်း ကုလားဒိန်ကိုကျော်ပြီး ဂိုးဘက်ချီသွားတယ်။ သူ့ခများလည်း ကုလားဒိန်ကို ဂိုးပြတ်နိုင်ချင်ပုံရတယ်။ ဒါကြောင့် ဘောပြားကို မမြင်မစမ်းနဲ့ မချီသွားရတာ။ မိုးတိမ်ရဲ့ အကြံကို သိတော့ကုလားဒိန်လည်း အနောက်ကနေ ဒရွတ်တိုက်လိုက်သွားတယ်။

'မိုးတိမ်ကွ. . . မိုးတိမ်'

ဆိုတဲ့အော်သံတွေဆူညံသွားတယ်။ ကိုဖိုးမောင်တို့ သလာစီတို့က လက်သီးလက်မောင်းတန်းပြီး အော်ဟစ်အားပေးတယ်။ မိုးတိမ်အားတက်ပြီး ဘောလုံးကိုခပ်မြန်မြန်ယူဖို့ကြိုးစားတယ်။ ဒါပေမယ့် ရေဆန်ကြီး ဖြတ်လျှောက်နေရတာဆိုတော့ သိပ်တော့ မသက်သာလှဘူး။ ခရီးလည်းသိပ်မတွင်ဘူး။ ကုလားဒိန်ကလည်း အားတင်းပြီး သူ့နောက်က ယိုင်တိုင်တိုင်နဲ့ လိုက်လာတယ်။ သူ့ခများလည်း ဒီပွဲမှာ အရှုံးမခံချင်ဘူးထင်တယ်။ ခေါင်းငိုက်စိုက်နဲ့ အံကြိတ်လိုက်လာတယ်။

အဲ့ဒီအချိန်မှာပဲ ဘောပြားက မိုးတိမ်ခြေသလုံးဘေးကနေ ချော်ထွက်မလို ဖြစ်သွားတယ်။ ရရှိတဲ့အခွင့်အရေးကို လက်လွှတ်မခံ ချင်တဲ့ ကုလားဒိန်က ဘောပြားကို ခြေမနဲ့ လှမ်းညှပ်တယ်။ အဲ. . မိပြီ . .

www.burmeseclassic.com


ကုလား ဒိန်ဘောပြားကို ခြေမနဲ့ ညှပ်လို့မိသွားပြီ။ အဲ. . ဒါပေမယ့် မိုးတိမ်ကလည်းနပ်တယ်။ ဘောပြားကို ခြေဖနောင့်နဲ့ ပြန်နင်းချပြီး လှမ်းသတ်ထားတယ်။ ကုလားဒိန် မိုးတိမ်နင်းလိုက်တဲ့ အရှိန်ကြောင့် အနောက်ကဆောင့်ဆွဲသလိုဖြစ်သွားပြီး အနောက်ကို ယိုင်သွားတယ်။

အဲဒီအချိန်မှာပဲ မိုးတိမ်ကဘောပြားကို ရေပေါ်ပြန်ဖော် လိုက်ပြီး ခြေသလုံးနှစ်ဖက်နဲ့ ပြန်ခံယူလိုက်တယ်။ နောက်ဘောပြား ခုနကလို ပြန်လည်ထွက်သွားမှာစိုးလို့ထင်တယ်။ ခြေလှမ်းကိုတောင် တစ်လှမ်းချင်း မလှမ်းတော့ဘဲ ခြေစုံခုန်ခုန်ပြီး ဘောပြားကို ခြေသလုံးနဲ့ ခံပြီးသယ်သွားတယ်။

သူခုန်လို့ သုံးလေးလှမ်းလောက်လည်းရောက်ရော ကုလားဒိန်ကပါ ဒီလိုခုန်ရင် ပိုမြန်တယ်များမှတ်လို့လား မသိဘူး၊ မိုးတိမ်နောက်ကိုခုန်ခုန်ပြီး လိုက်တယ်။

မိုးတိမ် ကုလားဒိန်ရဲ့ ဂိုးနားနီးလာပြီ။

'မိုးတိမ်၊ မိုးတိမ်ကွ. . .'

ဆိုတဲ့အသံတွေလည်း စီညံနေတယ်။ ပွဲပြီးဖို့ကလည်း စက္ကန့်ပိုင်းလောက်လိုတာ။ မိုးတိမ်ကတော့ အားတင်းပြီးတော့သာ ခုန်နေတာ ဂိုးတိုင်ကဘယ်နားရှိတယ်ရယ်တောင်မြင်တာမဟုတ်ဘူး။ အဲဒီအချိန်မှာပဲ

'ဟေ့ကောင်. . ကန်ထည့်လိုက်တော့လေကွာ. . ကန်ထည့်လိုက်ပါတော့လား။ ရှေ့မှာဂိုးတိုင်ကွ ဂိုးတိုင်'

ဆိုတဲ့ အသံကြားလို့ မိုးတိမ် ခေါင်းထောင်ကြည့်လိုက်တော့ သူနဲ့တစ်လံကွာကွာလောက်မှာရှိတဲ့ ဂိုးတိုင်ကို ရေးတေးတေးမြင်ရတယ်။ ဒါကြောင့် သူလည်းအားတက်ပြီး ကျုံးကန်ဖို့ခြေအမြှောက်မှာ အနောက်က လိုက်လာတဲ့ ကုလားဒိန်က ဝုန်းခနဲလှဲချပြီး မိုးတိမ်ရဲ့ ခြေထောက်ကို လှမ်းဖက်ထားလိုက်တယ်။

'နောင်ဝေဝေ. . .နောင်ဝေဝေ'

'ပြစ်ဒဏ်ဘော. . .'

ဒိုင်လူကြီးမင်းသူက ကြေးစည်ထုပြီး အော်တယ်။ မိုးတိမ်အကြီးအကျယ်စိတ်ဆိုးသွားတယ်။ ဟုတ်တယ်လေ. . ဒါကသေချာပေါက်ဂိုးရမယ့်ဟာ. . ။ ဒါကြောင့် ဒိုင်လူကြီး မင်းသူကို ဒေါသတကြီးနဲ့. . .

www.burmeseclassic.com


'ဟော့လူကြီး ဒါပြစ်ဒဏ်ဘောလောက်နဲ့တော့ ကျုပ်မကျေနပ်နိုင်ဘူးဗျ။ ဒါ. . ကျုပ်သေချာပေါက်ဂိုးရမယ့်ဟာကြီး. . ဒါဒီကောင်ညစ် တာ. . သူတမင်ညစ်တာ'

ဆိုတော့ ဒိုင်လူကြီးမင်းသူက မိန့်မိန့်ကြီးပြုံးပြီး

'ငါသိပါတယ်. . မင်းအသာနေစမ်းပါ'

ဆိုပြီး ကုလားဒိန်ဘက်လှည့်လို့. .

'ကဲ . . ကုလားဒိန် မင်းက မိုးတိမ်ကို အနောက်ကလှမ်းဆွဲတဲ့အတွက်ရော့. . အဝါကဒ်. . '

ဆိုပြီး နားရွက်မှာချိတ်ထားတဲ့ ဖိနပ်ရိုရာဘက် ခေါင်းလှည့်ပြတယ်. . ပြီးတော့. . '

'အေး မင်းက အဝါကဒ်အကြိမ်တစ်ရာပြည့်ပြီးဆိုတော့ ရော့. . . ဒီမှာအနီကဒ်. . ကဲ. . မင်းကွင်းထဲကထွက်တော့'

'ကဲ. . မိုးတိမ်က ဒီဘောလုံးဟာ ဂိုးနားမှာဖြစ်တဲ့အတွက် ပိုင်နယ်တီကန်ရမယ်. . '

ဆိုတော့ ကုလားဒိန်မျက်ရည်ဝိုင်းသွားတယ်. . ။ မိုးတိမ်က ဝမ်းသာအားရ 'ဒါမှ ဒေါ်နတိုကွ'ဆိုပြီး ထခုန်တယ်။ ပြီးတော့ ပိုင်နယ်တီကန်ဖို့ ဘောပြားကို ပြေးကောက်တယ်။

ကုလားဒိန်က ရှုံးပြီဆိုတဲ့စိတ်နဲ့ မဲ့တဲ့တဲ့ဖြစ်နေတယ်။ မိုးတိမ်က မင်းသူဘက်ကိုလှည့်ပြီး. . .

'ဘယ်နားတည်ကန်ရမှာလဲ' ဆိုပြီး မေးတယ်။

မင်းသူက (၇) လှမ်းလှမ်းပြီး ဘောပြားကို တည်ပေးတယ်။

'ကဲ. . ဒီနေရာကကန်. . '

သူတည်ပေးတဲ့နေရာက ဂိုးနဲ့ သိပ်မဝေးဘူး. . . ။ မိုးတိမ်ဝမ်းသာသွားတယ်။ ကုလားဒိန်ကတော့ ဝမ်းနည်းစိတ်နဲ့ အံကြိတ်ပြီး တစ်ဖက်ကို လှည့်သွားတယ်။ ဟုတ်တယ်လေ။ ဒီဘောလုံးကို မိုးတိမ်ကန်လို့ မဝင်ရင်တောင် သူကကွင်းထဲကထွက်ရပြီဆိုတော့ ရှုံးနေပြီပေါ့။

'ကဲ. . အသင့်ဖြစ်ရင် မိုးတိမ်ကန်မယ်. . '

ဒိုင်လူကြီးရဲ့ အသံကြားရတယ်။ မိုးတိမ်အားရပါးရ ကန်ဖို့

www.burmeseclassic.com


အသင့်ပြင်တယ်။ အားလုံးအသင့်ဖြစ်မှ ဒိုင်လူကြီးမင်းသူက

'ကဲ. . ရပြီကန်. . '

'နောင်ဝေဝေ. . '

ဆိုတာနဲ့ မိုးတိမ်ဘောလုံးဆီ ဝမ်းသာအားရနဲ့ အားကုန်ပြေးသွားတယ်။ ဘောလုံးက ရေစီးနဲ့မျောပြီး သူ့ဘက်ရွေ့လာတယ်။

အချိန်ကိုက်ပဲ မိုးတိမ်ကခြေထောက်အားကုန်လွှဲပြီး ကျုံးကန်ထည့်လိုက်တယ်။ ဖြစ်ချင်တော့ ဘောလုံးက ချိန်သားလွဲပြီး သူ့ဒူးနဲ့ သူ့နဖူးသာ ခွပ်ခနဲပြန်မှန်တယ်။ ဒူးနဲ့နဖူးထိတဲ့အရှိန်က ဘယ်လောက်ပြင်းတယ်တော့မသိဘူး။ မိုးတိမ်မျက်စိပါ ပြယ်သွားတယ်။ ပြီးတော့ အနောက်ကိုယိုင်တိုင်တိုင်နဲ့ နှစ်လှမ်းသုံးလှမ်းဆုတ်ပြီး ဝုန်းခနဲ ပက်လက်လန်လဲကျသွားတယ်။

အဲဒီအချိန်မှာပဲ 'ဂိုး'ဆိုတဲ့ အော်သံကြားရတယ်။ ကုလားဒိန်ဝမ်းသာအားရ ထကတယ်။ ကုလားဒိန်အနီကဒ်ထိပြီး ထွက်ရလို့ ကွင်းထဲဘောပြားကန်မယ့်လူမရှိတာတောင် ဘောပြားက ရေစီးနဲ့မျောပါပြီး မိုးတိမ်ဂိုးထဲဝင်သွားတာ။ ကုလားဒိန်တစ်ဂိုးထပ်ရသွားပြန်ပြီပေါ့. .

အဲဒီအချိန်မှာပဲ ဒိုင်လူကြီးဒေါ်အတိုရဲ့

'ပွဲပြီးပြီ. . . '

'နောင်ဝေဝေ. . 'ဆိုတဲ့ အော်သံကြားရလိုက်တယ်။

◗◗◗◗◗

## 'တောက်'

မိုးတိမ်ရဲ့ တောက်ခတ်သံက မာထန်ပြင်းထန်လွန်းနေတယ်။ သူအဓိက မကျေနပ်တာက ဘောလုံးပွဲကိစ္စ . . ။

သူကုလားဒိန်ကို (၉၈)ဂိုး၊ (၉၇)ဂိုးနဲ့ အနိုင်ရနေရဲ့သားနဲ့ နောက်ဆုံး ပိုင်နယ်တီတစ်လုံးကြောင့် (၉၈)ဂိုးစီနဲ့ သရေကျသွားတာ. . ။

အမှန်တော့ အဲဒီပိုင်နယ်တီတစ်လုံးကို သူမကန်ရင်လည်း ရနေပြီ။ သူကိုက လျှာရှည်ပြီး သွားကန်လိုက်မိလို့ နဖူးနဲ့ဒူးဆောင့်မိပြီး မေ့လဲသွားရတာ။ ဒါကို ဟိုကောင်ကုလားဒိန်က ဘာမဆိုင်ညာမဆိုင် ဘောလုံးလည်း မကန်ရဘဲနဲ့ တစ်ဂိုးထပ်ရသွားပြန်တယ်တဲ့လေ. . . ။

တွေးမိတိုင်း ရင်နာစရာ။ နဖူးစမ်းတိုင်း ဒူးနာစရာ (နဖူးရော ဒူးရော နာနေလို့. . )

အမှန်ဆို. . ဒီအချိန်လောက်မှာ ချစ်နှစ်သက်တဲ့ မေဖြူနား ပွတ်

www.burmeseclassic.com


သီးပွတ်သတ်လုပ်ပြီး ချစ်စကားကြိုက်စကားလေး တီတီတာတာ တွတ်တီး တွတ်တာ ချွဲချွဲနွဲ့နွဲ့ထိုင်ပြောနေရမှာ. . ။ ခုတော့ မချစ်မနှစ်သက်တဲ့ လူ တစ်စုနဲ့ အရက်ဆိုင်ထဲမှာ. .

'တောက်'

'ဒီလောက်လည်း ခံစားမနေပါနဲ့ မိုးတိမ်ရာ. . ပွဲကပြီးသွားပြီပဲ ဟာကို. . မင်းက ဟိုကောင်နဲ့စာရင် ဝါသနာရော၊ သဘာရော၊ တဏှာရော အကုန်သာတယ်ဆိုတာ တို့အားလုံးသိပါတယ်'

ကိုရင်သာဂိစကားကြောင့် မိုးတိမ်ဖီး(လ်)ပျက်သွားတယ်။ ဒါကြောင့်

'ဟာ. . ကိုရင်သာဂိကလည်းဗျာ. . ဒီမှာခံစားနေရတုန်း. . ခင်ဗျားကြီးတမှောင့်. . '

ဆိုတော့ ကိုရင်သာဂိသွားဖြဲပြီး. .

'အဟဲ. . ငါက မင်းစိတ်ပြေလိုပြေငြား စကြည့်တာပါ'

ကိုရင်သာဂိစကားကြောင့် မိုးတိမ်မျက်နှာပြန်တည်သွားတယ်။ ပြီးမှ အားမလိုအားမရအသံကြီးနဲ့. .

'ကျုပ်မခံနိုင်လွန်းလို့ပါ ကိုရင်သာဂိရာ. . တောက်. . ဟောဒီဒူးစေ့နဲ့၊ ဟောဒီနဖူးစေ့နှစ်စေ့လုံး ရိုက်ထုတ်လိုက်ဖို့ကောင်းတယ်. . တောက်. . မထိစဖူး အထိကိုထူးရော စဉ်းစားကြည့်ရင် အဝေးကြီးပါဗျာ'

မိုးတိမ်. . ပြောရင်းပြောရင်း မျက်ရည်ဝဲလာတယ်။ သူ့ကို ကြည့်ပြီး ကိုရင်သာဂိနဲ့ ကိုဖိုးမောင် သက်ပြင်းချတယ်။

သူ့ခမျာလည်း ယူကြုံးမရဖြစ်နေပုံရတယ်။ ငွေကုန်သံပြာဖြစ်ပြီး မေဖြူချစ်ဖလားနဲ့ လွဲသွားလို့. . ။

စဉ်းစားကြည့်ရင် ဟုတ်လည်းဟုတ်တယ်။ သူ့ခမျာ အဲဒီဘောလုံးပွဲအတွက်တင် ငွေကမနည်းကုန်သွားတာ။ ဘဖြားကြီးကို ပေးရတာ တင်နည်းလား။ နှစ်ထောင်ပြည့်ဖို့ နှစ်ကျပ်လားလိုတော့တာ။ ထမင်းဖိုးနဲ့ အရက်ဖိုးမပါသေးဘူး. . ။ ဒီကြားထဲ ဘကြီးပန်းတို့ ကိုတွတ်ကြီးတို့ အလကားရလို့ ဆိုပြီး လိုမ့်တွယ်သွားတာနည်းမှတ်လို့. . ။ ကြေးစည်ငှားခက ကျန်သေး။

www.burmeseclassic.com


အော်. . အချစ်. . အချစ်. . တယ်လည်းငွေကုန်ပါလားနော်. . အော်. . အချစ်. . အချစ်၊ နဖူးလဲကွဲ ဒူးလည်းပြဲရ၊ သည်းလည်း နာ. . မွဲလည်း ပြာ. . အဟာလည်းဆုံး သားလည်းဆုံးဘဝ. . . ဘဝ. . . ။

'ငါအကြံရပြီ. . '

အားလုံးခေါင်းချင်းဆိုင် ငိုင်နေချိန်ကျမှ ဦးမောင်ကိုကြီးရဲ့ စကားသံကြောင့် အားလုံးခေါင်းပြန်ထောင်လာတယ်. . . ။

'ဘယ်လိုအကြံရတာလဲ'

ကိုရင်သာဂိက ဖြတ်မေးတယ်။ ဦးမောင်ကိုကြီးက ခပ်တည်တည်နဲ့. . .

'မိုးတိမ် မင်းမေဖြူကို ခိုးပြေးကွာ. . '

ဦးမောင်ကိုကြီးစကားကြောင့် မိုးတိမ်လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ပြီးတော့မှ ဂနာမငြိမ်တဲ့အသံကြီးနဲ့. .

'ကျုပ်. . ကျုပ်ခိုးပြေးရင် သူကလိုက်ပါ့မလားဗျ. . '

'အာ. . ခွီးထဲမှပဲ. . မလိုက်ရင်လည်း ရသလိုခိုးပြေးပေါ့ကွာ. . ' အဓိက သူပါလာဖို့ အရေးကြီးတယ်. .

'ခိုးပြေးပြီထားပါတော့၊ နောက်. . ကျုပ်က ဘယ်လိုလုပ်ရမှာလဲ . . ဘယ်မှာသွားထားရမှာလဲ. . သူအော်ရင်ရော. . '

မိုးတိမ်ရဲ့စကားကို ဦးမောင်ကိုကြီးက အရန်ကောဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်ပြီး. .

'မင်းနယ် အရန်ကော. . သူမအော်နိုင်အောင် ဂုံနီအိတ်နဲ့ထုပ်ပြီး ထမ်းပြေးပေါ့ကွ. . '

'ထမ်းပြေးပြီးရင်. . . '

'ငါတို့က လမ်းမှာလူစုပြီး စောင့်ဖမ်းမယ်လေ. . '

'ဖမ်းပြီးရင်'

'ဖမ်းပြီးရင် မိုးတိမ်မေဖြူကို ခိုးပြေးပြီဆိုပြီး ရွာထဲသတင်းလွှင့်လိုက်မယ်. . '

'သတင်းလွှင့်လိုက်ရင်. . '

'ဟကောင်ရ . . မင်းတို့ညားပြီပေါ့ကွ . . ဟိုကလည်း မိုးတိမ်

နောက် ခိုးရာလိုက်မိပြီဆိုပြီး မယူမဖြစ်မင်းကိုယူရတော့မှာပေါ့. . ’

ဦးမောင်ကိုကြီးစကားကို မိုးတိမ်က အားတက်သွားပြီး . .

‘ဟုတ်လိုက်လေဗျာ. . ကျုပ်ကသာ သူ့ကို ခိုးပြေးလိုက်ရင် ဘာပဲဖြစ်ဖြစ် သူနာမည်ပျက်ပြီး ကျုပ်ကိုယူရမှာဗျ. . အဲ. . ခိုးတာတော့ ဟုတ်ပြီ . . ဘယ်အချိန်သူ့ကို ခိုးရမှာလဲ. . ’

‘ဟကောင်ရ. . ညဘက်ခိုးပေါ့ကွ. . ’

ဦးမောင်ကိုကြီးစကားကြောင့် မိုးတိမ်မျက်မှောင်ကျုံ့သွားတယ်။

‘ညဘက်. . ညဘက် ဘယ်အချိန်ခိုးမှာလဲ. . ’

ဆိုပြီး ပြန်မေးလိုက်တယ်။ ဒါကို ဦးမောင်ကိုက အရှေ့တိုးလာပြီး ဘယ်သူမှ မကြားစေချင်တဲ့ လေသံမျိုးနဲ့. . .

‘အေး. . ညဘက်တစ်ချက်တီးလောက်ဆိုရင် မေဖြူနောက်ဖေးရေအိမ်သွားတတ်တယ်ကွ. . ငါချောင်းနေတာကြာပြီ ဟီး ဟီး. . ’

ဦးမောင်ကိုကြီး စကားကြောင့် မိုးတိမ်ခေါင်းထောင်တက်သွားပြီး. .

‘ဟာ. . ဟေ့လူကြီး၊ ခင်ဗျားကြီးမရိုးဘူးနော်. . ခင်ဗျား ဘာလုပ်ဖို့ချောင်းနေတာလဲ. . . ’

ဆိုပြီး ခပ်ငေါက်ငေါက်ပြောတယ်။ ဒါကို ဦးမောင်ကိုက သွားကြီးဖြဲပြီး. .

‘အဟဲ . . ငါက မင်းအတွက် ချောင်းထားပေးတာပါကွ . . အဟီး. . စေတနာနဲ့. . ဟီး. . ’

‘ခင်ဗျားနော်. . ခင်ဗျားကြီး’

မိုးတိမ်က ဦးမောင်ကိုကို မျက်စောင်းခဲပြီးကြိမ်းတယ်။ ကြာရင်တော့ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်တော့မယ်။ ဒါကြောင့် ကိုရင်သာဂိကကြားဝင်ပြီး . .

‘ကဲ . . တော်ကြတော့၊ ဒီအချိန် ရန်ဖြစ်ရမယ့် အချိန်မဟုတ်ဘူး . . လုပ်ငန်းစရမယ့်အချိန်. . ’

ဦးမောင်ကိုရော မိုးတိမ်ပါ ပြန်ငြိမ်သွားတယ်။ အတော်ကြာမှ မိုးတိမ်က. . .

www.burmeseclassic.com


'လုပ်ငန်းစမယ်ဆိုတော့ ဘယ်တော့စမှာလဲ. . '

သူ့အမေးကို တစ်ခွန်းမှဝင်မပြောဘဲ ထိုင်နေတဲ့ ကာလသား ခေါင်းကိုဖိုးမောင်က. .

'မင်းစချင်တဲ့အချိန်စလေ. . တို့ကတော့ အဆင်သင့်ပဲ. . '

'ဒါဆို ဒီညပဲစတော့မယ်ဗျာ. . '

'အေး. . ကောင်းတယ်. . စ. . ဒါပေမယ့် ပီတော့ပီပြင်ပါစေ နော်'

'စိတ်ချ. . ။ ပီသမှပြားကိုနေရမယ်'

မိုးတိမ်က အားတက်သရောပြောတယ်။ ပြီးတော့သူတို့မေဖြူကို ခိုးဖို့ကိစ္စအသေးစိတ် တိုင်ပင်ကြတယ်။ တိုင်ပင်လို့အားရတော့မှ အားလုံး မိုးတိမ်အတွက် ဆုတောင်းပေးကြတယ်. . ။

'မသာလေးဒီတစ်ခါ အိမ်ထောင်ကျပါစေ'. . လို့. .

မိုးတိမ်ကတော့ ပီတိတွေဖြာ. .

◗◗◗◗◗

www.burmeseclassic.com

## ည...

မှောင်မည်းနေတယ်. .

မိုးတိမ် မေဖြူတို့ ခြံဝင်းထဲလှိမ့်ဝင်လိုက်တယ်။ ပြီးတော့ ကုပ်ချောင်းချောင်းနဲ့ အိမ်နောက်ဖေးဘက် ပြေးသွားတယ်။ လက်မှာလည်း ဂုံနီအိတ်ကြီးတစ်လုံးကိုင်လို့. .

အိမ်နောက်လည်းရောက်ရော မိုးတိမ်ရေအိမ်ဘေး လှိမ့်ဝင်လိုက်တယ်။ ပြီးတော့ တောက်တဲ့တစ်ကောင်လိုငြိမ်. .

ပုစဉ်းရင်ကွဲအော်သံတွေ၊ တောကြက်ဖတွန်သံတွေကြားရတယ်။ အိမ်သာဘေးကနေ မိုးတိမ်ရင်တထိတ်ထိတ်နဲ့ဖြစ်နေတယ်။ မေဖြူများရေအိမ်တက်ပြီးပြီလား ဆိုပြီးတော့လည်း စိုးရိမ်နေတယ်။ အဲသည်လိုဖြစ်ရင်တော့ သူလမုပင်အောက်မှာ စောင့်ထားခိုင်းတဲ့လူတွေတော့ စောင့်ရကျိုးမနပ်တော့ဖြစ်ပြီ။ လူတွေကနည်းမှတ်လို့. . .။ ဘကြီးပန်းအစ

www.burmeseclassic.com


ကိုဖိုးမောင်အလယ်၊ သလာစီအဆုံး တစ်ရွာလုံးနီးပါးပဲ. . ။ မလုံးတို့တောင်ပါသေး. . . ။ ဒီလိုလူတွေအများကြီး အရှေ့မှာဆိုတော့ မေဖြူကိုခိုးဖို့ကိစ္စ အောင်မြင်အောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။

'ဒီတစ်ခါတော့ မိုးတိမ်လက်က မလွတ်ရတော့ပါဘူး မေဖြူရယ်'

မိုးတိမ်စဉ်းစားနေတုန်းမှာပဲ ချောက်ခနဲ အိမ်နောက်ဖေးတံခါးဖွင့်သံကြားရတယ်။ နောက်အိမ်ထဲက ကသုတ်ကယက်လှမ်းထွက်လာတဲ့ မေဖြူ. . .

အို. . လှလိုက်တာ. . . ။ အိပ်ရာက ထစမို့လားမသိ၊ ဆံပင်တွေက ဖိုးရိုးဖားရားနဲ့ ဖြစ်နေပြီး ထဘီကိုလည်း ရင်ခေါင်းထိမြှင့်ဝတ်ထားတယ်။ မျက်နှာပေါ်က ပါးကွက်ကြားကလည်း ညဦးပိုင်းလိမ်းထားသလို မဟုတ်ဘဲ ပျက်တဲ့နေရာပျက် ကွက်တဲ့နေရာကွက်လို့. . .

မိုးတိမ်ရင်ပိုပြီး အခုန်မြန်သွားတယ်။ ကတုန်ကရင်နဲ့ ဘယ်က စလို့ ဘယ်လိုလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။

မေဖြူကတော့ သူ့ကို သတိမထားမိပါဘူး။ လုံချည်လေးမ သီချင်းလေးညည်းပြီး ရေအိမ်ဘက်ခပ်သုတ်သုတ် လျှောက်လာတယ်။ မိုးတိမ်ကတော့ မေဖြူရဲ့ ခြေသလုံးသားဖြူဖြူလေးကို ကြည့်ပြီး သတိလစ်ချင်သလို မျောတော့မလိုနဲ့ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတယ်။

မေဖြူရေအိမ်ပေါ်တက်လာတယ်။ မိုးတိမ်မျက်စိ စုံမှိတ်ထားတယ်။ မေဖြူရဲ့ သီချင်းညည်းသံခပ်တိုးတိုးရယ်. . နောက်. .

မိုးတိမ်မျက်လုံးတောင် မဖွင့်ရဲတော့ဘူး. . . ။ အံကြိတ်ပြီးငြိမ်နေတယ်။ သူ့ရဲ့ ရင်ခုန်သံတွေကတော့ အပေါ်မှာရှိနေတဲ့ မေဖြူသတိထားမိရင် ကြားသွားလောက်တယ်။ သိပ်မကြာပါဘူး။ ရေတစ်ခွက် သောက်စာလောက်မှာပဲ မေဖြူရဲ့ သက်ပြင်းချသံ ခပ်ဖွဖွကြားရတယ်။ ပြီးတော့ သူ့မျက်နှာကို ဖြန်းခနဲလာစဉ်သော ရေစက်တချို့. . .

မိုးတိမ်လန့်သွားပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ ခပ်ဖွဖွခြေသံနဲ့အတူ ရေအိမ်မှ ဆင်းလာသော မေဖြူ.

မိုးတိမ်အားတင်းပြီး ဂုံနီအိတ်ကို ပြင်လိုက်တယ်။ သေချာမှ မေဖြူကို ဂုံနီအိတ်နဲ့ အုပ်ဖမ်းဖို့ကြည့်လိုက်တော့. . .

www.burmeseclassic.com


'ဟာ. . . '

ခြေတစ်လှမ်းလှမ်းလိုက်တိုင်း လှုပ်ခနဲ လှုပ်ခနဲဖြစ်သွားသော မေဖြူ့တင်ပါးဆုံကို မြင်တော့ မိုးတိမ်ကြက်သေသေသွားတယ်. . . ။

အို. . လှလိုက်တဲ့ ကိုယ်လုံး၊ လှလိုက်တဲ့ကိုယ်ဟန်။ တောသူမမို့လားမသိ၊ ခန္ဓာကိုယ်သွယ်လျလျပေမယ့် ကျန်းမာသန်စွမ်းတဲ့ သားသည်တို့ရဲ့ မိခင်ဖြစ်လောက်တဲ့ ဟန်ထားမျိုး. . ။ အပျိုစင်စစ် ဧကန်ဖြစ်ပါကြောင်း ကျေညာမောင်းမခတ်ဘဲ ကြည့်ပုံနှင့်ပင် သိစေနိုင်သော အလှ. . ။

မိုးတိမ်ငေးကြည့်နေစဉ်မှာပင် ဖျတ်ခနဲမေဖြူအိမ်ထဲ ပြန်ဝင်သွား ၏။

'ဟာ. . . '

'သွားပြီ. . '

ထိုတော့မှ မိုးတိမ်ဝမ်းနည်းပက်လက် ဖြစ်သွား၏။ ရရှိသော အခွင့်အရေးတစ်ရပ်တော့ ဆုံးပြီ။ သွားပြီ. . ။ မိုးတိမ်မျက်ရည်ပါ ဝိုင်းချင်သွား၏။ ယခုမှတော့ ဘာမှမတတ်နိုင်တော့. . ။ မေဖြူရဲ့ အလှကို တဒင်္ဂငေးမိနေရုံနှင့် တစ်သက်တာ အိမ်ထောင်ကျမယ့်အရေး ဝေးရပြန်ပြီ . . . ။

◗◗◗◗◗

www.burmeseclassic.com

'တောက် . . မင်းနှယ်ကွာ. . ဟိုက အင်အင်းပါတာကိုတောင် ဖီး(လ်)တက်နေရတယ်လို့. . လူကြားလို့တောင် မသင့်တော်ပါဘူးကွာ. . '

ဘကြီးပန်းရဲ့ မချင့်မရဲစကားကို မိုးတိမ်က. .

'ဟာ. . ဘကြီးပန်းကလည်းဗျာ. . ဘကြီးပန်းမှ ဒါမျိုးမကြုံဖူးတာ. . '

'ကြုံချင်ပေါင်ကွာ. . '

'ဟော့လူကြီးတော်ဗျာ. . ခင်ဗျားကြီးစကားလွန်လွန်းလာပြီ. . . '

ညကမေဖြူပက်လိုက်တဲ့ရေ မျက်နှာလာစဉ်သလို ဖြန်းခနဲ ခံစားရပြီး အရက်သည်းတယ်။ ဒါကို ဘေးနားရှိတဲ့ ကိုဖိုးမောင်က. .

'ကဲ. . ထားပါတော့၊ ပြီးတာတွေလည်း ပြီးပါစေတော့. . ။ အခုဘာဆက်လုပ်ကြမှာလဲ ပြော. . '

အားလုံးငြိမ်သွားကြပြန်တယ်။ အတော်ကြာမှ မိုးတိမ်က အား

www.burmeseclassic.com


တက်သရောနဲ့. .

‘ဒီည ကျုပ်ထပ်ခိုးမယ်ဗျာ. . ’

မိုးတိမ်က အားရပါးရပြောတယ်။ ဒါကို ကိုဖိုးမောင်က. .

‘ဟေ့ကောင် ခိုးမယ်ဆိုလည်း သေချာမှပြောကွ. . ငါတို့စောင့်ဖမ်းရမယ့်လူတွေက ငပေါတွေမဟုတ်ဘူး. . ။ မင်းမခိုးဖြစ်ရင် ငါတို့အိပ်ရေးပျက်တယ်’

ဆိုပြီး ဝင်ငေါက်တယ်။ မိုးတိမ်ကလည်း ဒီတစ်ခါသေချာပါတယ်ဆိုတဲ့ ပုံစံမျိုးနဲ့

‘ဟာဗျာ. . ခင်ဗျားတို့ကလည်း ကျုပ်အတွက်ဒီလောက်တောင်စိတ်မရှည်ဘူးလားဗျ. . စိတ်ချ. . ဒီညကျုပ်မရရအောင်ခိုးမယ်။ မေဖြူနဲ့ကျုပ်ဒီညမှာတင် ချစ်စခန်းဖွင့်ရမယ်. . . ’

‘အေး ချစ်စခန်းပဲဖွင့်ဖွင့် ချစ်ဂါတ်တဲပဲဖြစ်ဖြစ် သေချာရင်ပြီးတာပဲ. . ’

‘စိတ်ချပါဗျ ထုံးစံအတိုင်း လမုတန်းရဲ့ အထိမ်းအမှတ် လမုပင်အောက်ကသာစောင့်. . . ’

‘ကောင်းပြီ. . ’

အားလုံးဆုတောင်းပေးကြပြန်တယ်။

‘. . . . . . ’

ဒီအတိုင်းပဲ. .

◗◗◗◗◗

www.burmeseclassic.com

လကဒီညပိုမိုက်နေတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးမှောင်တာမှ ညို့ . . လို့ . . ဝါးတစ်ရိုက် လောက်ကွာရင်တောင် လူရုပ်မကွဲဘူး . ။

မိုးတိမ်ကတော့ ဝမ်းသာနေတယ်။

အမှောင်ကိုအားပြုပြီး မိုးတိမ်မေဖြူတို့ အိမ်ထဲလိုမ့်ဝင်လိုက်တယ်။ နောက်ကုပ်ချောင်းချောင်းနဲ့ ခြေဖျားထောက်ပြီး . . မေဖြူအိမ်နောက်ဖေး ပြေးကပ်တယ်။

ထုံးစံအတိုင်းပဲ ရေအိမ်ဘေးကျွမ်းထိုးဝင်ပြီး . တောက်တဲ့လို ငြိမ်နေလိုက်တယ်။ သူ့ရင်အစုံကတော့ မျှော်လင့်ချက်တွေနဲ့ တဒိတ်ဒိတ် ခုန်နေတယ်။ အသက်ကို ခပ်ပြင်းပြင်းရှူတယ်။ အနံ့အသက်က သိပ်မ ကောင်းဘူး။ ဒါပေမယ့် သူကတော့မွှေးတယ်ထင်ချင်ထင်နေမယ်။

ဒီညအပီအပြင် အကောင်အထည်ဖော်ဖို့အတွက် စိတ်ငြိမ်ဖို့လို

www.burmeseclassic.com


ကြောင်းသူသိတယ်။ ဒါကြောင့် စိတ်ကို ငြိမ်အောင်ထိန်းပြီးနေလိုက်တယ်။

တစ်ခေါက်၊ နှစ်ခေါက်။

မေဖြူတို့ အိမ်ဆီကဘာမှ မထူးခြားသေးဘူး . . ။

သုံးခေါက်. .

ငြိမ်နေတုန်း . . ။

လေးခေါက်. .

ချောက်ခနဲ တံခါးဖွင့်သံ။ မိုးတိမ်ထိတ်ခနဲ ဝမ်းသာသွားတယ်။

တံခါးအပြင်ဘက် ပထမဆုံးထွက်လာတဲ့လက်ဖြူဖြူ။ မိုးတိမ် မျက်လုံး ပြန်မှိတ်ထားလိုက်တယ်။ ဆက်ကြည့်နေရင်း ရင်တွေခုန်ပြီး မနေ့ညကလို ဖြစ်မှာစိုးလို့. . . ။

တဖျပ်ဖျပ်ခြေသံနဲ့အတူ တိုးလျတဲ့သီချင်းညည်းသံ. . . ။ မိုးတိမ် မျက်လုံးမဖွင့်ရဲဘူး .

နောက်ဖေးအိမ်က အိခနဲ. .

သီချင်းညည်းသံက တိုးလျလျလွင့်ပျံ့ဆဲ. . သူညည်းနေတဲ့ သီချင်းက ရှေးသီချင်းကြီးတစ်ပုဒ်. . ။

အော်. . မေဖြူက ဒီသီချင်းတွေလည်းရသား. .

နောက်သီချင်းသံနှင့်အတူ. .

ပျံ့လွင့် . . . ။ သူ့ရင်ခုန်သံတွေ. . ပျံ့လွင့်

ဖြန်းခနဲ ရေစက်တချို့ သူ့ကိုစင်လာတယ်။ မိုးတိမ်လန့်ပြီး မျက်လုံး ဖွင့်ကြည့်ဖို့လုပ်တယ်။ နောက်မှသတိရပြီး မျက်လုံးပြန်မှိတ်ထားလိုက်တယ်။ ဟုတ်တယ်။ မနေ့ညကလို ဖြစ်လို့မရဘူး. . ။ ဒီညကိုတော့ လက်လွှတ်ခံလို့ မဖြစ်ဘူး. . ။ မျက်လုံးကို မှိတ်ထားစမ်း. . ။ မှိတ်ထားစမ်း . . ။

ရေအိမ်ကဆင်းသွားတဲ့ တဖွဖွခြေသံ. . .

မိုးတိမ်လုပ်ငန်းစဖို့ ဂုံနီအိတ်ပြင်လိုက်တယ်။ သူနဲ့ မနီးမဝေးမှာ ပျံ့လွင့်နေသေးတဲ့ သီချင်းသံ. . သူမကြည့်ဘူး. . ။ ကြည့်နေရင် မနေ့ညက လို ရင်တုန်နေရမှာစိုးလို့. . . ဒါတောင် မေဖြူရဲ့ နောက်ကျောက အာရုံထဲတရစ် ဝဲဝဲ. .

သီချင်းသံရေအိမ်နဲ့ သိပ်မဝေးခင်မှာပဲ ဆုံးဖြတ်ချက်ပိုင်နိုင်အောင်

www.burmeseclassic.com


ချပြီး ဆတ်ခနဲထပြီး အသံကြားရာနေရာကို မျက်စိမှိတ်ပြီး ပြေးသွားတယ်။ အရိပ်နားလည်း ရောက်ရော သူ့ဂုံနီအိတ်နဲ့ ဆတ်ခနဲအုပ်ချလိုက်တယ်. . . အမှောင်ထဲမှာဆိုတော့ သူ့ကိုလည်းမြင်ပုံမရဘူး. .

'ဟဲ. . ပလုတ်တုတ်. . ဘာကြီးလဲဟ. . '

ဆိုတဲ့ အော်သံကြားရတယ်။ ရုတ်တရက် ဂုံနီအိတ်နဲ့ အအုပ်ခံလိုက်ရတာဆိုတော့ ကြောင်သွားပုံရတယ်။ နောက်မှသတိရပြီး ရုန်းကန်ဖို့လုပ်တယ်။ မိုးတိမ်လျင်တယ်။ ဂုံနီအိတ်ကို ခြေသလုံးထိ ဖုံးအောင်အုပ်ပြီး ဆတ်ခနဲမလိုက်တယ်. . .။

'ဟဲ့. . အို. . လန်ကုန်ပြီ. . လန်ကုန်ပြီတော့. . . '

ဆိုတဲ့အော်သံနဲ့အတူ ဂုံနီအိတ်ထဲက ဖောက်ထိုးဖြစ်သွားတယ်။ မိုးတိမ်ကဂရုမစိုက်တော့ဘူး. . ။ ဒီအချိန်မှာ သနားနေ ရင်ခုန်နေလို့မဖြစ်ဘူး။ 'ခွင့်လွှတ်တော့ မေဖြူရယ်လို့ပဲ' စိတ်ထဲကတောင်းပန်ရင်း ဂုံနီအိတ်ကို ဆတ်ခနဲပခုံးနဲ့ထမ်းပြီး ဝမ်းသာအားရထမ်းပြီး ပြေးတော့တာ။

'ဟား. . ဟား ပါလာပြီကွ. . ပါလာပြီ. . မိုးတိမ်တို့ အိုပြီကွ. . အိုပြီ . . ဟားဟား'

ဆိုတဲ့အော်သံနဲ့အတူ ဂုံနီအိတ်ထဲက

'ဟဲ. . ဘယ်လိုလုပ်တာလဲ ဘယ်သူလဲ. . အလိုတော် မျက်နှာကြီးပြန်အုပ်. . ဟဲ့. . အို'

ဆိုတဲ့ ဂူးဂူးဝါးဝါးအသံတွေကြားရတယ်။ ကြည့်ရတာ ဂုံနီအိတ်ထဲ ဖောက်ထိုးကြီးပါလာတာဆိုတော့ မျက်နှာကိုလုံချည်က ပြန်အုပ်ပြီး အနေရခက်နေတယ်ထင်တယ်။

မိုးတိမ်ကတော့ ဂရုမစိုက်တော့ဘူး. . . ဝမ်းသာအားရပဲ ချိန်းထားတဲ့ဆီကို အားကုန်ပြေးတော့တာ။ ဒီအချိန်မှာ လေးတာတွေ ဘာတွေမသိတော့ဘူး. . . ။ သူ့စိတ်ထဲမှာ ငှက်မွှေးတစ်ချောင်းကို 'မ' ပြေးသလိုဖြစ်နေတယ်။

'ကယ်. . . ကယ်. . ဟဲ. . လန်. . . ဖရူး. . ဖရူး. . . . '

ဆိုတဲ့ဂုံနီအိတ်ထဲက အသံတွေကလည်း စီညံနေတယ်. . မိုးတိမ်ကတော့ အရှိန်ကိုမလျှော့ဘူး. . . ။ ဒီလိုနဲ့ ချိန်းထားတဲ့လမုပင်အောက်

www.burmeseclassic.com


ရောက်လာတယ်။

'ဟော့. . ရပ်လိုက်စမ်း. . . '

ဆိုတဲ့အော်သံနဲ့အတူ ဓာတ်မီးအလင်းရောင်တစ်ခုတွေ့တယ်။

ကြည့်လိုက်တော့ ရွာသူကြီးဦးစိန်ဝင်း. .

မိုးတိမ်ခြေလှမ်းတွေရပ်တန့်သွားတယ်။

'မိုးတိမ်. . မင်းလက်ထဲက အထုပ်က ဘာထုပ်လဲကွဟေ. . '

ဦးစိန်ဝင်းရဲ့ အောင်မြင်ခန့်ညားသောအသံ

'ကျွန်တော်. . . . ကျွန်တော်. . . မိန်းမခိုးလာတာပါ. . '

မိုးတိမ်ရဲ့အသံကြားတော့ လမုပင်အောက်မှာ သူစုထားတဲ့ လူတွေ ပြေးထွက်လာတယ်. . လူတွေအများကြီးမြင်တော့ သူကြီးဦးစိန်ဝင်း မျက်မှောင်ကျုံ့သွားတယ်. . ပြီးတော့. . အံ့သြတကြီးနဲ့. .

'မင်း. . မင်းတို့ ဒီမှာဘာလုပ်. . . '

ဆိုတော့ ကိုရင်သာဂိကကြားဖြတ်ပြီး. .

'ကျွန်တော်တို့ ကင်းလှည့်နေတာပါ။ ရွာမှာသူခိုးတွေသောင်းကျန်း နေတယ်ဆိုလို့ပါ. . '

ဆိုတော့ ဦးစိန်ဝင်းဇဝေဇဝါဖြစ်သွားတယ်။ မိုးတိမ်က. .

'ကျွန်တော်. . ကျွန်တော်. . သူခိုးမဟုတ်ပါဘူး. . . ။ ကျွန်တော့် ဖာသာကျွန်တော် ရိုးရိုးသားသား မိန်းမခိုးလာတာပါ. . မိန်းမ ခိုးလာတာ ပါဗျာ. . . '

ဆိုပြီး အလောတကြီးဝင်ပြောတယ်။ အဲဒီအချိန်မှာပဲ ဂုံနီ အိတ်ထဲက 'အဟင့်. . အဟင့်'ဆိုတဲ့ ရှိုက်သံကြားရတယ်။ အဲဒီရှိုက်သံ ကြောင့် ဦးစိန်ဝင်း မျက်လုံးပြူးသွားပြီး. . .

'ငိုသံကြားသလိုပဲ. . ဟော့ကောင် မိုးတိမ် မင်းဂုံနီအိတ်ထဲက ရှိုက်သံ ကြားနေရပါလား။ မင်းတကယ်မိန်းမခိုးလာတာလား. . . '

ဦးစိန်ဝင်းအမေးကို မိုးတိမ်ခေါင်းသွက်သွက်ငြိမ့်ပြီး. .

'တ. . တကယ်ပါဗျာ. . တကယ်ပါ. . မယုံရင်ကြည့်ပါ. . '

ဆိုပြီး ဂုံနီအိတ်ကိုချလိုက်တယ်။ ဦးစိန်ဝင်းက မျက်မှောင်ကျုံ့ပြီး

'အေး . . ဟုတ်ရင်တော့ ငါကိုယ်တိုင်ပေးစားမယ်။ မဟုတ်ရင်

www.burmeseclassic.com


တော့မင်းကို ဂါတ်တဲပို့ရမယ်'

'ဟုတ်ကဲ့. . ပို့ပါခင်ဗျား. . ပို့ပါ. . '

မိုးတိမ်က အလျင်စလိုထောက်ခံတယ်။ ဒါကို ဦးစိန်ဝင်းက တိကျတဲ့လူဆိုတော့ အသေအချာထပ်မေးနေသေးတယ်။

'ဟော့ကောင်. . မင်းခိုးလာတဲ့သူကို မင်းသားမှတ်မှတ် မယားမှတ်မှတ် တစ်သက်လုံးပေါင်းရမှာနော်. . . '

ဆိုပြီး ကတိတောင်းနေသေးတယ်။ မိုးတိမ်ကလည်း ပီတိတွေဖြာပြီး. .

'ဟုတ်ကဲ့ စိတ်ချပါခင်ဗျာ. . သားမြေးမြည်းမြစ်ထိ တာဝန်ယူပါ့မယ်. . . '

ဆိုတော့. . ဦးစိန်ဝင်းက ကျေနပ်သလိုခေါင်းငြိမ့်ပြီး. .

'ကဲ. . ဒါဆိုရင်ဖြင့် ဘယ်သူလဲသိရအောင်ပြကွာ. . '

ဆိုတော့ မိုးတိမ်ဝမ်းသာအားရ ဂုံနီအိတ်ကိုချတယ်။ ဦးစိန်ဝင်းက ဓာတ်မီးထိုးပေးတယ်။ အားလုံးရဲ့ အာရုံက ဂုံနီအိတ်ပေါ်မှာ. . .

မိုးတိမ် ပြုံးပြီးဂုံနီအိတ်ကို ဟလိုက်တယ်။

'အလို. . '

'ဟင်. . '

ဂုံနီအိတ်ထဲက ပထမဆုံးထွက်လာတာက ခြေသလုံးတုတ်တုတ်ကြီး။ မိုးတိမ်မျက်လုံးပြူးသွားတယ်။ အားလုံးအံ့အားသင့်နေတုန်းမှာပဲ တရှုံ့ရှုံ့ငိုရင်း ထွက်လာတဲ့မျက်နှာကြီးက. .

'ဒေါ်ဝင်း. . '

'ဒေါ်ဝင်း. . '

'ဒေါ်ဝင်းကြီး. . '

မိုးတိမ်မျက်စိပယ်ပြီး ဗိုင်းဆိုပစ်လဲသွားတယ်။

◗◗◗◗◗

www.burmeseclassic.com

'ကဲ. . . ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်. . ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူလို့ ဆိုအပ်သော အန္တရာယ်အပေါင်းမှ ကင်းလွတ်နိုင်ကြပါစေ. . .'

မိုးတိမ်လက်အုပ်ချီထားတဲ့ မေဖြူရဲ့ လက်ကလေးတွေကိုကြည့်ပြီး ပီတိဖြစ်နေတယ်။ ဆုပေးသံတွေကတော့ သူ့နားထဲစီညံနေလို့ပေါ့. . . ။

အို. . လှလိုက်တဲ့လက်ကလေး. . တောသူမလက်တွေနဲ့မတူ အောင် ဖြူသွယ်နေတဲ့လက်. . အဲ. . လက်ရဲ့နောက်ကမှ နှင်းဆီပွင့်ချပ်လို နူတ်ခမ်းစုံ။

မျက်လွှာကလေးချထားတဲ့အတွက် မျက်လုံးကလေးကိုတော့ မမြင် ရပါဘူး. . မိန်းမတို့ရဲ့ကောင်းခြင်းလက္ခဏာ ဆံကေသာက နက်မှောင်ကျော့ ရှင်းလို့. . .

အို. . ချစ်စရာမှ တကယ့်ချစ်စရာလေးပါလားကွယ်. .

မိုးတိမ်စဉ်းစားလို့မဆုံးမီ သူ့ခါးကို တံတောင်နဲ့တွက်သလိုဖြစ် ပြီး

www.burmeseclassic.com


။

'ဖေကြီး. . သမီးတို့လင်မယားအတွက် ဆုပေးလိုက်ဦးလေ. . '

ဆိုတဲ့အသံကြားလို့ လှည့်ကြည့်လိုက်တော့. . .

သူ့ကို ပြုံးစစကြည့်နေတဲ့ 'ဒေါ်ဝင်း. .'။ ဒေါ်ဝင်းက အရှက်သည်းစွာ ခေါင်းငုံ့ပြီး မူနွဲ့နွဲ့နွဲ့. . .

'ဖေကြီးကလည်း ဘကြောင်ကြည့်နေတာလဲ. . ကလေးတွေ အတွက် ဆုတောင်းပေးလိုက်လေ. . . '

ဒေါ်ဝင်းရဲ့အသံက အရွယ်နဲ့မလိုက်အောင် ချွဲပစ်လို့. . . ။

အရှေ့ကို ပြန်ငုံ့ကြည့်လိုက်တော့ သူတို့ရှေ့ ဝတ်ကောင်းစားလှနဲ့ လက်အုပ်ချီပြီး ပုဆစ်တုပ်ထိုင်နေကြတဲ့ ကုလားဒိန်နဲ့မေဖြူ. ။ သူတို့ ဒီနေ့မင်္ဂလာဆောင်မှာမို့ အမေနဲ့အဖေကို လာကန်တော့တာတဲ့. . .

မိုးတိမ်မျက်ရည်ဝိုင်းသွားတယ်။ မျက်ရည်တွေက စီးကျနိုး၊ စီးကျနိုး။ အတော်ကြာမှ တုန်ရင်စွာထွက်လာတဲ့ ငိုသံဝဲကြီးက

'အေးကွယ်. . ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေကွယ်. . . '

**လေးစားစွာကြိုးစားလျက်**
**အကြည်တော်**

www.burmeseclassic.com

